အောင်မြင်စာပေ   ဂ နှို့ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

# တြိသံ

နှင်းကြာပန်း ဒေဝီ



## ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ အုပ်ရေ(၅၀၀)၊
စက်တင်ဘာလ၊ ပထမအကြိမ်၊
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်
(မြ - ၀၀၀၇၇)၊ အမှတ်(၁၄၅)၊
နှင်းဆီမြိုင်လမ်း၊ သုဝဏ္ဏ။
အောင်မြင်စာပေ (မြ - ၀၀၂၇၆)၊
အမှတ်(၇) သီတာလမ်း၊ ကျောက်မြောင်း။




# ပြိတ္တာ


နှင်းကြာပန်းဒေဝီ




# ဒဿနလက်ဆောင်

❖ အဆုံးသတ်မှုတစ်ခုမှာ
အစပျိုးမှုတစ်ခုရှိပါတယ်၊
အစပျိုးမှုတစ်ခုမှာလည်း
အဆုံးသတ်တစ်ခုက
အဆင်သင့် ရှိနေတတ်ပါတယ်။

❖ မုန်းတီးခြင်းမှာ သဘာဝအတိုင်း ဖြစ်လာသည်
မဟုတ်ပေ၊ ဖြစ်ပေါ်လာစေသော
အကြောင်းများစွာ ရှိပေသည်။
ထိုအရာများထဲမှာ အချစ်ကြောင့်ဖြစ်သော
မုန်းတီးမှုသည် အပြင်းထန်ဆုံးဖြစ်ပေ၏။

❖ လက်စားချေမှုသည်
ဝေဒနာဒုက္ခအတွက်
လိုအပ်ချက်တစ်ခုဖြစ်သော်လည်း
ချစ်ခြင်းမေတ္တာအတွက်တော့
မလိုအပ်ပါချေ။

# ဒဿနလက်ဆောင်

❖ မိမိကိုယ်မိမိ တန်ဖိုးထားမှုသည်
ရသင့်သော ချစ်မေတ္တာ၏
ပမာဏအဆင့်ပင်ဖြစ်၏။
မိမိကိုယ်ကို တန်ဖိုးထားလေလေ
ချစ်မေတ္တာတန်ဖိုးက ပိုမြင့်လေဖြစ်၏။

❖ အလုပ်တစ်ခု လုပ်တော့မည်ဆိုလျှင်
"မဖြစ်နိုင်ဘူး" ဟု ပြောသူဟာ
အနှောက်အယှက်ပေးသူ ဖြစ်ပါအတယ်၊
အားပေးနိုင်သူ မရှိခဲ့ရင်
မိမိကိုယ်ကို အားပေးပြီးသာ ဆက်လုပ်ပါ။

❖ ကြိုးစားအားထုတ်မှုဟာ
အရာရာတိုင်းကို နှာတစ်ဖျားအသာရစေပါတယ်၊
ပထမပန်းဝင်တဲ့သူဟာ
ဒုတိယလူထက် နှာတစ်ဖျားသာသော်လည်း
ဆုကြေးက အတော်ပင် ကွာခြားပါတယ်။

## ဒဿနလက်ဆောင်

❖ ကြီးစားတဲ့ငါးက ရေဆန်တက်သလို
ဒုက္ခကလည်း လေဆန်ပျံတက်လေ့ရှိပါတယ်။
ရေစုန်မျောတဲ့ငါးက ပိုက်တိုးမိသလို
လေစုန်လိုက်တဲ့ဒုက္ခကလည်း
အရပ်တစ်ပါးကို လွင့်ပါးသွားတတ်ပါတယ်။

❖ ငွေကြေးအတွက် မိုက်မဲသူတွေဟာ
တခြားနေရာတွေမှာလည်း
မိုက်မဲတတ်ပါတယ်။
၎င်းနှင့် ဆက်စပ်မှုရှိနေခြင်းကြောင့်
မိုက်မဲမှုများ ကူးစက်လာနိုင်ပါတယ်။

❖ ပျော်ရွှင်ခြင်းဆိုတာ
မျက်ရည်များ
နာကျည်းမှုများဖြင့်
စိုက်ပျိုးရသော
အသီးအနှံတစ်ခုသာ ဖြစ်ပါတယ်။

## ဒဿနလက်ဆောင်

❖ မြေအောက်မှာရှိတဲ့ ရတနာလိုချင်ရင်
မြေအောက်ဆင်းပြီး ရှာရပါတယ်၊
အချစ်စစ် အချစ်မှန်ကို အလိုရှိရင်
နှလုံးသားထဲကိုဝင်ပြီး
ထဲထဲဝင်ဝင် လေ့လာကြည့်မှ
တွေ့ရနိုင်ပါတယ်။

❖ သင့်အနေနဲ့ နေမင်းရှိတဲ့နေရာအထိ
ရောက်အောင်သွားဖို့ မဖြစ်နိုင်ပါဘူး၊
ဒါပေမယ့် နေပူတဲ့ဒဏ်ကို ခံနိုင်ဖို့တော့
မဖြစ်နိုင်စရာ မရှိပါဘူး။

❖ ပျော်ရွှင်သော ဘဝရေး၏ လျှို့ဝှက်ချက်မှာ
ထိုလျှို့ဝှက်ချက်တွင်
ဖြူစင်သော စိတ်ထင်မြင်ချက်သာရှိပြီး
အခြားတပ်မက်မှု မရှိခြင်းများသာ ရှိပေ၏။

# စာရေးသူ၏ အမှာစာ

ဤဝတ္ထုရှည်သည် ဆန်းကြယ်သော ဇာတ်လမ်းမျိုးကို နှစ်သက်သော စာဖတ်ပရိသတ်များ အကြိုက်တွေ့နိုင်ပါလိမ့်မည်။

ဤဝတ္ထုကို ရေးသားရာတွင်...

ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီးဦးလှမိုး (လှမိုး-ဗညာရေး)ရေးထားသော ရှစ်ဗဲလားရှာပုံတော်စာအုပ်မှ အချက် အလက်အချို့နှင့် James Redfield ရေးသားသော (Secret of Shambhala) စာအုပ်မှ အချက်အလက် အချို့တို့ကို ကိုးကားရေးသားခြင်း ဖြစ်ပါကြောင်း ဝန်ခံပါသည်။

စာဖတ်သူများ နှလုံးစိတ်ဝမ်း ချမ်းမြေ့ပါစေ။

စာဖတ်သူတို့၏ မေတ္တာရိပ်အောက်မှ

(တြိစက္က)

## ဤဝတ္ထု၌ပါဝင်သော အခန်းများ


အခန်း(၁) ရှမ်ဗဲလားနှင့် ဟိမဝန္တာ

အခန်း(၂) အာယုသိဒ္ဓိအစွမ်း နှင်းကြာပန်း

အခန်း(၃) ဆွာမိရာမနှင့် နှင်းကြာပန်းသဲလွန်စ

အခန်း(၄) နှင်းကျားသစ်နှင့် ထူးဆန်းသောပုံရိပ်

အခန်း(၅) ဝိညာဉ်လိပ်ပြာနှင့် နှင်းကြာပန်းဒေဝီ

အခန်း(၆) လိပ်ပြာဝိညာဉ် ထွက်ခွာခြင်းအကြောင်း

အခန်း(၇) တောင်ကြောလမ်းမှ အတားအဆီး

အခန်း(၈) ကာလီကန္တာကိုမြစ်သို့ ရောက်ကြခြင်း

အခန်း(၉) ရှမ်ဗဲလား ခရီးသည်

အခန်း(၁၀) ဒိုလပိုတောင်မှ အန္တရာယ်

အခန်း(၁၁) ဒိုလပိုတောင်ပေါ်မှ ထူးဆန်းသောရွာ

အခန်း(၁၂) ဝိညာဉ်သစ်နှင့် အမျှတ္တာခန္ဓာ


အခန်း(၁၃) နှင်းကြာပန်းနှင့် ဒဿနများ

အခန်း(၁၄) အပူရောင်စွမ်းအင်နှင့် ချစ်ခြင်းမေတ္တာ

အခန်း(၁၅) ထူးဆန်းသော ဝိဇ္ဇာကျမ်းစာများ

အခန်း(၁၆) သလင်းကျောက်တောင်နှင့် အမျှတ္တာအလင်း။

အခန်း(၁၇) ဝတ္ထု၏ နိဂုံး





# အခန်း(၁)
# ရှမ်ဗဲလားနှင့် ဟိမဝန္တာ

တောင်ထွတ်တောင်စွယ်များပေါ်သို့ နှင်းသားထုများက ထုထည်ကြီးမားစွာ ဖုံးအုပ်ထားလျက် ရှိပေသည်။ အဝေးမှ မျှော်ကြည့်ပါက မြောက်ဝင်ရိုးစွန်း၌ရှိသော ရေခဲပြင်များကဲ့သို့ ဖြူဖွေးသော နှင်းသားရင်ပြင်ကြီးကို မျက်စိတစ်ဆုံး တမျှော်တခေါ် မြင်ရမည်ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် ထင်ရှားသောတောင်များထဲတွင် အိန္ဒိယနိုင်ငံ ပိုင်နက်အတွင်း၌ရှိသော ဟိမဝန္တာတောင်ကြီးလည်း အပါ

အဝင် ဖြစ်ပေသည်။ အခြားတောင် အတော်များများက တောင်ပေါ်၌ ရေခဲများနှင်းများ ဖုံးအုပ်နေတတ်သည်။

အချို့က ရာသီအလိုက်သာ နှင်းနှင့်ရေခဲများ ရှိနေတတ်သော်လည်း ရာသီကုန်သောအခါမှာတော့ ပကတိတောင်သားအတိုင်းသာ ရှိနေတတ်သည်။

ဟိမဝန္တာတောင်တန်းကြီးများကတော့ တစ်နှစ်ပတ်လုံး ရေခဲနှင့် နှင်းသားထုများက နေရာမလပ် ဖုံးအုပ်ထားတတ်ပေသည်။

သို့ကြောင့် ၎င်းတောင်ဝန်းကျင်၌ ရှိကြသည့် အိန္ဒိယ၊ တိဗက်၊ တရုတ်တို့က ထိုတောင်နှင့်ပတ်သက်သော အကြောင်းများကို ခမ်းနားကြီးကျယ်စွာ ရေးဖွဲ့ကြလေသည်။

အိန္ဒိယနိုင်ငံသားတို့က ဟိမားလယ(Himalaya)ဟု တင်စားရေးဖွဲ့ကြသည်။ ဟိမားဟူသောစကားမှာ သက္ကတဘာသာစကားဖြစ်ပြီး အဓိပ္ပါယ်မှာ 'အိမ်'ဟု အဓိပ္ပါယ်ရသည်။ အာလယမှာ 'နှင်း'ဟူသော အဓိပ္ပါယ်ရှိသဖြင့် ထိုစကားနှစ်ခုပေါင်းပါက 'ဟိမားလယ'ဟူသော အဓိပ္ပါယ်မှာ နှင်းအိမ် သို့မဟုတ် နှင်းများ၏အိမ်ဟု အဓိပ္ပါယ်ရှိပေသည်။

ဟိမဝန္တာတောင်တန်းကြီးသည် ကမ္ဘာပေါ်ရှိ တောင်မြင့်ကြီးများထက် အလျားပိုမရှည်သော်လည်း အခြားတောင်များထက် အကျယ်အဝန်းပိုမကျယ်သော်လည်း အမြင့်ပေကတော့ ဟိမဝန္တာတောင်ကို မှီသောတောင် မရှိပေ။

ထို့ကြောင့်လည်း ကမ္ဘာပေါ်ရှိ တောင်တက်သမားတိုင်း





စိတ်ဝင်စားပြီး ကမ္ဘာ့အမြင့်ဆုံး တောင်ထွတ်ဖြစ်သော ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ရန် မျှော်လင့်နေကြသည်။

ဟိမဝန္တာတောင်တန်းကြီးမှာ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ ပါကစ္စတန်၊ တိဗက်၊ တရုတ်၊ အိန္ဒိယ စသောနိုင်ငံများနှင့် ထိတွေ့ဆက်စပ်မှု ရှိနေ၏။

အိန္ဒိယနိုင်ငံ နယ်နိမိတ်အတွင်းမှ ပါဝင်ပြီး မြောက်ဖက်တွင် တည်ရှိလေသည်။ ထိုတောင်တန်းကြီးသည် အရှေ့မှ အနောက်သို့ မိုင်ပေါင်း(၁၅၀၀)ခန့်ရှည်လျားသည်။

ထိုမျှ အလျားရှည်သောတောင်မျိုး ကမ္ဘာ့မြေမျက်နှာပြင်ပေါ်တွင် အနည်းငယ်သာရှိသည်။

မြောက်အမေရိကတိုက်၌ရှိသော 'အပလက်ချီယန်း' တောင်တန်းကြီးမှာလည်း မိုင်ပေါင်း(၁၅၀၀)ခန့်ရှိပေသည်။

ဟိမဝန္တာတောင်တန်းကြီး၏ အကျယ်အဝန်းမှာ မိုင် (၁၅၀) မှ (၂၀၀) ဝန်းကျင်ခန့် ကျယ်ဝန်းလေသည်။

တောင်အမေရိက တိုက်အတွင်း၌ရှိသော အင်ဒီးတောင်၏ အကျယ်အဝန်းမှာ ထို့ထက်ပို၍ ကျယ်ဝန်းလေသည်။ ထိုသို့ အလျားရော အကျယ်အဝန်းပါ တူသောတောင်များ ကမ္ဘာ့နေရာအနှံ့အပြားတွင် ရှိကြစေကာမူ အမြင့်ပေကတော့ ဟိမဝန္တာတောင်ကို မှီသောတောင် ကမ္ဘာပေါ်တွင် မရှိပေ။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ အမြင့်ဆုံးတောင်ဟု သတ်မှတ်ထားကြပြီး ကမ္ဘာကျော်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဟိမဝန္တာတောင်တန်းကြီးပေါ်တွင် ပေပေါင်း

နှစ်သောင်းကျော်မြင့်သော တောင်ပေါင်း (၅၀)ခန့်ရှိရာ အနိမ့်ဆုံးတောင်ပင် ပေပေါင်း(၂၃၀၀၀)ခန့်ရှိပေ၏။

ဟိမဝန္တာတောင်ကြီး၏ အမြင့်ဆုံးတောင်ထိပ်မှာ ဧဝရက်တောင်ထိပ်ဖြစ်သည်။ ထိုအမြင့်ဆုံးတောင်ထိပ်မှာ ပေပေါင်း (၂၉၀၂၈)ပေ ရှိသည်။ မိုင်ပေါင်း (၅)မိုင်ခွဲခန့် အမြင့်ရှိသည်။

ဧဝရက်တောင်ထိပ်သည် ဟိမဝန္တာတောင်တန်းကြီး၏ အမြင့်ဆုံးတောင်ထိပ်ဖြစ်သလို ကမ္ဘာပေါ်ရှိ အမြင့်ဆုံးတောင်ထိပ်တစ်ခုလည်း ဖြစ်ပေသည်။

ဧဝရက်တောင်ထိပ်နှင့် ပတ်သက်ပြီး ထိုပတ်ဝန်းကျင်တစ်ဝိုက်တွင် ရှိကြသည့် နီပေါနှင့် တိဗက်နိုင်ငံတို့က တန်ခိုးရှိသောတောင်ဟု လက်ခံယုံကြည်ထားကြသည်။

တိဗက်တို့က ဧဝရက်တောင်ထိပ်နေရာကို "မယ်တော်နတ်သမီး"ဟု အမည်ပေးထားကြသည်။

(၁၈၄၁)ခုနှစ် ဝန်းကျင်လောက်က အိန္ဒိယအစိုးရ မြေတိုင်းဌာနမှ အရာရှိချုပ် ဆာဂျော့အဲဗရက်ဆိုသူသည် ဧဝရက်တောင်ရှိသောနေရာနှင့် အမြင့်ပေကို ပထမဆုံး တိုင်းတာသတ်မှတ်ပေးခဲ့လေသည်။ ထိုပုဂ္ဂိုလ်ကို ဂုဏ်ပြုသောအားဖြင့် ဧဝရက်တောင်ထိပ်ကို 'အဲဗရက်'တောင်ထိပ်ဟုလည်း အမည်တစ်မျိုးဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံ မြေတိုင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်က ထိုကဲ့သို့ အမြင့်ပေ သတ်မှတ်ပေးခဲ့သော်လည်း နောက်ပိုင်း





ထိုတောင်ထိပ်သို့ တက်ရောက်ရန် ကြိုးစားကြသည့် တောင်တက်သမားများက လက်မခံလိုကြပေ။

မြေတိုင်းဌာန ညွှန်ကြားရေးမှူးချုပ် သတ်မှတ်ပေးထားခဲ့သော အမြင့်ပေက (၂၉၀၂၈)ပေ (၅. ၅)မိုင် ဖြစ်သည်။

တောင်တက်သမားများက (၂၉၀၀၂)ပေသာ သတ်မှတ်လိုကြသည်။

ကမ္ဘာ့နေရာအသီးသီး၌ ရှိကြသည့် တောင်တက်သမားတိုင်းက ဧဝရက်တောင်ထိပ်ကို တက်ရောက်နိုင်ရန် နှစ်ပေါင်းများစွာကတည်းက ကြိုးစားအားထုတ်ခဲ့ကြသည်။

(၁၉၂၂)ဝန်းကျင်လောက်ကတည်းက ဧဝရက်တောင်ထိပ်ကို တက်ရောက်ရန်ကြိုးစားခဲ့ကြသည့် မှတ်တမ်းများ ရှိခဲ့သည်။

(၁၉၂၄)ခုနှစ်တွင် နော်တင်နှင့် ဆိုမာဗဲတို့သည် အမြင့်ပေ (၂၈၁၃၀)အထိရောက်အောင် တက်နိုင်ခဲ့ကြသော်လည်း တောင်ထိပ်သို့ မရောက်ခဲ့ပေ။

နောက်တစ်ဖန် အာဗင်းနှင့် မလိုရီ ဆိုသူတို့ တက်ရောက်ရန် ကြိုးစားခဲ့ရာ (၂၈၂၃၉)ပေအထိ တက်ရောက်နိုင်ခဲ့ကြသည်။

(၁၉၃၃)ခုနှစ်ရောက်တော့ ဧဝရက်တောင်ထိပ်အနေအထားကို လေယာဉ်ပျံဖြင့် ပထမဆုံးအကြိမ် ဖြတ်ကျော်ကြည့်ရှုခဲ့ကြသည်။

(၁၉၃၃၊ ၁၉၃၆၊ ၁၉၃၈) ခုနှစ်များ၌လည်း ကမ္ဘာ့နေရာ

ဒေသအသီးသီးမှ တောင်တက်သမားတို့ အမြင့်ဆုံးတောင်ထိပ်သို့ တက်ရောက်နိုင်ရန် ကြိုးစားကြသော်လည်း ထိပ်ဆုံးရောက်သည်အထိ မတက်ရောက်နိုင်ခဲ့ကြပေ။

ဧဝရက်တောင်ထိပ်သည် ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ဖြစ်သည်နှင့်အညီ အစဉ်သဖြင့် ရေခဲနှင့် ဆီးနှင်းများက ဖုံးလွှမ်းလျက် ရှိနေကြသည်။ နက်ရှိုင်းသော ချောက်ကြီးများနှင့် မတ်စောက်သော တောင်ကမ်းပါးယံတို့က လူသားတို့မတက်ရောက်နိုင်ကြစေရန် အတားအဆီး အဟန့်အတား ပြုလုပ်ထားသကဲ့သို့ ရှိနေကြသည်။

ရေခဲတုံးကြီးများ နှင်းခဲများပြိုကျလာခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ နှင်းမုန်တိုင်းများ မကြာခဏ ကျရောက်သဖြင့် တောင်တက်သမားတို့ အသက်ဆုံးရှုံးမှုများနှင့် ကြုံရလေသည်။

တောင်ပေါ်တွင် ထိုကဲ့သို့သော ဘေးအန္တရာယ်များအပြင် စားနပ်ရိက္ခာနှင့် အသက်ရှူရန် လေမရခြင်းတို့လည်း ရှိပေသည်။ လမ်းတစ်ဖက်ရောက်တော့မှ အသက်ရှူရန် အောက်ဆီဂျင် မရတော့သဖြင့် အသက်သေရခြင်းများလည်း ရှိပေသည်။

ထိုကဲ့သို့ပင် လူသားတို့၏ ဇွဲလုံ့လတို့ဖြင့် ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ကြရာ နောက်ထပ်(၁၅)နှစ်ခန့်အကြာ (၁၉၅၃)ခုနှစ် မေလ(၂၉)ရက်နေ့တွင် နယူးဇီလန်နိုင်ငံသား အက်ဒမန် ဟီလာရီနှင့် နီပေါနိုင်ငံသား တင်ဇင်းနော်ကေးတို့သည် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်ပေါ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြလေ





တော့သည်။

ဧဝရက်တောင်သည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်ထွတ်တစ်ခုဖြစ်သလို ဟိမဝန္တာတောင်၏ အစိတ်အပိုင်းလည်း ဖြစ်ပေသည်။

ဧဝရက်တောင်မှာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်ထိပ်ဖြစ်သလို ဒုတိယအမြင့်ဆုံးတောင်မှာလည်း ဟိမဝန္တာတောင်တန်းပေါ်၌ပင် တည်ရှိလေသည်။

၎င်းတောင်မှာ ဧဝရက်တောင်ထိပ်၏ အရှေ့ဖက် (၁၀၀)မိုင်ခန့်အကွာ၌ရှိသော ကန်ချင်ဂျန်းဂါးတောင်ထိပ်ပင် ဖြစ်ပေသည်။ ၎င်းတောင်ထိပ်သည် ပေပေါင်း (၂၈၁၄၆)ပေ အမြင့်ရှိပေသည်။

ဟိမဝန္တာတောင်တန်းကြီးသည် အိန္ဒုမြစ်အကွေ့ကြီး၏ အနောက်ဖက်ရှိ ပမီးယား ကုန်းပြင်မြင့်မှ အရှေ့ဖက် ဗြဟ္မပုတ္တရမြစ်အကွေ့ကြီး ရောက်သည်အထိ အရှေ့အနောက်သွယ်တန်းကာ လောက်လေးကိုင်းသဖွယ် တည်ရှိပြီးလျှင် အိန္ဒိယမြောက်ပိုင်းရှိ အမြင့်ပေ(၁၀၀၀)ခန့်ရှိသော လွင်ပြင်ဒေသနှင့် တိဗက်ကုန်းပြင်မြင့်တို့ကို ပိုင်းခြားထားလေသည်။

ဟိမဝန္တာတောင်တန်းကြီးကို ဖြတ်သန်းတည်ရှိကြသော တောင်ကြားလမ်းများမှာလည်း ကမ္ဘာ့ပေါ်တွင် အမြင့်ဆုံးတောင်ကြားလမ်းများ ဖြစ်ကြလေသည်။

အမြင့်ပေပေါင်း (၁၅၀၀၀)၊ သို့မဟုတ် (၁၆၀၀၀)ကျော်ရှိကြသည့် တောင်ကြားလမ်းများဖြစ်ကာ နိုဝင်ဘာလနှင့် မေလ

အကြား အချိန်ကာလများ ရောက်သည့်အခါ ထိုတောင်ကြားများမှာ ဆီးနှင်းများ ဖုံးနေသောကြောင့် ဖြတ်သန်းသွားလာ၍ မရနိုင်ပေ။ ကျန်အချိန်ကာလ ဆီးနှင်းများ အရည်ပျော်သွားသောအခါမှသာ အသုံးပြုသွားလာ၍ ရကြလေသည်။

နွေရာသီနှင့် ဆောင်းရာသီတို့တွင် ရေခဲများဖြင့် ပြည့်နေသော တောင်ကြားများမှာ မေလနောက်ပိုင်း မိုးရာသီရောက်သောအခါ အရည်ပျော်ကျကာ ရေခဲမြစ်များကို ဖြစ်ပေါ်စေသည်။ ရေခဲမြစ်များမှာ တောင်ခြေသို့ တဖြည်းဖြည်းစီးဆင်းသွားကြလေသည်။

တစ်နှစ်လုံး ဂမုန်းပင်ပေါင်းများစွာ ဆေးပင်၊ ဆေးရွက်၊ ဆေးမြစ်တို့ကို သိုဝှက်ဖုံးအုပ်ထားသော ရေခဲပြင်ဒုများ အရည်ပျော်ကျသွားသောအခါ အနီးတစ်ဝိုက်ရှိ မြစ်များအတွင်းသို့ မြစ်များခံလျက် စီးဝင်ကြသည်။

ထိုရေတို့သည် ဆေးပေါင်းခသော သဘာဝဆေးရည်တို့ပင် ဖြစ်ကြသည်။ ထိုရေများစီးဝင်သော ဂင်္ဂါမြစ်၊ ယမုံနာမြစ်၊ ဗြဟ္မပုတ္တရမြစ်၊ အိန္ဒုမြစ်တို့မှ ရေကိုချိုးလျှင် ရောဂါဝေဒနာများ ကင်းစင်ပျောက်သည်ဟု အယူရှိကာ ဂင်္ဂါမြစ်ရေကို တကူးတက ချိုးကြသည်။ ဆေးရေအဖြစ် ပုလင်းများနှင့်ထည့်ကာ ဆောင်ယူကြသည်။

အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းမြို့ကြီး တစ်မြို့ဖြစ်သော ဗာရာဏသီမြို့၌ ဂင်္ဂါမြစ်ရေချိုးရန်အတွက် အသုံးပြုသော ရေချိုးဆိပ်များ ရှိသည်။





အိန္ဒိယနိုင်ငံသာမက အခြားနိုင်ငံများမှ ဟိန္ဒူဘာသာဝင်တို့ တကူးတက လာရောက်ရေချိုးကြသော နေရာလည်း ဖြစ်ပေသည်။

ဟိမဝန္တာတောင်ခြေတစ်ဝိုက်မှာ မြေဩဇာကောင်းသဖြင့် သီးနှံများ စိုက်ပျိုးစားသောက်၍ ရနိုင်သော်လည်း ပေတစ်သောင်းကျော်မြင့်သော တောင်ပေါ်မှာ မည်သည့်အပင်မှ စိုက်ပျိုး၍ မရနိုင်ပေ။

ပေပေါင်းတစ်သောင်းခြောက်ထောင် အထက်၌ကား ရေခဲနှင့် ဆီးနှင်းများက အစဉ်သဖြင့် ဖုံးထားသောကြောင့် မည်သည့်သစ်ပင်မှ မဖြစ်ဘဲ ရေခဲတောင်၊ ရေခဲမြစ်များသာ ဖြစ်နေတော့သည်။

တစ်နှစ်ပတ်လုံး ဆီးနှင်းများ ဖုံးလွှမ်းနေသောကြောင့် သက္ကတဘာသာဖြင့် ဟိမာလယ (Himalaya)ဟု ခေါ်ဝေါ်ကြသည်။ အဓိပ္ပါယ်က "နှင်းအိမ်"သို့မဟုတ် "နှင်းများ၏အိမ်"ဟူ၍ပင် ဖြစ်ပေသည်။

ဟိမဝန္တာတောင်တန်းကြီးပေါ်တွင် ဆီးနှင်းများက ဖုံးလွှမ်းနေလျက် အေးမြသောလေကြောင့် တိမ်တောင်တိမ်လိပ်များက ပေ(၂၀၀၀)လောက်ထိ မြင့်တက်နေကြသည်။

အဝေးမှ မျှော်ကြည့်ပါက ဟိမဝန္တာတောင်ထွတ်သည် မိုးသို့ ဖောက်ဝင်နေသကဲ့သို့ ထင်ရလေသည်။

ထိုမျှ ထူးခြားဆန်းကြယ်လှသော ဟိမဝန္တာတောင်တန်းကြီးကို ဟိန္ဒူလူမျိုးတို့က နတ်တို့ပျော်စံရာ တောင်တန်းကြီးဟု

ယူဆကာ အထူးပင် ရိုသေလေးစားမှုရှိကြလျက် တစ်နှစ်တစ်ကြိမ် တက်ရောက်ပူဇော်လေ့ရှိကြသည်။

ထို့ပြင် ဟိမဝန္တာတောင်တန်းကြီးကို အရှေ့နှင့်အနောက် အလျားလိုက် တောင်နှင့်မြောက် နှစ်ပိုင်းခွဲကြည့်လျှင် ထူးခြားမှုများကို တွေ့ရနိုင်သည်။

တောင်ဘက်အခြမ်းတစ်လျှောက်၌ ဆာဒူးများ၊ ယောဂီကြီးများ၊ ရသေ့များ၊ သာမန်ဘဝဖြင့် တရားအားထုတ်နေသူများ၊ တောရကျောင်းများ လိုဏ်ဂူပေါက်များစွာတို့ တွေ့ရနိုင်သည်။ လိုဏ်ဂူပေါက်များကို ကျောင်းသဖွယ် အသုံးပြုနေထိုင်ကာ တရားရှာဖွေနေသော ပုဂ္ဂိုလ်တို့လည်း မနည်းလှပေ။

မြောက်ဖက်ခြမ်း၌မူ ထိုကဲ့သို့ လူနေထိုင်ခြင်း မတွေ့ရတော့ပေ။

တရုတ်ပြည်၊ တိဗက်ပြည်တို့နှင့် ဆက်စပ်သောနေရာများတွင် သူတော်စင်တို့ ပျော်မွေ့ရာ ရှမ်ဗလာဒေသရှိသည်ဟု ကောက်ချက်ချကြသည်။

သို့သော် တွေ့ဖူးရောက်ဖူးသူ မတွေ့ရသလောက် နည်းပါးလှပေသည်။

သို့သော်လည်း ခေတ်အဆက်ဆက် ရှမ်ဗလာမှ တမန်တော်များနှင့် အဆက်အသွယ်ရရန် ကြိုးစားကြသူများ၊ ရှမ်ဗလာရှာပုံတော် ဖွင့်ခဲ့ကြသူတို့ ပေါ်ပေါက်ခဲ့ကြသည်။

အချို့လည်း နီပေါပြည်သား 'ရှားပါး'အမျိုးသားများကို လမ်းပြအဖြစ်ခေါ် ဆောင်ကာ ရှမ်ဗလာရှာပုံတော် ဖွင့်ခဲ့ကြ





သည်။ ထိုလမ်းပြများအနက် အချို့ကမှာ မမျှော်လင့်ပဲ ကျောင်းပျက်ကြီးများကို တွေ့ရပြီး ဒိုလပို(Dolpo)တောင်ထိပ်၌ရှိသော ထူးခြားဆန်းကြယ်သည့် ဘုန်းကြီးကျောင်းများကိုလည်း တွေ့ခဲ့ကြရ၏။

၎င်းတို့၏ ပြောပြချက်များအရ . . .

ရှမ်ဗလာသည် ဒိုလပို(Dolpo)ဒေသ၌ရှိသော (Shey Gampa)ခေါ် သလင်းတောင်ကြီး အနီးတွင် ရှိသည်။

ဒိုလပိုတောင်ထိပ်တွင် ထူးခြားဆန်းကြယ်သော ဘုန်းကြီးကျောင်းတစ်ကျောင်းရှိကြောင်း ထိုကျောင်းတိုက်ကြီး၌ သီတင်းသုံးနေထိုင်သော ဘုန်းကြီးများ၏ အသက်အရွယ်ကို မခန့်မှန်းနိုင်ကြောင်း၊ ထို့ပြင် တစ်နေရာနှင့်တစ်နေရာ ရွေ့လျားသွားလာသည့်အခါ အရိပ်ကဲ့သို့ ရွေ့လျားသွားလာနိုင်ပြီး ၎င်းတို့ ကိုယ်ခန္ဓာမှ အလင်းရောင်ကဲ့သို့ အဖြူရောင်၊ အဝါရောင်များ၊ ထွက်နေသည်ကို တွေ့မြင်ခဲ့ရကြောင်း. . .။

ထိုကျောင်းတိုက်ကြီးမှာ သလင်းကျောက်တောင်ကြီး၏ နံယံတောင်စောင်းတစ်နေရာ၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ဗုဒ္ဓကျမ်းစာများထားသော ပိဋကတ်တိုက်ကြီးလည်း တွေ့ခဲ့ရကြောင်း ထိုတိုက်ကြီးတွင် ဗုဒ္ဓကျမ်းစာများ(၇၀၀၀)ခန့်ရှိသည်ဟု ခန့်မှန်းမိကြောင်း. . .။

ကျမ်းစာအုပ်တစ်အုပ်၏ အလေးချိန်မှာ ပေါင်(၃၀) ခန့်ရှိပြီး သစ်သားပြားများဖြင့် ပြုလုပ်ထားသော ကျမ်းစာအုပ်ကြီးများဖြစ်ကြောင်း၊ ထိုဘုန်းကြီးကျောင်း၏ အနောက်ဘက်

တွင် ချိုင့်ဝှမ်းကျယ်ကြီး ရှိနေပြီး အကျယ်အဝန်းမှာ မျက်စိတဆုံး ရှိသဖြင့် မည်ရွေ့မည်မျှ ကျယ်သည်ကိုပင် မခန့်မှန်းနိုင်ကြောင်း၊ ထိုချိုင့်ဝှမ်းကျယ်ကြီး၏ အချို့နေရာများတွင် ဥယျာဉ်ခြံများ၊ သီးနှံစိုက်ခင်းများနှင့် စဉ်ဆက်မပြတ် စီးဆင်းနေသော စမ်းချောင်းကလေးများအပြင် တရားအားထုတ်သော ကမ္မဋ္ဌာန်းကျောင်းကလေးများလည်း တွေ့ခဲ့ရကြောင်း၊ ထိုနေရာသည်ပင် ရှမ်ဗဲလားဟုခေါ်သော နေရာတစ်ခုဖြစ်နိုင်ကြောင်း ပြောပြကြသည်။

ထိုနေရာတစ်ဝိုက်မှာပင် တစ်ချိန်က ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ဗုဒ္ဓပူဇော်ပွဲများ ကျင်းပလေ့ရှိသည့် ရှေး(Shey) ဟုခေါ်သော နေရာတစ်ခုလည်း ရှိသေးသည်။

အချို့သော ရှားပါးလမ်းပြများကမူ ထိုဒေသမှာ ရာသီဥတုဆိုးဝါးသဖြင့် ရောက်အောင်မသွားနိုင်ခဲ့ကြသော်လည်း ကြေးစည်သံ၊ ဖားစည်သံ၊ စည်သံ၊ မောင်းသံများအပြင် ဘုရားဝတ်ပြုသံများ၊ ဗုဒ္ဓကျမ်းစာများ ရွတ်ဆိုပူဇော်သံများကို အတိုင်းသားကြားခဲ့ရသည်ဟု ပြောပြကြသည်။

ရှားပါးအမျိုးသားများသည် လမ်းပြပေးခြင်း၊ အထမ်းလိုက်ခြင်း စသောအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုကဲ့သို့ အန္တရာယ်များသောအလုပ်သည်ပင် အဓိကလုပ်ငန်းဖြစ်ကာ ထိုနယ်မြေဒေသသို့ ၎င်းတို့မရောက်ဖူးသော နေရာဒေသ မရှိသလောက် နည်းပါးလှပေသည်။

အများအားဖြင့်တော့ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဗုဒ္ဓဘာသာအကြောင်းကိုလည်း ကောင်းစွာသိကြသူများဖြစ်ကြသည်။

ထို့ပြင် ဟိမဝန္တာဒေသကို ကျွမ်းကျင်ကြပြီး ဟိမဝန္တာတောင်အကြောင်းကိုလည်း ကောင်းစွာ သိရှိကြသူများ ဖြစ်ကြသည်။

"ရှားပါး"ဆိုသည်မှာ တိဗက်ဘာသာစကားဖြစ်ပြီး "အရှေ့ပိုင်းသား"(Easterner)ဟူသော အဓိပ္ပါယ်ရှိသည်။

ရှေ့၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ဟိမဝန္တာတောင်တန်းကြီးသည် ကမ္ဘာပေါ်၌ ထင်ရှားကျော်ကြားသော တောင်ကြီးတစ်တောင် ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်ထွတ်ရှိသောကြောင့် လူသိများသလို ရှမ်ဗဲလားနှင့် ဆက်စပ်မှု ရှိနေသောကြောင့်လည်း တစ်ကမ္ဘာလုံးမှ စိတ်ဝင်စားမှုရှိကြခြင်း ဖြစ်ပေသည်။





# အခန်း (၂)
# အာယုသိဒ္ဓိအစွမ်း နှင်းကြာပန်း

ရှေ့အခန်း၌ ဟိမဝန္တာနှင့် သူတော်စင်တို့ ပျော်မွေ့ရာ ရှမ်ဗဲလားဒေသ ဆက်စပ်မှုရှိသောအကြောင်းကို သင့်တော်သလောက် ဖော်ပြခဲ့ပြီးနောက် ယခုဆက်လက်ပြီး ဟိမဝန္တာ တောင်တစ်ကြော၌ရှိသော ထူးခြားဆန်းကြယ်မှုရှိသော တောင်များအကြောင်းကို ဆက်လက်ဖော်ပြပေးပါမည်။

ဟိမဝန္တာတောင်တို့တွင် မြတ်စွာဘုရား အဘိဓမ္မာ(၇)ကျမ်း ဟောကြားခဲ့ရာ ထူးခြားဆန်းကျယ်သောနေရာတို့ ဖြစ်ပေါ်

ခဲ့ပေ၏။

ဟိမဝန္တာတောင်၌ မြတ်စွာဘုရား တစ်ပါးတည်း ကြွလာပြီး ရှင်သာရိပုတ္တရာ မထေရ်မြတ်ကို အဘိဓမ္မာခုနစ်ကျမ်း ပြည့်စုံစွာ ဟောကြားခဲ့ခြင်း ဖြစ်သည်။

မြတ်စွာဘုရားရှင်က ဝါတွင်းသုံးလ တာဝတိံသာနတ်ပြည်၌ မယ်တော်နတ်သားကို အကြောင်းပြုလျက် အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောကြားနေစဉ် လူ့ပြည် (ဟိမဝန္တာ)သို့ တစ်ပါးတည်း ကြွရောက်လာရာ ရှင်သာရိပုတြာက ထိုနေရာသို့ သွားရောက်ကာ ဝတ်ကြီးဝတ်ငယ် ပြုပေးနေစဉ် အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောကြားပေးခဲ့ခြင်း ဖြစ်၏။

ရှင်သာရိပုတြာက အလုံးစုံ မှတ်မိသဖြင့် ကျောင်းတော်သို့ရောက်သောအခါ အခြားရဟန်းငါးရာတို့အား ပြန်လည်ဟောပြောပေးခဲ့သဖြင့် ယခုအခါ လူတို့ အဘိဓမ္မာကျမ်းအား ရွတ်ဆိုပူဇော်ခွင့်ရနေကြခြင်း ဖြစ်သည်။

ဟိမဝန္တာ၌ ဟောကြားခဲ့စဉ်က ဟောကြားပေးသော မြတ်စွာဘုရားသည်လည်း တစ်ပါးတည်းသာရှိပြီး တရားနာယူသူကလည်း ရှင်သာရိပုတြာ တစ်ပါးတည်းသာရှိပေသည်။

ဟိမဝန္တာသည် ပိဋကတ်သုံးပုံ တရားတော်များမှ အဘိဓမ္မာခုနစ်ကျမ်း စတင်ပေါ်ပေါက်ရာ ထူးခြားသော နေရာတစ်ခုဆိုက မှားမည်မဟုတ်ပေ။

(ထိုအကြောင်းကို ရေးသားခဲ့ပြီးသော အခြားတစ်အုပ်၌ ပြည့်စုံစွာ ထည့်သွင်းရေးသားခဲ့ပြီးဖြစ်သောကြောင့် ထပ်မံ





မဖော်ပြတော့ပေ။)

ယခု ရေးသားမည့်အကြောင်းမှာ ဟိမဝန္တာ၌ရှိသော ထူးခြားဆန်းကျယ်သော တောင်များအကြောင်းပင် ဖြစ်သည်။

ဟိမဝန္တာတောင်တန်းပေါ်တွင် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်အပါအဝင် တောင်စဉ်တောင်တန်းပေါင်း မရေမတွက်နိုင်အောင် များပြားစွာ ရှိကြသည်။

ထိုတောင်များတွင် သာမန်အနေအထားသာရှိသော တောင်များရှိသလို ထူးခြားဆန်းကြယ်သော တောင်ပေါင်း(၂၁၀) ရှိကြောင်း ကမ္ဘာဦးကျမ်းတို့၌ ဖော်ပြထားသည်ကို တွေ့ရလေသည်။

ထို(၂၁၀)တို့အနက်မှ စိတ်ဝင်စားဖွယ်ရာကောင်းသော တောင်နှင့် ၎င်းတောင်နှင့်ပတ်သက်သော အကြောင်းများအား ဖော်ပြပေးပါမည်။

(၁) အဿမုခတောင်၌ အဿမုခိ ဘီလူးမျိုးနွယ်တို့ နေထိုင်ကျက်စားကြသည်။

(၂) နာဂသီသတောင်၌ နဂါးဦးခေါင်းနှင့်တူသော ကျောက်အများအပြား ရှိကြသည်။ မြွေ၊ နဂါးတို့ ထိုနေရာသို့ ရောက်လျှင် ဦးခေါင်းငုံ့လျှိုး၍သာ သွားလာစံကြပေ၏။

(၃) ဘေသဇ္ဇဝနတောင်၌ လေးညှင်း၊ ဇာတိပ္ဖိုလ်၊ ကနခို၊ ကြံစု၊ ကတ္တူ၊ ကမျဉ်းစသော အစေ့၊ အငန်၊ အဖန်၊ အခါး၊ အချို၊ အဆိမ့်၊ အအေး၊ အပူကိုးပါးရှိသော

အပင်၊ အရွက်၊ အရိုး၊ အခေါက်၊ အမြစ်၊ အဥ၊ အပွင့်၊ အစေ့၊ အရသာမျိုး ရှိသော ဆေးပင်ဆေးရွက်တို့ ရှိကြ၏။ လူနှင့်တိရိစ္ဆာန်တို့တွင် ဖြစ်သောရောဂါတို့ကို ပျောက်ကင်းချမ်းသာစေသော ဆေးပင်တို့ တောင်လုံးအပြည့် ရှိကြပေ၏။

(၄) ကာလရက္ခတောင်၌ကား ဂမုန်းဖြူ ဂမုန်းနီ၊ ဂမုန်းအမျိုးပေါင်းများစွာတို့ စုံလင်စွာ ရှိကြသည့်အပြင် ကတောက်ဖြူ ကတောက်နီစသော ဆေးဖက်ဝင် တန်ဖိုးသိဒ္ဓိရှိကြသည့် ဆေးပင် ဂမုန်းပင်တို့ ရှိကြလေသည်။

(၅) ဗျဂ္ဃဂူဟာတောင်၌ကား အခြားတောင်များနှင့် မတူပဲ ကျားအမျိုးပေါင်းများစွာတို့ နေထိုင်ကျက်စားရာ လိုဏ်ဂူများ ရှိကြပေ၏။

(၆) မဟေလကတောင်၌ကား ကြီးသော သစ်ဖျံတောနှင့် အထူးထူးသော အသီးအပွင့်များသည် တောင်လုံးပြည့်မျှ ရှိလေသည်။

(၇) နိပ္ပဇ္ဇာသယတောင်၌ကား အချိုအချဉ်စသော အရသာကိုးပါး၊ အမွှေးအနံ့အရသာ တစ်ဆယ့်တစ်ပါးတို့နှင့် ပြည့်စုံသော အသီးအပွင့်၊ အမြစ်၊ အခေါက်တို့နှင့် ပြည့်စုံ၏။ ထို အသီးအပွင့်၊ အမြစ်၊ အခေါက်တို့ကို စားသောက်ထားပါက အချိန်ကာလ လေးလတိုင်အောင် အခြားအဟာရမစားဘဲ အိပ်နေနိုင်သော ထူးခြားစွမ်းရည် ရှိပေသည်။





(၈) အာယုဒီယတောင်၌ကား သရက်ပင်နှင့်တူသော အပင်၏ အပွင့်အသီး၊ အရိုးအရွက်၊ အမြစ်အခေါက်တို့ရှိသည်။ ၎င်းတို့ကို စားသုံးသော် အသက်တမ်းထက် အဆတစ်သောင်း ပို၍ အသက်ရှည်ပေသည်။

(၉) နာနရူပတောင်၌ကား နာနရူပဟုခေါ်သော ဆေးပင်ပေါက်သည်။ ထိုဆေးပင်သည် ပတ္တမြားအဆင်းကဲ့သို့ တစ်ပင်လုံး ရဲရဲနီသော အဆင်းရှိ၏။ အလွန်မွှေးသော အနံ့ရှိ၏။ ၎င်း၏ အပွင့်၊ အသီး၊ အမြစ်၊ အခေါက်ကို သုတ်လိမ်းစားသောက် ရပါက အထူးထူးသော နာနာရုပ် ဖန်ဆင်းနိုင်သော အစွမ်းသတ္တိထူးရှိသည်။

(၁၀) ဒေဝဒတ္တတောင်၌ကား လှံ၊ ဓား၊ လေး၊ မြား၊ ခြေနင်းဟူသော စကြာငါးပါးရှိသည်။ ထိုတောင်ကို နတ်ဘီလူးလေးထောင် စောင့်နေရသည်။ ဘုန်းတန်ခိုးကြီးသော မင်းတို့က နတ်များယူ၍ ပေးဆက်ရသော ထူးခြားချက်ရှိသည်။

(၁၁) မဒ္ဒရတောင်၌ကား ရေ၊ သစ်သီး၊ သစ်ပွင့်၊ အရွက်၊ အခေါက်၊ အမြစ်တို့ကို လူ၊ တိရိစ္ဆာန် သတ္တဝါတို့ စားမိပါက အအချင်းချင်း မသိနိုင်လောက်အောင် မေ့လျော့စေတတ်သော ထူးခြားမှုရှိသည်။ သို့ဖြစ်၍ ထိုတောင်မှာရှိသော အရာတို့ကို ရသေ့သူတော်ကောင်းများ မစားမသောက်ကြပေ။

(၁၂) မဏ္ဍဂိရိတောင်၌ကား ရွှေ၊ ငွေ၊ အစစ် ဖြစ်စေတတ်

သော ငါးကြင်းကောင်နှင့်တူစွာ ဆွတ်ဆွတ်ဖြူသည့် ကျောက်ငါးကြင်းရုပ်ရှိသည်မှာ ထူးခြားချက်ဖြစ်သည်။

(၁၄) မခုရသိကတောင်၌ကား နွယ်ချိုတောသက်သက် အတိပြီးသည်မှာ ထူးခြားချက်ဖြစ်သည်။

(၁၅) နန္ဒသီရိတောင်၌ကား လူနတ်တို့ ချစ်ခင်နှစ် သက်လိုသော နန္ဒသီရိဆေးပင်ရှိ၏။ ထိုဆေးပင်၏ အရွက်ကား ကြာဖက်ကဲ့သို့ ဝန်းဝန်းရှိ၏။ အပေါ်အပြင်ကား စိမ်း၏။ အောက်အပြင်ကား နီ၏။ အမြစ်အပင်လည်း နီ၏။ အနှစ်နက်၏။ အနံ့မွှေး၏။ သုံးဆောင်လိမ်းကျံရသော် လူနတ်တို့၏ ချစ်ခင်မြတ်နိုး၍ မခွာရက်၊ မသွားရက်၊ ချည်နှောင်ထားသကဲ့သို့ သတ္တိထူးရှိသည်။

(၁၆) ယက္ခာဝါသတောင်၌ကား ဘီလူးများနေသည့် ထူးခြားချက်ရှိသည်။

(၁၇) ဝိဇ္ဇာနရတောင်၌ကား လူဝိဇ္ဇာတို့ သန်လျက်၊ ဆေးဝါး၊ မန္တရားစီရင်ခြင်း၊ သင်ပြခြင်း၊ သန်လျက်ပေးပြခြင်း၊ သန်လျက် ပေးခြင်း၊ ဆေးစားစေခြင်း တို့ကိုပြု၍ ဝိဇ္ဇာဆရာတို့၏ မနေရာဖြစ်သော ထူးခြားချက်ရှိသည်။

(၁၈) ဝိဇ္ဇာဂူဟာတောင်၌ကား ဝိဇ္ဇာဓိုရ်တို့ အမြဲနေသော နေရာဖြစ်ခြင်းမှာ ထူးခြားချက်ရှိသည်။

(၁၉) ပဥ္စရူပတောင်၌ကား ပဥ္စပတ္တတလျှောကီဆေးပင်များစွာ ပေါက်ရောက်သည်။ ၎င်း ဆေးပင်၏ အရွက်သည် ငါးခွရှိပြီး အနံ့မွှေးသည်။ အရိုးမှာ ရဲရဲနီသည်။ ထူးခြား





ချက်မှာ လူတို့သည် ထိုဆေးပင်ကို ပုဏ္ဏမီတိတီနေ့ ရောက်မှ မြင်တွေ့ရခြင်း ဖြစ် သည်။ ပကတိနေ့မှာ လေးမျက်နှာ တစ်ယူဇနာအရပ်ကပင် တောတောင်နှင့်တကွ ထိုဆေးပင်များသည် ကွယ်ပျောက်နေသည်။ ထိုဆေးမြစ်ကို သုံးဆောင်ရသောသူသည် ငါးပါးသော နာနာရုပ်ကို ဖန်ဆင်းနိုင်ပြီး လွှဲပြောင်းနိုင်သော သတ္တိထူးရှိသည်။

(၂၀) သာဂရတောင်၌ကား ယောကျ်ားအဖက်မရှိသော နတ်မိန်းမ၊ နဂါးမိန်းမ၊ တိရိစ္ဆာန်မိန်းမ၊ အသူရကာယ်မိန်းမ၊ တို့ ပျော်ပါးရာနေရာအဖြစ် ထူးခြားမှုရှိသည်။

(၂၁) တဏှာဝပုနတောင်၌ကား ဌက်ပျောပင်၊ ဌက်ပျောရွက်၊ ဌက်ပျောဖူးနှင့် သဏ္ဌာန်တူသော သူယောင်ပင် တောအတိ ပြည့်သျှမ်းနေသည်။ ပန်း၊ အပွင့်၊ အသီးတို့ အဆင့်ဆင့် အထပ် ထပ် လေခတ်သောအသံ၊ တည်ည့် တဟူဟူ တူရိယာပဥ္စင်၊ သံလွင်ခွက်ခွင်း၊ စောင်း၊ ငြင်း၊ ပတ်ဆိုင်း၊ ကြေးဝိုင်း၊ နှဲ၊ ခ ရာကဲ့သို့ သာယာသောအသံမျိုးစုံ အမြဲထွက်ပေါ်နေသည်။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ သွားရောက်ကြသောအခါ ကညာမိန်းမ ပကတိအလား၊ သနားစုံမက်၊ နှစ်သက်ချစ်ခင်စဖွယ် သူယောင် အသီးသည် လေပြေလေအေး သွေးသော ကာလ၌ နွဲ့ပျောင်းဟန်လှ ကနေသော သဏ္ဌာန်နှင့် တူစွာ တစ်ဆယ့်သုံးနှစ်အရွယ် သူယောင်ကညာကို

မြင်တွေ့ရလျှင် ဘဝင်လိုက်ဆူ၊ သည်းအူဆွဲဆွဲ၊ ကြေမွမတတ်၊ ကိလေသာတဏှာဝင်၍ သမာဓိတရား မှား ယွင်းလွတ်ကင်းကာ ကာမဂုဏ်မှု ကျူးလွန်မိကြသော သတ္တိထူးရှိသည်။

(၂၂) သာမဝဏ္ဏတောင်၌ကား ရွှေအဆင်းတဲ့သို့ရှိသော ကျောက်တောင်၌ ရေအိုင်ရှိ၏။ လူသတ္တဝါတို့ သုံးဆောင်ပါက ရွှေအဆင်းဖြစ်စေတတ်သော သတ္တိထူးရှိသည်။

(၂၃) အဂ္ဂိဝသာတောင်၌ကား မီးတောက်ထဲ၌ အိပ်နိုင်သော ဆေးပင် အသီး၊ အပွင့်၊ အမြစ်၊ အခေါက်များရှိသည်။ ၎င်းတို့ကို လူ၊ တိရိစ္ဆာန်တို့ စားသော် တန်ခိုးကြီးသော စွမ်းရည်သတ္တိထူးရှိ သည်။

(၂၄) ဝိသာကာသတောင်၌ကား ကောင်းကင်သို့ တက်၍ တစ်ယူဇနာမြင့်သောအရပ်၌ နေနိုင်သွားနိုင်သော ဆေးပင်ရှိ၏။ လူ၊ တိရိစ္ဆာန်တို့သည် ဆေးပင်၏ အပွင့်၊ အရွက်၊ အခေါက် အမြစ်တို့ကို စားသုံးရပါက တန်ခိုးကြီးသော စွမ်းရည်သတ္တိထူးရှိသည်။

(၂၅) ဒါရလဒ္ဓတောင်၌ကား ဇနီးမယားရစေတတ်သော ဆေးပင်ရှိ၏။ ထိုဆေးပင်သည် အနံ့မွှေး၏။ ချိပ်ရေ ဟင်္သာပြဒါးအဆင်းကဲ့သို့ နီ၏။ အဥသုံးခွ၊ အရွက်ငါးခွ၊ အနားကအနီ၊ အဝါ၊ အစိမ်း၊ သုံးတန့်အရေးရှိ၏။ အရေးအတွင်း အပေါ်ပြင်က မြအဆင်း၊ အောက်





အပြင်က အနီရောင်ရှိသည်။ ၎င်း၏ အဥအဖုကို သွေး၍လိမ်းလျှင် နတ်အပေါင်း ချစ်ခင်၏။ တဏှာရာဂ တိုးပွား၏။ ဇနီး၊ မယား အလွန်ရလွယ်သော သတ္တိထူး ရှိသည်။

(၂၆) ပတိလဒ္ဓတောင်၌ကား အမျိုးသမီးများ လင်ယောကျ်ား ရစေတတ်သော ဆေးပင်ရှိ၏။ ထိုဆေးပင်၌ အရွက် လေးရွက်ရှိပြီး ကြာဖက်သဏ္ဍာန်ဝန်း၏။ အဆိုပါဆေး ပင်သည် အနံ့မွှေးသည်။ အဖု၊ အဥ၊ အပင်တို့ကို သွေး၍ လိမ်းရပါက အမျိုးသမီးများသည် လင်ယောကျ်ား အလွန်ရလွယ်သော သတ္တိထူးရှိသည်။

(၂၇) မရဏရုဟတောင်၌ကား ကျောက်တွင်း ကျောက်အိုင် ရေသည် လူ၊ တိရိစ္ဆာန်၊ သတ္တဝါ၊ သေနေသူ အကောင် ကို ဖျန်းပက်ချိုးပေးပါက ပြန်၍ ရှင်စေတတ်သော ရေစင်ရှိသည့် ထူးခြားချက်ရှိသည်။

(၂၈) တရိစက္ခုတောင်၌ကား မျက်လုံးသုံးခုရှိသော နတ်ဘီ လူးတို့၏ နေရာဖြစ်သည်မှာ ထူးခြားချက်ဖြစ်သည်။

(၂၉) ဗျတ္တရူပတောင်၌ကား လူ အစရှိသော သတ္တဝါတို့ကို ကျားအသွင် ပြောင်းလဲစေနိုင်သော ဆေးပင်များစွာ ရှိသည်မှာ ထူးခြားချက်ဖြစ်သည်။

(၃၀) ပညာဝပုနတောင်၌ကား လူ သတ္တဝါ အစရှိသည်တို့ကို အသိပညာတိုးပွားစေတတ်သော ဆေးပင်များ ရှိသည် မှာ ထူးခြားချက်ဖြစ်သည်။

(၃၁) ဒေဝဒဟရတောင်၌ကား ယောကျ်ားမိန်းမတို့ကို တစ်ဆယ့်နှစ်နှစ်အရွယ် နုနယ်ပျိုမြစ်စေတတ်သော ဆေးပင်များစွာ ရှိသည်မှာ ထူးခြားချက်ဖြစ်သည်။

(၃၂) အာယုဒီဃတောင်၌ကား လူတို့ကို အသက်ရှည်စေတတ်သော ဆေးပင်များစွာ ရှိသည်မှာ ထူးခြားချက်ဖြစ်သည်။

(၃၃) အာကာခ်တောင်၌ကား လူသတ္တဝါတို့ လိုချင်တောင့်တတိုင်း ရနိုင်သော ဆေးပင်များရှိသည်မှာ ထူးခြားချက်ဖြစ်သည်။

(၃၄) သာရကလျာဏီတောင်၌ကား အနှစ်ရှိသော ဆေးပင်များရှိသည်။ ထိုသာရကလျာဏီဆေးသည် ကာယသိဒ္ဓိပြီး၏။ ထိုးခုတ်၍ မထူးမရှ မပြတ်မပဲ့နိုင်ပေ။ တစ်ထောင်သော ရန်သူတို့က မမြင်နိုင်၊ ထိုအပင်၏ အနှစ် အမြစ်ကို နမ်းရှူရသည်။ နဖူးမှာ မှန်ကူရသည်။ ဘုန်းတန်ခိုးကြီးမားစေသော သတ္တိထူးရှိသည်။

(၃၅) မရဏာဘဝတောင်၌ကား လူ၊ တိရိစ္ဆာန် သတ္တဝါတို့ကို သေစေတတ်သော ဆေးပင်အများရှိသော ထူးခြားမှုရှိသည်။

(၃၆) ဂုမ္ဘာရက္ခတောင်၌ကား ဒိဗ္ဗစက္ခုဆေးပင်ရှိ၏။ ထိုဆေးကို သွေး၍ မျက်လုံးကို သုတ်ခြင်း လိမ်းကျံခြင်းပြုပါက တစ္ဆေ ဖုတ်၊ ပြိတ္တာစသော နာနာရုပ်တို့ကို မြင်နိုင်သော သတ္တိထူးရှိသည်။





(၃၇) သုဒဿနတောင်၌ကား ထူးခြားသောသစ်ပင်၊ သစ်သီး၊ ပန်းပွင့်တို့ဖြင့် လွန်စွာနှစ်သက်ဖွယ်သော သဘောရှိကြပေကုန်၏။

(၃၈) စိတ္တရတောင်၌ကား အလွန်ဆန်းကြယ်သော ရတနာမျိုးတို့ဖြင့် ပြည့်လျက် ပန်း၊ သစ်သီး၊ အစပ်၊ အငန်၊ အဖန်၊ အခါး၊ အချို၊ အဆိမ့်၊ အချဉ်၊ အရသာကိုးပါးတို့အပြင် အကြိုင်အလှိုင်၊ အသင်းအငေါ်၊ အကျော်အနံ့၊ မွှေးပျံ့သော အမျိုးတစ်ဆယ့်တစ်ပါးတို့နှင့် ထူးခြားသော ပန်းနံ့သာတို့ ရှိကုန်၏။

(၃၉) ဂန္ဓမာဒနတောင်၌ကား အချင်း လုံးပါတ်တစ် ဆယ့်ငါးရှိသော မဉ္ဇူသက ပန်းပင်မင်းရှိသဖြင့် ထိုမှပွင့်သော ပန်းရနံ့တို့သည် လေညာလေအောက် ထက်အောက် ဝန်းကျင် ယူဇနာတစ်ရာ ဝန်းကျင်တိုင်အောင် မွှေးပျံ့ကြကုန်၏။

ဤသို့ဖြင့် ဟိမဝန္တာတောင်တစ်ဝှမ်းတွင် ထူးခြားဆန်းကြယ်မှုများဖြင့် ပြည့်နှက်နေသော တောင်များစွာတို့ ရှိကြသည်။ ထိုတောင်တို့တွင် ထူးခြားဆန်းကြယ်သော သစ်ပင်၊ ပန်းပင်၊ ဆေးပင်တို့ ရှိကြသည်။

သိဒ္ဓိရှိသော ကျောက်သံ၊ ပတ္တမြား စသည်တို့ ရှိကြသည်။ သားရဲတိရိစ္ဆာန်တို့ ပျော်မွေ့ကြသည်။ သာမန်လောကတွင် တွေ့ရခဲသော တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော 'နှင်းကျားသစ်' ကို တွေ့ရနိုင်သည်။

ဆေးဖက်အရာ၌သော်လည်းကောင်း၊ အခြားအရာ၌သော်လည်းကောင်း၊ အသုံးပြုတတ်ပါက များစွာသိဒ္ဓိအစွမ်းရှိသော 'ဟမ်ကာမဲလ်'(Himkamal)ဟု ခေါ်သော 'နှင်းကြာပန်း' သစ်ပင် ဟိမဝန္တာမြောက်ပိုင်းဒေသရှိ မြင့်မားသော တောင်ထိပ်များပေါ်တွင် ရှာဖွေတွေ့ရှိနိုင်ပေသည်။





# အခန်း(၃)

# ဆွာမိရာမနှင့် နှင်းကြာပန်းသဲလွန်စ

ဟိမဝန္တာတောင်တန်းကြီးသည် မိုင်ပေါင်း (၁၅၀၀)ခန့် (ထိုအလျားမိုင်သည် မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဘက်အဖျားဆုံးအထိ စီးဆင်းနေသော ဧရာဝတီမြစ်ကြီး၏ အလျားမိုင်နှင့် တူညီလေသည်။) ရှည်လျားစွာ အရှေ့နှင့်အနောက်သို့ သွယ်တန်းလျက်ရှိသည်။

အရှေ့နှင့်အနောက် သွယ်တန်းထားသောကြောင့်

တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းဟူ၍ ပိုင်းခြားထားသည်။

အိန္ဒိယနိုင်ငံရှိသောဘက်သည် တောင်ဘက်မျက်နှာစာခြမ်းဟု သတ်မှတ်ကြပြီး တိဗက်နှင့် တရုတ်ပြည်ရှိသောဘက်ကို မြောက်ဘက်ခြမ်းဟု သတ်မှတ်ထားကြပေ၏။

မိုးရာသီရောက်လျှင် တောင်ဘက်မှလာသော လေနှင့်မိုးတို့သည် ဟိမဝန္တာတောင်ဘက် မျက်နှာစာအခြမ်းကိုသာထိပြီး မြောက်ဘက်သို့ သိပ်မရောက်ပေ။

တောင်ဘက်မျက်နှာစာဘက်၌ရှိသော အိန္ဒိယနိုင်ငံတွင် လေမိုးသည်းထန်သလောက် မြောက်ဘက်ခြမ်းသို့ မရောက်ပေ။ သို့ကြောင့် ဟိမဝန္တာမြောက်ဘက်ဒေသ၌ရှိသော တိဗက်ဒေသသည် မိုးခေါင်သော အရပ်ဒေသ ဖြစ်ခဲ့ပေသည်။

သို့သော် မိုးရာသီကုန်၍ ဆောင်းရာသီ ရောက်လာလျှင်တော့ မြောက်ပြန်လေနှင့်ပါလာသော ဆီးနှင်းများက ဟိမဝန္တာမြောက်ပိုင်းဒေသများသို့ အကျများသည်။

သို့ကြောင့် တိဗက်ဒေသနှင့် ဟိမဝန္တာမြောက်ဘက်အခြမ်းဒေသတို့မှာ အစဉ်သဖြင့် ဆီးနှင်းများ ထူထပ်စွာ ဖုံးအုပ်လျက် ရှိနေကြသည်။ ဟိမဝန္တာ၏ မြောက်ပိုင်းဒေသတွင် ဆီးနှင်းထူထပ်ပြီး အအေးဓါတ်များသောကြောင့် အမြဲနေထိုင်သူ မရှိသလောက်နည်းသည်။

သို့သော် ထိုဒေသ၌ ရှားပါးသော တိရိစ္ဆာန်များ၊ ဆေးဖက်ဝင်အပင်များနှင့် ထူးခြားသော နေရာများက မြောက်ဘက်ဒေသ၌ ရှိလေသည်။





နှင်းကျားသစ်လို ရှားပါးသတ္တဝါမျိုးနှင့် နှင်းကြာပန်းကဲ့သို့ ရှားပါးသော ပန်းတစ်မျိုးမှာ ဟိမဝန္တာ မြောက်ဘက်ဒေသ၌သာ ရှာဖွေတွေ့ရှိနိုင်သည်။

ယခု ဒေါက်တာမင်းထင်ကျော်ခေါင်းဆောင်သော အဖွဲ့သည် ဟိမဝန္တာမြောက်ဘက်ဒေသရှိ တောင်စွယ်တစ်ခု၏ တစ်နေရာ၌ ရွက်ဖျင်တဲများထိုးကာ စခန်းချနေကြသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် ထိုအရပ်ဒေသသို့ ရောက်အောင် တကူးတကလာရောက်သည့် အဓိကရည်ရွယ်ချက်မှာ 'ဟင်မ်ကာမဲလ်'(Himkamal)ဟုခေါ်သော နှင်းကြာပန်းကို ရှာဖွေရန်အတွက်ဖြစ်သည်။

နှင်းကြာပန်းသည် ကမ္ဘာပေါ်တွင် တွေ့ရခက်ခဲပြီး ရှားပါးသော ပန်းတစ်မျိုး ဖြစ်သည်။

"အနောက်ကနေထွက်၊ တောင်ထိပ်ကြာပေါက်"ဟူသော စကားမှာ ဘယ်လိုမှမဖြစ်နိုင်သော ကိစ္စကို တင်စားပြောကြသည့် စကားဖြစ်သည်။

နေသည် အရှေ့မှထွက်ပြီး အနောက်အရပ်၌သာ နေဝင်လေ့ရှိသည်။ ကြာပန်းသည်လည်း ရေရှိသော မြစ်၊ ချောင်း၊ ရေကန်တို့၌သာ ပွင့်လေ့ရှိသည်။ တောင်ထိပ်၌ မပွင့်ပေ။

သို့သော် နှင်းကြာပန်းကတော့ မြေပြင်၌ ပွင့်လေ့မရှိပဲ မြင့်မားသော တောင်ထိပ်၌သာ ပွင့်လေ့ရှိသည်။

ငံရေမရှိသော်လည်း နှင်းများကြားမှ ထိုးထွက်လာကာ ပွင့်လန်းလေ့ရှိသည်။

ထိုသို့ ထူးထူးခြားခြား ပွင့်လေ့ရှိသောကြောင့် ဟိမဝန္တာတောင်တစ်ကြော၌ ပွင့်သောပန်းများအားလုံး၏ 'ပန်းဘုရင်'ဟု သတ်မှတ်ခြင်း ခံရသည်။

အချို့ကလည်း 'ပန်းတကာတို့၏ ဒေဝီ'ဟု တင်စား ပြောလေ့ရှိကြသည်။

ဟိမဝန္တာတောင်တစ်ကြောတွင် ပွင့်သောပန်း အရေအတွက်က မရေတွက်နိုင်အောင် များပြားလှသည်။

ထူးခြားထင်ရှားသော ပန်းများမှာ ရောင်စုံပွင့်သော တောင်ဇလပ်ပန်းများဖြစ်သည်။ တောင်ပေါ်တွင် နှင်းများအရည်ပျော်ကျသွားသောအချိန်တွင် နေရာအနှံ့တွင် တောင်ဇလပ်ပန်းများ ပွင့်လေ့ရှိကြသည်။

များသောအားဖြင့်တော့ အနီရောင်နှင့် ပန်းရောင်ဖြစ်သော်လည်း အဝါရောင်နှင့် အဖြူရောင် ပန်းပွင့်များကိုလည်း တွေ့ရတတ်သည်။

တောင်နံများပေါ်တွင် မေလနောက်ပိုင်း နှင်းများ ရေခဲများ အရည်ပျော်ကျသွားသော အချိန်တွင် တောင်ဇလပ်ပန်းများက ရောင်စုံပွင့်လေ့ရှိရာ အဝေးမှမျှော်ကြည့်လျှင် ပန်းကော်ဇော်ကြီး ခင်းထားသကဲ့သို့ လှပစွာ တွေ့မြင်ကြရသည်။

ဟိမဝန္တာတောင်တစ်ကြောတွင် ပွင့်လေ့ရှိသော ပန်းများတွင် အလှဆုံးပန်းများအဖြစ် သတ်မှတ်ခံထားရသော နှင်းပန်းများနှင့် သစ်ခွပန်းမျိုးစုံတို့လည်း အပါအဝင် ဖြစ်ကြသည်။

နှင်းပန်းများမှာ အမျိုးအစားအားဖြင့် ရာပေါင်းများစွာ





ရှိကြသည်။ ထိုပန်းများသည် ဆောင်းရာသီကုန်လွန်ပြီး နောက် ထပ်နှင်းများ ထူထပ်စွာမကျခင် ကြားကာလတွင် ပွင့်လေ့ရှိကြသည်။

နှင်းပန်းများမှာလည်း ရောင်စုံပွင့်လေ့ရှိကြပြီး ၎င်းတို့အထဲမှ နှင်းပန်းတစ်မျိုးမှာ ပန်းရောင်ဖြစ်သည်။ ထိုပန်းပွင့်လျှင် အရောင်အသွေး ထူးခြားသဖြင့် များစွာလှပပေ၏။

ထိုနှင်းပန်းများမှာ နှစ်စဉ် ဇွန်လ၊ ဇူလိုင်လများရောက်သောအခါ အမြင့်ပေ(၈၀၀၀)မှ (၁၀၀၀၀)အထက်မြင့်သော နေရာများ၌သာ ပွင့်ကြသည်။

ဂန်ဂေါထရီ(Gangotri)၌ ဂင်္ဂါ(Ganges)သို့ ဆက်သွယ်ထားသော ရုဒြဂါရို(Rudra Garo)မြစ်ကမ်းတစ်လျှောက်၌ အများဆုံး ပွင့်လေ့ရှိကြသည်။

၎င်းနှင်းပန်းအမျိုးအစားတို့ကို ဘိုးဂျဘာသ (Bhoja Basa)သစ်ပင်ကြီးများအောက်၌လည်း အများဆုံး တွေ့မြင်ရလေ့ရှိသည်။

ထိုပန်းများအပြင် နှင်းဖုံးနေသော ဟိမဝန္တာတောင်တစ်ကြောပေါ်၌ အများဆုံးတွေ့ရသော ပန်းတစ်မျိုးမှာ အမျိုးအမည်များပြားလှသော သစ်ခွပန်းများ ဖြစ်ကြသည်။

သစ်ခွပန်းများမှာ အမျိုးအမည်များသလို အပွင့်ပုံသဏ္ဍာန်လည်း တစ်မျိုးနှင့်တစ်မျိုး မတူကြပေ။ အရောင်အသွေးကလည်း စုံလှသည်။ ရနံ့သင်းသော သဇင်ပန်းများကဲ့သို့ သစ်ခွပန်းများ ရှိသကဲ့သို့ အပွင့်လှသော်လည်း ရနံ့မရှိသော သစ်ခွ

ပန်းအမျိုးအစားတို့လည်း ရှိကြသည်။

မြင့်မားသော တောင်ထိပ်၌ ပွင့်လေ့ရှိသော နှင်းကြာပန်းမှာ ဆေးဖက်ဝင်သည်။ ပွင့်ချပ်ပွင့်ဖတ်များက ဆေးဖက်ဝင်သလို အထူးသဖြင့် ၎င်း၏ ဝတ်မှုံဝတ်ဆံတို့သည် အသက်ရှည်ဆေးဖော်စပ်ရာတွင် များစွာအစွမ်းသိဒ္ဓိရှိပေသည်။

ယခု ဒေါက်တာမင်းထင်ကျော်တို့ ဟိမဝန္တာတောင်ပေါ်သို့ တကူးတက ရောက်လာကြခြင်းမှာ နှင်းကြာပန်းရှာဖွေရန်အတွက် အဓိကရည်ရွယ်ချက်ထားကာ ရောက်လာခဲ့ကြခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ လာရခြင်းမှာလည်း အကြောင်းရင်းခံ ရှိပေသည်။ ဒေါက်တာမင်းထင်ကျော် ဟိမဝန္တာဘက်သို့ အခြားအကြောင်းကိစ္စဖြင့် ရောက်ခဲ့စဉ် သူနှင့်-သိကျွမ်းခဲ့ဖူးသော ယောဂီကြီး ဆွာမိရာမနှင့် တွေ့ခဲ့သည်။

ဒေါက်တာမင်းထင်ကျော်က ယောဂီကြီး ဆွာမိရာမ တရားအားထုတ်နေသော ဂူရှိရာသို့ ရောက်အောင်သွားခဲ့ခြင်းဖြစ်ပေသည်။ သူရောက်သွားသော အချိန်က နံနက်ပိုင်းအချိန်ကျော်နေပြီဖြစ်သောကြောင့် တောင်တန်းပေါ်ရှိ အချို့နေရာများ၌ နေရောင်ခြည်များ ဖြာကျနေသည်။

နှင်းများဖုံးနေသော နေရာသို့ နေရောင်ကျသောအခါ တောက်ပသော အရောင်များ ဖြစ်ပေါ်နေ၏။ အချို့နေရာများတွင် ပန်းခင်းကြီးကဲ့သို့ ဖြစ်နေသော ရောင်စုံတောင်ဇလပ်တောများကိုလည်း မြင်ခဲ့ရသည်။





ထိုအလှများသည် မြေပြန့်ဒေသ၌ မတွေ့နိုင်၊ မမြင်နိုင်သော အလှများ ဖြစ်ကြပေ၏။ ဒေါက်တာမင်းထင်ကျော်က သဘာဝအတိုင်း ဖြစ်နေကြသည့် ကျောက်တုံးလှေခါးထစ်များကိုနင်း၍ အပေါ်သို့ တက်လာခဲ့သည်။

နှင်းရည်များဖြင့် စိုစွတ်နေသော ကျောက်တုံးများမှာ အနည်းငယ် ချောနေသောကြောင့် သတိထားပြီး တက်သွားရသည်။

ထိုနေရာဘက်မှာ မြောက်ဘက်ခြမ်းနှင့် နီးသောကြောင့် ရုတ်တရက် နေရောင်ခြည် မရနိုင်သော နေရာလည်းဖြစ်ပေသည်။ တဖြည်းဖြည်းနှင့် တက်သွားရာ နောက်ဆုံးတော့ ယောဂီကြီး ဆွာမိရာမ တရားအားထုတ်နေသည့် ဂူပေါက်ရှိသော တောင်ရင်ပြင်တစ်နေရာသို့ ရောက်သွားလေသည်။ သူရောက်သွားတော့ ယောဂီကြီးက ငှက်များကို အစာကျွေးနေသည်။

သူရောက်မလာခင်က ငှက်များက ယောဂီကြီး အနီးမှာပင် အစာစားနေကြသည်။ ဒေါက်တာမင်းထင်ကျော် တက်လာတာမြင်တော့ ဆက်မစားတော့ပဲ အနီး၌ရှိသော သစ်ပင်များပေါ်သို့ ပျံတက်သွားကြသည်။

ယောဂီကြီးက သူ့ကိုမြင်တော့ အပြုံးဖြင့် နှုတ်ဆက်ပြီး သလေးစပါးများကို တောင့်ရင်ပြင်ပေါ်သို့ ဖြန့်ကျဲကာ နေရာမှ ထလာသည်။

"သင် လာမယ်မှန်းသိလို့ အပြင်ထွက်စောင့်နေတာပါ"

"ဌက်တွေ အစာကျွေးနေတာ အနှောက်အယှက် ပေးသလို ဖြစ်သွားတယ်၊ ဘာကြောင့် သူတို့ ဆက်မစားတော့တာလဲ"

"လူစိမ်းတစ်ယောက်ရဲ့ အငွေ့အသက်ကြောင့်ပါ။ တကယ်လို့သာ နှစ်ရက်သုံးရက်လောက် တွေ့မြင်ရရင်တော့ သင်အစာကျွေးတဲ့အခါ လက်ပေါ်အထိ လာစားကြပါလိမ့်မယ်"

"ကျွန်တော်က သူတို့ကို အန္တရာယ်ပေးမှာမှ မဟုတ်တာ"

ဒေါက်တာမင်းထင်ကျော် ပြောသောစကားသံက. . . မကျေနပ်သံအချို့ပါနေသဖြင့် ယောဂီကြီးက ရှင်းပြသည်။

"သူတို့ကို ရန်ပြုလိုစိတ် မရှိပေမယ့် မေတ္တာထားနိုင်တဲ့စိတ် မရှိသေးလို့ပါ။ တကယ်လို့ သင်က သူတို့ကို မေတ္တာထားနိုင်ရင် သူတို့သိကြပါတယ်"

"ဘယ်လိုနည်းနဲ့ သိနိုင်မလဲ"

"လူရဲ့ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ မနောဝိညာဉ်မှာ မေတ္တာဓါတ်တွေပြည့်လာရင် ကိုယ်ခန္ဓာမှာ အရောင်ထွက်လာတယ်၊ လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာမှာ မနောစိတ်က ထင်ဟပ်နေတဲ့ အရောင်ထွက်နေတယ်၊ အဲဒါကို ကိုယ်ရောင်ကိုယ်ဝါလို့ခေါ်တယ်"

"ဒါပေမယ့် မမြင်နိုင်ဘူးမဟုတ်လား"

"မြတ်စွာဘုရားရဲ့ ကိုယ်ရောင်ကိုယ်ဝါကို တွေ့မြင်ရတယ်ဆိုတာ တစ်လောကလုံးမှာရှိတဲ့ သတ္တဝါတွေအပေါ်မှာ





မေတ္တာဓါတ် ထားနိုင်လို့ပဲ၊ လူတွေရဲ့ ကိုယ်ကထွက်နေတဲ့ ကိုယ်ရောင်ကိုယ်ဝါကို သာမန်မျက်စိနဲ့ မမြင်ရပေမယ့် နတ်ဗြဟ္မာတွေ၊ ပရလောကသားတွေနဲ့ တိရိစ္ဆာန်တွေက မြင်ကြရတယ်"

"အံ့ဩစရာပဲ"

"ဒါကြောင့် သူတော်ကောင်းတွေ ဒုက္ခနဲ့တွေ့တော့မယ်ဆိုရင် လာရောက်ပြီး ကာကွယ်စောင့်ရှောက်ပေးကြတာပါပဲ၊ ကဲ. . . ဂူထဲသွားရအောင်၊ သင့်ကို ပြစရာတစ်ခု ရှိပါတယ်"

ထိုသို့ပြောပြီး ခေါ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်က နောက်မှလိုက်သွားသည်။

ဂူမှာ အတော်ပင်ကျယ်ဝန်းသော်လည်း ဂူအတွင်းမှာတော့ အသုံးအဆောင်ပစ္စည်း များများမရှိပေ။

ဂူပေါက်ဝတွင် မီးဖိုတစ်ဖို၊ အတွင်းဘက်တွင် ဝါးဖြင့်ပြုလုပ်ထားသော ကွပ်ပျစ်တစ်လုံး၊ သောက်ရေအိုးတစ်လုံး၊ ကျောက်စင်တစ်ခုပေါ်တွင် တင်ထားသော ရွှေရောင်တောက်ပနေသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ရှေ့မှာတော့ ဝါးဆစ်ပိုင်းဖြင့်ထိုးထားသော ပန်းတစ်ပွင့်ကို သတိပြုမိသဖြင့် မေးလိုက်သည်။

"ဒါ ဘယ်လိုပန်းမျိုးလဲ"

"တောင်ထိပ်ပေါ်မှာသာပွင့်တဲ့ နှင်းကြာပန်းလို့ ခေါ်ပါတယ်၊ ကမ္ဘာပေါ်မှာတော့ အရှားပါးဆုံး ပန်းမျိုးပေါ့၊ သူ့ရဲ့ ဝတ်မှုံဝတ်ဆံတွေက အသက်ရှည်ဆေးအဖြစ် အသုံးပြုမယ်ဆိုရင် အစွမ်းထက်တယ်"

"ဒီပန်းမျိုး ဘယ်နေရာမှာ ရှာတွေ့နိုင်ပါသလဲ"

"ဟိမဝန္တာတောင်ပေါ်မှာ ရှာတွေ့နိုင်ပါတယ်၊ ဒါပေမယ့် သူက ညဘက် လသာတဲ့အချိန်မှ ပွင့်လေ့ရှိတယ်၊ နှင်းကြာပန်းတွေက သာမန်မဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ ဝိညာဉ်နဲ့ ဆက်သွယ်နိုင်တဲ့ စွမ်းအားရှိတယ်၊ စိတ်ချင်း စကားပြောနိုင်တယ်၊ နောက်တစ်ခုက သက်ဆိုင်သူတွေ ရှိတယ်"

"ဘယ်လိုအစောင့်အရှောက်တွေပါလဲ"

"သင့်အနေနဲ့ ခုနောက်တော့ တွေ့မြင်ခွင့် ရနိုင်ပါလိမ့်မယ်၊ ကျွန်ုပ်အနေနဲ့ ပြောချင်တာကတော့ ဟိမဝန္တာကို တစ်ခေါက်ရောက်ဖို့ မလွယ်သလို တောင်ထိပ်ပေါ်ရောက်ဖို့လည်း မလွယ်ပါဘူး"

"မှန်ပါတယ်"

"သင်အခု ဘယ်အတွက် ရောက်လာတာလဲ"

"နှင်းကျားသစ်အကြောင်းကို သုတေသနပြုပြီး စာရေးချင်တဲ့ မိတ်ဆွေတစ်ယောက်နဲ့ လိုက်လာတာပါ။ ကျွန်တော့်ရဲ့အဓိက ရည်ရွယ်ချက်ကတော့ ကွယ်ပျောက်နေတဲ့ ရှမ်ပဲလားနဲ့ သက်ဆိုင်တဲ့ ကျောင်းတော်ကြီးကို ရှာဖွေကြည့်ချင်တဲ့ ဆန္ဒကြောင့် လိုက်လာခဲ့တာပါ"

"မေတ္တာစိတ် များများပို့လွှတ်နိုင်အောင် ကြိုးစားပြီး ရှာဖွေမယ်ဆိုရင်တော့ တစ်နေ့ကျရင် တွေ့ရနိုင်ပါတယ်၊ ဒီအတောအတွင်းတော့ သင့်ဘဝအတွက် ဆန်းကြယ်မှုတွေနဲ့ ကြုံတွေ့ရနိုင်တဲ့ နှင်းကြာပန်းကို ရှာဖွေကြည့်ဖို့လဲ စိတ်ထဲမှာ အာရုံပြုထားပါ"





"ကောင်းပါပြီ"

ထို့နောက် ယောဂီကြီးက ဌက်ပျောသီးမှည့်တစ်လုံးနှင့် သောက်ရေတစ်ခွက်ပေးသဖြင့် စားသောက်ပြီးနောက် နွတ်ဆက်ကာ တောင်ခြေသို့ ပြန်ဆင်းလာခဲ့လေသည်။

ထိုသို့ဆင်းလာစဉ်မှာ သူ့အတွေးအိမ်၌ နှင်းကြာပန်းနှင့်ပတ်သက်သော အကြောင်းများက ပါလာလေတော့သည်။

ထိုအကြောင်းများက ယောဂီကြီး ဆွာမိရာမနှင့် တွေ့ခဲ့ရာမှ နှင်းကြာပန်းနှင့်ပတ်သက်သောအကြောင်းများ သိလာခဲ့ရခြင်း ဖြစ်ပေသည်။

ရှေ့သို့ဆက်မရေးမီ ခရီးထွက်လာကြသော ဒေါက်တာမင်းထင်ကျော်နှင့် အဖွဲ့သားများအကြောင်းကိုလည်း ကြိုတင်ဒိတ်ဆက်ပေးထားရဦးမည်ဖြစ်၏။

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်ထံသို့ နိုင်ငံခြားတိုင်းပြည်မှ မိတ်ဆွေတစ်ယောက် ရောက်လာလေသည်။

အင်္ဂလန်၌ သွားရောက်ခဲ့စဉ်က ခင်မင်ရင်းနှီးခဲ့သော ရုက္ခဗေဒပညာရှင် ဂျော့ရှိုလာ(George Shaller)ဆိုသူပင် ဖြစ်ပေ၏။

ဂျော့ရှိုလာမှာ အသက်(၅၀)အရွယ် ဝန်းကျင်သာ ရှိသေးပြီး စွန့်စားသွားလာမှုများကို ဝါသနာပါသူ ဖြစ်သဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ခင်မင်ခဲ့ခြင်း ဖြစ်သည်။

ရုက္ခဗေဒပညာရှင်တစ်ဦးဖြစ်သောကြောင့် ပန်းမျိုးစုံတို့ပေါလှသော မြန်မာနိုင်ငံ၏ တောတောင်များသို့ လာရောက်ရန်

ဒေါက်တာမင်းထင်ကျော်က ဖိတ်ခေါ်သဖြင့် တစ်ခေါက်နှစ်ခေါက် လာရောက်ခဲ့ဖူးသည်။ ရှားပါးသော သစ်ခွမျိုးများလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။

ယခုတစ်ခေါက် ရောက်လာတော့ ဂျော့ရှီလာတွင် နောက်ထပ်ရည်ရွယ်ချက်တစ်ခု ပါလာသည်ကို ဒေါက်တာမင်းထင်ကျော်နှင့် တွေ့သောအခါ ပြောပြသည်။

"ကျွန်တော် ဒီတစ်ပါတ်ရောက်လာတာ သစ်ခွပန်းတွေလေ့လာဖို့ချည်းမဟုတ်ဖူးဗျ၊ ထူးခြားတဲ့ တိရိစ္ဆာန်တွေအကြောင်းပါ လေ့လာပြီး မှတ်တမ်းယူရမယ်"

"ဘယ်လိုတိရိစ္ဆာန်မျိုးလဲ"

"နှင်းတောင်တန်းတွေပေါ် မှာသာတွေ့ရတဲ့ အပြာရောင်သိုးတွေနဲ့ နှင်းကျားသစ်အကြောင်းပဲ ဒေးလီးမေ(လ်)သတင်းစာအဖွဲ့က ဆောင်းပါးရေးပြီး သူတို့ဆီပို့ပေးဖို့ တာဝန်ပေးလိုက်တယ်"

"အပြာရောင်သိုးတွေနဲ့ နှင်းကျားသစ်အကြောင်းတော့ စာအုပ်တွေထဲမှာ ဖတ်ဖူးပါရဲ့၊ ဒါထက် ရှာလို့ရော တွေ့နိုင်ပါ့မလား"

"ရှိနေတယ်ဆိုရင်တော့ တွေ့ရမှာပေါ့ဗျ၊ ကျွန်တော်တို့ ဖွဲ့ကောင်းဖို့ပဲ လိုပါတယ်၊ ကျွန်တော့်ဆီမှာ အခြေခံအချက်တွေလည်း စုဆောင်းထားတာတွေ ရှိပါတယ်၊ အဓိကကတော့ ဒီခရီးကို ခင်ဗျားပါ လိုက်ခဲ့စေချင်တာပဲ"

ဒေါက်တာမင်းထင်ကျော်အနေဖြင့်လည်း ထိုခရီးမျိုးကို





စိတ်ဝင်စားသဖြင့် ဂျော့ရှီလာ၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ပေသည်။ ခရီးထွက်တော့ အဖော်ရစေရန် ဦးဗန်ကောင်းပါ ခေါ်ခဲ့သည်။

ခရီးထွက်လာစဉ်က သုံးယောက်ဖြစ်သော်လည်း နောက်ပိုင်း ဟိမဝန္တာဘက်ရောက်တော့ ရှာပါးအထမ်းသမား၊ တိဗက်အထမ်းသမားနှင့် လမ်းပြများ ထပ်မံငှားရမ်းရာ စုစုပေါင်း (၁၆) ယောက် ဖြစ်လာသည်။

ထိုအဖွဲ့တွင် လမ်းပြ လမ်းကျွမ်းကျင်ကြသည့် တန်ပ၊ ဒီပကနှင့် လူပုလေး မိစ္ဆာတို့လည်း ပါလာကြသည်။



# အခန်း(၄)

# နှင်းကျားသစ်နှင့် ထူးဆန်းသောပုံရိပ်

ဟိမဝန္တာ တောင်ထိပ်တစ်နေရာရှိ တောင်စောင်းတစ်နေရာတွင် ရွက်ဖျင်တဲကလေးများ ရှိနေကြသည်။ ရွက်ဖျင်တဲမှာ သုံးလုံးဖြစ်ပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။

နံနက်ပိုင်း အချိန်သာ ရှိသောကြောင့် နှင်းမကွဲသေးပေ။ ပိတ်နေသော နှင်းများက တဲများပေါ်သို့ ကျနေရာ မူလရွက်ဖျင်တဲကိုပင် မမြင်ရတော့ပဲ နှင်းများပုံချထားသဲကဲ့သို့ ထင်ရလေသည်။

☺ အောင်မြင်စာပေ ☺

ပြင်ပမှ နှင်းမှုန်နှင်းစက်တို့ကို တိုက်ခတ်လာသော မြောက်ပြန်လေမှာ တဲအတွင်းသို့ ဝင်လာရာ အေးစိမ့်လျက် ရှိနေသည်။

အချိန်က နံနက်ပိုင်း လေးနာရီ ဝန်းကျင်ခန့်သာ ရှိပေလိမ့်မည်။

တဲတစ်လုံးအတွင်းမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဂျော်ရှီလာတို့ ရှိနေကြသည်။ ၎င်းတို့မှာ နှစ်ဦးစလုံး အိပ်ပျော်နေကြသည်။

ထိုအချိန်ရောက်တော့မှ ကျားသစ်တစ်ကောင်၏ ဟိန်းသံထွက်ပေါ်လာသည်။ တဝေါင်းဝေါင်းနှင့် ကျယ်လောင်စွာ ပေါ်ထွက်နေသော ကျားသစ်ဟိန်းသံကြောင့် နှစ်ယောက်စလုံး အိပ်ပျော်နေရာမှ ပြန်နိုးလာကြသည်။

ကျားသစ်ဟိန်းသံသည် သူတို့ စခန်းချနေသော တောင်စွယ်နှင့် မဝေးလှသောနေရာမှ ပေါ်ထွက်နေခြင်း ဖြစ်လေသည်။

တဲအတွင်းမှာ ထွန်းထားသော ဟာရီကိန်းမီးအိမ်မှ အလင်းရောင်သည် မှေးမှိန်လျက်ရှိသည်။ ရေနံဆီနံ့များက တဲအတွင်းမှာပျံ့နှံ့နေသော်လည်း အလင်းရောင်ကတော့ လုံလောက်အောင် မရပေ။

ဒေါက်တာမင်းထင်ကျော်က အိတ်အတွင်းမှ နာရီကို ထုတ်ကြည့်တော့ နံနက်လေးနာရီကျော်ကျော်သာ ရှိပေသေးသည်။

ကျပ်ခိုးမှိုင်းများ စွဲနေသော မီးအိမ်မှ မှုဝါးသော အလင်းရောင်ကြောင့် ပိုးတဝါးသာ မြင်ရသည်။





ထိုအချိန်တွင် ဂျော့ရှီလာက လှဲနေရာမှထပြီး နားစွင့်နေလေသည်။

"ကျားသစ်တစ်ကောင်ရဲ့ ဟိန်းသံပဲ"

ဒေါက်တာမင်းထင်ကျော်က ၎င်းထင်မြင်ချက်ကို ပြောလိုက်သည်။

"ဟုတ်တယ်. . . ကျားသစ်ဟိန်းသံဖြစ်မယ်၊ ဒီလောက်ရာသီဥတု ဆိုးဝါးတဲ့အချိန်မျိုးမှာ တခြားကျားသစ်တွေ အပြင်မထွက်ကြဘူး"

"ဒီနေရာနဲ့ မဝေးလှဘူး၊ အပြင်ထွက်ကြည့်ကြမလား"

"ရာသီဥတုက အတော်ဆိုးနေတယ်၊ ဒီအချိန်မျိုးမှာ အပြင်ထွက်ရင် တခြားအန္တရာယ်နဲ့ မတွေ့ရင်တောင် အအေးဒဏ်ကြောင့် အရိုးကွဲသွားနိုင်တယ်၊ ဒီနေရာတစ်ဝိုက်မှာ ရှိနေရင်တော့ တစ်နေရာမဟုတ် တစ်နေရာမှာ တွေ့ရမှာပါ"

ထိုသို့ပြောပြီး ဂျော့ရှီလာက မှတ်တမ်းစာအုပ်နှင့် ဖောင်တိန်ကိုထုတ်ပြီး မှတ်တမ်းရေးနေလေသည်။

ထိုအချိန်အထိ မနီးမဝေးမှ ပေါ်ထွက်နေသော ကျားသစ်ဟိန်းသံက မှန်မှန်ပင် ပေါ်ထွက်နေသည်။

ယခုအချိန်လောက်ဆိုလျှင် အရှေ့ဘက်ကောင်းကင်ပြင်၌ အရုဏ်ဦးအလင်းရောင်များ ပေါ်ထွက်လောက်ပေပြီ၊

သို့သော် နှင်းများပိတ်ဆီးနေသောကြောင့် စိုးစဉ်မျှပင် မမြင်ရသေးပေ။ ထိုအချိန်ရောက်တော့မှ အခြားတဲနှစ်လုံးဘက်မှ ဝန်တင်လားများအသံနှင့် လမ်းပြအဖြစ် အထမ်းသမားအဖြစ်

လိုက်လာကြသည့် အလုပ်သမားများအသံများကို စတင်ကြား လာရသည်။

အလုပ်သမားများမှာ ရှာပါးနှင့် တိဗက်လူမျိုးများ ဖြစ်ကြသည်။ ၎င်းတို့တဲများဘက်မှ ချောင်းဟန့်သံ၊ မီးဖိုရန် ပြင်ဆင်နေသောအသံများ ကြားရသည်။ ဦးဗန်ကောင်း ရှိနေသော တဲဘက်မှ ဘုရားစာ တရားစာ ရွတ်သံများ ကြားရသည်။

ရှာပါးအမျိုးသားတို့မှာ လမ်းပြအလုပ်နှင့် အထမ်းလိုက်သော အလုပ်ကို ကျွမ်းကျင်ကြသည်။ ထိုအလုပ်မှာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်လည်း ဖြစ်သည်။

ဟိမဝန္တာတောင်တကြောနေရာအနှံ့ ရောက်ဖူးကြသဖြင့် ဟိမဝန္တာဒေသကို ကျွမ်းကျင်သူများဟု သတ်မှတ်ကြသည်။

၎င်းတို့မှာ အများအားဖြင့် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး သစ္စာရှိသူ အကြမ်းခံနိုင်သူ၊ ဟိမဝန္တာ တနံတလျား နှံ့စပ်ကျွမ်းကျင်သူများဟု သတ်မှတ်ခြင်း ခံကြရသည်။

ရှာပါးဆိုသော ဝေါဟာရမှာ တိဗက်ဘာသာဖြင့် အရှေ့ပိုင်းသား (Easterner)ဟူသော အဓိပ္ပါယ်ရှိလေသည်။

(၁၉၅၂)ခုနှစ်ရောက်တော့ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကြီးကို အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြသည်။ တောင်တက်အဖွဲ့ကို ဦးဆောင်လမ်းပြပေးခဲ့သူမှာ ရှာပါးအမျိုးသား 'တင်ဆင်'ဆိုသူပင်ဖြစ်သည်။

အလုပ်သမားများထဲတွင် တန်ပ၊ ဒီပကနှင့် လူပုလေးမိတ္တတို့သုံးယောက်လည်း ပါလာကြရာ တိဗက်နှင့် ပါရှားလူမျိုး





များ ဖြစ်ကြသည်။ သုံးယောက်စလုံး သစ္စာရှိခြင်း၊ အကြမ်းခံနိုင်ခြင်းနှင့် ဟိမဝန္တာအကြောင်းကို နောကြေအောင် သိကြသူများ ဖြစ်ကြသည်။

ရှေးအခါကပင် ဒေါက်တာမင်းထင်ကျော်က ဟိမဝန္တာဘက်သို့ ခရီးထွက်တိုင်း ၎င်းတို့အား ခေါ်ဆောင်သွားလေ့ရှိရာ သိကျွမ်းခင်မင်မှု ရှိကြသည်။

ယခုလည်း ဒေါက်တာမင်းထင်ကျော်က ၎င်းတို့အား ခေါ်ရာ အလွယ်တကူ ဝင်လိုက်ခဲ့ကြခြင်း ဖြစ်ပေသည်။

တန်ပ ဒီပကနှင့် လူပုလေးမိတ္တတို့ သုံးယောက်အပြင် အထမ်းသမား(၁၀)ယောက်နှင့် ဝန်တင်လား(၂)ကောင်လည်း ပါသေးသည်။ ထို့ကြောင့် စခန်းချသောအခါ တဲသုံးတဲခွဲပြီး စခန်းချကြရခြင်း ဖြစ်ပေသည်။

အချိန်အတော်ကြာသည်အထိ ကျားသစ်ဟိန်းသံကို ကြားနေရဆဲပင် ရှိသေးသည်။

နံနက်ပိုင်း လေးနာရီကျော်လာခဲ့ပြီ ဖြစ်သော်လည်း အရုဏ်ဦး အလင်းရောင်ကို မမြင်ရသေးပဲ ပတ်ဝန်းကျင်တစ်ခုလုံး နှင်းများက ပိတ်ဆီးထားလျက်ပင် ရှိနေသေး၏။

နှင်းမှုံနှင်းစက်တို့ကို တစ်ပါတည်း သယ်ဆောင်လာသောလေကလည်း မပြတ်တိုက်ခတ်နေရာ တဲအတွင်းမှာပင် အေးစိမ့်နေလေသည်။

ကျောရှိလာကတော့ ဟာရီကိန်း မီးအိမ်ကို အနားရွှေ့ပြီး မှတ်တမ်းများ ရေးနေလေသည်။

ဒေါက်တာမင်းထင်ကျော်က ချမ်းအေးမှု သက်သာစေရန် စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာနေစဉ် တဲအပြင်ဘက်မှ နှင်းသားပေါ်သို့ နင်းလာသော ခြေသံကို ကြားရသည်။

တဲပေါက်ဝသို့ ကြည့်နေစဉ် တဲအတွင်းသို့ လူတစ်ယောက် ဝင်လာလေသည်။

အလုပ်သမားများကို ခေါင်းဆောင်လာသော တန်ပပင် ဖြစ်လေသည်။

"ဘာထူးခြားသလဲ တန်ပ"

"ကျားသစ်အော်သံကြားရတယ်၊ ဒီနေရာနဲ့ သိပ်မဝေးဘူး၊ အဲဒါ နှင်းကျားသစ်ပဲ"

"ဘယ်လိုကြောင့် သိတာလဲ"

"ဒီလို နှင်းတွေကျတာများတဲ့ အချိန်မျိုးမှာ တခြားတိရိစ္ဆာန်တွေက အပြင်ထွက်လေ့မရှိဘူး၊ အမွေးရှည်တဲ့ နှင်းကျားသစ်လို သတ္တဝါမျိုးပဲ နှင်းတောထဲမှာ နေနိုင်ကြတယ်"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"နှင်းကျားသစ်တွေကို နေ့အချိန်မှာ မတွေ့နိုင်ဘူး၊ ဒါကြောင့် ဆရာတို့လေ့လာချင်တယ်ဆိုရင် ဒီအချိန်မှာသွားပြီး လေ့လာသင့်တယ်"

"အန္တရာယ် မများဘူးလား"

"နှင်းကျားသစ်တွေက လူနဲ့တွေ့ရင် ရှောင်ပြေးလေ့ရှိကြတယ်၊ ဒီလောက် အန္တရာယ် မများပါဘူး"

တန်ပက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အ





ပြင်ထွက်ရန်ပြင်သည်။ ထိုအခါ ဂျော့ရှိလာကပါ သူတို့နှင့်အတူလိုက်ရန် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်လေသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်တစ်လက်ယူလာပြီး ဂျော့ရှိလာကတော့ ကင်မရာတစ်လုံး ယူလာသည်။

ထို့နောက် သုံးယောက်သား အပြင်ဘက်သို့ ထွက်လိုက်ကြသည်။

ဘောင်းဘီ၊ အင်္ကျီ၊ နှင်းစီးဘိနပ်များအပြင် ဦးခေါင်းစွပ်များ ဝတ်ဆင်ထားသည့်တိုင် အပြင်ထွက်လိုက်သည်နှင့် အအေးဓါတ်များက လေနှင့်အတူ ပါလာကြသဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းလှသည်။

သို့သော်လည်း အမြင့်ပေ တစ်သောင်းကျော်သော တောင်ပေါ်သို့ သွားလာနေကျဖြစ်သဖြင့် ခံနိုင်ရည်ရှိကြသည်။

ဂျော့ရှိလာတစ်ယောက်သာ အသက်အရွယ်အရ ရာသီဥတုဒဏ်ကို အတော်ပင် ကြိုးစားအံတုနေရဟန်ရှိသည်။

သူတို့သုံးယောက် အပြင်ဘက်ရောက်ကြသည့် အခါမှာပင် ကျားသစ်ဟိန်းသံကို ကြားနေရသေးသည်။

ထို့အတူ နှင်းများကလည်း ကျနေဆဲပင် ရှိသေး၏။

သို့သော်လည်း အရှေ့ဘက် ကောင်းကင်ပြင်၌ အရုဏ်ဦး အလင်းရောင်များ တက်စပြုလာပြီဖြစ်သဖြင့် ပတ်ဝန်းကျင်ကိုတော့ အတော်အသင့် မြင်နေရပြီဖြစ်သည်။

နှင်းကျားသစ်(Snow Leopard)သည် နှင်းထူထပ်သော နှင်းများထဲတွင်သာ နေလေ့ရှိသဖြင့် ယခု ကြားနေရသော

အသံမှာ နှင်းကျားသစ်ဟိန်းသံပင် ဖြစ်ပေလိမ့်မည်။

ကြားရသောအသံမှာ ရင်းတို့ စခန်းချနေသောနေရာနှင့် ပို့ခါရာ(Pokhra)တောင်ပေါ် ရွာကလေးရှိသောနေရာကြားလျှိုအတွင်းတစ်နေရာမှ ဖြစ်သည်။

တဲအတွင်းမှ ထွက်လာကတည်းက အရိုးရှည်တပ်ထားသည့် ဓားလှံတစ်ချောင်းကို ကိုင်ထားသော တန်ပကာပင် ရှေ့မှ ဦးဆောင်လမ်းပြ၍သွားသဖြင့် ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်က နောက်မှ သတိဖြင့် လိုက်ကြရသည်။

ဦးစွာ သူတို့ရောက်နေသော တောင်စွန်းပေါ်မှ အောက်ဘက်သို့ရောက်အောင် တဖြည်းဖြည်း လျှောဆင်းကြရသည်။ ကျောက်သားများမှာ နှင်းရေများဖြင့် ချောနေသဖြင့် သတိကြီးစွာထားကာ ဆင်းကြရလေသည်။

အောက်ဘက်သို့ ရောက်လာလေလေ ကျားသစ်ဟိန်းသံက ပိုမိုကျယ်လောင်စွာ ကြားလာရလေဖြစ်၏။

ဒေါက်တာမင်းထင်ကျော်နှင့် ဂျော့ရှိုလာတို့ နှစ်ယောက်ကတော့ ထိုအချိန်မျိုးတွင် တောင်ပေါ်သို့ သွားလာနေရသည်ကိုပင် သတိမရတော့ပဲ စိတ်အားထက်သန်နေလေသည်။

ဤသို့ဖြင့် တဖြည်းဖြည်း ဆင်းသွားကြရာ ကျောက်တုံးအထစ်များ ဆုံးသွားပြီး တောင်ပတ်လမ်းကဲ့သို့ ဖြစ်နေသော ကမ်းပါးစွန်းတစ်ခုပေါ်သို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ တန်ပကာ နောက်သို့လှည့်ပြီး သံမထွက်စေရန် ခြေဟန်လက်ဟန်ဖြင့် သတိပေးလိုက်သည်။





ကျားသစ်ဟိန်းသံ ကြားနေရသည့်နေရာမှာ သူတို့ရောက်နေသော နေရာနှင့် မဝေးလှတော့ပေ။ ကြားထဲတွင် ကျောက်တောင်နံ့ယံတစ်ခုသာ ခြားတော့သည်။

ထို့ကြောင့် သုံးယောက်သား တောင်နံရံရှိသောနေရာရောက်သည်အထိ သတိဖြင့် တိုးကပ်သွားကြသည်။

သူတို့ ထိုနေရာရောက်တော့ ကျားသစ်ဟိန်းသံက ရပ်တန့်သွားလေသည်။ သို့ကြောင့် နေရာမှာတင် ငြိမ်သက်စွာ ရပ်တန့်ကာ နားစွင့်ကြည့်ကြသည်။

နောက်ထပ် မကြားရတော့ပေ။

ဒေါက်တာမင်းထင်ကျော်က ရှေ့သို့တိုးသွားပြီး နံရံအကွယ်မှ ခေါင်းကြည့်လိုက်သည်။

သူကြည့်လိုက်သောအချိန်တွင် တောင်ကြောတစ်ခုပေါ်သို့ တက်သွားသော နှင်းကျားသစ်တစ်ကောင်၏ နောက်ပိုင်းကိုသာ ပိုးတစ်ဝါး လှမ်းမြင်လိုက်ရသည်။

ဆွတ်ဆွတ်ဖြူနေသည့် အမွေးရှည်များပေါ်တွင် အနက်ရောင် အကွက်များကို တွေ့လိုက်ရသည်။ ထို့ထက် အံ့သြဖွယ်ကောင်းသော မြင်ကွင်းကိုပါ မြင်ရပြန်သဖြင့် မိမိမျက်စေ့ကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

အခြားတော့ မဟုတ်ပေ။

ကြီးမားသော နှင်းကျားသစ်ကြီးရှေ့မှ လျှောက်သွားနေသော ပုံရိပ်သဏ္ဍာန်ပင်ဖြစ်သည်။

ထိုပုံရိပ်သဏ္ဍာန်မှာ လူတစ်ယောက်၏ ပုံရိပ်သဏ္ဍာန်

ပင် ဖြစ်ပေတော့သည်။

ကြည့်နေစဉ် ခဏအတောအတွင်းမှာပင် ပုံရိပ်သဏ္ဍာန်နှစ်ခုက နှင်းများကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

သို့ကြောင့် မိမိလူနှစ်ယောက်ဘက်သို့ ပြန်လှည့်လိုက်သည်။

"ခင်ဗျား နှင်းကျွဲသစ်ကို မြင်လိုက်ရသလား"

ဂျော့ရှိလာက စိတ်အားထက်သန်စွာဖြင့် မေးသည်။

"မြင်လိုက်ရတယ်၊ အကောင်အရွယ်အစားကတော့ အတော်ကလေးကြီးတယ်၊ ဒါ့အပြင်. . ."

စကားမဆက်သေးပဲ ပြောသင့်မပြောသင့် ချိန်ဆနေသည်။

"ဒါ့အပြင် ဘာမြင်လိုက်သေးသလဲဗျ"

"လူတစ်ယောက် တွေ့လိုက်ရသေးတယ်"

"နှင်းကျွဲသစ်ကြီးက ချီသွားတာလား"

တာန်ပက ဝင်မေးလိုက်သည်။

"ကိုက်ချီသွားတာမဟုတ်ဘူး၊ နှင်းကျွဲသစ်ကြီးရဲ့ရှေ့က လျှောက်သွားတာကို မြင်လိုက်ရတာ"

ထိုစကားကြောင့် ကျန်နှစ်ယောက်က ဇဝေဇဝါဖြင့် ဒေါက်တာမင်းထင်ကျော်ကို ကြည့်ကြသော်လည်း ထွေထွေထူးထူးတော့ မပြောကြပေ။

သုံးယောက်သား အတော်ကြာသည်အထိ အခြေအနေ





စောင့်ကြည့်သော်လည်း မထူးခြားတော့မှ နောက်ကြောင်းပြန်လှည့်ကာ စခန်းချသောနေရာသို့ ပြန်ခဲ့ကြသည်။

သူတို့ ပြန်လာတော့ အရှေ့ဘက် ကောင်းကင်ပြင်၌ အရုဏ်ဦး အလင်းရောင်များ တောက်ပလာပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်တွေ့လာရပြီ ဖြစ်၏။

ထို့ပြင် နှင်းကျမှုကလည်း အဆုပ်လိုက် အခဲကျတာမျိုး မဟုတ်တော့ပဲ ကျဲပါးစ ပြုလာလေသည်။

စခန်းချသောနေရာ ပြန်ရောက်တော့ အားလုံး အိပ်ရာမှ နိုးနေကြပြီဖြစ်သည်။ ထို့ပြင် ၎င်းတို့စီမံထားသော အစားအသောက်များကလည်း အဆင်သင့် ဖြစ်နေကြပေပြီ။

လက်ဖက်ခြောက်ခါးခါးခပ်ထားသော လက်ဘက်ရည်ကြမ်း ထောပတ်နှင့်ဖျော်ထားသော တိဗက်လက်ဘက်ရည်၊ ထို့ပြင် ဂျုံဖြင့်ပြုလုပ်ထားသော အစားအစာ၊ ကောက်ညှင်းဖြင့် ပြုလုပ်ထားသော အစားအစာတို့ပင် ဖြစ်သည်။

ထောပတ်ဖြင့် ဖျော်ထားသော လက်ဘက်ရည်မှာ မြေပြန့်မှလူများအတွက် သောက်နေမကျပါက မြိုချရန်ပင် ခက်ခဲလှသော လက်ဘက်ရည်မျိုး ဖြစ်သည်။

တိဗက်လူမျိုးများ အပါအဝင် တောင်တန်းများပေါ်တွင် နေကျသူများကတော့ ယက်နွားမှရသော ထောပတ်ဖြင့် ဖော်ထားသော ထောပတ်လက်ဘက်ရည်မှာ ၎င်းတို့အတွက် အကောင်းဆုံး အဟာရတစ်မျိုးပင် ဖြစ်ပေသည်။

အပြင်ဘက်မှ အအေးဒဏ်ခံခဲ့ရသော ဒေါက်တာမင်း

ထင်ကျော်တို့ သုံးယောက်မှာ တဲအတွင်း ပြန်ရောက်ကြပြီး ခြေလက်များကို မီးကင်ခြင်း၊ ပူပူနွေးနွေး ဖျော်ထားသည့် ထောပတ်လက်ဘက်ရည်ကို သောက်ရတော့မှ အတော်အသင့် သက်သာရာ ရသွားလေသည်။

လူစုံတော့ ဒေါက်တာမင်းထင်ကျော်က သူမြင်တွေ့ခဲ့ရသော အကြောင်းကို ပြန်ပြောပြလိုက်ရာ အားလုံးက စိတ်ဝင်စားကြလေသည်။ ၎င်းတို့အဖွဲ့တွင်ပါလာသော ဦးဇန်ကောင်းကတော့ အတွေ့အကြုံများသူ ဖြစ်သဖြင့် ၎င်း၏ထင်မြင်ချက်ကို ပြောပြသည်။

"ဒီအချိန်မျိုးမှာ တောင်ပေါ်ကို ဘယ်သူမှ မသွားမလာဝံ့ကြပါဘူး၊ ဒီလောက် ရာသီဥတု ဆိုးဝါးနေတဲ့အချိန်မျိုးမှာ ဟိမဝန္တာတောင်ပေါ်ကို သွားလာဝံ့ကြတာ ဆာဒူးကြီးတွေနဲ့ ယောဂီကြီးတွေပဲ ရှိပါတယ်၊ မောင်ထင်ကျော်တွေ့ခဲ့တာ သူတို့ပဲ ဖြစ်မှာပါ"

"ဒါဖြင့် နှင်းကျားသစ်ကြီးက သူ့ကို ဘာကြောင့်အန္တရာယ်မပေးတာလဲ"

ဆာဒူးနှင့် ယောဂီကြီးများအကြောင်းကို ကောင်းစွာမသိသေးသော ဂျော့ရှီလာက ဝင်မေးလိုက်သည်။

"ဟိမဝန္တာတောင်ပေါ်မှာ အမြဲနေကြတဲ့ ယောဂီတွေ၊ ဆာဒူးတွေအပါအဝင် သူတော်စင်တွေကို သားရဲတိရိစ္ဆာန်တွေက ဘယ်တော့မှ အန္တရာယ်မပေးကြပါဘူး၊ ဟိမဝန္တာကျားကြီးတွေက ဂူထဲမှာ ယောဂီကြီးတွေနဲ့ မီးဖိုနားမှာ လာနေကြ





ပေမယ့် အန္တရာယ်မပေးကြပါဘူး"

"ဘာ့ကြောင့်လဲ၊ သူတို့မှာ ဘာအစွမ်းသတ္တိတွေ ရှိနေကြ လို့လဲ"

"သူတို့မှာ အစွမ်းသတ္တိတော့ မရှိကြပါဘူး၊ ဒါပေမယ့် သတ္တဝါတွေ အပေါ်မှာတော့ မေတ္တာထားနိုင်ကြတယ်၊ ဒီမေတ္တာဓါတ်ကပဲ သူတို့ကို အန္တရာယ်အပေါင်းက ကင်းဝေးစေကြတာပါပဲ"

ဦးဇန်ကောင်းက ထိုသို့ပြောတော့ ဂျော့ရှီလာလည်း နောက်ထပ်ဘာမှ မပြောတော့ပေ။

နောက်တော့ ခရီးဆက်ရန်အတွက် တိုင်ပင်ဆွေးနွေးကြလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က အခြေအနေကို ပြောပြလိုက်သည်။

"ဒီနေရာတစ်ဝိုက်မှာ ကျားသစ်တွေ ရှိနေပြီဆိုတော့ ဂျော့ရှီလာ လေ့လာချင်တဲ့ အချက်တွေ ရနိုင်ပါတယ်၊ ကျွန်တော်လိုချင်တဲ့ နှင်းကြာပန်းကလည်း ကံကောင်းရင်တော့ တွေ့နိုင်ပါလိမ့်မယ်"

"ဒါထက် အခုဘယ်နေရာကို ဦးတည်သွားကြမလဲ"

ဂျော့ရှီလာက မေးလိုက်သည်။

"လော်လောဆယ်တော့ ဒီတောင်တန်းတွေ တစ်ဝိုက်မှာ လိုက်ရှာကြတာပေ့ါ၊ ဟိမဝန္တာတောင်ပေါ်မှာ ထူးခြားဆန်းကြယ်တဲ့တောင်တွေ နေရာတွေ အများကြီး ရှိပါတယ်၊ နောက်

ဆုံး ဦးတည်ချက်က ကလိကန္တာကီမြစ်ကိုကျော်ပြီး ဒိုလပိုဒေသကိုရောက်အောင် သွားကြဖို့ပါပဲ"

"အဲဒီနေရာမှာ ဘာတွေထပ်တွေ့နိုင်သလဲ"

ဂျော့ရှီလာက စိတ်ဝင်စားစွာ မေးလိုက်သည်။

"သေချာတာကတော့ ဒိုလပိုဒေသရောက်ရင် နှင်းကျားသစ်ကို တွေ့ရနိုင်တယ်၊ နှင်းကြာပန်းကိုပါ ရနိုင်ပါတယ်၊ ဒါ့အပြင် အဲ့ဒီဒေသမှာ ထူးဆန်းတဲ့ သလင်းကျောက်တောင်ကြီးလည်း ရှိပါတယ်"

"ဒီလိုဆိုရင် အဲဒီနေရာကို ခင်ဗျားရောက်ခဲ့ဖူးပြီပေါ့"

ဒေါက်တာမင်းထင်ကျော်က လက်ဘက်ရည်ကို သောက်နေရင်းမှ ခေါင်းညိတ်လိုက်သည်။

"နောက်ထပ် ဘာတွေများ ရှိသေးသလဲ"

"ဒိုလပိုတောင်ထိပ်မှာ နှစ်ပေါင်းများစွာ ကတည်းက ရှိနေတဲ့ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ကျောင်းလည်း ရှိတယ်၊ အဲဒီကျောင်းမှာ ကမ္ဘာပေါ်မှာ မတွေ့ရ မမြင်ရတဲ့ ပစ္စည်းတွေ အများကြီးရှိတယ်"

"ကောင်းတာပေါ့ဗျာ၊ ဒီတော့လည်း တဖြည်းဖြည်း ရောက်အောင် သွားကြတာပေါ့"

ဟု စိတ်အားထက်သန်စွာ ပြောလေသည်။

ထိုအခါ ထောပတ်လက်ဘက်ရည် သောက်နေသော ထန်ပက ဝင်ပြောလေသည်။ တန်ပက အလုပ်သမားများအား ခေါင်းဆောင်လာသူဖြစ်၏။





"ဆရာတို့ကို ပြောပြစရာ ရှိပါတယ်"

"ပြောပါ. ."

"ဆရာတို့သွားမယ့် ဒိုလပိုဒေသဆိုတာ တိဗက်နယ်စပ် တရုတ်နယ်စပ်မှာ ရှိပါတယ်၊ အတော်များများကတော့ အဲဒီ နေရာဟာ သူတော်စင်တွေနေကြတဲ့ ရှမ်ဗဲလားဒေသဖြစ်မယ်လို့ ခန့်မှန်းကြပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"မင်းရော ရောက်ဖူးတယ် မဟုတ်လား"

"ရောက်ဖူးပါတယ်၊ အဲဒီနေရာဒေသတွေမှာ ထူးခြား ဆန်းကြယ်တာတွေ အများကြီးတွေ့ရနိုင်တယ်၊ ကျွန်တော်ခေါ် သာတဲ့ လမ်းပြအဖွဲ့ထဲမှာ မုဆိုးတွေပါတယ်၊ အဲဒီနေရာဘက်ကို ရောက်ဖူးတဲ့ မုဆိုးတွေလည်းပါတယ်၊ သူတို့မှာ ထူးခြားဆန်း ကြယ်တဲ့ အတွေ့အကြုံတွေ ရှိကြတယ်"

"ကောင်းတာပေါ့"

"ဆရာတို့ကို ပြောချင်တာက အခုနှစ်ပိုင်းတွေမှာ အဲ ဒေသတွေကို တရုတ်စစ်သားတွေက သိမ်းပိုက်ထားကြတယ်"

တန်ပပြောသော သတင်းကတော့ ဒေါက်တာမင်းထင် ကျော်တို့ သတင်းကြားပြီးသော အကြောင်းအရာဖြစ်သည်။

တရုတ်စစ်သားများက တိဗက်ကိုသိမ်းပိုက်ရန် ကြိုးစား ကြသော အချိန်မျိုးဖြစ်သည်။

တန်ပက ဆက်ပြောသည်။

"ဆရာတို့သွားမယ့် ဒိုလပိုဒေသကိုလည်း တရုတ်စစ်

တပ်တွေက သိမ်းပိုက်ထားကြတယ်၊ သူတို့က အဲဒီနေရာဒေသ
ကို ဘယ်သူမှ ဝင်တာထွက်တာ မကြိုက်ဘူး၊ ဘုရားဖူးသွားနေ
ကြတဲ့ အဖွဲ့တွေကိုတောင် ခွင့်မပေးချင်ကြဘူး"

ထိုစကားကြောင့် မသီမသာ သက်ပြင်းချလိုက်ကြသည်။

"သူတို့က ဘာကြောင့် ဒီလိုပိတ်ပင်ထားတာလဲ"

"ပြောရရင်တော့ တရုတ်စစ်တပ်က စစ်ဗိုလ်တွေကိုယ်
တိုင် ရှမ်ဗဲလားကို စိတ်ဝင်စားကြတယ်၊ သူတို့က အဲဒီအကြောင်း
တွေကိုလည်း အတော်ကလေး လေ့လာထားကြတယ်၊ သူတို့က
တိဗက်၊ တရုတ်၊ အိန္ဒိယနိုင်ငံ နယ်နိမိတ်သုံးခု ထိတွေ့တဲ့နေရာ
မှာ ရှမ်ဗဲလား ရှိနိုင်တယ်လို့ ယူဆကြတယ်"

"ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် အဲဒီဒေသကို ပိတ်ပင်ထား
တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဦးဗန်ကောင်းကပါ ဝင်ပြောလိုက်သည်။

"ဆရာတို့ ဒိုလပိုဒေသဘက်ကို သွားကြမယ်ဆိုရင်တော့
တရုတ်စစ်သားတွေနဲ့ တွေ့နိုင်ပါတယ်၊ ကျွန်တော့်သဘောက
တော့ သူတို့နဲ့ မတွေ့အောင်ရှောင်ပြီး သွားစေချင်ပါတယ်၊ တ
ကယ်လို့ သူတို့နဲ့တွေ့လို့ မသက်ာရင် ဖမ်းဆီးနှိပ်စက်တာမျိုးတွေ
လုပ်ကြတယ်လို့ သတင်းကြားပါတယ်"

တန်ပပြောသောစကားမှာ ကြိုတင်သတိပေးသော
စကားမျိုး ဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်တို့ သုံး
ယောက်စလုံး လက်ခံကြသည်။

အချိန်က နံနက်ပိုင်းအချိန် ရောက်လာပြီ ဖြစ်သော





ကြောင့် နှင်းကွဲစ ပြုလာပြီ၊ အလင်းရောင်ကောင်းစွာ ရလာ
သည်။

အရှေ့ဘက်တွင် နေရောင်ခြည် ပေါ်ထွက်လာပြီဖြစ်
သဖြင့် အနွေးဓါတ်ရစပြုလာသည်။

ထိုအချိန်ရောက်တော့မှ စားသောက်ခြင်းကို လက်စ
သပ်ကာ စခန်းသိမ်းကြပြီး အခြားနေရာသို့ ခရီးဆက်ရန် ပြင်
ဆင်ကြလေသည်။





# အခန်း (၅)

# ဝိညာဉ်လိပ်ပြာနှင့် နှင်းကြာပန်းဒေဝီ

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ ရောက်နေသော နေရာမှာ ဟိမဝန္တာတောင်၏ တောင်ဘက်ခြမ်းမဟုတ်ပဲ လူသူ အရောက်အပေါက်နည်းသော မြောက်ဘက်ခြမ်းဒေသပင် ဖြစ်ပေသည်။

ထိုနေရာဘက်မှာ 'လူသူအရောက်အပေါက် မရှိသလောက် နည်းသောကြောင့် တောတောင်တို့ကို သဘာဝရှိသည့် အတိုင်းပင် တွေ့ရနိုင်သေးသည်။

☺ အောင်မြင့်စာပေ ☺

တောင်များက ပကတိအတိုင်း ရှိနေသလို သစ်တောကြီးများကလည်း သဘာဝအတိုင်းပင် ရှိနေကြသေးသည်။ သစ်ပင်ကြီးများ ကျောက်တောင်နံယံများတွင် တွယ်ကပ်လျက် ပွင့်နေကြသော သစ်ခွပန်းဆိုင်များမှာ နေရာမလပ်အောင် ရှိကြသည်။ အချို့နေရာတို့တွင် ရှားပါးသော သစ်ခွနက် ဟုခေါ်သော ပန်းကိုပင် တွေ့ရသည်။

သူတို့အဖွဲ့တွင်ပါလာသော ဂျော့ရှီလာမှာ ရုက္ခဗေဒပညာရှင်တစ်ဦး ဖြစ်နေသောကြောင့် ရှားပါးသော သစ်ခွပန်းများတွေ့သောအခါ ဓါတ်ပုံမှတ်တမ်းဖြင့်သော်လည်းကောင်း အမျိုးအစား၊ အမျိုးအမည်နှင့် တွေ့ရသော နေရာဒေသတို့ကိုပါ စနစ်တကျ မှတ်တမ်းရေးမှတ်ထားလေသည်။

ဟိမဝန္တာ တောင်စဉ်တောင်တန်းကြီးမှာ အလျားမိုင် (၁၅၀၀)ကျော်မျှ ရှည်လျားသောကြောင့် ထူးခြားသောတောင်များ၊ သစ်တောများ၊ နေရာအတော်များများ ရှိကြသည်။ လူသူအရောက်အပေါက်များသော တောင်ဘက်ခြမ်း၊ လူသူအရောက်အပေါက်နည်းသော မြောက်ဘက်ခြမ်း၌ ထူးခြားဆန်းကြယ်မှုများကို ပိုပြီးတွေ့ရနိုင်သည်။

မြင့်မိုရ်တောင်ကြီးကဲ့သို့ ထူးဆန်းလှသော ဟိမဝန္တာတောင်ကြီးပေါ်တွင် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်သော ဧဝရက်တောင်ရှိသကဲ့သို့ အခြားထူးခြားဆန်းကြယ်သော တောင်များလည်း ရှိကြသဖြင့် ထိုတောင်များမှ အချို့တောင်များအကြောင်းကို ရှေ့အခန်း၌ ရေးသားဖော်ပြခဲ့ပြီးဖြစ်၏။





ဒေါက်တာမင်းထင်ကျော်တို့၏ အဓိက ဦးတည်ချက်မှာ ဒိုလပို(Dolpo)ဒေသ ရောက်အောင်သွားကြမည့် ရည်ရွယ်ချက်ဖြစ်သောကြောင့် မြောက်ဘက်သို့ ဦးတည်ပြီး သွားကြလေသည်။

လမ်းပြ၊ အထမ်းသမားအဖြစ် လိုက်လာသော 'တနိပ' တို့ အဖွဲ့ကလည်း နေရာဒေသ ကျွမ်းကျင်ကြသောကြောင့် အခက်အခဲမရှိ သွားနိုင်ကြပေသည်။ သို့သော်လည်း သလင်းကျောက်ဖြင့် အတိပြီးသော သလင်းကျောက်တောင်ကြီးအထိ သွားကြဖို့ဆိုလျှင်တော့ 'ကလိဂန္တာကီမြစ်'ကို ကျော်ဖြတ်ကြရဦးမည်ဖြစ်၏။

ဟိမဝန္တာတောင်တန်းပေါ်မှ ကျော်ဖြတ်ကြစဉ် ကေလာသတောင်တော်ကို အဝေးမှ မြင်တွေ့ကြရသည်။ ကေလာသတောင်တော်မှာ သူတော်စင်တို့ တရားရှာမှီးသော နေရာတစ်ခုဖြစ်ကာ ဟိမဝန္တာတောင်၏ နယ်နိမိတ်အတွင်းမှာ ပါဝင်သော်လည်း အတော်ပင်ဝေးသည်။

သို့သော် ကေလာသတောင်သို့ ရောက်အောင်သွားနိုင်ပါက ဘုရားဖူးညွှန်သည်တို့ဖြင့် ပြည့်နှက်နေတတ်သော 'မနုသသရောဝကန်'သို့လည်း ရောက်နိုင်ပေသည်။

ရှေးအခါက ရောက်ဖူးသူတို့ ရေးခဲ့သော မှတ်တမ်းများမှာ စိတ်ဝင်စားဖွယ်ရာရှိလေသည်။

အခြားရှုခင်းများထက် ကေလာသတောင်၏ ရှုခင်း မြင်ကွင်းများသည် အခြားနေရာများနှင့် မတူပဲ တမူထူးခြားနေ

တတ်လေသည်။

အနောက်ဘက်သို့ နေဝင်တော့မည့် ဆည်းဆာချိန် ရောက်သော် လှပသော ဆည်းဆာရောင်များက ကေလာသ တောင်ပေါ်သို့ ဖြာကျနေလေ့ရှိသည်။ လှပသော ဆည်းဆာ ရောင်များ နောက်ခံနှင့် မြင်တွေ့ရသော ကေလာသတောင် တော်၏ ရှုခင်းသည် ရှုမြင်ရသူတို့ ဘဝင်နှလုံးကို နှစ်သက်ကြည် နူးမှု ဖြစ်စေသည်ဟု ဆိုပါသည်။

ရှေးအခါကပင် ရာဇဝင်တစ်လျှောက်မှာ ရှိခဲ့ကြသော ဘုရင်တို့သည် ကေလာသတောင်တော်နှင့် နေဝင်ချိန်ရှုခင်းကို ကြည့်ရှုခံစားလိုကြသဖြင့် ရေတစ်တန် ကုန်းတစ်တန်ဖြင့် ခရီးနှင် ထောင်ချီ၍ လာရောက်ရှုစားကြသည်။

ကေလာသတောင်၏ နံနက်အရုဏ်တက်ချိန်တွင်တွေ့ ရသော အရုဏ်ဦး အလင်းရောင် (နံနက်ဆည်းဆာရောင်)နှင့် ညနေ နေဝင်ချိန်တွင် တောက်ပလေ့ရှိသော ဆည်းဆာရောင် များမှာ တောင်တော်နှင့် ပနံရလှပြီး ကြည့်ရှုရသူတို့၏ အာရုံတွင် ထူးခြားသော အာရုံထူးများ ဖြစ်ပေါ်လာစေသည်ဟုလည်း ယုံ ကြည်မှု ရှိကြပေသည်။

ဟိမဝန္တာတောင်တကြောတွင် ကေလာသတောင်တော် ကဲ့သို့ တစ်မူထူးခြားသော အခြားတောင်များလည်း ရှိပေသေး သည်။

တောင်မှထွက်သော ရေအားလုံး ဆူပွက်နေသော ရေ ကဲ့သို့ ပူလောင်သောရေများသာထွက်သော ဥဏှတောယ





တောင်၊ ထိုတောင်မှထွက်သော ရေထဲသို့ မည်သည့်သတ္တဝါမှ မဆင်းဝံ့သလို ရေအိုင်နှင့် ရေကန်များအတွင်းမှာလည်း မည် သည့်တိရိစ္ဆာန်မှ မရှိပေ။

တောင်တစ်တောင်လုံးတွင် တောတောင်တို့တွင် ပွင့် လေ့ရှိသော ပန်းမျိုးစုံတို့ တစ်နေရာတည်း လာရောက်ပွင့်ကြ သော ပုပ္ပရာသီတောင်။ ထိုတောင်၌ အဆုင်းလှပြီး ရနံ့မွှေးသော ပန်းဟူသမျှ ပြည့်စုံစွာ ရှိကြလေသည်။

ဒေဝရာသီတောင်ကတော့ တောတောင်ထိပ်၌ ထူးထူး ခြားခြားရေအိုင်ရှိသည်။ ရေကန်ရှိသည်။ ထိုရေအိုင်နှင့် ရေကန် တို့တွင် ကုမုဒြာကြာအပါအဝင် ကြာမျိုးငါးပါးတို့ ပြည့်စုံစွာ ပွင့်ကြသည်။

တောင်ထိပ်ကြာပေါက်သည်ဆိုသောတောင်မှာ ဒေဝ ရာသီတောင်မျိုးပင် ဖြစ်ပေလိမ့်မည်။ ထို့ပြင် ထိုတောင်ထိပ်၌ နှင်းကြာပန်းလည်း ရနိုင်ပေသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့ ခရီးသွား အဖွဲ့ သားများမှာ ထိုတောင်သို့ ရောက်သောအခါ ခရီးတစ်ထောက် နားကြလေသည်။

အချိန်က ညနေပိုင်းအချိန် ရောက်နေပြီဖြစ်သော ကြောင့် သင့်တော်သော နေရာရွေးပြီး စခန်းချကြလေသည်။

တောင်ပေါ်တွင် နေမဝင်ခင်ကတည်းက နေရောင် ခြည်များက ပျောက်သွားပြီ ဖြစ်သောကြောင့် နှင်းမှုန်နှင်းဖွဲများ က ကျစပြုလာပေပြီ။

ၑင်းတို့ စခန်းချရန် ပြင်ဆင်နေချိန်မှာပင် အဝေးမှ ပျံလာသော ရဟတ်ယာဉ်အသံများကို ကြားကြရသည်။

ဟိမဝန္တာတောင်တစ်ခိုက်သို့ ကင်းလှည့်နေသော တရုတ်စစ်သားများ လိုက်ပါလာသော ရဟတ်ယာဉ်နှစ်စင်းပင် ဖြစ်သည်။ ၎င်းတို့က တရုတ်၊ တိဗက်နှင့် နီပေါစသော တိုင်းပြည်တို့၏ နယ်ခြားဒေသများတွင် တပ်စွဲထားပြီး ဘုရားဖူးများနှင့် ခရီးသွား ဧည့်သည်တို့ကို ကြပ်မတ်စစ်ဆေးလျက် ရှိနေကြသည်။

တရုတ်ပြည်ဘက်သွားသော အဝေးပြေးလမ်းမကြီး၌သော်လည်းကောင်း၊ တိဗက် နီပေါသို့သွားသော လမ်းများ၌သော်လည်းကောင်း ကင်းစခန်းများ အထပ်ထပ်ချကာ စစ်ဆေးလျက် ရှိကြသည်။

ထို့ပြင် ဟိမဝန္တာတောင်တစ်ဝိုက်ကိုလည်း တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို ရဟတ်ယာဉ်များဖြင့် ကင်းလှည့်လေသည်။

ခရီးသွားများသည်လည်းကောင်း၊ ဘုရားဖူးလာကြသူများသည်လည်းကောင်း ၎င်းတို့နှင့်တွေ့၍ အထောက်အထား မပြနိုင်ပါက ကျေနပ်လောက်အောင် မပြောဆိုနိုင်ပါက ဖမ်းဆီးခံရသည်။ အကျဉ်းချ ခံကြရသည်။

တိဗက် နီပေါ၊ တရုတ်နှင့် ဟိမဝန္တာတောင် မြောက်ဘက်ပိုင်း ဒေသများမှာတော့ တရုတ်စစ်သားများက နေရာမလပ်အောင် ရှိနေကြသည်။





လောလောဆယ်မှာတော့ နယ်ခြားဒေသကို တာဝန်ယူအုပ်ချုပ်နေသော တရုတ်စစ်ဗိုလ်မှာ ဗိုလ်မှူးချန်ကီဖြစ်သည်။

ဗိုလ်မှူးချန်ကီသည် အသက်(၄၀)ဝန်းကျင် အရွယ်လောက်သာ ရှိသေးပြီး စိတ်ဓါတ်ခက်ထန်မာ ကျောသူတစ်ဦးဖြစ်သည်။

ထို့ပြင် ရှမ်ဗဲလားနှင့်ပတ်သက်သည့် အကြောင်းများအား စိတ်ဝင်စားသဖြင့် စူးစူးစိုက်စိုက် လေ့လာနေသူလည်းဖြစ်သည်။

၎င်းမှာ အစွန်းရောက်ဝါဒီတစ်ဦးဖြစ်ပြီး ရှမ်ဗဲလားမှာ တကယ်မရှိပဲ အစွန်းရောက် ဘာသာရေးသမားတို့၏ လွန်ကဲစွာယုံကြည်ထားသော နေရာတစ်ခုသာ ဖြစ်ရမည်ဟု ယုံကြည်လက်ခံထားလေသည်။

အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့် တစ်သက်လုံး ရှမ်ဗဲလားနှင့်ပတ်သက်သော အကြောင်းများ၊ သဲလွန်စများကို ရှာဖွေလေ့လာခဲ့ရာ ယခုအချိန်ထိ ခိုင်လုံသော အထောက်အထား ဘာမှမတွေ့ရသေးသောကြောင့်ပင် ဖြစ်၏။

သို့ကြောင့် ရှမ်ဗဲလားဒေသကို ရှာဖွေရန် လာကြသူများကိုတွေ့ပါက ဖမ်းဆီးချုပ်နှောင်ထားပြီး သူသိချင်သော အချက်များကို မေးမြန်းလေ့ရှိသည်။

ကျေနပ်သော အဖြေမရမချင်း ပြန်မလွှတ်တော့ပေ။

ယခုလည်း နေဝင်ကာနီး အချိန်ရောက်တော့မှ ဗိုလ်မှူးချန်ကီကိုလ်တိုင် လိုက်ပါလာသော ရဟတ်ယာဉ် နှစ်စင်းသည်

မြောက်ဘက် ဟိမဝန္တာတောင်တန်းပေါ်မှ ခပ်နိမ့်နိမ့်ပင် ဖြတ်ကျော်ပျံသန်းသွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ဒေသခံလမ်းပြများက ကြိုတင်ပြောပြထားကြသဖြင့် တရုတ်စစ်သားများအကြောင်းကို သိကြပြီးဖြစ်ရာ ရဟတ်ယာဉ်များလာနေသော အသံကြားကတည်းက အနီးတစ်ဝိုက်တွင်ရှိသော ကျောက်ဂူတစ်ဂူအတွင်းသို့ ဝင်နေရာ အန္တရာယ်မှ လွတ်မြောက်သွားကြသည်။

စက်သံများ တဖြည်းဖြည်း ဝေးသွားတော့မှ စခန်းချသောအလုပ်များကို ဆက်လက်ဆောင်ရွက်ကြသည်။

၎င်းတို့ရောက်နေသော နေရာမှာ ဒေဝရာသီတောင်၏ တောင်ထိပ်နှင့် နီးသောနေရာပင် ဖြစ်ပေသည်။

ထိုနေရာတွင် ဂူပေါက်ကျယ်တစ်ခုရှိသဖြင့် ရွက်ဖျင်တဲများပင် ထိုးစရာမလိုတော့ပဲ ဂူအတွင်း၌ပင် ဝင်ရောက်စခန်းချကြသည်။

"တရုတ်စစ်သားတွေထင်တယ်၊ ဘာကြောင့် ဒီနေရာတွေအထိ ကင်းလှည့်နေတာလဲ"

ဦးဗန်ကောင်းက ပြောလိုက်သည်။

"တရုတ်စစ်သားတွေက တရုတ်၊ တိဗက်နဲ့ နီပေါတစ်ဝိုက် နယ်နိမိတ်ချင်း ထိစပ်တဲ့နေရာ ဒါမှမဟုတ် ဟိမဝန္တာရဲ့ မြောက်ပိုင်းဒေသ တစ်နေရာမှာ သူတော်စင်တွေပျော်မွေ့တဲ့ ရှမ်ဗဲလား ရှိနိုင်တယ်လို့ ထင်ကြတယ်"

လမ်းပြအဖြစ်လိုက်လာသော ဒီပကဆိုသူက ပြောပြ





သည်။

"ဒါပေမယ့် သူတို့ရှာနေတာ မတွေ့ရသေးဘူး မဟုတ်လား"

"အဲဒါတော့ ကျွန်တော် မသိပါဘူး၊ ဒါပေမယ့် ဒီဒေသကို ရောက်လာတဲ့သူမှန်သမျှ ဘုရားဖူးလာတာဆိုရင် လျော့ပေးသေးတယ်၊ ရှမ်ဗဲလားနဲ့ ပတ်သက်တဲ့သူတွေဆိုရင်တော့ တစ်ခါတည်းဖမ်းပြီး သိချင်တာတွေ မေးတော့တာပဲ"

"ဒါကတော့ သူတို့ကိုယ်တိုင် မတတ်နိုင်တော့ ဒီလိုပဲ တတ်နိုင်တဲ့သူတွေကို မေးမြန်းစစ်မေးကြရတာ သဘာဝကျပါတယ်"

"ဒါပေမယ့် ဆရာကြီးတို့ ဗိုလပိုဒေသရောက်အောင် သွားမယ်ဆိုရင်တော့ သူတို့နဲ့မတွေ့အောင် သတိထားပြီး ရှောင်သွားတာ ပိုကောင်းမယ်၊ အဲဒီဒေဝတစ်ဝိုက်မှာ ရှမ်ဗဲလားရှိနိုင်တယ်လို့ သတင်းထွက်နေတော့ တရုတ်စစ်သားတွေ အများကြီးချထားကြတယ်"

ဟု ဒီပက စေတနာဖြင့် ပြောပြလေသည်။

"သူတို့က ဘာကြောင့် အဲဒီနေရာတွေကို ကန့်သတ်ထားချင်ရတာလဲ"

"တရုတ်စစ်သားတွေက ဒီလို ထူးခြားတဲ့ နေရာမျိုးတွေကို တခြားလူတွေ မသိစေချင်ကြဘူး။ သဘောကတော့ သူတို့ချည်း လက်ဝါးကြီး အုပ်ချင်နေကြတာလည်း ဖြစ်မှာပေါ့ ဆရာရယ်"

ဒီပကက သူသဘောပေါက်သလို အရပ်စကားဖြင့် ရိုးရိုးပင်ပြောသော်လည်း သဘောကတော့ ဒီသဘောမျိုးပင် ဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်က သဘောကျသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ထိုညက ဂူကြီးအတွင်းမှာ မီးပုံကြီးများ ဖိုထားပြီး ကျယ်ကျယ်ဝန်းဝန်းနေကြရသဖြင့် အအေးဒဏ် သက်သာလေသည်။

ညဦးပိုင်း အချိန်ရောက်တော့ ဂျော့ရှီလာက ဟာရီကိန်းမီးအိမ်ထွန်းပြီး လမ်း၌တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို မှတ်တမ်းများ ရေးသားနေလေသည်။

၎င်းသည် ယခင်ကပင် နီပေါနိုင်ငံသို့ တစ်ခေါက်ရောက်ခဲ့ဖူးသည်။ ထိုအချိန်က တွေ့ကြုံခဲ့ရသော အကြောင်းများနှင့် နှင်းကျားသစ်(Snow Leopard)အကြောင်းနှင့် ရှာပါးအထမ်းသမားများထံမှ တစ်ဆင့်ကြားသိခဲ့ရသော အကြောင်းအရာများကိုမှတ်သား၍ ဆောင်းပါးရေးသားခဲ့ရာ လူကြိုက်များလှပြီး များစွာအောင်မြင်မှု ရခဲ့ပေသည်။

ရှာပါးအထမ်းသမားတို့၏ ၎င်းတို့ဘာသာဖြင့် ရေးသားထားသော(Shev-Gampa)အကြောင်းများမှာ စာဖတ်သူများ စိတ်ဝင်စားသော အကြောင်းအရာများ ဖြစ်ခဲ့လေသည်။

ထိုသို့ သူရေးသားသော ဆောင်းပါးများ အောင်မြင်မှုရခဲ့သော်လည်း စင်စစ်တော့ သူ့အနေနှင့် ဗိုလပိုဒေသသို့ နှံ့စပ်အောင် မရောက်ခဲ့ပေ။





သို့ကြောင့် အထမ်းသမားများပြောပြသော ဗိုလပိုတောင်ထိပ်ရှိ ထူးဆန်းသော ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းနှင့် ထူးဆန်းသော နှင်းကျားသစ်အကြောင်းကို ရှာဖွေရေးသားရန် စိတ်ဆန္ဒရှိနေခဲ့ပေသည်။

သို့သော်လည်း ထိုအကြံအစည်မှာ နှစ်အတော်ကြာသည့်အထိ အကောင်အထည်မပေါ်ပဲ ရှိနေခဲ့ရာမှ မိတ်ဟောင်းဆွေဟောင်းဖြစ်သော ဒေါက်တာမင်းထင်ကျော်နှင့် ပြန်တွေ့သောအခါမှသာ ယခုကဲ့သို့ အကောင်အထည်ပေါ်လာခြင်း ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း နှင်းကြာပန်း ရှာဖွေရန် စိတ်ဆန္ဒရှိသဖြင့် ထိုကဲ့သို့ နှစ်ဦးတိုင်ပင်ပြီးနောက် ခရီးထွက်ဖြစ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ထွက်ခဲ့ကြပြီး ရက်အတန်ကြာသောအခါမှာတော့ ဂျော့ရှီလာတွေ့လိုသော နှင်းကျားသစ်ကို မျက်ဝါးထင်ထင်မတွေ့ရသေးသော်လည်း အသံကြားရပြီး အရိပ်အယောင် တွေ့ရသော အဆင့်မျိုးတော့ ရောက်ခဲ့ပေပြီ။

ဒါကိုပင် ဂျော့ရှီလာက အတော်ပင် ကျေနပ်နေတော့သည်။

ဒေါက်တာမင်းထင်ကျော်အတွက်လည်း ဟိမဝန္တာရောက်စက ယောဂီကြီး ဆွာမိရာမနှင့် သွားရောက်တွေ့ဆုံစဉ်က နှင်းကြာပန်းကို တွေ့မြင်ခဲ့ရပြီး ဖြစ်သောကြောင့် ကျေနပ်လောက်စရာပင် ဖြစ်ခဲ့လေသည်။

ညဉ့်နက်ပိုင်းရောက်တော့ အသီးသီး ကိုယ့်နေရာနှင့်ကိုယ် အိပ်ကြသည်။

ဒေါက်တာမင်းထင်ကျော် နေရာယူထားသော နေရာက မီးပုံနှင့် နီးသလို ဂူပေါက်ဝနှင့်လည်း မဝေးလှပေ။

ညဦးပိုင်း အချိန်က ကြုံတွေ့ခဲ့ရသော အကြောင်းများကို တွေးတောနေသဖြင့် တော်တော်နှင့် အိပ်မပျော်ပဲရှိရာ ညဉ့်နက်ပိုင်းရောက်တော့မှ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။

နားထဲမှာ နှင်းကျားသစ် ဟိန်းဟောက်သံမျိုး အရင်ကြားရသည်။

နောက်တော့ အမျိုးသမီးတစ်ယောက်၏ ခေါ်သံလိုလို အသံမျိုးပါ ကြားလာရသည်။

သို့ကြောင့် နေရာမှ ထလိုက်သည်။

တကယ်တော့ ရုပ်ခန္ဓာက အိပ်ယာပေါ်မှာ အိပ်ပျော်လျက်ပင် ကျန်နေခဲ့ပြီး လိပ်ပြာခန္ဓာက အပြင်သို့ ထွက်သွားခြင်းဖြစ်လေသည်။

(လိပ်ပြာဝိညာဉ် ခွဲထွက်ခြင်း အကြောင်းကိုတော့ ရှေ့အခန်းများတွင် သီးခြားဖော်ပြပေးပါမည်)

အပြင်ဘက်ရောက်တော့ နှင်းမှုန်နှင်းဖွဲများ ထူထပ်စွာကျနေသည်ကို တွေ့ရသည်။ လေကလည်း တိုက်နေသည်။

သို့သော် မအေးပေ။

သူရောက်နေသော နေရာနှင့် မဝေးလှသော နေရာမှ





...င်းကျားသစ်တစ်ကောင်၏ ဟိန်းဟောက်နေသော အသံအပြင် ...မျိုးသမီးတစ်ယောက်၏ အသံကိုပါ ကြားနေရသည်။

သီချင်းဆိုနေသော အသံလား၊ ဒါမှမဟုတ် တစ်စုံတစ်...ယောက်ကို ခေါ်နေသံလား မသဲကွဲပေ။

ဒေါက်တာမင်းထင်ကျော်က ကြောက်ရွံ့ခြင်း အလျှင်း...မရှိပဲ ထိုနေရာဘက်သို့ လျှောက်သွားလေသည်။ တစ်နေရာ...ရောက်တော့ နှင်းမှုန်များကြား၌ရပ်နေသော သဏ္ဍာန်နှစ်ခုကို ...မြင်တွေ့ရသည်။

တောင်စွန်းတစ်နေရာ၌ အမျိုးသမီးတစ်ယောက် ရပ်...နေသည်။ ရှည်လျားသော ဆံပင်တို့က လေတိုက်နေခြင်းကြောင့် ...နောက်သို့ လွင့်နေလေသည်။ တစ်ကိုယ်လုံး နှင်းသားကဲ့သို့ ဖြူ...ဖွေးတွတ်လျက်ရှိသော ဝတ်ရုံကို ဝတ်ဆင်ထားသည်။ သူမနှင့် မနီး...မဝေးမှာတော့ အိမ်မွေးကြောင်တစ်ကောင်လို ဝပ်နေသော နှင်း...ကျားသစ်ကြီးတစ်ကောင်ကို တွေ့ရသည်။

နှင်းကျားသစ်ကြီးမှာ အတော်ပင် ကြီးမားလှသည်။ ...ခန္ဓာကိုယ် အလျားကလည်း အတော်ပင်ရှည်သည်။ တစ်ကိုယ်...လုံး ဖြူဖွေးသော အမွေးရှည်များက ဖုံးအုပ်ထားပြီး အနက်ရောင် အကွက်များလည်းရှိသည်။ အလှဆုံး တိရစ္ဆာန်တစ်ကောင်ပင် ...ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က တအံ့တသြဖြင့် ကြည့်နေ...စဉ် ညဉ့်ငှက်တစ်ကောင်က ထိုနေရာမှ လှစ်ခနဲ ဖြတ်ပျံသွားလေ...သည်။ နှင်းကျားသစ်က တစ်ချက်ကြည့်လိုက်ပြီး လွှားခနဲ လေ

ထဲသို့ ခုန်တက်သွားရာ မြင်ကွင်းမှ ပျောက်သွားလေတော့သည်။

အတန်ကြာတော့မှ ထိုနေရာသို့ ပြန်ရောက်လာသည်။ ပါးစပ်ထဲ၌ ကိုက်ချီလာသော ငှက်ကြီးတစ်ကောင် ပါလာသဖြင့် မူလအတိုင်း အမျိုးသမီး နံဘေးမှာ ပြန်ဝပ်ကာ ဖမ်းမိလာသော ငှက်ကို စားနေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထူးဆန်းသော မြင်ကွင်းကို တအံ့တသြ ကြည့်နေစဉ်မှ သူ့ကိုကျောပေးပြီး ရပ်နေသော အမျိုးသမီးက သူ့ဘက်သို့ တဖြည်းဖြည်း လှည့်လာသည်။

နေရာချင်း မဝေးလှသဖြင့် သူမမျက်နှာကို ပိုးတဝါး မြင်ရလေသည်။ သာမန်ထက် ပိုမိုချောမောလှပသော အမျိုးသမီးတစ်ဦးပင် ဖြစ်၏။

ထိုကဲ့သို့ လှည့်လာတော့မှ သူမလက်ထဲမှာ ကိုင်ထားသော နှင်းကြာပန်းတစ်ပွင့်ကို တွေ့ရသည်။

နှင်းကြာပန်း၏ ထူးထူးခြားခြား ပန်းရနံ့များက လေနှင့်အတူ ပါလာရာ ထိုရနံ့ကြောင့် တစ်ကိုယ်လုံး လန်းဆန်းသွားလေသည်။

"ခင်ဗျား ဘယ်သူလဲ"

"အဲဒါက ကျွန်မက မေးရမှာ မဟုတ်လား၊ ဒီနေရာအတွက်တော့ ရှင်က ဧည့်သည်တစ်ယောက်ပဲ. . . ရှင်ဘယ်သူလဲ ဘယ်အလုပ်က လာတာလဲ"

"ကျွန်တော်က တောင်ဘက်ပိုင်း ဒေသဘက်ကလာတဲ့ ဧည့်သည်တစ်ယောက်ပါ။ နှင်းကျားသစ်အကြောင်းကို လေ့လာ





ဖို့နဲ့ နှင်းကြာပန်းကို အလိုရှိလို့ ဒီအရပ်ကို လာတာပါ"

"ရှင်ပြောတဲ့ နှင်းကျားသစ်က ဒီနေရာတွေမှာ အမြဲမနေဘူး၊ တစ်ခါတစ်လေမှ တွေ့ရတယ်၊ နှင်းကြာပန်းကလည်း တွေ့ရခဲတယ်"

"ဘယ်နေရာမှာ တွေ့နိုင်မလဲ"

"ဒိုလပိုတောင်ထိပ်ကိုရောက်အောင် လာနိုင်ရင်တော့ ရှင်တွေ့ချင်တဲ့ နှင်းကျားသစ်ကို တွေ့ရပြီး နှင်းကြာပန်းလည်း ခူးနိုင်ပါတယ်"

"ခင်ဗျားက ဘယ်နေရာမှာ နေတာလဲ"

"ကျွန်မနေတဲ့နေရာက သလင်းကျောက်တောင်ကြီးရှိတဲ့ နေရာမှာပါပဲ၊ ကျွန်မနာမည်က နှင်းကြာပန်းဒေဝီလို့ ခေါ်ပါတယ်"

ထိုသို့ပြောပြီး ထူထပ်လှသော နှင်းကြာပန်းများကြားသို့ တိုးဝင်သွားရာ ကွယ်ပျောက်သွားလေတော့သည်။

၎င်းထွက်သွားပြီး မကြာခင်မှာ နှင်းကျားသစ်ကြီးကလည်း ထိုနေရာမှ ထလိုက်သွားလေတော့သည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်လည်း မိမိရုပ်ခန္ဓာရှိရာသို့ ဝိညာဉ်ကြီး သွယ်တန်းထားသည့်အတိုင်း ပြန်လာခဲ့သည်။

နောက်တော့ အိပ်နေရာမှ ပြန်နိုးလာရာ စိတ်ထဲမှာ အမှတ်ထင်ထင်ဖြစ်နေသော အမည်တစ်ခုကို တိုးတိုးလေး ရေရွတ်နေတော့သည်။

"နှင်းကြာပန်းဒေဝီ"

"နှင်းကြာပန်းဒေဝီ"

အပြင်ဘက်မှ နှင်းကျသောအသံများ ကြားနေရသည်။

ထိုအသံများနှင့်အတူ အဝေးတစ်နေရာမှ ဟိန်းဟောက်နေသော နှင်းကျားသစ်တစ်ကောင်၏ အသံကိုပါ သဲ့သဲ့ကြားနေရလေသည်။





# အခန်း (၆)
# လိပ်ပြာစိညာဉ် ထွက်သွားခြင်းအကြောင်း

လိပ်ပြာလွင့်ခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖော်ပြပါမည်။

ရှေးအခါက မနောသုတေသန လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိပ်ပြာလွင့်ခြင်း (သို့မဟုတ်)အလင်းခန္ဓာဟူ၍ အမည်အမျိုးမျိုးခေါ်၍ အတွေ့အကြုံရှိသူများ၏ ဖြစ်ရပ်များကို လေ့လာစုဆောင်း မှတ်တမ်းတင်ခဲ့ကြသည်။

အဆိုပါ သုတေသနပြုထားသည့် လုပ်ငန်းစဉ်များမှ သင့်လျော်သည့် အကြောင်းအရာများကို ထုတ်နှုတ်ဖော်ပြပါမည်။

(၁၉၆၆)ခုနှစ် စက်တင်ဘာလတွင် ဘီဘီစီ အသံလွှင့်ဌာနမှလည်းကောင်း သတင်းစာများမှလည်းကောင်း လိပ်ပြာလွင့် အတွေ့အကြုံများကို တိုက်ဆိုင်တွေ့ကြုံဖူးသူများ ရှိပါက အင်္ဂလန်ပြည် အောက်(စ)ဖို့ ရုပ်နာမ်နှစ်ဖြာ သုတေသနဌာန (Institute of psycho-physical Research)သို့ ပြန်ကြားကြပါရန် ကြေညာချက်တစ်ရပ် ပေါ်ခဲ့သည်။

ဤကြေညာချက်အရ လိပ်ပြာလွင့် အတွေ့အကြုံကို ကိုယ်တိုင်တွေ့ဖူးသူ (၄၀၀)ထံမှ တုံ့ပြန်စာများ ရရှိခဲ့သည်။

ထိုအခါ အောက်စဖို့ ရုပ်နာမ်နှစ်ဖြာ သုတေသနဌာနမှ မေးခွန်းလွှာနှစ်ဆောင်စီကို ဖြေကြားရန် မေတ္တာရပ်ခံ ပေးပို့ခဲ့သည်။

မေးခွန်းလွှာတွင် တွေ့ကြုံဖူးသူ၏ အမည်၊ နေရပ်လိပ်စာ၊ အသက်၊ ကျန်းမာရေး အခြေအနေနှင့်တကွ လိပ်ပြာလွင့်ရာတွင် အကြိမ်ပေါင်းမည်မျှ တွေ့ဖူးသည်။ မည်သည့်အချိန်မျိုးတွင် လွင့်ရသည်။ တစ်ကြိမ်လျှင် မည်မျှကြာသည်။ လွင့်နေစဉ် စိတ်အခြေအနေ၊ ရုပ်အခြေအနေ၊ အာရုံပီပြင်မှု၊ ခံစားမှု၊ ပြန်ဝင်သောအခါ အရှိန်အနှေး၊ အမြန်၊ ထိတ်လန့်မှု ရှိမရှိ စသည်တို့ကို သုတေသနပြုရန် အသေးစိတ် အချက်များကို ဖြေကြားပေးရမည့် မေးခွန်းပုံစံဖြစ်သည်။





ပထမမေးခွန်းလွှာ (၄၀၀)အနက် (၃၂၆)ဦးက ပြန်လည်ဖြေကြားပြီး ဒုတိယမေးခွန်းလွှာကို (၂၅၁)ဦးက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ မေးခွန်းလွှာ ဖြေကြားချက်များကို အောက်စဖို့ဘက္ကသိုလ်ရှိ ပါမောက္ခရော့(စ်)အက်(ချ်)ဘီ၊ ပါမောက္ခ ဆာဆိုင်မီးဘတ်၊ ပါမောက္ခဒေါ်(စ)၊ ပါမောက္ခ အိုင်ဆင်နက်၊ ပါမောက္ခလင်းဘတ်၊ ပါမောက္ခဂါနာဖာဖီ၊ ပါမောက္ခဘော်ပီတို့ ပါဝင်သောသိပ္ပံပညာရှင်များက လေ့လာသုတေသန ပြုကြသည်။

တွေ့ရှိချက်များကို "ခန္ဓာကိုယ် ပြင်ပအတွေ့အကြုံ" (Out of body experience)ဟူသောစာအုပ်ကို ထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ်ပါ အချက်များကို ထုတ်နှုတ်သောအခါ ဤသို့တွေ့ရှိရသည်။

(၁) ရုပ်ခန္ဓာမှ ပြင်ပသို့ လိပ်ပြာခန္ဓာထွက်ပြီး တွေ့ရသော အတွေ့အကြုံ
(၂) ရုပ်ခန္ဓာကိုယ်နှင့်အတူ တွေ့ရသော အတွေ့အကြုံ
(၃) ရုပ်ခန္ဓာလော၊ လိပ်ပြာခန္ဓာလော၊ ကိုယ်ပွားခန္ဓာလော ဟု မခွဲခြားနိုင်သော အတွေ့အကြုံ

ဟူ၍ သုံးမျိုး တွေ့ရှိရသည်။

တွေ့ကြုံဖူးသူများအနက် အမျိုးသား (၆)ရာခိုင်နှုန်း၊ အမျိုးသမီး (၃၂)ရာခိုင်နှုန်း ဖြစ်သည်။

လိပ်ပြာလွင့်ရာတွင် အောက်ဖော်ပြပါအတိုင်း အမျိုးအစားနှစ်မျိုး တွေ့ရှိရသည်။

(၁) မိမိတစ်ယောက်တည်းက နှစ်နေရာတွင် ပြိုင်တူ ရော
ရှိနေခြင်း၊

(၂) မိမိရုပ်ခန္ဓာကို မိမိလိပ်ပြာခန္ဓာက ပြန်မြင်ရခြင်း၊
ဟူ၍ဖြစ်သည်။

ကိုယ်ပွားခန္ဓာ(သို့မဟုတ်)လိပ်ပြာခန္ဓာထွက်ရာတွင် အသက်(၁၅)နှစ်မှ (၃၅)နှစ်အတွင်း အထွက်များသည်ကို တွေ့ရသည်။

လူတစ်ဦးတစ်ယောက်အနေဖြင့် စိတ်ဆင်းရဲဒုက္ခ အကျပ်အတည်းတွေ့နေချိန်တွင် လိပ်ပြာခန္ဓာ ထွက်တတ်သည်။ ထွက်ချိန်မှာ (၂၄)နာရီအတွင်း မည်သည့်အချိန်မဆို ထွက်နိုင်သည်။

လိပ်ပြာခန္ဓာထွက်ရာတွင်ရှိနေသော အရိယာပုဒ် (ကိုယ်နေဟန်ထား)ကို စာရင်းပြုစုသောအခါ ဤသို့တွေ့ရသည်။

- လဲလျောင်းနေစဉ် လိပ်ပြာခန္ဓာထွက်ခြင်းမှာ (၇၃. ၃) ရာခိုင်နှုန်းဖြစ်သည်။
- ထိုင်နေရင်း လိပ်ပြာခန္ဓာထွက်ခြင်းမှာ (၁၇. ၆)ရာခိုင်နှုန်း ဖြစ်သည်။
- ရပ်နေရင်း လိပ်ပြာခန္ဓာထွက်ခြင်းမှာ (၂. ၃)ရာခိုင်နှုန်း ဖြစ်သည်။
- လမ်းလျှောက်သွားနေစဉ် လိပ်ပြာခန္ဓာထွက်ခြင်းမှာ (၄. ၅)ရာခိုင်နှုန်း ဖြစ်သည်။
- မည်သည့်အနေမသိဘဲ လိပ်ပြာခန္ဓာထွက်ခြင်းမှာ





(၂. ၃)ရာခိုင်နှုန်း ဖြစ်သည်။

ဖော်ပြပါတွေ့ရှိချက်ကို လေ့လာကြည့်ပါက လဲလျောင်းလျက်အနေအထားသည် လိပ်ပြာခန္ဓာထွက်ရန် အကောင်းဆုံးအနေအထားဖြစ်သည်။

အချိန်အားဖြင့် အိပ်ယာဝင်ပြီး အိပ်ပျော်ကာနီး အချိန်နှင့် အိပ်ယာနိုးစအချိန်များသည် လိပ်ပြာခန္ဓာထွက်ရန် အကောင်းဆုံးဖြစ်သည်။

ခန္ဓာကိုယ် ပြေလျော့မှု တောင့်တင်းမှုနှင့် ပတ်သက်၍ သုတေသနပြုရာတွင် ဤသို့ တွေ့ရှိခဲ့သည်။

- ခန္ဓာကိုယ် ပြေလျော့နေချိန်တွင် လိပ်ပြာခန္ဓာထွက်သူမှာ (၄၁. ၃)ရာခိုင်နှုန်းဖြစ်သည်။
- ခန္ဓာကိုယ် တောင့်တင်းနေချိန်တွင် လိပ်ပြာခန္ဓာထွက်သူမှာ (၁၁. ၃)ရာခိုင်နှုန်းဖြစ်သည်။
- ခန္ဓာကိုယ် နဂိုအတိုင်းနေချိန်တွင် လိပ်ပြာခန္ဓာထွက်သူမှာ (၂၂)ရာခိုင်နှုန်းဖြစ်သည်။
- မည်သည့်ခန္ဓာကိုယ် အခြေအနေတွင် လိပ်ပြာခန္ဓာထွက်သူမှာ (၂၅. ၄)ရာခိုင်နှုန်းဖြစ်သည်။

အဆိုပါ သုတေသနပြုမှု တွေ့ရှိချက်အရ လူသည် ခန္ဓာကိုယ် အကြောအခြင် ကြွက်သားများ ပြေလျော့ထားချိန်သည် လိပ်ပြာခန္ဓာထွက်ရန် အကောင်းဆုံး အခြေအနေဖြစ်သည်ကို တွေ့ရသည်။ တရားထိုင်နေစဉ် များသောအားဖြင့် ခန္ဓာကိုယ် ပြေလျော့မှု ရှိနေတတ်သဖြင့် လူအချို့သည် တရားထိုင်ရင်း

လိပ်ပြာလွင့်ထွက်သွားတတ်သည်။

ရုပ်ခန္ဓာကို စနစ်တကျဖြေလျှော့ခြင်းသည် လိပ်ပြာလွင့်ရန်အတွက် အကောင်းဆုံး အမြန်ဆုံးဖြစ်သည်။

စနစ်တကျဖြေလျှော့နည်းမှာ သာမန်အားဖြင့် ဖြေလျှော့နည်းမျိုးမဟုတ်ပဲ စိတ်ရှည်ရှည်ထားပြီး ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ပိုင်းပြီးတစ်ပိုင်း ဖြေလျှော့ရာမှ တစ်ကိုယ်လုံးရှိ အကြောနှင့်ကြွက်သားများအားလုံးကို ဖြေလျှော့ခြင်း ဖြစ်သည်။

လိပ်ပြာထွက်ရန်အတွက် အကောင်းဆုံးသော ရာသီဥတုမှာ ခပ်နွေးနွေး ရာသီဥတုဖြစ်သည်။

လိပ်ပြာထွက်ခါနီးတွင် ဖြစ်ပေါ်တတ်သော ခန္ဓာကိုယ်အနေအထားမှာ တစ်ဦးနှင့်တစ်ဦး ကွဲပြားသည်။ လိပ်ပြာထွက်ခါနီးတွင် တချို့က လေဖြတ်ထားသကဲ့သို့ ခန္ဓာကိုယ် မလှုပ်ရှားနိုင်။ အချို့မှာမူ သူ့အလိုလို လှုပ်ရှားနေသော အကြောများ (Autonomic nurve)များ လှုပ်ရှားနိုင်သည်။ များသောအားဖြင့် မလှုပ်နိုင်မရှားနိုင် ဖြစ်တတ်သည်။

ရုပ်ခန္ဓာကိုယ်၏ ပြင်ပသို့ လိပ်ပြာခန္ဓာထွက်နေစဉ် လိပ်ပြာခန္ဓာဖြင့် အာရုံများကို သိရှိခံစားနိုင်သည်။ မြင်နိုင်သည်။ ကြားနိုင်သည်။ ထိတွေ့နိုင်သည်။ အနံ့ခံနိုင်သည်။ အရသာခံနိုင်သည်။ ရုပ်ခန္ဓာဖြင့် တွေ့ကြုံခံစားရသကဲ့သို့ပင် အာရုံမျိုးစုံကို ခံစားနိုင်သည်။

ယင်းသို့ အာရုံများ တွေ့ကြုံခံစားမှုနှင့် ပတ်သက်၍ တစ်ခုနှင့်တစ်ခု မတူကြချေ။





ဥပမာအားဖြင့် အမြင်အာရုံသည် အကြားအာရုံထက်ပိုများ၏။

ယင်းအာရုံ ခံစားတွေ့ရှိမှု၏ ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်သည်။

- အမြင်အာရုံ တွေ့ရှိခံစားခြင်း (၉၂)ရာခိုင်နှုန်း
- အကြားအာရုံ တွေ့ရှိခံစားခြင်း (၅၆)ရာခိုင်နှုန်း
- ထိတွေ့မှုအာရုံ တွေ့ရှိခံစားရခြင်း (၂၈)ရာခိုင်နှုန်း
- အပူအအေးအာရုံ တွေ့ရှိခံစားရခြင်း (၂၁)ရာခိုင်နှုန်း
- အနံ့အာရုံ တွေ့ရှိခံစားရခြင်း (၁၉)ရာခိုင်နှုန်း
- အရသာအာရုံ တွေ့ရှိခံစားခြင်း (၆)ရာခိုင်နှုန်း

လိပ်ပြာခန္ဓာထွက်သူ (၈၂)ရာခိုင်နှုန်းက အရောင်အဆင်းနှင့် ရှုခင်းများကို မူလသဘာဝအတိုင်း မြင်ရပြီး အချို့ကမူ လူ့ပြည်တွင်တွေ့ရသော အရောင်အဆင်းနှင့် ရှုခင်းများကို လူ့ပြည်နှင့် ကွဲပြားစွာတွေ့ရသည်။

သေဆုံးပြီးသော ဆွေမျိုးမိတ်သင်္ဂဟများ၏ ဝိညာဉ်နှင့်တွေ့ရသူများမှာ အနည်းစုသာ ဖြစ်သည်။

လိပ်ပြာထွက်နေစဉ် မိမိကိုယ်ကို မြင်ရသောအခါ မှန်ထဲတွင်တွေ့ရသော မိမိခန္ဓာမျိုးနှင့် မတူသည်ကို တွေ့ရသည်။

လိပ်ပြာခန္ဓာ ထွက်နေစဉ်တွင် လူ၏သိမှုအာရုံများ ပို၍စူးရှထက်မြက်လာသည်။ ထူးခြားသော အမြင်အာရုံ တစ်ခုမှာ မျက်စိရှေ့တွင်ရှိသောအရာကို မြင်နိုင်ရုံသာမက နောက်ဧ့ဘက်က အရာများကိုလည် မြင်နိုင်ခြင်းဖြစ်သည်။

လိပ်ပြာခန္ဓာသည် ပြင်ပသို့ ထွက်နေရာမှ မူလရုပ်ခန္ဓာတွင်းသို့ ပြန်အဝင်တွင် ဖြုန်းခနဲ ဝင်ရပါက ဝင်လာသော အရှိန်ကြောင့် ဆောင့်အားဖြစ်ပြီး လန့်တတ်သည်။ ဤသို့ လန့်ခြင်းကို ဘီလူးစီးသည်ဟု ခေါ်ကြသည်။

လိပ်ပြာခန္ဓာထွက်နေစဉ်အတွင်း အချိန်နှင့် ပတ်သက်၍ ခံစားမှု ထင်မြင်မှုမှာ ထူးခြားသည်။ အချိန်များ မြန်မြန်ကုန်သွားသည်ဟု တစ်ဦးတစ်ယောက်မှ မတွေ့ရှိပေ။

ထူးဆန်းသော အချက်တစ်ရပ်မှာ ကိုယ့်ရုပ်ခန္ဓာကို ပြန်မြင်ရသောအခါ 'ငါ့ရုပ်ခန္ဓာ'ဟူသော စွဲလမ်းမှု 'ငါ'ဟူသော သံယောဇဉ်အမျှင် မရှိပေ။ ငါနှင့်မဆိုင်သလို သူတပါးကို မြင်ရသလိုသာ ခံစားရခြင်း ဖြစ်သည်။

သမာဓိနှင့် ရုပ်နုလွှင့်ခြင်းကို ဆက်လက်ဖော်ပြပါမည်။

ဟိမဝန္တာတောင်ခြေရှိ မြစ်အတွင်း ရေငုပ်လျက် အသက်အောင့်ကျင့်ရသော ယောဂီအကျင့်ဖြစ်သည့် သမာဓိကို "ဂျား(လ)သမာဓိ"(Jal Samadhi)ဟု ခေါ်သည်။

ဤဂျား(လ)သမာဓိဖြင့်လည်း မနောမယကောသ (ခေါ်) ရုပ်နုကို ခွာနိုင်သည်။

စနစ်ကျသော မုဒြါ၊ အာသနများဖြင့် ယောဂကျင့်စဉ်၌ ငယ်ထိပ်ရှိ ဗြဟ္မာချက္ကရကို ဖွင့်ပြီး ရုပ်ကြမ်းခန္ဓာကို စွန့်ခွာသော ကျင့်စဉ်သမာဓိကို "စတဲ(လ)သမာဓိ"(Sthai Samadhi)ဟုခေါ်သည်။

ထို့ပြင် မိမိရုပ်ခန္ဓာကို စွန့်ခွာပြီး ခန္ဓာပြောင်း၍ ဆက်





လက်နေနိုင်သော အတတ်ပညာကို ပရကာယ ပရဝေသျှ ဟု ခေါ်သည်။

တိုင်းပြည်အသီးသီးတို့တွင် ရုပ်ပွားခန္ဓာ (သို့မဟုတ်) လိပ်ပြာခန္ဓာ(သို့မဟုတ်)နာမ်ခန္ဓာရှိသည်ဟူ၍ အယူရှိကြသည်။

သာဓကအားဖြင့်

* ဟီဘရူးများက လိပ်ပြာခန္ဓာကို "ရု"ဟု ခေါ်သည်။
* အီဂျစ်တို့က လိပ်ပြာခန္ဓာကို "ကာ"ဟုခေါ်သည်။
* ခေါမတို့က "အေဒိုလုံ" ဟုခေါ်သည်။
* ရောမတို့က "လာဗာ" ဟုခေါ်သည်။
* တိဗက်တို့က "ဗာဒို" ဟုခေါ်သည်။
* ဂျာမန်တို့က "ဒိုပယ်ဂင်ဂျာ" ဟုခေါ်သည်။
* ရှာမင်တို့က "အိပ်မက်ခန္ဓာ" ဟုခေါ်သည်။'
* နော်ဝေတို့က "ဗာဒိုဂျာ" ဟုခေါ်သည်။
* တရုတ်တို့က "သန်းနီ" ဟုခေါ်သည်။
* ဟိန္ဒူတို့က "မနောမယကောသ" ဟုခေါ်သည်။

ထို့ပြင် ဟိုပီလူမျိုး ဝေယာလူမျိုးများ၊ ဘော်နီယိုကျွန်းသားများ အက်စကီမိုးနှင့် အာဖရိက တိုင်းရင်းသားတို့တွင်လည်း ဤကဲ့သို့ ကိုယ်ပွားခန္ဓာများရှိကြောင်းကို ယုံကြည်လက်ခံလာကြသည်။

လိပ်ပြာခန္ဓာ လွှင့်သူများအတွက် အရေးပါသော "ငွေကြိုး"အကြောင်းကို ဖော်ပြပါဦးမည်။

အနောက်နိုင်ငံများ၌ လိပ်ပြာလွှင့်သူများသည် လိပ်ပြာ

လွှင့်နေစဉ်အတွင်း လိပ်ပြာခန္ဓာနှစ်ခုကို အချင်းသဖွယ် ဆက်သွယ်ထားသော ငွေကြိုးရှိသည်ဟု ဆိုကြသည်။

အရှေ့တိုင်းမှ လိပ်ပြာလွှင့်သူများ၏ အတွေ့အကြုံအရ ငွေကြိုးကိုတွေ့ရသူ အနည်းငယ်မျှသာ ရှိခဲ့သဖြင့် အရှေ့တိုင်းတွင် ငွေကြိုးရှိသည်ဟူသော အယူအဆကို လက်ခံခြင်း မပြုကြပေ။

ရုပ်ကြမ်းခန္ဓာကိုယ်နှင့် ရုပ်စုခန္ဓာဖြစ်သော လိပ်ပြာခန္ဓာတို့အကြားတွင် သံလိုက်ဓာတ်ကြိုး (Magnetic)ဖြင့် ဆက်သွယ်ထားသည်ဟု ဂုဏ်ရှိပညာရှင်များက ယူဆကြသည်။

သံလိုက်ဓာတ်ကြိုး (Magnetic)သည် အလွန်နူးညံ့သိမ်မွေ့သော သံလိုက်မှုန်များဖြစ်သဖြင့် သာမန်အားဖြင့် မျက်စေ့ဖြင့် မြင်နိုင်မည် မဟုတ်ပေ။ လိပ်ပြာခန္ဓာဖြင့် စတုတ္ထပ်မာဏကို ပိုင်နိုင်လာသောအခါ ယင်းသံလိုက်လှိုင်းကြိုးကို မြင်နိုင်ပေသည်။

ဆက်လက်ဖော်ပြမည့် အကြောင်းအရာမှာ လိပ်ပြာလွှင့်ရာတွင်သုံးသော လူ့ခန္ဓာကိုယ်ရှိ ဝင်ပေါက်နှင့် ထွက်ပေါက်တို့ ဖြစ်သည်။

လူ၏ခန္ဓာကိုယ်တွင် အာရုံကြောများသည် ဗဟို နာဗ်ကြောမကြီးမှတစ်ဆင့် တစ်ကိုယ်လုံးသို့ ယှက်ဖြာနေသည်။ အလွန်သေးငယ်သော နာဗ်ကြောများသည် အချို့နေရာများတွင် တစ်ကြောပေါ် တစ်ကြော ဖြစ်သန်းလျက်ရှိသည်။

အချို့နေရာများတွင် နာဗ်ကြော(၂)ကြောဖြတ်ခြင်း၊





(၃)ကြောဖြတ်ခြင်း၊ (၄)ကြောဖြတ်ခြင်း စသည်ဖြင့် အကြောများဖြတ်သန်းကြသော နေရာများရှိသည်။ ယင်းနေရာများကို ခန္ဓာဗေဒဝေါဟာရအားဖြင့် နာဗ်ကြောဆိုင် (Plexus)ဟုခေါ်သည်။

ယင်းနာဗ်ကြောဆိုင်နေရာများတွင် ပြွန်မဲ့ဂလင်းများ ရှိတတ်သည်။ ဂလင်းနှစ်မျိုးရှိသည်။ ပထမအမျိုးအစားဖြစ်သော မျက်စိမျက်လုံးတွင်း၌ရှိသော ဂလင်းနှင့် အာစောက်၌ရှိသော ဂလင်းတို့သည် အတွင်း၌ အခေါင်းပြွန်ပေါက်ပါ၍ ယင်းပြွန်ပေါက်များမှ မျက်ရည်နှင့် ဆားရည်တို့ကို ထုတ်လွှတ်ပေးသည်။

ဒုတိယဂလင်းတစ်မျိုးမှာ ပြွန်ပေါက်မပါရှိဘဲ ဟော်မုန်းများကို ထုတ်လုပ်ပေးသည်။ ထို့ကြောင့် ဦးနှောက်တွင်းရှိ ပီနီယာဂလင်းနှင့် ပီကျူထရီဂလင်းတို့သည် နာဗ်ကြောဆိုင့်နေရာများတွင် ရှိသည်။

ဂုဏ်ရှိပညာအားဖြင့် ယင်းနာဗ်ကြောများ တစ်လျှောက်တွင် မမြင်ရသော"နဒီ"ခေါ် အလွန်သိမ်မွေ့သည့် နာဗ်ကြောတစ်မျိုး ယှက်ဖြာနေသည်။ ယင်းနဒီအကြောဆိုင်ရာ နေရာများကို "စက်"(ချက္ကရ)ဟု ခေါ်သည်။

လူ့ခန္ဓာကိုယ်တွင် ချက္ကရ(ခေါ်)စက်နေရာပေါင်း (၁၂) ခုခန့် ရှိသည့်အနက် (၇)ခုမှာ အဓိကစက်ကြီးများ ဖြစ်သည်။ ယင်းစက်များမှနေ၍ နဒီကြောပေါင်း (၇၂၀၀၀)ဖြင့် တစ်ကိုယ်လုံးကို ပျံ့နှံ့လျက်ရှိသည်။

ယင်းစက်များမှနေ၍ ခန္ဓာကိုယ်အတွင်းသို့ "ပရာဏ" (ခေါ်)အသက်ဓာတ်သွင်းယူခြင်း၊ စုတ်ယူခြင်းနှင့် ယင်းပရာဏ

ခါတ်ကို အသုံးပြုခြင်းအားဖြင့် စက်များ ရှင်သန်နိုးကြားလာကာ လိပ်ပြာလွင့်ခြင်း အစရှိသော စိတ်စွမ်းအင်များ ရရှိလာသည်ဟု ဂမ္ဘီရပညာရှင်တို့က ဆိုသည်။

အဆိုပါစက်(၇)ခုအနက် ဇက်ပိုးတွင်ရှိသော စက်မှာ သိုင်းရွိုက်(Thyroid)ဂလင်းစက်ကြီး ဖြစ်သည်။

အခြားစက်တစ်ခုမှာ နှာရောင်ထိပ် မျက်စိနှစ်လုံးကြားတွင်ရှိ၍ ဦးခေါင်းအတွင်း၌ရှိသော ပီကျူထရီဂလင်းနှင့် ဆက်စပ်နေသည်။

ရုပ်ခန္ဓာကိုယ်တွင်းမှ လိပ်ပြာထွက်သောအခါ ယင်းပီကျူထရီဂလင်းရှိရာ နှာတံရင်းမှ ထွက်သွားပြီး ခန္ဓာကိုယ်တွင်းသို့ ပြန်ဝင်သောအခါ ဇက်ပိုးတွင်ရှိသောစက်မှ ပြန်ဝင်သည်ဟု ဆိုသည်။

ရုပ်ခန္ဓာကိုယ်မှ လိပ်ပြာခန္ဓာထွက်ခါနီးတွင် မျက်နှာရှိအရေပြားများ တင်းလာတတ်သည်။ ဤသို့ တင်းလာသည်ကို ဘိုင်အိုစကင်(Bioscan)ခေါ် အရေပြားတိုင်စက်ဖြင့် စမ်းသပ်ကြည့်နိုင်သည်။

သုတေသန ပြုမှုများအရ လိပ်ပြာခန္ဓာ ထွက်ခါနီးတွင် ရံဖန်ရံခါ မျက်နှာပေါ်မှနေ၍ လေဖြင့် စုပ်ယူနေသကဲ့သို့လည်းကောင်း၊ ရံဖန်ရံခါ မျက်နှာအထက်ပိုင်း နဖူးပြင်တစ်လျှောက်တွင် လေပူနှင့် ဖိထားသကဲ့သို့လည်းကောင်း၊ ပင့်ကူအိမ်ကို မျက်နှာပေါ် အုပ်ပြီး ယင်းပင့်ကူအိမ်အဖွင့်ကို ဆွဲယူလိုက်သကဲ့သို့လည်းကောင်း ခံစားကြရသည်ကို တွေ့ရှိခဲ့ကြသည်။





ယင်းအချက်များကို ထောက်၍ နှာတံရင်းတွင်ရှိသော စက်မှ လိပ်ပြာခန္ဓာထွက်သည်ဟုဆိုခြင်းမှာ ယုတ္တိတန်သည်။

သို့ဖြစ်ခြင်းကြောင့် လိပ်ပြာလွင့်လိုသူ တစ်ဦးသည် ပက်လက်အနေအထား နေခြင်းဖြင့်သာ အကောင်းဆုံးဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။

ပက်လက်အနေအထားသည် နှာတံရင်းရှိ စက်အပေါ်တွင် မည်သည့်အတားအဆီး အကွယ်အကာမှ မရှိပဲ လွတ်လပ်နေရုံမျှမက သိုင်းရွိုက်ဂလင်းမှာလည်း အလိုက်သင့်ဖြစ်နေသောကြောင့် ပြန်ဝင်လာသောအခါတွင်လည်း လွယ်ကူသက်သာပေသည်။

လိပ်ပြာခန္ဓာလွင့်ပြီး ခန္ဓာကိုယ်တွင်းသို့ ပြန်ဝင်ပုံအကြောင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

လူသည် အိပ်ပျော်သွားသော အချိန်မှစ၍ လိပ်ပြာခန္ဓာသည် အပြင်သို့ ထွက်သွားရာ နိုးလာသောအခါတွင် ရုပ်ခန္ဓာအတွင်းသို့ ပြန်ဝင်သည်။

ထို့အတူ လိပ်ပြာလွင့်သောအခါတွင်လည်း အချိန်တန်သောအခါတွင် ပြန်ဝင်မြဲဖြစ်သည်။ အိပ်ရာဝင်ချိန်တွင် လိပ်ပြာလွင့်သောအခါ နံနက်နိုးရမည့်အချိန်တွင် လိပ်ပြာခန္ဓာ ပြန်၍ဝင်လာသည်။ အကယ်၍ မေ့ဆေးအစရှိသော ကိစ္စများကြောင့် လိပ် ပြာလွင့်သွားလျှင်လည်း မေ့ဆေးပြယ်သောအခါ ပြန်ဝင်လာမြဲ ဖြစ်သည်။

အိပ်ပျော်နေသူ၏ ကိုယ်ခန္ဓာပေါ် (သို့မဟုတ်)လိပ်ပြာ

လွင့်နေသူ၏ ရုပ်ခန္ဓာပေါ်သို့ တစ်စုံတစ်ခု ကျရောက်ခြင်း၊ ထိခိုက်မိခြင်း၊ လှုပ်နိုးခြင်း၊ အနီးအနားတွင် ပြင်းထန်သော အသံများ ကြားရခြင်းတို့ကြောင့်လည်း ပြန်ဝင်တတ်သည်။

လိပ်ပြာခန္ဓာသည် ရုပ်ခန္ဓာအတွင်းသို့ ပြန်ဝင်သော အခါ နည်းလမ်း(၃)မျိုးဖြင့် ပြန်ဝင်တတ်သည်။

(၁) ဝေ့ပတ်၍ဝင်ခြင်း (Spiral Fall)
(၂) တောက်လျှောက် တန်း၍ဝင်ခြင်း (Straight Fall)
(၃) အလိုက်သင့်ဝင်ခြင်း (Slow & Vibratary fall)

ခန္ဓာကိုယ်အတွင်းသို့ ဝေ့ပတ်၍ ဝင်သောနည်းဖြင့် လည်းကောင်း၊ တောက်လျှောက်တန်း၍ ဝင်သောနည်းဖြင့် လည်းကောင်း လိပ်ပြာခန္ဓာ ဝင်ရောက်ပါက ထိတ်လန့်ဖွယ် အိပ်မက်ဆိုးများမက်ပြီး လန့်နိုးတတ်သည်။

နေ့စဉ်နံနက်တိုင်း သဘာဝအရ နိုးခြင်းသည် ဖြည်း ညှင်းစွာ အလိုက်သင့်ဝင်ခြင်းဖြစ်သည်။

လိပ်ပြာလွင့်နေသူတစ်ဦးသည် သာမန်လူထက်ပို၍ ကြောက်စိတ်ကင်းမဲ့ရန်လိုသည်။ သို့မှသာ ခန္ဓာကိုယ်တွင်းသို့ လိပ်ပြာပြန်ဝင်လာသောအခါ အလိုက်သင့် ဝင်နိုင်ပေမည်။

လူတစ်ယောက် အိပ်ပျော်သွားသောအခါ ဝိညာဉ်ဟု ခေါ်သော လိပ်ပြာခန္ဓာသည် မူလရုပ်ခန္ဓာမှ အပြင်သို့ ထွက်ခွာ လေ့ရှိသည်။

ထိုကဲ့သို့ ထွက်ခွာသွားစဉ် တွေ့ကြုံခဲ့ရသော အတွေ့အ ကြုံများ အဖြစ်အပျက်များကို အိပ်မက်မက်သည်ဟု ပြောဆိုက





သည်။ မြင်ပဉ္စ တွေ့ကြုံရသော အဖြစ်အပျက် အတွေ့အကြုံတို့ သည် ပထမအတွေ့အကြုံများဟု သတ်မှတ်လျှင်တော့ လိပ်ပြာ ခန္ဓာဖြင့် တွေ့ကြုံရသော အတွေ့အကြုံများက ဒုတိယအတွေ့ အကြုံများဟု ဆိုနိုင်ပေသည်။

ရုပ်ခန္ဓာက အကန့်အသတ်ဖြင့် နေရသောကြောင့် သွားချင်တိုင်း သွားမရသလို မြင်ချင်တိုင်းလည်း မြင်ခွင့်မရပေ။

ဥပမာ ရန်ကုန်မှာ နေသူတစ်ဦးက မန္တလေးမြို့သို့ ချက်ခြင်းသွားလာ၍ မရပေ။ သွားချင်လျှင် အချိန်ပေးရသည်။

လိပ်ပြာခန္ဓာဖြင့် သွားလျှင်တော့ စက္ကန့်ပိုင်းအတွင်း သွားချင်သောနေရာသို့ ရောက်သွားနိုင်ပေ၏။

ဥပမာ နတ်ဘုံနတ်သားတို့နှင့် ပရလောကသားများကို မြင်ချင်တွေ့ချင်သော်လည်း မြင်ခွင့်တွေ့ခွင့် မရနိုင်ပေ။

ထို့ကြောင့် လိပ်ပြာခန္ဓာနှင့်တော့ တွေ့နိုင်သည်။

နတ်၊ ဝိဇ္ဇာနှင့် ပရလောကသား၊ (ဥစ္စာစောင့်၊ မကျွတ်မ လွတ်သူများ)များကလည်း ပြောစရာ မှာစရာများရှိလျှင် လိပ်ပြာ ဝိညာဉ်နှင့်သာတွေ့ပြီး မှာကြားခြင်း၊ ပြောကြားခြင်းများ ပြုလုပ် လေ့ရှိသည်။

• သူတော်ကောင်းများ၊ နတ်ဒေဝတာတို့က လူအနားသို့ လာချင်သော်လည်း သီလမစင်ကြယ်ပါက အနားကပ်၍ မရ ပေ။

ဥပမာတစ်ခု ရေးပြရလျှင် ဗားမဲ့ဆရာတော်အား ဘဝဟောင်းက ညီအစ်ကို တော်စပ်ခဲ့ဖူးသော ဝိဇ္ဇာက လာ

ရောက်ကူညီချင်သော်လည်း လူ့ဘဝတွင် မလာရောက်နိုင်ေ

ရဟန်းဘဝရောက်ပြီး သီလစင်ကြယ်တော့မှ ရော လာပြီး အကူအညီပေးခြင်း ဖြစ်သည်။

သို့ကြောင့် အိပ်မက်မက်ခြင်းသည် လိပ်ပြာဝိညာ တွေ့ခဲ့ရသော ဒုတိယအတွေ့အကြုံများသာဖြစ်သည်။

မိမိအား စောင့်ရှောက်နေမှသော နတ်ဒေဝတာမျာ ဝိဇ္ဇာများနှင့်၊ အထက်ပုဂ္ဂိုလ်တို့က ပြောစရာ မှာစရာရှိလျှ လိပ်ပြာဝိညာဉ် ထွက်လာတော့မှ တစ်နေရာခေါ်ပြီး မှာကြာ ခြင်း၊ ပြောကြားခြင်းများ ပြုလုပ်လေ့ရှိသည်။

အချို့က ကိုးကွယ်သောနတ်များ၊ ဝိဇ္ဇာများက ကူညီ စောင့်ရှောက်မှု မပေးသောအခါ အပြစ်တင်တတ်ကြသည်။

၎င်းတို့အား အပြစ်တင်ရန် မလိုပါချေ။

မိမိကိုယ်ကိုသာ ဆန်းစစ်ပြီး အပြစ်တင်ရည် ဖြစ်ေ သည်။ ကူညီစောင့်ရှောက်မှု ခံယူလိုပါက ကိုယ်ကျင့်တရာ ကောင်းပြီး သီလဖြူစင်ဖို့တော့ အနည်းဆုံး လိုပါလိမ့်မည်။

ပေးတာလိုချင်လျှင် မိမိဘက်ကလည်း လုပ်ပေးသင့် တာများ လုပ်ပေးကြရသည်။

ဥပမာပြောရလျှင် မိုးရေအလိုရှိလျှင် မိုးရွာလျှင် ခံ ယူစရာဖလား တစ်လုံးတော့ အဆင်သင့်ဆောင်ထားရန် လိုအ ပေလိမ့်မည်။

အောင်မြင်စာပေ



# အခန်း(၇)

# တောင်ကြောလမ်းမှ အတားအဆီး

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ ဟိမဝန္တာ ြောက်ပိုင်းဒေသများသို့ လှည့်လည်ပြီး အလိုရှိသော မှတ်တမ်း ချက် အလက်များကို ရှာဖွေကြသော်လည်း ပြည့်စုံသည်အထိ တော့ မရကြသေးပေ။

နှင်းကြာပန်းကို တွေ့ဖူးရုံသာရှိပြီး မရသေးပေ။

နှင်းကျားသစ်ကိုလည်း အသေသာကြားရသည်။ အရိပ်

အောင်မြင်စာပေ

အယောင်လောက်သာ တွေ့ရပြီး သေသေချာချာ မတွေ့ကြ
သေးပေ။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ဒိုလပို တောင်
အထိ ရောက်အောင်သွားရန် ပြောသည်။ ဦးဗန်ကောင်းနှင့်
ဂျော့ရှီလာတို့က မငြင်းကြပေ။

အရေးကြီးတာက ခရီးဝေးပြီး ရက်ကြာမည်ဖြစ်သော
ကြောင့် အထမ်းသမားနှင့် လမ်းပြများ လိုက်နိုင်မလိုက်နိုင်မည်
ကိစ္စကသာ အဓိကကျပေသည်။ သို့ကြောင့် ဒေါက်တာမင်းထင်
ကျော်က လမ်းပြအဖွဲ့ခေါင်းဆောင် တန်ပကို အခြေအနေ မေး
မြန်းရသည်။

"ငါတို့ကတော့ တိဗက်အထိသွားပြီး ဒိုလပိုတောင်ထိပ်
ရောက်အောင် သွားချင်တယ်၊ မင်းတို့အဖွဲ့ကရော ငါတို့နဲ့ အတူ
လိုက်နိုင်ကြမလား"

"ကျွန်တော်တို့က ဒီအလုပ်နဲ့ အသက်မွေးဝမ်းကျောင်း
ပြုနေကြတာပဲ၊ ဆရာတို့ခေါ်ရင် ဘယ်နေရာဖြစ်ဖြစ် လိုက်နိုင်ပါ
တယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ကွာ၊ ဒါထက်
ဒိုလပိုတောင်ကို မင်းရောက်ဖူးသလား"

"ရောက်ဖူးပါတယ်၊ တိဗက်နယ်တကြောမှာ ကျွန်တော်
မရောက်ဖူးတဲ့နေရာ မရှိသလောက်ပါပဲ၊ ဒိုလပိုတောင်ထိပ်လည်း
ရောက်ဖူးတယ်၊ အဲဒီတောင်ထိပ်မှာ ထူးဆန်းတဲ့ ဘုန်းကြီး
ကျောင်းကြီးတစ်ကျောင်းရှိတယ်. . "





ထိုအကြောင်းကတော့ ဒေါက်တာမင်းထင်ကျော် ကြား
ဖူးပြီးသော အကြောင်းဖြစ်ပေသည်။

တန်ပက ဆက်ပြောသည်။

"ဒိုလပိုကို သွားဖို့ဆိုရင်တော့ ကလိကန္ဒာကီမြစ်ကို ဖြတ်
ကူးပြီး သွားရမယ်၊ ဒါပေမယ့် အဲဒီ မြစ်ကမ်းတစ်ဝိုက်တွေမှာ
ဘရုတ်စစ်သားတွေ အများကြီးရှိတယ်"

"သူတို့နဲ့လွတ်အောင် ဘယ်လိုသွားရင် ရမလဲ"

"ဖြတ်လမ်းတွေတော့ ရှိပါတယ်၊ ဒါ့အပြင် အဲဒီဘက်
ရောက်ရင် ရာသီဥတုက အတော်အေးတယ်၊ တချို့ အဲဒီဘက်
ကမ်းရောက်ပြီးမှ မခံနိုင်လို့ ပြန်လှည့်ကြရတာမျိုးလည်း ရှိကြ
တယ်"

ဒေါက်တာမင်းထင်ကျော်ကတော့ ထွေထွေထူးထူး
ဘာမှ ပြန်မပြောတော့ပေ။ တန်ပတို့အဖွဲ့ လိုက်ကြမည်ဆိုသော
ကြောင့် အတန်အသင့် စိတ်သက်သာရ ရသွားပြီဖြစ်၏။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ တိဗက်နှင့်
ပတ်သက်သော အကြောင်းများကို ပြန်လည်တွေးတောနေမိ
သည်။

တိဗက်သည် သူ့အတွက် နယ်မြေအစိမ်းသက်သက်
တော့ မဟုတ်ပေ။

အခြားအကြောင်းကိစ္စတို့ဖြင့် မကြာခဏ ရောက်ဖူး
သွားဖူးသော နေရာတစ်ခုလည်း ဖြစ်ပေသည်။

ပထဝီအနေအထားအရ အခြားနေရာဒေသများနှင့်

အဆက်အသွယ်မကောင်းသော နေရာတစ်နေရာဖြစ်သည်။

မြောက်ဘက်၌ တရုတ်ပြည်၊ တောင်ဘက်၌ အိန္ဒိယနှင့် နီပေါနိုင်ငံတို့အကြား၌ တည်ရှိလေသည်။

ပင်လယ်ရေပြင်အထက် ပေ(၆၀၀၀)အောက် နိမ့်သော နေရာမျိုး မရှိပေ။

တောင်ဘက်တွင် ဟိမဝန္တာ၏ အမြင့်ဆုံးတောင်ဖြစ်သော ဧဝရက်တောင်ရှိပြီး မြောက်ဘက်တွင် တရုတ်ပြည်၏ အမြင့်ဆုံး ခွန်လွန်တောင်တန်းကြီး ရှိသည်။

မြောက်ဘက်တွင် တိဗက်နှင့် တရုတ်ပြည်ကို ခွန်လွန်တောင်တန်းကြီးက ပိုင်းခြားထားသလို တောင်ဘက်မှာလည်း ဟိမဝန္တာတောင်တန်းကြီးက အိန္ဒိယနိုင်ငံနှင့် ပိုင်းခြားထားသကဲ့သို့ ရှိပေသည်။

မြေပြင်အနေအထားအရလည်း ကျောက်တောင်ကျောက်သားများသာရှိပြီး မြင့်မားသော တောင်မြင့်ကြီးများ၊ နက်ရှိုင်းသော ချောက်ကြီးများအပြင် မြစ်ချောင်းများကလည်း ပေါသည်။

သစ်ပင်မပေါက်နိုင်သော ကျောက်တောင်ကတုံးကြီးများက မိုင်ပေါင်းများစွာ ကျယ်ဝန်းလှပြီး နေရာယူထားကြသည်။

တိဗက်အရှေ့ခြမ်းသည် မြေသားအနည်းငယ် ရှိသဖြင့် စိုက်ပျိုးနိုင်သောကြောင့် နေထိုင်သူဦးရေ များသည်။ အနောက်နှင့် မြောက်ဘက်မှာမူ သစ်ပင်မပေါက်နိုင်သည့် ကျောက်တောင် ကျောက်သားများသာရှိသဖြင့် နေထိုင်သူမရှိသလောက်





သည်းသည်။

ထိုနေရာဘက်သို့ သွားလာရန်လည်း လမ်းချောမရှိပဲ ကျောက်ခင်းလမ်း အချို့လောက်သာ ရှိပေသည်။

ထိုဒေသသို့ ပေါက်ရောက်နိုင်သော လမ်းနှစ်သွယ်သာ ရှိသည်။

တစ်လမ်းမှာ 'မြောက်ဘက်'ခွန်လွန်တောင်ကြောလမ်း' ဖြစ်ပြီး ကုန်သည်များအသုံးပြုကြသည်။

နောက်တစ်လမ်းမှာ တောင်ဘက်'ဟိမဝန္တာတောင်ကြောလမ်း'ဖြစ်ပြီး ဘာသာရေးအတွက် ဘုရားဖူးခရီးသွားများ အသုံးပြုသော လမ်းမကြီးပင် ဖြစ်သည်။

ထိုလမ်းမသွားလျှင် ဘာသာရေးအရ အထွတ်အမြတ်ထားကြသော ဧဝရက်တောင်ကြော၊ မနုသသရောဝကန်တော်၊ ကေလာသတောင်တော် စသည်တို့မှတစ်ဆင့် တရုတ်တို့၏ ဂန္ဓာရီပင်ရင်းဒေသကြီးဖြစ်သော 'ခွန်လွန်'တောင်ကြော ရောက်သည်အထိ ခရီးပေါက်ရောက်နိုင်ပေသည်။

တိဘက်ပြည်သည် အာရှတိုက်အလယ်ပိုင်း ဟိမဝန္တာနှင့် ကွန်းလွန်းတောင်တန်းကြီးများအကြား အနောက်ဖက် ကသ္မီရ ပြည်နယ်မှ အရှေ့ဖက် တရုတ်နိုင်ငံအထိ ရှည်လျားသော ကုန်းမြေမြင့်ပေါ်တွင် တည်ရှိသည်။

တောင်ဖက်တွင် အာသံ၊ ဘူတန်၊ ဆစ်ကင်နှင့် နီပေါပြည်တို့ရှိ၍ အနောက်ဖက်တွင် ကသ္မီရ၊ မြောက်ဖက်တွင် ဆင်ကျန်နယ်နှင့် အရှေ့ဖက်တွင် တရုတ်ပြည်နယ်များဖြစ်သော

ကိုကိုးနော် (ချင်ဟိုင်း)နှင့် ဆီကန်နယ်တို့ ရှိကြသည်။

တိဗက်ပြည်၏ အကျယ်အဝန်းမှာ (၄၇၀၀၀၀)စတုရန်းမိုင်ခန့်ဖြစ်သည်။ အရှေ့နှင့်အနောက် မိုင်ပေါင်း (၈၀၀)၊ တောင်နှင့်မြောက် မိုင်ပေါင်း (၆၀၀) ရှိလေသည်။

လူဦးရေ (၃)သန်းခန့်ရှိသည်။ တိဗက်ပြည်၏မြို့တော်မှာ လာဆာမြို့ဖြစ်သည်။

တိဗက်ပြည်သည် ပေပေါင်း (၁၆,၀၀၀)ကျော်မြင့်သော လွင်ပြင်များနှင့် ပေပေါင်း (၂၄,၀၀၀)ကျော်မြင့်သော တောင်တန်းများ ဖြတ်သန်းလျက်ရှိသည့် ကုန်းမြေမြင့်ကြီး တစ်ခုဖြစ်သည်။

ထိုဒေသသည် အိန္ဒုမြစ်၊ ဗြဟ္မပုတ္တရမြစ်၊ ယန်ဆီမြစ်၊ မဲခေါင်မြစ်နှင့် သံလွင်မြစ်ဟူသော အာရှတိုက်ရှိ မြစ်ကြီးများ မြစ်ဖျားခံရာအရပ်လည်း ဖြစ်သည်။

တိဗက်ပြည်သည် ဆီးနှင်းအစဉ်မပြတ်ကျ၍ ခြောက်သွေ့အေးမြသော တိုင်းပြည်ဖြစ်၏။ တိဗက်ပြည်မြောက်ပိုင်းသည် တောင်ပိုင်းထက်ပို၍ အအေးလွန်ကဲပြီး ခြောက်သွေ့သဖြင့် သစ်ပင်ဝါးပင် ရှားပါး၏။

အတွင်းကျသော ချိုင့်ဝှမ်းများ၌ ဆားငန်အိုင် များစွာရှိသည်။ တောင်ပိုင်းရှိ ချိုင့်ဝှမ်းအရပ်ဒေသများတွင် ထွန်ယက်စိုက်ပျိုးနိုင်သည်။

တိဗက်ပြည်တွင် မကြာခဏလိုပင် နှင်းများသည်းထန်စွာကျ၍ လေပြင်းတိုက်တတ်သည်။ ထိုအခါ နှင်းမုန်တိုင်းသဖွယ်





ဖြစ်တတ်သည်။

(၁၉၃၃)ခုနှစ်တွင် တိဗက်ပြည်၌ (၁၃)ဆက်မြောက် ဒလိုင်းလားမား ပြန်လွန်ခဲ့ပြီးနောက် အသက်(၅)နှစ်မျှသာရှိသေးသော ဒလိုင်းလားမားငယ်ကလေးကို တောရွာတစ်ရွာမှ တွေ့ရှိခဲ့သည်။

(၁၉၃၉)ခုနှစ်တွင် ထိုဒလိုင်းလားမားငယ်ကလေးကို တောရွာမှ လာဆာမြို့တော်သို့ ခေါ်ဆောင်ကာ (၁၉၄၀)ပြည့်နှစ် ဖေဖော်ဝါရီလတွင် ရင်ခွင်ပိုက်အဖွဲ့ဖြင့်အုပ်စိုးစေလျက် (၁၉၅၀) ပြည့်နှစ် နိုဝင်ဘာလ (၁၇)ရက်နေ့တွင် (၁၄)ဆက်မြောက် ဒလိုင်းလားမားအဖြစ် အာဏာအပြီးအပိုင် လွှဲအပ်ပေးလိုက်လေသည်။

(၁၉၅၀)ပြည့်နှစ် အောက်တိုဘာလတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရ၏တပ်များသည် တိဗက်ပြည်တွင်းသို့ ဝင်ရောက်လာလေသည်။

(၁၉၅၁)တွင် တိဗက်ပြည်နှင့် တရုတ်နိုင်ငံတို့ နှစ်ဦးသဘောတူစာချုပ်တစ်ရပ်ကို ပီကင်းမြို့တွင် ချုပ်ဆိုခဲ့သည်။

ဒေါက်တာမင်းထင်ကျော်တို့သွားရောက်ရန် ရည်စူးထားသော တိဗက်သည် တရုတ်လက်အောက်သို့ ကျရောက်နေသောအချိန်ဖြစ်သလို တရုတ်စစ်သားများဖြင့် ရှုတ်ထွေးနေသည့်အချိန်လည်း ဖြစ်ပေလိမ့်မည်။

သို့သော် အဆင်ပြေသည့်နည်းဖြင့် ရောက်အောင်သွားကြမည်ဟု ဆုံးဖြတ်ထားကြသည်။

"ကျွန်တော် အရင်တစ်ခေါက် ဘုရားဖူးသွားတဲ့ ခည့်သည်တွေကို လမ်းပြပေးဖို့အတွက် တစ်ခေါက်လိုက်သွားသေးတယ်၊ ဇဝရက်တောင်နဲ့ ကေလာသတောင်ဘက်သွားတဲ့ လမ်းမကြီးပေါ်မှာတော့ တရုတ်စစ်သားတွေ အများကြီးတွေ့ခဲ့ရတယ်"

ဟု ဒီပက ပြောပြသည်။

"သူတို့က ဘယ်လိုမျိုးဆိုရင် ဖမ်းသလဲ"

"ခရီးသွားလာတဲ့ အထောက်အထား စာရွက်စာတမ်းတွေ မပြည့်စုံရင်တော့ ဖမ်းဆီးစစ်ဆေးကြတာ တွေ့ရတယ်"

"အဲဒီနေရာတွေကို ရှောင်ပြီးသွားရင်ကော မရဘူးလား"

"သူတို့နဲ့မတွေ့အောင် ရှောင်သွားနိုင်တဲ့လမ်းတွေလည်း ရှိပါတယ်၊ ဒါပေမယ့် 'ကလီကန္တာကီမြစ်'ကမ်းရောက်ရင်တော့ မလွဲမသွေ တွေ့ရနိုင်တယ်"

"ဒီတော့လည်း ကြည့်လုပ်ရမှာပေါ့ကွာ"

ဟု ပြောဆိုပြီး ခရီးဆက်ရန်အတွက် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ကြလေသည်။

နောက်ရက်များမှာတော့ ဟိမဝန္တာတောင်ကြောပေါ်မှ မြောက်ဘက်မျက်နှာဘက်သို့ ဆင်းကြလေသည်။

၎င်းတို့ ဦးတည်ဆင်းသောလမ်းမှာ တောင်ပိုင်း၌ရှိသော ဟိမဝန္တာတောင်ကြောလမ်းရှိရာဘက်သို့ ဖြစ်သည်။

ထိုနေရာဘက်မှာတော့ တရုတ်စစ်သားများ မရှိပေ။

သို့သော် ရဟတ်ယာဉ်များကတော့ မကြာခဏ အပေါ်





မှဖြတ်ကာ ပျံသန်းသွားလေ့ရှိသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ရဟတ်ယာဉ်အသံများ ကြားရလျှင် တစ်နေရာ၌ ဝင်နေကြပြီး လွန်သွားတော့မှ ရှေ့သို့ခရီးဆက်ကြသည်။

အမှန်တော့ ထိုခရီးလမ်းမှာ လူသွားများသော အသုံးများသော လမ်းမျိုးမဟုတ်သဖြင့် မချောမွေ့ပေ။ ဖြတ်လမ်းအဖြစ် အသုံးပြုကြသည့် လမ်းများလည်း ဖြစ်နိုင်သည်။ တန်ပတို့ကတော့ ထိုလမ်းများမှ တစ်ခေါက်မက သွားခဲ့ဖူးကြသဖြင့် အမှားအယွင်းမရှိအောင် လမ်းပြပေးနိုင်ကြပေသည်။

တောင်ကြောပေါ်၌ နှစ်ညအိပ်ပြီးသော အခါမှာတော့ ဟိမဝန္တာတောင်ကြီး၏ မြောက်ဘက်မျက်နှာစာ တောင်ခြေဘက်သို့ ရောက်လာကြသည်။

ထိုတောင်ခြေမှာ တိဗက်နယ်နှင့်နီးသော နယ်နိမိတ်နယ်စပ်ဖြစ်ပြီး တရုတ်စစ်သားများလည်း ရှိကြသည်။

သို့ကြောင့် သူတို့ ရှိနိုင်သော နေရာများနှင့် ဝေးရာမှ သွားကြသည်။ နောက်သုံးရက်ခန့်ကြာတော့ တောလမ်းတစ်နေရာသို့ ရောက်သွားကြသည်။ ထိုလမ်းမှာ ဟိမဝန္တာတောင်ကြောလမ်းနှင့် နီးသောနေရာ၌ ရှိဟန်တူသည်။

လမ်းမကြီးပေါ်မှ ဖြတ်သွားသော မော်တော်ကားစက်သံများကို တစ်ခါတစ်ရံ ကြားရသည်။

"ဒီတောလမ်းက ဘာအတွက် သုံးတာလဲ"

"တရုတ်စစ်သားတွေနဲ့ မတွေ့ချင်တဲ့သူတွေကတော့ ဒီ

တောလမ်းမျိုးကပဲ သွားလေ့ရှိကြပါတယ်"

တန်ပစကားကြားတော့မှ သဘောပေါက်သွားကြတော့သည်။

သို့သော်လည်း ခရီးစဉ်က အေးအေးချမ်းချမ်းတော့ မရှိလှပေ။ ၎င်းတို့ တောလမ်းခရီးမှ သွားနေကြစဉ် နောက်ဘက်မှ တရုတ်ဘာသာစကားဖြင့် အော်ဟစ်ပြောဆိုနေသော ဆူဆူညံညံအသံများကို ကြားလာရသည်။

ထိုအသံများကြောင့် ရှေ့သို့ဆက်သွားရန် ပြင်သော်လည်း အခြေအနေက မကောင်းတော့ပေ၊ ရှေ့ဘက်မှလည်း ဆူဆူညံညံအသံများ ကြားရပြန်သည်။

သို့ကြောင့် ရပ်နေသောနေရာ၌ပင် ရပ်တံ့ပြီး အခြေအနေကို ကြည့်သည်။ သူတို့ကြည့်နေသော အချိန်မှာပင် အပေါ်မှ ခပ်နိမ့်နိမ့်ပျံသွားသော ရဟတ်ယာဉ်နှစ်စင်းကို သစ်ပင်များကြားမှ လှမ်းမြင်ရသည်။

"သူတို့ ဒီတောလမ်းက ဖြတ်သွားတဲ့လူတွေကို လိုက်ရှာနေကြတဲ့ပုံပဲ"

ထိုသို့ပြောနေစဉ် နောက်ဘက်မှ အသံများက တဖြည်းဖြည်း နီးလာသည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ဒေါက်တာမင်းထင်ကျော်က အနည်းငယ်စဉ်းစားပြီး ဖျပ်ခနဲဝင်လာသော အတွေးကြောင့် ချက်ချင်း ပြောလိုက်သည်။

"ဒီဘက်က ချိုးသွားရမယ်ထင်တယ်"





ထိုသို့ပြောပြီးနောက် ရှည်ရှည်ဝေးဝေး စဉ်းစားမနေကြတော့ပဲ ဒေါက်တာမင်းထင်ကျော် ညွှန်ပြသော လမ်းအတိုင်း သွားကြသည်။ သစ်တောသစ်ပင်များကြားမှ သွားရသော်လည်း သားနှစ်ကောင် ပါသေးသောကြောင့် ကျဉ်းသောလမ်းများမှ သွား၍ မရကြပေ။

သင့်တော်သော လမ်းများရွေးပြီး, သွားကြရသောကြောင့် ခရီးမတွင်လှပေ။ မူလသွားသောလမ်းနှင့် မဝေးလှသောကြောင့် တရုတ်စစ်သားများ၏ အသံကိုလည်း ကြားနေရသည်။

တောင်ကုန်းတစ်ခုပေါ်သို့ ရောက်သောအခါ ၎င်းတို့ ရောက်နေသော နေရာနှင့် မနီးမဝေးမှ စကားပြောသံများ ကြားလာရသည်။ သူတို့သွားမည့် ရှေ့တည့်တည့်တွင် တရုတ်စစ်သားများ ရှိနေကြပုံရသည်။

အချင်းချင်း အော်ဟစ်ပြောဆိုနေသော အသံများကို အတိုင်းသား ကြားနေရသည်။

"ဘယ်လိုလုပ်မလဲ၊ တခြားနေရာက ကွေ့သွားစရာလမ်းလည်း မရှိတော့ဘူး"

ဒေါက်တာမင်းထင်ကျော်က အသံမထွက်စေရန် အချက်ပြပြီး သစ်ပင်များကို အကာအကွယ်ယူ၍ အသံကြားရာဘက်သို့ သွားကြည့်သည်။ သူတို့ရောက်နေသော တောင်ကြောမှ ဖြတ်သွားရသော ထွက်လမ်းထိပ်တွင် တရုတ်စစ်သားများ ရှိနေကြသည်။

လမ်းမကြီးဘက်မှမလာပဲ တောလမ်းမှ ရှောင်လာသူများအား ဖမ်းဆီးစစ်ဆေးရန် စောင့်နေကြဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က ကျောက်တုံးနံဘေးမှ အခြေအနေကို စောင့်ကြည့်နေစဉ် တရုတ်စစ်သားတစ်ယောက်က သူရှိရာဘက်သို့ ဆင်းလာသည်။ နေရာချင်းက မဝေးလှသောကြောင့် ယခုအချိန်ရောက်တော့မှ ပြန်ထွက်ပြေးရန် မဖြစ်နိုင်တော့ပေ။

သို့ကြောင့် ကျောက်တုံးကြီး အောက်ချိုင့်ထဲသို့ လျှောဆင်းပြီး ကျောမှီထိုင်ကာ ငြိမ်နေရသည်။

ဆင်းလာသော စစ်သားက ကျောက်တုံးပေါ်ရောက်တော့ မတ်တပ်ရပ်ကာ အပေါ့အပါးသွားသည်။ ကျင်ငယ်ရေများက လာရောက်စင်သော်လည်း မလှုပ်ဝံ့ပဲ ငြိမ်နေရလေသည်။

နောက်တော့ စစ်သားက အပေါ်ပြန်တက်သွားသည်။ ဒီတော့မှ မိမိလူများရှိရာသို့ ပြန်လာပြီး အခြေအနေ ပြောပြရလေသည်။

"သူတို့က ထွက်လမ်းက ပိတ်စောင့်နေကြတယ်၊ ဘယ်လိုလုပ်မလဲ"

"တခြားက သွားစရာလမ်းမရှိဘူး၊ ဒီတော့ မှောင်သွားတဲ့အထိ ဒီကပဲစောင့်ကြတာပေါ့၊ ညဥ့်နက်သွားရင် အခြေအနေပြောင်းချင်ပြောင်းသွားနိုင်တယ်၊ ဒီတော့မှ အခြေအနေကြည့်ပြီး ဆက်လုပ်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ပြီး ထိုနေရာမှာပင် နေကြလေသည်။





အချိန်က ညနေပိုင်းအချိန် ကျော်လာပြီဖြစ်သောကြောင့် အမှောင်ရိပ်များ ဖုံးလွှမ်းလာသည်။ နှင်းမှုံနှင်းစက်များကျလာပြီး အအေးဓါတ်က စတင်လာသည်။

သို့သော် ဒီအတိုင်းပင် ငြိမ်နေကြရလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ထွက်လမ်းပေါက်မှ ပိတ်စောင့်နေကြသည့် တရုတ်စစ်သားများ၏ စကားပြောသံ၊ ရယ်မောသံများကို ကြားနေရသေးသော်လည်း အဝေးပြေးလမ်းမကြီးပေါ်မှာတော့ လူသံများ၊ ဖြတ်သွားသော ကားစက်သံများ၊ ကြားရသလောက် နည်းသွားလေတော့သည်။

ထိုအချိန်ရောက်တော့မှ သူတို့လာသည့်လမ်းအတိုင်း လူသုံးယောက်လာနေကြသည်ကို လှမ်းမြင်ကြရသည်။

တရုတ်စစ်သားများတော့ မဟုတ်ပေ။

အနားရောက်လာတော့မှ ခရီးသွားများ ဖြစ်မှန်းသိကြရသည်။ ယောကျ်ားကြီးနှစ်ယောက်နှင့် အမျိုးသမီး တစ်ယောက်တို့ ဖြစ်ကြသည်။ ထူထဲသောအဝတ်များကို ဝတ်ဆင်ထားကြပြီး ဦးခေါင်း၌ ခေါင်းစွပ်များက မျက်နှာတစ်ဝက်လောက်အထိ ဖုံးသားသောကြောင့် မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရပေ။

ဒေါက်တာမင်းထင်ကျော်တို့ ရှိသောနေရာရောက်တော့ ရပ်လိုက်ကြသည်။ သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က နေရာမှထသွားပြီး မေးလိုက်သည်။

"ဘယ်သွားကြမှာပါလဲ"

"ဘုရားဖူး ခရီးထွက်ခဲ့ကြတာပါပဲ၊ လမ်းမပေါ်မှာ တ

ရှုတ်စစ်သားတွေ ရှိနေလို့ ဒီတောလမ်းက လာကြတာပါ"

ရှေ့မှဦးဆောင်လာသော အဘိုးကြီးက ပြန်ပြောသည်။

"ဒီလမ်းရဲ့ ထွက်ပေါက်မှာလည်း သူတို့ ရှိနေကြသေးတယ်"

"ကိစ္စမရှိပါဘူး၊ ဒီလိုပဲ ပြောဆိုသွားရင် ရပါတယ်၊ ဒါထက် မောင်ရင်တို့ကရော ဘယ်အထိ သွားကြမှာလဲ"

"ဒိုလပိုတောင်အထိ ရောက်အောင် သွားကြမှာပါ"

"ခရီးက အတော်ဝေးသေးသကိုး၊ ဒါထက် ဒီမှာ စခန်းချနေကြတာလား"

"မဟုတ်ပါဘူး၊ တရုတ်စစ်သားတွေ ရှိနေသေးလို့ စောင့်နေကြတာပါ"

"ဒီလိုဆိုရင် ကျုပ်တို့သွားပြီး မကြာခင်မှာ လိုက်ခဲ့ကြပေါ့၊ သူတို့နဲ့တွေ့တော့လည်း အဆင်ပြေအောင် ပြောထားခဲ့ပါ့မယ်"

ထိုသို့ပြောဆိုပြီး ခရီးသွားသုံးယောက်က သူတို့ကို နှုတ်ဆက်ပြီးနောက် ရှေ့သို့ဆက်သွားကြသည်။

ထိုအချိန်အထိတော့ တရုတ်စစ်သားများ၏ စကားပြောသံများကို ကြားနေရသေးသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ နောက်ထပ်ဘာသံများ ကြားရလေမလဲဟု နားစွင့်ကြည့်နေသည်။ အတော်ကြာသည်အထိတော့ ထူးထူးခြားခြား ဆူဆူညံညံ အသံမျိုး မကြားရပေ။

နောက်တော့ တရုတ်စစ်သားများ အချင်းချင်း ပြောဆို





နေကြသည့် စကားပြောသံများဖြင့် တိတ်ဆိတ်ငြိမ်သက်သွားသဖြင့် အံ့ဩသွားသည်။

နောက်တော့ ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် ထိုနေရာသို့ အခြေအနေ သွားကြည့်သည်။

မူလလမ်းပေါက်ဝနေရာမှာ တရုတ်စစ်သားများ ရှိနေကြသေးသည်။ သို့သော် သစ်တုံးများ ချထားသကဲ့သို့ ငြိမ်သက်၍ အိပ်ပျော်နေကြပြီဖြစ်သည်။

ထိုနေရာနှင့် မနီးမဝေးရောက်သည်အထိ တိုးကပ်သွားကာ ကြည့်တော့လည်း အားလုံး နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် မိမိတို့ လူများရှိရာသို့ ချက်ချင်းပြန်လာပြီး အခြေအနေ ပြောပြလိုက်သည်။

ပထမတော့ မယုံကြပေ။

"ဒီအချိန်က ငါတို့အတွက် အခွင့်အရေးကောင်းပဲ သွားကြမယ်"

ဟုပြောဆိုပြီး ထိုနေရာမှ ဆက်ထွက်လာကြလေသည်။

ထိုအချိန်ထိတော့ အားလုံး၏ရင်ထဲမှာ စိုးရိမ်သောကများ ရှိနေကြသေးသည်။


သို့သော်လည်း အိပ်မောကျနေပြီဖြစ်သော တရုတ်စစ်သားများအနီးသို့ ရောက်လာသည်အထိ ထူးခြားမှု မရှိကြပဲ ငြိမ်သက်နေသည်ကို တွေ့ရတော့မှ စိတ်ချလက်ချ ဖြတ်ကျော်လာကြသည်။ ထိုနေရာမှ ကျော်လာတော့ မူလလမ်းမကြီးပေါ်သို့ ပြန်ရောက်လာကြသည်။

အဝေးပြေး လမ်းမကြီးပေါ်မှာတော့ လူအသွားအလာ ကားအသွားအလာ မတွေ့ရသလောက် ရှင်းလင်းနေသည်။

သို့သော် နှင်းများကတော့ ထူထပ်စွာ ကျဆင်းလျက် ရှိနေပေပြီ။

ဒေါက်တာမင်းထင်ကျော်တို့အတွက်ကတော့ ပထမ တွေ့ရသော အခက်အခဲတစ်ခုကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြပြီ ဖြစ်ပေ၏။





တိဗက် လာဆာမြို့တော်ရှိ ဒလိုင်းလာမာစံကျောင်းတော်





# အခန်း (၈)
# ကလိကန္တာကီမြစ်သို့ ရောက်ကြခြင်း

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ လမ်းတစ်လျှောက်လုံး အခက်အခဲအမျိုးမျိုးနှင့် တွေ့ကြုံကြရသော်လည်း ကျော်ဖြတ်သွားနိုင်ခဲ့ကြသည်။ အများအားဖြင့်တော့ လမ်းတစ်လျှောက်လုံး ရင်းတို့အပါအဝင် ဘုရားဖူးသွားလာနေကြသည့် ဧည့်သည်များကို အနှောက်အယှက် အပေးဆုံးမှာ တရုတ်စစ်သားများပင် ဖြစ်ကြသည်။

☺ အောင်မြင်စာပေ ☺

ဂုဏ်းတို့သည် တိဗက်နယ်ကို သိမ်းပြီးစအချိန်ဖြစ်သဖြင့် တွေ့သမျှလူများကို မယုံသင်္ကာစိတ်ဖြင့် ဖမ်းဆီးစစ်ဆေးနေကြခြင်းဖြစ်ပေသည်။

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်တို့မှာ ဥပါယ်တမျဉ်ဖြင့် လက်တစ်လုံးခြား ကျော်ဖြတ်သွားနိုင်ကြပေသည်။

လမ်းမကြီးတစ်လျှောက်မှာတော့ နောက်ထပ်စစ်ဆေးရေးဂိတ်များနှင့် မတွေ့ရတော့ပေ။

စစ်ဆေးရေးဂိတ်များမှာ အဝင်တစ်နေရာနှင့် အထွက်တစ်နေရာ၌သာ ရရှိဟန်တူပေသည်။

လမ်းတစ်နေရာရောက်တော့ ဇရပ်တစ်ဆောင်မှာ ဝင်ရောက်စခန်းချကြသည်။ ဟိမဝန္တာတောင်ကြောလမ်းမကြီး တစ်လျှောက်တွင် ဘုရားဖူးသွားလာကြသောဧည့်သည်များ ဝင်ရောက်တည်းခိုနိုင်ရန် စေတနာရှင်များက ဇရပ်ကြီးများ ဆောက်လုပ်လှူဒါန်းထားကြလေသည်။

ဇရပ်ပေါ်တွင် စခန်းချတော့ ညအချိန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့မှာ လက်ဖက်ရည်သောက်ရင်း စကားပြောနေကြစဉ် ဒေါက်တာမင်းထင်ကျော်က သိချင်နေသောအချက်ကို ပြောပြသည်။

"လမ်းမှာ တွေ့ခဲ့ရတဲ့ အတွေ့အကြုံကတော့ ဒုံဩစရာပဲ၊ တောလမ်းမှာ လူသုံးယောက်ဖြတ်သွားပြီး သိပ်မကြာခင်မှာပဲ တရုတ်စစ်သားတွေအားလုံး ဘာကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြသလဲဆိုတာ သဘောမပေါက်သေးဘူး ဖြစ်နေ





ဘယ်"

"မောင်ထင်ကျော်က ဘယ်လိုများ ထင်နေလို့လဲ"

"သာမန်မဟုတ်ဘူးဆိုတာတော့ စိတ်ထဲက သိပါတယ်၊ ဒါပေမယ့် တိတိကျကျတော့ မဟုတ်ဘူးပေါ့"

"သာမန်တော့ ဘယ်ဟုတ်ပါ့မလဲ မောင်ထင်ကျော်ရယ်၊ ကျုပ်တို့ကို အကူအညီပေးဖို့ ရောက်လာကြတာ ဖြစ်မှာပေါ့"

"ဘယ်သူတွေ ဖြစ်မလဲ"

"ရှမ်ဗဲလား စေတမန်တွေ ဖြစ်နိုင်တာပေါ့"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ရှမ်ဗဲလားမှာရှိတဲ့ သူတော်စင်တွေက လောကကြီးတစ်ခုလုံးကို စောင့်ကြည့်နေပြီး ကူညီပေးသင့်တဲ့သူတွေ သူတော်ကောင်းတွေ ဒုက္ခရောက်နေရင် စေတမန်ကိုလွှတ်ပြီး အကူအညီ ပေးကြလေ့ရှိတယ်"

"မှန်ပါတယ်"

"နောက်တစ်ခုက သူတို့ လာစေချင်သူတွေ ရှမ်ဗဲလားဒေသကို ရောက်သင့်တဲ့သူတွေကိုလည်း ရှမ်ဗဲလား စေတမန်တွေလွှတ်ပြီး ခေါ်ယူလေ့ရှိတယ်၊ ဒီနေရာတွေက သာမန်နေရာတွေ မဟုတ်ဘူး၊ ရှမ်ဗဲလားဒေသနဲ့နီးတဲ့ ဂမ္ဘီရဆန်တဲ့ နေရာတွေဖြစ်တယ်၊ ဒါကြောင့် သတိမလစ်စေဘဲ မေတ္တာစိတ်နဲ့ နေကြဖို့လိုတယ်၊ မေတ္တာဆက်ကွင်းချင်း ဆက်မိမှ သူတို့နဲ့ အဆက်အသွယ် ရလိမ့်မယ်"

ဟု ပြောပြလေသည်။

"မေတ္တာစက်ကွင်းဆိုတာ မေတ္တာဓါတ် ပို့လွှတ်ပေးခြင်းကိုပဲ ပြောတာမဟုတ်လား"

"ဟုတ်ပါတယ်၊ ပြုလုပ်ခါစတော့ သာမန်ပါပဲ၊ ဒါပေမယ့် ပြုလုပ်ပါများလာတဲ့အခါ မိမိကိုယ်ခန္ဓာက ထွက်နေတဲ့ အရောင်အဝါတွေမှာ မေတ္တာစက်ကွင်းတွေ ပေါ်လာတယ်၊ ရှမ်ဗဲလားမှာရှိနေကြတဲ့ သူတော်စင်တွေက လူတွေကိုမကြည့်ဘူး၊ ကိုယ်ခန္ဓာကထွက်တဲ့ မေတ္တာစက်ကွင်းတွေကိုပဲကြည့်တယ်၊ လူဆိုတဲ့ ရုပ်ခံန္ဓာထက် မေတ္တာစက်ကွင်းတွေကိုပဲ အလေးထားတယ်"

ဒေါက်တာမင်းထင်ကျော်အနေဖြင့် ထိုအကြောင်းများဖြင့် မစိမ်းလှသော်လည်း ထပ်မေးလိုက်သည်။

"သူတို့နဲ့ အဆက်အသွယ်ရဖို့ဆိုရင် ဘယ်လိုလုပ်ရမလဲ"

"သူတော်စင်တွေက အချိန်နဲ့အမျှ လောကတစ်ခုလုံးကို မေတ္တာဓါတ်တွေ ဖြန့်ဝေပေးထားတယ်၊ ဥပမာ ပြောရရင်တော့ ပင်မဓါတ်အားပေးစက်ရုံက လျှပ်စစ်ဓါတ် လွှတ်ပေးထားသလိုမျိုးပေါ့၊ အဲဒီကြိုးနဲ့ ဆက်သွယ်မိရင် မီးလင်းတယ်၊ မချိတ်မိရင်တော့ မှောင်နေတာမျိုးပေါ့"

"သူတို့ရဲ့ မေတ္တာဓါတ်နဲ့ ချိတ်မိဖို့က လွယ်ပါ့မလား၊ တစ်လောကလုံးမှာ အတော်များများက မေတ္တာပို့လွှတ်ခြင်းတွေ အသုံးပြုနေကြတာ မဟုတ်လား"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ မောင်ထင်ကျော်ရယ်၊ ပင်ဂွင်းငှက်တွေ အများကြီးထဲမှာ ဘယ်ဟာသူ့သားငယ်ဖြစ်





ဘယ်ဆိုတာကို ပင်ဂွင်းငှက်မကြီးက ရွေးချယ်နိုင်ပါတယ်၊ အဲဒါ မျက်စိနဲ့ကြည့်ပြီး လိုက်ရွေးနေတာမဟုတ်ဘူး၊ အကောင်အရွယ်အစား ပုံသဏ္ဌာန်ချင်းတူနေတဲ့ ပင်ဂွင်းငှက် အများကြီးတွေထဲမှာ မျက်စိနဲ့ရွေးလို့ ဘယ်ရပါ့မလဲ၊ မိခင်ရဲ့ မေတ္တာဓါတ်နဲ့ ဆက်သွယ်ပြီး ရွေးလို့သာ သူ့သားကို ရွေးလို့ရတာမျိုးပေါ့၊ ရှမ်ဗဲလားက ပို့လွှတ်ထားတဲ့ မေတ္တာစက်ကွင်းတွေနဲ့ ထိတွေ့မိအောင် ချိတ်မိအောင် ကိုယ့်ဘက်က ကြိုးစားနိုင်ရင် အခုလိုပဲ အခက်အခဲတွေနဲ့ တွေ့တဲ့အခါ အကူအညီပေးတဲ့သူမျိုးတွေနဲ့ တွေ့ရလေ့ရှိပါတယ်"

ဟု ပြောပြလေသည်။

ထိုညက လေမိုးလုံသော ဇရပ်ကြီးပေါ်၌ အနွေးထက်အယှက်ကင်းစွာ အိပ်စက်အနားယူကြရသည်။

နံနက်ပိုင်း အရုဏ်တက်ချိန်ရောက်တော့ နားထဲမှာ အသံများကြားရသဖြင့် ပြန်နိုးလာကြသည်။နားစွင့်ကြည့်တော့ ဘုရားစာ တရားစာများ သံပြိုင်ရွတ်ဆိုခြင်း၊ မေတ္တာပို့ပေးနေသော အသံများပင် ဖြစ်ပေသည်။

ထိုအသံများကြောင့် အားလုံးနိုးလာကြပြီး ပါရှားအလုပ်သမားများကတော့ မီးမွှေးပြီး နံနက်စာအတွက် ပြင်ဆင်နေကြလေသည်။

အသံများက တဖြည်းဖြည်းနီးလာသဖြင့် ကြည့်လိုက်တော့ တန်းစီပြီး လျှောက်လာသော လူအုပ်ကြီးကို တွေ့ရလေသည်။ ဧင်းတို့မှာ ဘုရားဖူးများ ဖြစ်ကြပြီး ဝါးလုံးရှည်များထိပ်

တွင် အလံများတပ်ဆင်ထားသောကြောင့် လေတိုက်သောအခါ တဖျပ်ဖျပ်နှင့် လွင့်နေကြသည်။

ထိုအလံများက မေတ္တာပို့သခြင်းကို သင်္ကေတပြုသော အလံများပင် ဖြစ်ကြသည်။ လေတိုက်သောအခါ အလံများက အဆက်မပြတ် လှုပ်ယမ်းနေခြင်းမှာ ၎င်းတို့ ပို့လွှတ်နေသော မေတ္တာဓါတ်များလည်း အဆက်မပြတ် ထွက်ပေါ်နေသော အဓိပ္ပါယ်မျိုး ဖြစ်သည်။

ထိုဓလေ့မှာ တိဗက်နယ်တွင် နှစ်ပေါင်းများစွာကတည်းက အသုံးပြုခဲ့သော မေတ္တာပို့လွှတ်နည်းပင်ဖြစ်၏။

အဖြူရောင် အလံများပေါ်တွင် အသုံးပြုသော ဘာသာအလိုက် "လူသားတွေအားလုံး မေတ္တာမြဲ၍ လုံပါစေ. . ." ဟူသော အဓိပ္ပါယ်ရှိသည့်စာများ ရေးသားထားသည်။

နံနက်စောစော နှင်းမကွဲခင် အချိန်မှာပင် အဝေးပြေး လမ်းမကြီး တစ်လျှောက်တွင် မေတ္တာပို့ပေးသောအလံများ ကိုင်ဆောင်ကာ လျှောက်သွားနေကြသော လူအုပ်စုများကို တွေ့ရသည်။ အသံများကိုလည်း အဆက်မပြတ် ကြားနေရသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ထိုအဖွဲ့များနှင့် ရောနှောလိုက်သွားရန် ပြင်ဆင်ကြသည်။ သို့ကြောင့် ပါရှားများ စီစဉ်ပေးသော နံနက်စာကို ဖြစ်သလိုစားပြီး ပစ္စည်းများကို သိမ်းဆည်းပြီး ဘုရားဖူးအဖွဲ့များနှင့် ရောနှောကာ လိုက်သွားကြလေသည်။

နံနက်ပိုင်းအချိန်ရောက်တော့ တဖြည်းဖြည်း နှင်းကွဲ





သွားပြီး အလင်းရောင် ရလာသည်။ ထိုအခါမှ လမ်းမကြီး တစ်လျှောက်တွင် ကိုယ့်အဖွဲ့နှင့်ကိုယ် သွားလာနေကြသည့် ဘုရားဖူးအဖွဲ့များအား တွေ့ရလေသည်။

နေရောင်ခြည်ထွက်လာသောအခါ အဝေးပတ်ဝန်းကျင်မှ လှပသောမြင်ကွင်းများကို လှမ်းမြင်ကြရသည်။

ဘုရားဖူးအဖွဲ့ အတော်များများမှာ မနသသရောဝရေကန်တော်နှင့် ကေလာသတောင်တော်ရှိရာဘက်သို့ ဦးတည်ပြီး သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်နေသောနေရာမှ မျှော်ကြည့်လျှင် အရှေ့ဦးရောင်ခြည်များနောက်ခံနှင့် ကေလာသတောင်တော်ကို လှမ်းမြင်ရသည်။

သူတို့ရောက်နေသော နေရာဘက်မှ 'လှမ်းကြည့်လျှင် ကေလာသတောင်တော်၏ မြင်ကွင်းမှာ ပိရမစ်ကဲ့သို့ ပုံသဏ္ဍာန်မျိုးဖြင့် တွေ့ကြရသည်။ အရှေ့ဦး ဆည်းဆာရောင်များ နောက်ခံထားပြီး မြင်တွေ့ရသော ကေလာသတောင်တော်၏ မြင်ကွင်းမှာ အံ့ဩစိတ်ကို တမူထူးခြားမှုဖြစ်စေသည်။

တစ်နေရာရောက်တော့ လမ်းခွဲတစ်ခုကို တွေ့ရသည်။ အရှေ့ဘက်သို့ သွားသောလမ်းမှာ ကေလာသတောင်တော်နှင့် မနသသရောဝ ရေကန်တော်သို့ ရောက်နိုင်သောလမ်းဖြစ်သောကြောင့် ဘုရားဖူးအဖွဲ့များက ထိုလမ်းအတိုင်းပင် သွားကြလေသည်။

နောက်တစ်လမ်းက မြောက်ဘက်သို့ ဦးတည်သွား

သောလမ်းဖြစ်ပြီး ကလိကန္တာကီ မြစ်ကမ်းဘက်သို့ရောက်နိုင်သော လမ်းခွဲဖြစ်သည်။

"ကျွန်တော်တို့က ဒီလမ်းခွဲ သွားကြရမယ်၊ ဒီလမ်းက သွားရင် ကလိကန္တာကီ မြစ်ကမ်းကိုရောက်တယ်"

ဟု တန်ပက ပြောသဖြင့် ထိုလမ်းအတိုင်းပင် ရှေ့ဆက်သွားကြလေသည်။ တကယ်တော့ ထိုလမ်းမှာ ဘုရားဖူးများ အသွားအလာများသောလမ်းတော့ မဟုတ်ပေ။ သို့ကြောင့် လမ်းတစ်လျှောက်လုံး လူသွားလူလာ မတွေ့ရသလောက် နည်းပါးလှသည်။

တရုတ်စစ်သားများလည်း ထိုနေရာဘက်တွင် မတွေ့ရသဖြင့် စိတ်သက်သာမှု ရကြသည်။

ထိုနေရာရောက်တော့ ဇရပ်ဟောင်းတစ်ဆောင် တွေ့ရသဖြင့် ဝင်ရောက်နားရင်း အခြေအနေ စုံစမ်းကြည့်ရသည်။

ဇရပ်မှာ 'ပေါက်ခိုး'ဇရပ်ဖြစ်ကြောင်း နောင်တွင် သိကြရသည်။

ဇရပ်ပေါ်တွင် ချက်ပြုတ်စားသောက်ရင်း နားနေကြစဉ် နေဝင်ချိန်ရောက်တော့ မြစ်ကမ်းဘက်မှ လူအချို့ တက်လာကြသည်။ ယောကျ်ားမိန်းမ ဆယ်ယောက်ခန့်ဖြစ်ပြီး ၎င်းတို့ထဲတွင် အထုပ်အပိုးများလည်း ပါကြသည်။

ဘုရားဖူးအဖွဲ့ ဖြစ်ဟန်ရှိပြီး ဇရပ်ရှိရာ ရောက်လာတော့ ဝင်ရောက်နားကြလေသည်။

"ဘယ်အရပ်ဒေသက လာကြတာလဲ"





"ဟိမဝန္တာတောင်ရဲ့ ဟိုဘက်တောင်ပိုင်းဒေသဘက်က လာကြတာပါ"

"အဝေးကြီးပါလား"

"ခင်ဗျားတို့ကရော ဘယ်အရပ်ကပါလဲ"

"နီပေါဘက်ကပါ၊ ဒီကသွားရင် မဝေးလှပါဘူး"

ခေါင်းဆောင်ဖြစ်ဟန်တူသော အဘိုးကြီးကပင် ဝင်ပြောပြသည်။ ဦးဇန်ဂေါင်းက ပါလာသောကွမ်းကိုပေး၍ သိချင်သောအကြောင်းများကို မေးမြန်းစုံစမ်းကြည့်သည်။

"ဘယ်အထိ သွားကြတာလဲ"

"ဒိုလပိုတောင်ထိပ်က ကျောင်းတော်ကြီးကို သွားကြတာပါ"

"အတော်ဝေးသေးသလား"

"မြစ်ရဲ့ဟိုဘက်ကမ်းရောက်ရင် တောင်ကို အဝေးက မြင်ရပါတယ်၊ တောင်ပေါ်ရောက်တော့ ဖြေးဖြေးတက်ကြပေါ့"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် လမ်းမှာရော တရုတ်စစ်သားတွေနဲ့ တွေ့ရသေးသလား"

"သူတို့ကတော့ နေရာအနှံ့မှာ ရှိနေကြတာပေါ့၊ စိတ်မထင်ရင် ရဟတ်ယာဉ်တွေနဲ့ လိုက်ဖမ်းကြတာမျိုးတောင် ရှိကြတယ်"

"ဒါထက် မြစ်ကရော ကူးဖို့ အဆင်ပြေပါ့မလား"

"နေ့ဘက်ဆိုရင်တော့ ပို့ပေးတဲ့ ကူးတို့လှေရှိတယ်၊ ညဘက်တော့ မရှိဘူး၊ နောင်ကြီးတို့ စိတ်ပူရမှာက ကမ်းခြေရောက်

ဓအောင် ဆင်းကြဖို့ပဲ"

"ဘယ်လိုအခက်အခဲတွေရှိသလဲ၊ တဆိတ်လောက် ပြောပြပေးပါ"

ခေါင်းဆောင်အဘိုးကြီးက ဦးဇန်ကောင်းပေးသော ကွမ်းယာကို ပါးစပ်တွင်ထိုးထည့်ပြီးမှ စကားပြန်ဆက်လေသည်။

"ဒီကနေသွားရင်တောင်ကြားလမ်းတစ်ခု တွေ့ရလိမ့်မယ်၊ အဲဒါ မြစ်ကမ်းကိုဆင်းတဲ့ တချိုခုတည်းသော လမ်းပေါက်ပဲ၊ အဲဒီအပေါက်ဝမှာ တရုတ်စစ်သားတွေစောင့်တဲ့ စစ်ဆေးရေးဂိတ်ရှိတယ်"

"ဘယ်လိုကျော်သွားရသလဲ"

"ခရီးသွားလာတဲ့ ခွင့်ပြုချက် စာရွက်စာတမ်းတွေ ပြည့်စုံအောင် ပြနိုင်ရင်တော့ နောင်ကြီးတို့အတွက် ပြဿနာ မရှိပါဘူး၊ တကယ်လို့ မပြနိုင်ရင်တော့ ပြဿနာရှိနိုင်တယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ. . ၊ တခြားနေရာကရော ရှောင်သွားလို့ မရနိုင်ဘူးလား"

"ဒီတောင်ကြားလမ်းက မသွားပဲ၊ တောင်ကြောပေါ်က တက်ပြီး ခက်ခက်ခဲခဲ သွားမယ်ဆိုရင်တော့ စစ်ဆေးရေးဂိတ်ကို ကျော်သွားနိုင်ပါတယ်၊ ဒါပေမယ့် ညဘက်မှာ ကူးတို့လှေ မရှိဘူး၊ ကူးတို့လှေက နေအတော်မြင့်တော့မှ တဘက်ကမ်းက ကူးလာကြတယ်၊ ဟိုဘက်ကမ်းကို ညတွင်းချင်း မကူးနိုင်ဘူးဆိုရင်တော့ မနက်လင်းတာနဲ့ တရုတ်စစ်သားတွေက မြင်မှာပဲ အဲဒီလိုဆိုရင် နောင်ကြီးတို့အတွက် သိပ်မကောင်းဘူး"





ဟု ပြောပြလေသည်။

နောက်တော့ ၎င်းတို့လည်း အစားအသောက်များ ဝိုင်း ...ားနေကြရာ စကားမဆက်ဖြစ်တော့ပေ။

ထိုအခြေအနေကို သိကြရပြီး နောက်မှာတော့ ဒေါက် ...ာမင်းထင်ကျော်တို့လည်း မိမိတို့ အချင်းချင်း တိုင်ပင်ကြရ ...ေတော့သည်။

"ဒီတောင်ကြားကိုတော့ မလွဲမသွေ ဖြတ်ရမှာပဲ၊ မနက် ...င်းမှ ဖြတ်ရင်လည်း တရုတ်စစ်သားတွေနဲ့ တွေ့ရမှာပဲ"

"ဒီတော့ ဆရာက ဘယ်လိုစီစဉ်ချင်သလဲ"

တန်ပက မေးသည်။

"ငါ့သဘောကတော့ ဒီညပဲ ကမ်းရောက်အောင် ဖြစ်တဲ့ ...နည်းနဲ့ ဆင်းချင်တယ်၊ မြစ်ကမ်းရောက်တော့ အခြေအနေ ကြည့်လုပ်ကြတာပေါ့"

"သဘောပဲလေ၊ ကျွန်တော်တို့ကလည်း ဒီအစီအစဉ်ကို ...သဘောကျပါတယ်"

ထို့နောက်မှာတော့ စားသောက်ပြီး တစ်ရေးတစ်မော အိပ်ကြသည်။ ဇရပ်ပေါ်တွင် ရောက်နေကြသည့် ...ခြားအဖွဲ့ ...ကလည်း စားသောက်ပြီးသည်နှင့် အိပ်ကြလေ...

ဒေါက်တာမင်းထင်ကျော်ကတော့ ...မအိပ် ...သေးပဲ ရှမ်းဝဲလားသို့ ရည်မှန်းကာ မေတ္တာပို့သ...လုပ်များ လုပ်နေရာ အတော်ညဉ့်နက်မှ အိပ်ပျော်သွားလေ...သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။

တစ်စုံတစ်ယောက်က လာနှိုးလိုက်သကဲ့သို့ ရှိသဖြင့် ပြန်နိုးလာ
သည်။ လက်မှနာရီကြည့်တော့ နံနက်(၃)နာရီခန့် ရှိနေပြီ ဖြစ်

မကြာခင် အရုဏ်တက်လာတော့မည်။

နေရာမှထပြီး ကြည့်လိုက်တော့ ပတ်ဝန်းကျင်တစ်ခုလုံး
နှင်းများ ဖိတ်ဆီးနေသဖြင့် ပတ်ဝန်းကျင်ကိုပင် မမြင်ရပေ။

ဇရပ်ပေါ်မှာတော့ သူတို့အဖွဲ့သာ ကျန်ခဲ့တော့ပြီ
ညဦးပိုင်းကရောက်လာသော ခရီးသွားအဖွဲ့တော့ မရှိတော့ပေ

ဘာဘယ်အချိန်က ထသွားကြမှန်းပင် မသိလိုက်ကြပေ

နောက်တော့ ကျန်အဖွဲ့သားများပါ နိုးလာကြသဖြင့်
မိုးမလင်းခင် မြစ်ကမ်းဘက်ဆင်းရန် ပြင်ဆင်ကြသည်။

"သူတို့ သွားကြပြီလား"

ဦးဗန်ကောင်းက မေးသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"တစ်နေရာမှာတော့ ပြန်တွေ့ရင် တွေ့ကြရဦးမှာပါ"
ဟု မှတ်ချက်ချသည်။

ထို့နောက် ပစ္စည်းများကို သိမ်းဆည်းပြီး မြစ်ကမ်းဘက်
သို့ ဆင်းကြသည်။

အရုဏ်မတက်သေးသည်ကတစ်ကြောင်း၊ ပတ်ဝန်း
ကျင်မှာ နှင်းများဖိတ်နေသောကြောင့် သူတို့အတွက်တော့ အခွင့်
အရေး သာနေလေသည်။

သူတို့သွားသောလမ်းမှာ သာမန်အသုံးပြုနေသော
တောင်ကြားလမ်းနှင့် အနည်းငယ်ဝေးသော တောများအတွင်းမှ
သွားရသော လမ်းဖြစ်သည်။ ထိုနေရာများမှာ လူသုံးနည်းသော





ကြောင့် လမ်းဟူ၍ သီးခြားမရှိသောကြောင့် အဆင်ပြေသော
နေရာမှပင် သွားကြရသည်။

နံနက် (၄)နာရီခန့်ရောက်တော့ သစ်တောမှထွက်ပြီး
မြစ်ကမ်းဘက်သို့ ရောက်သွားကြသည်။

ကမ်းစပ်နှင့် သူတို့ရောက်နေသော နေရာကြားတွင်
သောင်ပြင်ကြီးရှိသည်။ အတော်ပင်ကျယ်သည်။

လောလောဆယ်တော့ သောင်ပြင်တစ်လျှောက်မှာ
မြူနှင်းများ ဖိတ်နေသောကြောင့် ဝါးတစ်ပြန်နှစ်ပြန်လောက်ပင်
မမြင်ရပေ။

"ဘယ်လိုလုပ်မလဲ မောင်ထင်ကျော်၊ ကမ်းစပ်ရောက်
အောင် ဆင်းမလား"

"ကမ်းစပ်ဆင်းလိုက်ရင် တရုတ်စစ်သားတွေ လှမ်း
မြင်သွားရင် ခက်မယ်၊ ဒီတောစပ်မှာနေပြီး အခြေအနေ စောင့်
ကြည့်ရင် မကောင်းဘူးလား"

"ဒါလည်း ကောင်းတာပဲ၊ ကူးတို့လှေရဖို့က အရေးကြီး
တယ်"

ထိုသို့ပြောကာ ကမ်းစပ်ရှိ သစ်တောများအတွင်း၌ပင်
နေကြသည်။

နံနက် (၄)နာရီလောက်ရောက်တော့ မြစ်ကမ်းဘက်မှ
လူသံလှော်သံများ ကြားလာရသည်။ တစ်ဖက်ကမ်းမှ ကူးလာ
သော ကူးတို့လှေများဖြစ်သည်။

ကာလီကန္ဒာကီမြစ်၊ (KaliGandaki)မှာ အတော်ကျယ်

ဝန်းသော မြစ်ဖြစ်သည်။ သို့သော် ရေစီးသန်သော မြစ်မျိုးတော့ မဟုတ်ပေ။ မြစ်တွင်းမှာ မြူနှင်းများ ပိတ်ဆီးနေသောကြောင့် တစ်ဖက်ကမ်းကို လှမ်းမမြင်ရပေ။

ထို့အတူ မြစ်ထဲမှာ သွားလာနေသော ကူးတို့လှေများကို လည်း သဲသဲကွဲကွဲ မမြင်ရပေ။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က အခြေအနေ လှေလာကြည့်ရန်အတွက် တစ်ယောက်တည်း ကမ်းစပ်သို့ ဆင်း လာလေသည်။

သောင်ပြင်ပေါ် ရောက်တော့မှ သူတို့ ရောက်နေသော နေရာနှင့် မဝေးလှသော နေရာ၌ရှိသည့် စစ်ဆေးရေးဂိတ်မှ မီးရောင်များကို မှုန်ဝါးဝါး လှမ်းမြင်ရသည်။

ရေစပ်နားရောက်တော့ တစ်ဘက်ကမ်းမှကူးလာသော လှေတစ်စင်းကို လှမ်းမြင်ရသည်။ လှေပေါ်တွင် လူများပါလာ သည်။

လှေကကြီးသဖြင့် ရှေ့တစ်ယောက် နောက်တစ်ယောက် လှော်ခတ်လာသော်လည်း ရေစီးဖြင့် အောက်သို့ မျောပါသွား ပြီးမှ ရေသာသောကမ်းစပ်မှ တဖြည်းဖြည်း ဆန်တက်လာခြင်း ဖြစ်သည်။

ထိုမြစ်ထဲမှာ ကူးတို့ခတ်နေကြသော လှေများမှာ လူအ တင်အချ ပြုလုပ်သောအခါ သတ်မှတ်ထားသော စစ်ဆေးရေး ဂိတ်ရှိသောနေရာ၌သာ အတင်အချ ပြုလုပ်ကြရသည်။ အခြား နေရာ၌ ပြုလုပ်ခွင့် မရှိပေ။





အခြားနေရာ၌ ပြုလုပ်သည်ကို တရုတ်စစ်သားများ တွေ့ပါက ဒဏ်ရိုက်ခံရသည်။

စစ်ဆေးရေးဂိတ်မှာ အတင်အချလုပ်တော့ ၎င်းတို့က လူနှင့်လှေကို အခွန်ကောက်ယူသည်။

ရေဆန်တက်လာသော ကူးတို့လှေမှ ကူးတို့သမားက ကမ်းစပ်၌ ရပ်နေသော ဒေါက်တာမင်းထင်ကျော်ကိုမြင်တော့ လှမ်းမေးသည်။

"ဟိုဘက်ကမ်း ကူးမှာလား"

"ဟုတ်ပါတယ်"

"လူ ဘယ်နှယောက်လဲ"

"လူ (၁၆)ယောက်နဲ့ လားနှစ်ကောင်ပါတယ်"

"ကောင်းပြီ ဒီနေရာကနေ စောင့်နေကြ၊ သူတို့ကိုပို့ပြီး ပြန်စုန်လာခဲ့မယ်"

ကူးတို့သမားများက စစ်ဆေးရေးဂိတ်မှ လူတင်လျှင် အခွန်ဆောင်ရသည်။ အအခြားနေရာမှတင်လျှင် အခွန်မ ဆောင်ရပေ။ သို့သော် ဖမ်းမိလျှင်တော့ ဒဏ်ရိုက်ခံရသည်။

ကူးတို့လှေက စစ်ဆေးရေးဂိတ်ရှိရာဘက်သို့ ဆန်တက် သွားသောအခါ ဒေါက်တာမင်းထင်ကျော်က တောစပ်သို့ ပြန် တက်လာပြီး မိမိအဖွဲ့သားများကို အကျိုးအကြောင်း ပြောရ သည်။

ထို့နောက်မှာတော့ အားလုံး ကမ်းစပ်သို့ ဆင်းလာကာ စောင့်ကြသည်။ နန်နက် လေးနာရီ ကျော်လာပြီ ဖြစ်သော်လည်း

နှင်းမကွဲသေးပေ။ မြစ်ထဲမှာတော့ ပိတ်ဆီးလျက်ပင် ရှိနေသေ
သည်။ ဒါကပင် သူတို့အတွက် အအခွင့်အရေးကောင်း ဖြစ်နေ
တော့သည်။

အတန်ကြာတော့ ကူးတို့လှေ ပြန်ရောက်လာသဖြင့်
အားလုံးလှေပေါ် တက်ကြပြီးနောက် တစ်ဖက်ကမ်းသို့ ကူးဖြ
လေတော့သည်။





# အခန်း (၉)
# ရှမ်ဗဲလား ခရီးသည်

ဂလိကန္တာကီမြစ်သည် တိဗက်နယ်၌ရှိသော နာမည်ကျော် ဒွါလာဂီရိတောင်ကြီးကို ဖြတ်သန်းစီးဆင်းနေသော မြစ်ကြီး တစ်စင်းပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံ နယ်နိမိတ်အတွင်းတွင် စီးဆင်းနေသော ဂင်္ဂါမြစ်၊ ယမုနာမြစ်နှင့် ဗြဟ္မပုတ္တရမြစ်တို့ကဲ့သို့ နာမည်ကျော်သော မြစ်တစ်စင်းဖြစ်သည်။

တရုတ်ပြည်၌ ယန်စီမြစ်၊ မြန်မာနိုင်ငံမှ ဧရာဝတီမြစ်

ကြီးများကဲ့သို့ လူသိများသော မြစ်တစ်စင်းလည်း ဖြစ်သည်။

ကာလိကန္တာကိုမြစ်ကြီးသည် တိဗက်နိုင်ငံအတွင်းရှိသော မြစ်များတွင် ဂုဏ်ရှိရဆန်သောမြစ်ကြီးတစ်စင်းလည်း ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် တစ်ကမ္ဘာလုံးက စိတ်ဝင်စား နေသော ရှမ်ဗွဲလားနှင့် ဆက်စပ်မှုရှိနေသောကြောင့် ဖြစ်သည်။

ကမ္ဘာ့အမိုးဟု တင်စားခေါ်ဝေါ်ကြသော တိဗက်နယ် သည် ပေ(၆၀၀၀)အောက် နိမ့်သောနေရာမျိုး မရှိပေ။

ရှေးအခါက အမျိုးသမီးများ မသွားရောက်နိုင်သော နေရာမျိုးလည်း ဖြစ်သည်။

ရှမ်ဗဲလားကို စိတ်ဝင်စားကြသော ဗုဒ္ဓဘာသာဝင် အမျိုး သမီးအချို့လောက်သာ ထိုအရပ်ဒေသသို့ ရောက်ဖူးကြသည်။

ရာစုနှစ်အတွင်း အခြားတိုင်းပြည်များမှ တိဗက်နိုင်ငံသို့ ဝင်ရောက်နိုင်ဖူးသော အမျိုးသမီးနှစ်ဦးသာ တွေ့ရသည်။

တစ်ဦးက သီအိုဆိုဖီ အသင်းတော်ကြီး၏ အတွင်းရေး မှူးဖြစ်သော 'မဒစ်ဗလာဘက်စကီ'နှင့် 'အဲလက်စန္ဒရား ဒေးဗစ် နီးလ်'တို့ နှစ်ဦးလောက်သာ ရှိခဲ့ဖူးသည်။

ရှေးအခါ လမ်းပန်းဆက်သွယ်မှု ခက်ခဲလှသော တိဗက် နိုင်ငံသို့ သာမန်အမျိုးသမီးများ မဆိုထားနှင့် အမျိုးသားများပင် တကူးတက သွားရောက်ခြင်း မရှိခဲ့ပေ။

'အဲလက်စန္ဒရား ဒေးဗစ်နီးလ်'သည် ဗုဒ္ဓဘာသာကို စိတ်ဝင်စားသော ပြင်သစ်အမျိုးသမီးတစ်ဦးဖြစ်သည်။

ပြင်သစ်ပြည်တွင် စောင်ရေအများဆုံး ထုတ်ဝေရသည့်





ကမ္ဘာကျော် သတင်းစာကြီး 'လဖာဂရ'(Lafagaro)ကလည်း ကွယ်လွန်သူ ဗုဒ္ဓဘာသာဝင် သူတော်စင်ယောဂီ ဒေးဗစ်နီးလ် (Alexandra David Neel) ကွယ်လွန်ခြင်း အထိမ်းအမှတ်အဖြစ် အဲလက်စန္ဒရား ဒေးဗစ်နီးလ် ရေးသားခဲ့သည့် ဗုဒ္ဓမြတ်ဘုရား၏ လမ်းညွှန်ချက်ဆောင်းပါးကို သတင်းစာတွင် ဤကဲ့သို့ ထည့် သွင်းဖော်ပြခဲ့သည်။

"ဗုဒ္ဓ၏ ဒေသနာတော်အရ ကျွန်ုပ်တို့ တွေ့မြင်သိရှိရ သည့် အရာဝတ္ထုများသည် စက္ကန့်တစ်စိတ်မျှပင် တာရှည်မခံပါ။ ကျွန်ုပ်တို့အမြင်တွင် တာရှည်ခံသည်ဟု ထင်ရသောအရာဝတ္ထု များသည် ရွေ့လျားပြောင်းလဲနေသော အဖြစ်အပျက်များ တစ်ခု ပြီးတစ်ခု ဆက်ဖြစ်နေသည်မှာ အခြားမဟုတ်ပေ။ ဗုဒ္ဓဘာသာ ဝင်များအတွက် ကမ္ဘာလောကကြီးသည် ရုပ်ရှင်တစ်ခုသာ ဖြစ် သည်။ ရုပ်ရှင်မှာကဲ့သို့ အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု ဆက် ပြီး အဖြစ်မှန်နေသဖြင့်သာ ကြာကြာမြင်နေရသည်ဟု အမှတ် မှားနေခြင်း ဖြစ်လေသည်။

"အရာဝတ္ထုတို့သည် ဖြစ်ပေါ်ပြီးနောက် ချက်ချင်း ပျောက်ကွယ်ပျက်စီးသွားသည်ဟု ဗုဒ္ဓဘာသာက အယူရှိသည်။ အရာဝတ္ထုတို့၏ တည်ရှိနေမှုကို လျှပ်တစ်ပြက်၏ တည်ရှိနေမှုနှင့် ဥပမာ နှိုင်းနှိုင်းနိုင်သည်။ အရာဝတ္ထုတို့၏ ပျောက်ကွယ်ပျက် စီးခြင်းသည် အကျိုးတရား ဖြစ်ထွန်းပေါ်ပေါက်လာခြင်း၏ အ ကြောင်းဖြစ်သည်။ ပျောက်ကွယ်ပျက်စီးခြင်းမရှိက ဖြစ်ထွန်းပေါ် ပေါက်ခြင်း ဖြစ်မလာနိုင်ပေ။"

"နေ့၏ နံနက်လာသောအခါ ညသည် ကုန်ဆုံးသွားသည်။ ရာသီဥတုများသည် မိမိတို့၏ အသွင်လက္ခဏာကိုယ်စီဖြင့် တစ်ခုပြီးတစ်ခု ဆက်ဖြစ်ပေါ်နေကြသည်။ ဘဝသည် ရွေ့လျားပြောင်းလဲနေသည်။ လောကသည် ရွေ့လျားပြောင်းလဲနေသည်။ ပုဂ္ဂိုလ်သတ္တဝါဟုခေါ်သည့် ကျွန်ုပ်တို့ ကိုယ်တိုင်သည်လည်း အနိစ္စလောကထဲက ရွေ့လျားပြောင်းလဲနေသည့် ခန္ဓာငါးပါး အစုအဝေးမျှသာ ဖြစ်လေသည်။

တစ်ချိန်က သျှမ်းသျှမ်းတောက် ကျော်ကြားခဲ့သော ဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓကျမ်းစာ သုတေသနပညာရှင်၊ ပြင်သစ်ပြည် ဗုဒ္ဓဘာသာ အသင်းတော်ကြီး၏ နာယကကြီး၊ ပြင်သစ်ပြည် ပထဝီအသင်းကြီး၏ ရွှေတံဆိပ်ဆုရှင်ကြီး ပြင်သစ်ပြည်၏ အမျိုးသား ဂုဏ်ဆောင်ဆုကြီး၊ (Legion of Honour)ရှင်၊ လူ့ဘောင်ကြီး တစ်ခုလုံးအား ကူညီစောင့်ရှောက်၍ မြတ်ဗုဒ္ဓ၏ တရားတော်များကို ဖြန့်ဖြူးရန် တာဝန်ယူခဲ့သူ မဟာခရီးသည်ကြီးနှင့် မိမိကိုယ်ကျိုးကို စွန့်လွှတ်၍ ရှမ်ဗဲလားရှာပုံတော် ဖွင့်ခဲ့သူကြီး ဒေးဗစ်နီးလ်ကား အသက်(၁၀၁)နှစ်တွင် ကွယ်လွန်ခဲ့ရှာလေသည်။

"ရှမ်ဗဲလား"ဟူသော ဝေါဟာရကို အဓိပ္ပါယ်အမျိုးမျိုး ယူဆခဲ့ကြသည်။ ဆာမောနီကား ဝီလီယန်(စ)(Sir Monier Wilolons)ပြုစုသော နာမည်ကျော် သက္ကတအဘိဓာန်ကြီး၏ စာမျက်နှာ (၇၄၈)နှင့် (၁၀၅၄)တို့တွင် "ရှမ်"ဟူသည် "ပျော်ရွှင်ခြင်း"ဟု အဓိပ္ပါယ်ဆောင်၍ "ဘဲလား"(bhala)ဟူသည် "ပေး





သည်"ဟု အဓိပ္ပါယ်ရှိသည်ဟု ဖော်ပြထားလေသည်။ ဆာရပ်ချန်ဒရာဒတ်(Sarat Chandra Das)ပြုစုသော တိဘက်အဘိဓာန်ကြီးတွင် "ရှမ်ဗဲလား"၏ အဓိပ္ပါယ်ကို "ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းတို့၏ အစုအဝေး အစပြုရာဒေသ"ဟု ဖော်ပြခဲ့လေသည်။ လူအများကမူ "ရှမ်ဗဲလား"ဟူသော ဝေါဟာရကို "လောဘ၊ ဒေါသ၊ မောဟများ ကင်းဝေး၍ ငြိမ်းချမ်းသော သူတော်စင်တို့၏ တရားရှာမှီးရာ မမွှသဘင် ကျင်းပလေ့ရှိသည့်နေရာ"ဟု မှတ်ယူထားခဲ့ကြသည်။

"ရှမ်ဗဲလား"သို့မဟုတ်"ရှန်ဂရီလား"ဟူသော ဝေါဟာရကို ကွယ်လွန်သူ အမေရိကန်သမ္မတကြီး ရူစဗဲ့နှင့် ဒုသမ္မတကြီး ဝေါ့လေ့(စ)တို့သည် အထူးယုံကြည်စွဲလန်း တသခဲ့ကြသည်။ သူတို့နှစ်ဦး၏ သဘောတူညီချက်နှင့် အမေရိကန်ပြည်ထောင်စု သမ္မတများ အနားယူစခန်းကို "ရှမ်ဂရီလာစခန်း"ဟူ၍ အမည်ပေးခဲ့ကြသည်။ ယင်းစခန်းမှပင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးရေးအတွက် ငြိမ်းချမ်းရေး အစီအစဉ်များ ချမှတ်ခဲ့သည်ဟု ဆိုသည်။

နောင်တွင် ယင်းစခန်း၏ အမည်ကို "ဒေးဗစ်စခန်း" (Camp David)ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြလေသည်။

ထိုသို့ဖြင့်"ရှမ်ဗဲလား"ဟူသော ဝေါဟာရသည် ဂန္ထဝင်ပညာရှင်များ၊ ဗုဒ္ဓကျမ်းစာရှင်များ တိဗက်ပြည်အတွင်း စွန့်စားဝင်ရောက်ခဲ့ကြသည့် ခရီးသည်များသာမက ကမ္ဘာ့ပရိသတ်ကြီးသည် တစ်စွန်းတစ်စ သိရှိခဲ့ကြသည်။

"ရှမ်ဗဲလား"ကို မတွေ့မနေ ကမ္ဘာကုန်ကျယ်သရွေ့ ရှာပုံ

တော်ဖွင့်ကြသည့် ပညာရှင်များတွင် ပြင်သစ်ဗုဒ္ဓဘာသာဝင် ယောဂီအသွင် ရာသက်ပန်နေထိုင်ခဲ့သူ အဲလက်စန္ဒရား ဒေးဗစ်နီးလ်၏ဘဝနှင့် ရှမ်ဘဲလားရှာပုံတော်သည် များစွာထူးခြားသည်။

စာရေးဆရာကြီး "ပါရဂူ"၏ နာမည်ကျော် ပဏ္ဍိတကထာစာအုပ်တွင် "နှင်းတိုင်းပြည်နှင့် ပြင်သစ်အမျိုးသမီး" ဟူသည်မှာ ပြင်သစ်ဗုဒ္ဓဘာသာဝင် သူတော်စင်အမျိုးသမီးကြီး ဒေးဗစ်နီးလ်၏အကြောင်းကို ရေးသားထားခြင်း ဖြစ်သည်။

"ကမ္ဘာ၏အမိုးဟုခေါ်သော တိဗက်ပြည်သည် လျှို့ဝှက်ထူးခြားဆန်းကြယ်သော တိုင်းပြည်တစ်ပြည်ဖြစ်သည်။ သီးခြားကမ္ဘာလေးတစ်ခုဟု ဆိုနိုင်သည်။

ရာစုနှစ်အတွင်း တိဗက်ပြည်သို့ ရောက်ဖူးသည့် အမျိုးသမီးဦးရေ နည်းပါးလှသည်။ သီအိုဆိုဖီအသင်းတော်ကြီး၏ အတွင်းရေးမှူးဖြစ်သော မဒမ်ဘလာဘက်စကီနှင့် အလက်စန္ဒရား ဒေးဗစ်နီးလ်တို့သာ ရှိနိုင်ပေသည်။

တိဗက်ပြည်သို့ ရောက်ဖူးသည့် အမျိုးသားဦးရေလည်း နည်းပါးလှသည်။

ဒေးဗစ်နီးလ်သည် အမျိုးသမီးတစ်ဦး ဖြစ်သော်လည်း အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်လွှား၍ တိဗက်ပြည်၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည်။ တိဗက်ယဉ်ကျေးမှု၊ တိဗက်ဘာသာစကား တိဗက်ဓလေ့ထုံးစံများကို လေ့လာသည်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည်။ ပေပေါင်း (၁၃၀၀၀)နီးပါးမြင့်သည့် တောင်ပေါ်ရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွင် ယောဂီ





ဝတ်၍ ဗုဒ္ဓတရားဒေသနာတော်များကို လေ့လာခဲ့သည်။

သူမ၏ တွေ့ရှိချက်များကို စာအုပ်ပြုစု ထုတ်ဝေခဲ့သည်။ တိဗက်ပြည်အကြောင်း ကိုယ်တွေ့မှတ်တမ်းရေးသူများတွင် ဒေးဗစ်နီးလ်သည် ထိပ်ဆုံးက ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ တိဘက်ပြည်အကြောင်း ရေးသားသည့် စာအုပ်ပေါင်း (၂၄)အုပ်ကိုတိ ရေးသားပြုစုခဲ့သည်။ ဒေးဗစ်နီး(လ)ရေးသားပြုစုခဲ့သည့် စာအုပ်များအနက် တိဗက်နှင့် သက်ဆိုင်သော စာအုပ်သုံးအုပ်ရှိခဲ့သည်။

၎င်းတို့မှာ. . .

၁။ လာဆိုသို့ ခရီးထွက်ခြင်း။
(My Journey to Lhasa)

၂။ တိဘက်ပြည်၏ ဂုဏ္ဍိရပညာရှင်နှင့် မှော်ဝိဇ္ဇာများ
(With Mystics and Magicians in Tibet)

၃။ တိဗက်ပြည်ခရီးစဉ်
(Tibetan Journey)

တို့ဖြစ်သည်။

အခြားစာအုပ်များမှာ ဗုဒ္ဓဝါဒဆိုင်ရာ ကျမ်းစာများနှင့် သုတေသနပြုချက်များဖြစ်သည်။

နောက်ပိုင်းတွင် ဒေးဗစ်နီးလ်သည် တိဗက်ပြည်တွင် သွားလာနေထိုင်ရန် အဆင်ပြေစေရန် အသက်(၁၅)နှစ် အရွယ်သာ ရှိသေးသော ယွန်ဒန်အမည်ရှိ တိဗက်လူငယ်တစ်ဦးကို မွေးစားသားအဖြစ် ခေါ်ယူကာ ၎င်းနှင့်အတူ တိဗက်ပြည် နေရာ

အနှံ့အပြားသို့ လှည့်လည်သွားလာခဲ့သည်။

နောက်ပိုင်း ရှမ်ဖဲလားရှာပုံတော် ဖွင့်ခဲ့သော ဒေးဗစ်နီးလ်အား (Kum bun)ဘုန်းကြီးကျောင်းခန်းအတွင်း၌ ဇရပ်တစ်ဆောင် ဆောက်လုပ်ပေးခဲ့ပြီး တရားရိပ်သာသဖွယ် နေထိုင်ခွင့်ပြုခဲ့လေသည်။

ထိုတရားရိပ်သာ၌ နေထိုင်ရင်းပင် 'လာဆာသို့ ခရီးထွက်ခြင်း'(My Journey to Lhasa)စာအုပ် ရေးသားပြုစုခဲ့သည်။

၎င်းသည် တိဗက်၌နေထိုင်၍ ရှမ်ဖဲလားရှာပုံတော်ဖွင့်ခဲ့သော ကာလအတွင်း၌ ကလိကန္တာကီမြစ် တစ်ဖက်ကမ်း၌ရှိသော "ရှေးဂျန်ပ"(Shey Gampa)ကျောက်သလင်းတောင်ကြီးထိရောက်အောင် သွားခဲ့ပေသည်။

ဒိုလပို(Dolpo)တောင်ထိပ်တွင် ထူးဆန်းသော ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိရာ ထိုကျောင်းသို့လည်း ရောက်အောင်ကြိုးစားပြီး သွားခဲ့သည်။

ထိုကျောင်း၌ သီတင်းသုံးနေကြသည့် ဘုန်းတော်ကြီးများမှာ အသက်မည်မျှရှိသည်ကိုပင် ခန့်မှန်းရ ခက်လှပေသည်။

ထိုဗုဒ္ဓဘာသာကျောင်းတိုက်ကြီး၌ ပိဋကတ်တိုက်ကြီးရှိရာ ဗုဒ္ဓကျမ်းစာအုပ်ပေါင်း (၅၀၀၀)ခန့် ရှိလေသည်။

ကျမ်းစာအုပ်များမှာ သစ်သားပြားများဖြင့် ပြုလုပ်ထားသောကြောင့် တစ်အုပ်၏ အလေးချိန်မှာ ပေါင်(၃၀)ခန့် အလေးချိန်ရှိပေလိမ့်မည်။

ကျောင်းတော်ကြီး၏ အနောက်ဘက်တွင် ကျယ်ပြန့်လှ





သော ချိုင့်ဝှမ်းကြီးရှိပြီး စမ်းချောင်းများ၊ ဥယျာဉ်ခြံများ၊ သီးနှံစိုက်ခင်းများနှင့် တရားရိပ်သာ ကျောင်းကလေးများစွာတို့ ရှိကြလေသည်။

ထိုကျောင်းတော်ကြီးသို့ 'ဒေးဗစ်နီးလ်'ရောက်ခဲ့ပြီးသည့်နောက်ပိုင်းရောက်မှ တဖြည်းဖြည်း သိလာခဲ့ရခြင်း ဖြစ်ပေသည်။

ယခု ဒေါက်တာမင်းထင်ကျော်တို့ ဦးတည်သွားသော ခရီးစဉ်မှာ ထိုခရီးစဉ်ပင် ဖြစ်ပေသည်။ ဒိုလပိုတောင်ထိပ်သို့ ရောက်အောင်သွားရန်အတွက် ရည်ရွယ်ပြီး ထွက်ခဲ့ကြရာ ယခု ကလိကန္တာကီမြစ်သို့ ဖြတ်ကူးနိုင်သော အဆင့်သို့ ရောက်ခဲ့ကြပြီ ဖြစ်ပေသည်။

နံနက်ပိုင်းအချိန်တွင် မြစ်အတွင်း၌ မြူနှင်းများက သူထပ်စွာ ကျနေသောကြောင့် ဘေးအန္တရာယ်မရှိပဲ ကူးဖြတ်နိုင်ခဲ့ကြသည်။

တစ်ဖက်ကမ်းရောက်ကာနီးတော့ ဒေါက်တာမင်းထင်ကျော်က ကူးတို့သမားကို မေးလိုက်သည်။

"ဒိုလပိုတောင်ရောက်အောင် ဘယ်လိုသွားရင် ရောက်နိုင်မလဲ"

"မြစ်ကမ်းမှာ နွားလှည်းမောင်းတဲ့သူတွေရှိတယ်၊ သူတို့ကို ပိုက်ဆံပေးပြီး ခေါ်သွားရင် လိုက်ပို့ပေးကြတယ်"

ထိုစကားကတော့ အတော်ပင် အားရှိစရာ ဖြစ်သည်။

"ဒါထက် ဟိုဘက်ကမ်းမှာ တရုတ်စစ်သားတွေရော ရှိသလား"

"အမြဲတော့ မနေဘူး၊ မကြာခဏတော့ ရဟတ်ယာဉ်တွေနဲ့ပတ်ပြီး ကင်းလှည့်ကြတယ်"

ဟု ပြောပြသည်။

မနက်ပိုင်း အလင်းရောင်ရလာပြီး နှင်းကွဲစပြုသောအချိန်၌ မြစ်တစ်ဘက်ကမ်းသို့ ရောက်သွားကြလေသည်။

သူတို့အတွက်တော့ ပထမအခက်အခဲတစ်ခုကို ကျော်ဖြတ်နိုင်ခဲ့ကြပြီဟု ဆိုရပေမည်။

တစ်ဘက်ကမ်းရောက်ပြီး ကမ်းပေါ်တက်ကာ အခြေအနေ စုံစမ်းကြည့်တော့ ဒိုလပိုတောင်ခြေ ရောက်သည်အထိ နွားလှည်းဖြင့် လိုက်ပို့ပေးမည့် လှည်းသမားများတွေ့ရသဖြင့် လှည်းနှစ်စင်း ငှားလိုက်သည်။

လူ(၁၆)ယောက်က နွားလှည်းနှစ်စီးတွင် ခွဲထိုင်ကြပြီး လားနှစ်ကောင်ကိုတော့ လှည်းနောက်မှ ဆွဲယူလာကြသည်။

နံနံနက်ပိုင်း နေရောင်ခြည် ထွက်လာတော့ နှင်းကွဲသွားသည်။

ထိုအခါ အဝေး၌ နေရောင်ခြည်ဖြင့် တင့်တယ်စွာရှိနေသော ဒိုလပိုတောင်ကြီးကို ပိုးတဝါး လှမ်းမြင်ကြရပေတော့သည်။





# အခန်း(၁၀)

# ဒိုလပိုတောင်မှ အန္တရာယ်

လှည်းလမ်းကြောင်းမှာ ချောမွေ့သော ကတ္တရာ
သမ်းမျိုးတော့ မဟုတ်ပေ။ မြေသားလမ်းများပေါ်မှ မောင်းနှင်ရ
င်း ဖြစ်လေသည်။ အချို့နေရာများမှာ ကျောက်ခင်းလမ်းများ
သော်လည်း ချောချောမွေ့မွေ့တော့ မဟုတ်ပေ။

ကျောက်ခဲများခင်းထားသော လမ်းပေါ်မှလည်း နွား
ည်းမောင်း၍ မကောင်းပေ။ တဒုန်းဒုန်းနှင့် အသံများမြည်
နေပြီး လှည်းပေါ်မှာ ပါလာသူတို့မှာလည်း ဆန်ကောထဲသို့ ဆီး

ဖြူသီး ထည့်လိုမှ်နေသကဲ့သို့ ယိမ်းထိုးနေကြသည်။

သို့ကြောင့် ထိုခရီးလမ်းကို သွားနေကျဖြစ်ဟန်တူသော လှည်းမောင်းသူများက မြေသားလမ်းမှပင် ဆင်းမောင်းကြ သည်။ လမ်းရောက်တော့ ဇော့ရှိုလာကပြောသည်။

"ကျွန်တော့ဖြင့် ကမ္ဘာ့နေရာ အတော်များများကို နှံ့ ေအာင် သွားခဲ့ဖူးပါတယ်၊ လေယာဉ်ပျံတွေ၊ ရဟတ်ယာဉ်တွေ ပင်လယ်ကူးသင်္ဘောကြီးတွေ၊ မီးရထား၊ မော်တော်ကားတွေ လည်း စီးခဲ့ဖူးတယ်၊ ဗမာပြည်ရောက်တော့ မြင်းလှည်းစီးခဲ့ဖူး တယ်၊ နွားလှည်းတော့ ဒီတစ်ခါ ပထမဆုံး စီးဖူးတာပဲ"

"အတွေ့အကြုံသစ် ရတာပေါ့၊ စီးရတာ ဘယ်လိုနေသ လဲ"

"ရိုလာကိုစတာ စီးရတာထက် ပိုကြမ်းတယ်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က သ ဘောကျစွာဖြင့် ရယ်လိုက်လေသည်။

လှည်းနှစ်စီးက နှင်းမကွဲခင် နံနက်စောစောအချိန်မှ ပင် ခရီးထွက်လာကြခြင်း ဖြစ်သည်။ ဒါကလည်း ရဟတ်ယာဉ် များဖြင့် လှည့်လည်တတ်သော တရုတ်စစ်သားများ မမြင်စေရ နှင်းသားများကို အကာအကွယ်ယူ၍ သွားကြမှန်း နောက်မှ ရပေ၏။

အရှေ့ဘက်မှ နေရောင်ခြည်ထွက်လာပြီး နှင်းကွဲစ လာသောအချိန်တွင် မြစ်ကမ်းနှင့် အတော်ဝေးလာပြီး ခရီးဒ တော် ပေါက်လာခဲ့ပေပြီ။





နှင်းကွဲသွားသောအချိန်တွင် နေရောင်ခြည်အောက်၌ ...ပိုတောင်တို လှမ်းမြင်ရပေပြီ၊ မြစ်ထဲမှကြည့်စဉ်က နှင်း ...းကျနေသောကြောင့် ကောင်းစွာ မမြင်ခဲ့ရပေ။ ယခု နေထွက် ...ပြီး နှင်းကွဲသွားတော့မှ ထင်ထင်ရှားရှား မြင်ရခြင်းဖြစ်၏။

"ခင်ဗျားတို့ သွားချင်တဲ့ ဒိုလပိုတောင်ဆိုတာ ရှေ့မှာ ...င်နေရတဲ့တောင်ပဲ"

လှည်းမောင်းနေသော အဘိုးကြီးက ပြောပြသည်။

"ခင်ဗျားက ဘယ်နေရာမှာ နေတာလဲ"

"တောင်ခြေမှာရှိတဲ့ ရွာမှာနေတယ်"

"တောင်ပေါ် ရောက်ဖူးသလား"

ခေါင်းညိတ်ပြသည်။

"ဘာတွေရှိသလဲ"

"တောင်စောင်းမှာ ထူးဆန်းတဲ့ ဗုဒ္ဓဘာသာ ဘုန်းကြီး ...ျောင်းကြီး တစ်ကျောင်းရှိတယ်၊ မြောက်ဘက်မှာ သလင်း ...ျောက်တောင်ကြီးလည်း ရှိတယ်၊ အဲဒီတောင်မှာ ထူးဆန်း ...တွေရှိတယ်"

"ဘယ်လိုထူးဆန်းမှုမျိုးတွေလဲ"

"အဲဒီတောင်ထိပ်မှာ ထူးဆန်းတဲ့ လူတွေရှိတယ်၊ ကျုပ် ...ကတော့ နှင်းလူမျိုးလို့ပဲ ခေါ်ကြတယ်၊ သူတို့နေတဲ့နေရာကို ...းလို့မရဘူး"

"ဘယ်လိုကြောင့်လဲ"

"သလင်းကျောက်တောင်ပေါ်ကို ဘယ်သူမှ မတက်နိုင်

ဘူး"

လှည်းသမားအဘိုးကြီး ပြောပြသောစကားမှာ သူတို့အ တွက်တော့ စိတ်ဝင်စားစရာ ဖြစ်ပေသည်။

နံနက်ပိုင်းကျော်လာတော့ နှင်းကွဲသွားပြီး ပတ်ဝန်းကျင် ကို မြင်တွေ့လာရသည်။

လမ်းတစ်လျှောက်လုံး လူနေသောရွာများ မတွေ့ရပဲ ကွင်းပြင်များနှင့် ကျောက်တုံးကျောက်ခဲများကြားမှာ ထွန်ယက် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများကိုသာ တွေ့ရသည်။

ဤသို့ဖြင့် တဖြည်းဖြည်း သွားကြရာ နေ့လည်ဘက်အ ချိန်ရောက်တော့ တောင်ခြေနှင့်နီးနေသာနေရာသို့ ရောက်လာကြ သည်။ ထိုနေရာဘက်ရောက်တော့ လှည်းမောင်းနေသော အ ဘိုးကြီးက လှည်းကိုရပ်တန့်လိုက်ပြီး နားစွင့်ကြည့်သည်။

ဒေါက်တာမင်းထင်ကျော်ကပါ နားစွင့်ကြည့်တော့ အ ဝေးမှ ပျံသန်းလာသော ရဟတ်ယာဉ်စက်သံများကို သဲ့သဲ့ကြားရ သည်။

"သူတို့ လာကြပြီထင်တယ်၊ ခင်ဗျားတို့ ဘေးအန္တရာယ် ကင်းတဲ့နေရာကို ရှောင်ကြပေတော့၊ သူတို့က မသက်ာရင် စက် သေနတ်နဲ့ ပစ်တယ်"

ထိုသို့ပြောသဖြင့် မိမိတို့ပါလာသော အထုပ်အပိုးများကို ဆွဲယူပြီး လှည်းပေါ်မှ ဆင်းကြသည်။

"ဘယ်နေရာကို သွားရမလဲ"

လှည်းပေါ်မှဆင်းရင်းနှင့် မေးလိုက်တော့ လှည်းမောင်း





သော အဘိုးကြီးက တောင်ခြေဘက်ကို လက်ညှိုးထိုးပြလေ သည်။

"အဲဒီဘက်ကိုသာသွား၊ အဲဒီမှာ ပုန်းကွယ်စရာနေရာ တွေရှိတယ်"

ဟုပြောသဖြင့် တောင်ခြေဘက်သို့ ခပ်သုတ်သုတ် သွား ကြလေသည်။

လိုက်ပို့ပေးသော လှည်းနှစ်စီးကတော့ သူတို့ကိုချပြီး သည်နှင့် နောက်ကြောင်းသို့ ပြန်လှည့်သွားကြလေသည်။

တောင်ခြေကို လှမ်းမြင်နေရသော်လည်း ခရီးက မနီး သေးပေ။ သို့ကြောင့် လားနှစ်ကောင်ကိုပါ အတင်းဆွဲပြီး ခပ် သုတ်သုတ် သွားကြရသည်။ ထိုအခိုက်မှာပင် ကြားနေရသော ရဟတ်ယာဉ်စက်သံများက တဖြည်းဖြည်း နီးလာလေသည်။

ရဟတ်ယာဉ်များကို လှမ်းမြင်ရသောအချိန်တွင် တောင် ခြေသို့ ရောက်သွားကြသည်။

သို့သော် ပုန်းအောင်းစရာနေရာတော့ မတွေ့ရပေ။

"ငါတို့ လူစုခွဲပြီး ကျောက်တုံးတွေဘေးမှာ ကပ်နေကြ မှဖြစ်မယ်"

ဟုပြောပြီး လူစုခွဲကာ ကျောက်တုံးများအကွယ်၌ ဝင် ရောက်ခိုကပ်နေကြသည်။ ထိုအခိုက်မှာပင် ရဟတ်ယာဉ်နှစ်စင်း က တောင်ခြေတစ်ဝိုက်သို့ ရောက်လာကြသည်။

ရဟတ်ယာဉ်ပေါ်မှ အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့် နေသော တရုတ်စစ်သားများက ဒေါက်တာမင်းထင်ကျော်တို့

အဖွဲ့မှ လူအချို့ကို မြင်တွေ့သွားသဖြင့် ရဟတ်ယာဉ်များကို ရှေ့ဆက်မသွားတော့ ထိုနေရာတစ်ဝိုက်မှာပင် ပတ်ဝဲနေပြီးမှ မြေပြန့်နေရာသို့ ဆင်းသက်ကြသည်။

အခြေအနေက မကောင်းတော့ပေ။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ဘေး အန္တရာယ်လွတ်ကင်းရာသို့ ပြေးကြရာမှ အုပ်စုကွဲသွားကြလေ တော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ကျောင်းတောင်ပေါ် သို့ ဆက်တက်သွားလေသည်။

သူတက်သွားသော နေရာဘက်ရှိ အထက်တစ်နေရာ တွင် ကျောင်းပျက်ကြီးတစ်ခု ရှိနေသည်။ တောင်နံရံတွင်ဆောက် ထားသော ကျောင်းပျက်ကြီး ဖြစ်ပြီး သုံးလေးထပ်ခန့် မြင့်သည်။ သို့သော် အသုံးမပြုတာ ကြာခဲ့ဟန်ဖြင့် ပျက်စီးနေပေပြီ၊ အမိုး များလန်နေပြီး အချို့နေရာတွင် မရှိတော့ပြီ။ ကျောင်းပျက်ကြီး ရှိသောနေရာမှာ ဒေါက်တာမင်းထင်ကျော် ရောက်နေရာနှင့် မဝေးလှသော တောင်စွန်းတစ်ခုပေါ်၌ ဖြစ်သည်။

တစ်နေရာမှာလည်း အပေါ်သို့တက်ရန် ပြုလုပ်ထား သော လှေခါးထစ်အဟောင်းများ ရှိသည်။ အချို့မှာ နှင်းများဖုံး နေသောကြောင့် တစ်ဝက်တစ်ပျက်သာ မြင်နေရသည်။

ထိုအခိုက်မှာပင် တောင်ခြေဘက်မှ အော်ဟစ်ပြောဆို နေသော တရုတ်စစ်သားများအသံကို ကြားရသည်။ တောင် စောင်းအကွယ်မှ ချောင်းကြည့်လိုက်တော့ အထမ်းသမားအချို့





ကို ဖမ်းဆီးထားသည်ကို မြင်ရသည်။

အခြေအနေက မကောင်းတော့ပေ။

သူတို့ခေါ်လာခဲ့သော လမ်းပြများကို မိသွားပြီဆိုလျှင် မလွဲမသွေ သူတို့နောက်သို့ လိုက်လံရှာဖွေကြတော့မည်မှာ သေချာသည်။ သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ လှေခါးထစ်များပေါ်မှ အပေါ်သို့ ခပ်သုတ်သုတ် ဆက်တက်ခဲ့ သည်။

နောက်ကလိုက်လာမည့် အန္တရာယ်ကို ကြောက်သဖြင့် ခပ်သွက်သွက်တက်ခဲ့ရာ ပေနှစ်ရာကျော်လောက်ရောက်တော့ မြူနှင်းများ ခံနေသောကြောင့် အောက်ခြေကိုပင် သိပ်မမြင်ရ တော့ပေ။

ကြားနေရသော အသံများလည်း တဖြည်းဖြည်း ဝေး သွားသည်။

ထိုအခြေအနေရောက်တော့မှ စိတ်သက်သာရာရသွား ပြီး ခြေလှမ်းမှန်မှန်ဖြင့် ဆက်တက်ခဲ့ရာ နောက်ဆုံး ကျောင်း ပျက်ကြီးရှိရာ ဝင်ပေါက်သို့ ရောက်ခဲ့လေသည်။

ကျောင်းပျက်ကြီးမှာ သူတက်လာသော တောင်ကြော ပေါ်၌ ရှိနေခြင်းမဟုတ်ပဲ နောက်ဘက်မှ သီးခြားထိုးထွက်နေ သော ချောက်ကမ်းပါးနံရံ၌ တည်ဆောက်ထားခြင်း ဖြစ်သည်ကို တွေ့ရလေသည်။

ထို[illegible]နောက်ဖက်မှ တက်လိုက်လာကြသော ဘရုတ်စစ်သား[illegible]အသံကြားရသဖြင့် အတွင်းသို့ ဝင်သွားလေ

သည်။

ဒေါက်တာမင်းထင်ကျော် တောင်ပေါ် တက်ပြေးသွားသည်ကို တစ်စွန်းတစ်စ လှမ်းမြင်လိုက်ရသော တရုတ်စစ်သားသုံးယောက်က လှေခါးထစ်များအတိုင်း နောက်မှတက်လိုက်လာကြသည်။ အချို့နေရာများတွင် ခြေရာအချို့ တွေ့ရသဖြင့် တက်လိုက်လာရာ ကျောင်းပျက်ကြီးရှိရာသို့ ရောက်လာကြသည်။

အတွင်းသို့ဝင်ပြီး အောက်ထပ်အခန်းသို့ နေရာအနှံ့လိုက်လံရှာဖွေသော်လည်း အရိပ်အယောင်ပင် မတွေ့ရပေ။

ထို့ကြောင့် နောက်တစ်ဆင့် တက်ကြည့်သည်။

ထိုအဆင့်၌လည်း မတွေ့ရပေ။

တတိယအဆင့်ရောက်တော့ သူတို့ရှေ့မှ ဖြတ်သွားသော ပုံရိပ်တစ်ခုကို လှမ်းမြင်သဖြင့် နောက်မှလိုက်သွားကြရာ တစ်နေရာရောက်တော့ အခန်းတစ်ခန်းတွင်းသို့ ဝင်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

သုံးယောက်သား ထိုအခန်းရှိရာသို့သွားပြီး ဝင်ကြည့်တော့လည်း ဘယ်သူမှ မတွေ့ရပေ။

သို့သော် အခြားတစ်ဘက်သို့ထွက်သော ပြတင်းပေါက်တစ်ပေါက် တံခါးကတော့ ပွင့်နေသည်။

ထိုနေရာမှကြည့်တော့ တောင်စွန်းမှာ ရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။

ယောက်ျားတစ်ယောက်တော့ မဟုတ်ပေ။ တစ်ကိုယ်





လုံး ဝတ်ရုံအဖြူကို ခြုံထားသော အမျိုးသမီး တစ်ယောက်ပင် ဖြစ်လေသည်။

"ဟေ့ ဘယ်သူလဲ၊ ဒီကိုပြန်လာခဲ့"

ဟု တရုတ်ဘာသာဖြင့် လှမ်းအော်ပြောသည်။

ထိုသို့ပြောသော်လည်း ရပ်နေသောအမျိုးသမီးက နောက်သို့ တစ်ချက်ကလေးမှ လှည့်မကြည့်ပေ။ သို့ကြောင့် နောက်တစ်ကြိမ် အော်ပြောပြန်သည်။

ထိုသို့ပြောတော့မှ အငူစွန်းမှာ ရပ်နေသော အမျိုးသမီးက အောက်သို့ ခုန်ဆင်းသွားလေတော့သည်။

"ဟေ့ . . မလုပ်နဲ့၊ မလုပ်နဲ့"

နောက်မှ လှမ်းတားလိုက်သော်လည်း မရတော့ပေ။

ထိုအမျိုးသမီး အောက်သို့ ခုန်ချသွားတော့မှ တရုတ်စစ်သား သုံးယောက်တို့လည်း ကပျာကယာ အပေါက်မှထွက်ပြီး ထိုနေရာသို့ သွားကြည့်ကြလေသည်။

သုံးယောက်စလုံး ထိုနေရာရောက်ပြီး အောက်သို့ငုံ့ကြည့်တော့ မြူနှင်းများ ခံနေသောကြောင့် အောက်သို့မမြင်ရပေ။

ထိုအခိုက်မှာပင် ၎င်းတို့ရောက်နေသော အငူစွန်းက လူသုံးယောက် အလေးချိန်ကို မခံနိုင်တော့သဖြင့် ပဲ့အက်ကာ အောက်သို့ပြုတ်ကျရာ တရုတ်စစ်သား သုံးယောက်စလုံး ပါသွားလေတော့သည်။ ၎င်းတို့ အောက်ကျသွားပြီးတော့မှ တစ်ကိုယ်လုံး အဖြူရောင်အဝတ်များ ဝတ်ထားသော အမျိုးသမီးတစ်

ယောက်မှာ နံရံကိုဖောက်၍ အတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ ကျောင်းပျက်ကြီး၏ အခန်းတစ်ခန်းအတွင်းသို့ ရောက်နေသည်။ သူ့နောက်မှ တရုတ်စစ်သားများ တက်လိုက်လာသော အသံကို ကြားရသည်။ အသံများက တဖြည်းဖြည်း နီးလာသောကြောင့် နီးစပ်ရာ အခန်းတစ်ခန်းအတွင်းသို့ ဝင်နေလိုက်သည်။

ထိုသို့ဝင်နေစဉ်မှာ ဆူဆူညံညံပြောဆိုလာသော စကားသံတို့ကို ကြားရသည်။ တဖြည်းဖြည်း နီးလာပြီးမှ နောက်တော့ တဖြည်းဖြည်း ပြန်ဝေးသွားသည်။ နောက်တော့ တောင်ပြိုသံလိုလို ရေခဲတုံးများ ပြိုကျသောအသံမျိုးလို ကြားလိုက်ရပြီးနောက် ပြန်လည်ငြိမ်သက်သွားသည်။

ထိုအခါမှ အပြင်ဘက်သို့ ထွက်ကာ အခြေအနေကြည့်သည်။ စင်္ကြံလမ်းတစ်လျှောက်မှာတော့ ရှင်းနေသည်။ လူသံလည်း မကြားရ၊ အရိပ်အယောင်လည်း မတွေ့ရပေ။

ထို့ကြောင့် အပြင်သို့ ထွက်လိုက်သည်။ စင်္ကြံလမ်းတစ်လျှောက်မှာတော့ အပေါ်မှ ပြိုကျနေသော ကျောက်တုံးကျောက်ခဲများက ခြေနင်းစရာမရှိလောက်အောင် ပြန့်ကျဲနေသည်။

သူသည် စင်္ကြံလမ်းမှတစ်ဆင့် အပြင်သို့ ထွက်သောလမ်းကျဉ်းကလေးမှတစ်ဆင့် တောင်စွန်းဘက်သို့ထွက်ကာ အခြေအနေကြည့်သည်။

မြူနှင်းများ ဝေ့ဆိုင်းနေဆဲပင် ရှိသေးသောကြောင့်





အောက်သို့ မမြင်ရပေ။ သို့သော် ရဟတ်ယာဉ်များ ပျံတက်သောအသံများ မကြားရသေးပေ။ တရုတ်စစ်သားများအချင်းချင်း ပြောဆိုနေကြသည့် စကားသံများကို သဲ့သဲ့ကြားရသည်။

တရုတ်စစ်သားများ တောင်အောက်၌ပင် ရှိနေကြသေးသည်။ ဒေါက်တာမင်းထင်ကျော်မှာ အခန်းတွင်းသို့ ပြန်ဝင်လာပြီး တစ်နေရာမှာထိုင်ပြီး စဉ်းစားနေသည်။

"ဒီလောက်ဆိုရင် တောင်ခြေမှာ ကျန်ခဲ့တဲ့အဖွဲ့တွေတော့ တရုတ်စစ်သားတွေ ဖမ်းထားပြီထင်တယ်၊ ဘယ်သူတွေ လွတ်သွားပြီး ဘယ်သူတွေ အဖမ်းခံနေရသလဲ မသိဘူး၊ ငါရော ဘယ်လိုလုပ်မလဲ"

ထိုသို့ တွေးတောရင်း ဆုံးဖြတ်ရခက်နေသည်။

"အခုနေ အောက်ပြန်ဆင်းသွားရင်တော့ ငါလည်း သူတို့နဲ့အတူ အဖမ်းခံရမှာ သေချာတယ်၊ ငါ့မှာ စားသောက်စရာလည်း မပါဘူး၊ တောင်ပေါ် ဆက်တက်သွားရမှာလား"

ဟု တွေးတောရင်း အခန်းတစ်ခု အတွင်းမှာပင် နေရာ ညနေပိုင်းအချိန်ရောက်တော့ ရဟတ်ယာဉ်နှစ်စင်း ပျံတက်သွားသောအသံ ကြားရသည်။

ထို့ကြောင့် ကပျာကယာ တောင်အောက်သို့ ပြန်ဆင်းလာပြီး အခြေအနေကြည့်သည်။

တောင်ခြေတစ်ပိုက်မှာတော့ ဘယ်သူမှ မတွေ့ရတော့ပေ။

ဦးဖန်ကောင်းနှင့် ဂျော့ရှီလာတို့နှစ်ယောက်လည်း

မတွေ့ရ။ တနပတို့ လမ်းပြအဖွဲ့လည်း တစ်ယောက်မှ မတွေ့ရတော့ပေ။ ထိုသို့မတွေ့ရသဖြင့် စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားသည်။ ၎င်းတို့မပါပဲနှင့် တစ်ယောက်တည်း ဘယ်ပုံဘယ်နည်း စခန်းသွားရမည်ကိုပင် မသိတော့ပေ။

အချိန်ကလည်း မရှိတော့။ တဖြည်းဖြည်းနှင့် အမှောင်ရိပ်များ သန်းစပြုလာသည်။ နေရောင်ခြည် ပျောက်သွားသည်နှင့် နှင်းများကျလာသည်။ အအေးဓါတ်က စတင်လာသည်။

အကာအကွယ်မရှိသော တောင်ခြေမှာ နေရသည်ထက်စာလျှင် တောင်ပေါ်မှာရှိသော ကျောင်းပျက်ကြီးထဲမှာ ဝင်နေရသည်က ပိုပြီးအအေးဒဏ်ခံနိုင်မည်ဟု တွေးတောကာ တောင်ပေါ်သို့ ပြန်တက်လာခဲ့လေသည်။

ကျောင်းပျက်ကြီး အတွင်းမှာရှိသော အထပ်တိုင်း အခန်းတိုင်း ပြိုကျပျက်စီးနေကြသည်။ အချို့ တံခါးများမရှိတော့။ တံခါးရှိသော အခန်းများမှာလည်း ဖရိုဖရဲ ဖြစ်နေကြသည်။

ဒေါက်တာမင်းထင်ကျော်မှာ တောင်ပေါ်သို့ တစ်ကျော့ပြန်တက်သွားရာ မှောင်စပျိုးသောအချိန်တွင် ကျောင်းပျက်ကြီးရှိရာသို့ ပြန်ရောက်သွားလေသည်။

သူသည် လေကွယ်မိုးကွယ် အခန်းတစ်ခန်းကို လိုက်လံရှာဖွေရာ အနောက်ဘက်၌ အတန်အသင့် လုံခြုံသော အခန်းတစ်ခန်းကိုတွေ့သဖြင့် ထိုအခန်းထဲသို့ ဝင်လိုက်သည်။

သူ ဝင်လိုက်သော အချိန်မှာပင် တဖက်သို့ ထွက်သွားသော ပုံရိပ်သဏ္ဍာန်တစ်ခုကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။





ပထမတော့ မိမိတို့အဖွဲ့မှ တစ်ယောက်ယောက်ဖြစ်မည်ဟု စိတ်ထဲမှ ထင်လိုက်မိသည်။

သို့သော် မဟုတ်နိုင်ပေ။

စောစောက လှမ်းမြင်လိုက်ရသော ဝတ်ရုံဖြူက အမျိုးသမီးတစ်ယောက် ဝတ်ဆင်သော ဝတ်ရုံမျိုးဖြစ်သည်။ သူတို့အဖွဲ့တွင် အမျိုးသမီးတစ်ယောက်မှ မပါပေ။

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှာ မသင်္ကာသဖြင့် ထိုနေရာဘက်သို့ လျှောက်သွားပြီး အခြေအနေကြည့်သည်။

အနောက်ဘက်၌လည်း စင်္ကြံလမ်းတစ်ခုသာ ရှိနေပြီး ထိုနေရာဘက်မှာလည်း တစ်ယောက်တစ်လေမှ အရိပ်အယောင်မှ မတွေ့ရပေ။

ကြမ်းပြင်ပေါ်မှာတော့ နှင်းသားထုများမှာ တစ်မိုက်ခန့် မြင့်တက်နေသည်။ ထိုအပေါ်မှာလည်း တစ်စုံတစ်ယောက် လျှောက်သွားသောခြေရာ မတွေ့ရပေ။

ထိုအတွေ့အကြုံမျိုးကတော့ ခရီးသွားလာမှုများသော ဒေါက်တာမင်းထင်ကျော်အတွက် မထူးဆန်းတော့ပေ။

ညဦးပိုင်းရောက်တော့ နှင်းက ပြိုကျလာသကဲ့သို့ များပြားလာသည်။ အအေးဓါတ်က ပိုများလာသည်။

သို့ကြောင့် ထို့ထက်ပိုမိုလုံခြုံသော အခန်းကို ထပ်မံရွေးချယ်ကာ ထိုအခန်းတွင်းသို့ ဝင်နေလိုက်သည်။

ထိုအခန်းတွင်းမှာ အမိုးအကာများ မပျက်စီးသေးသောကြောင့် အတန်အသင့် လုံခြုံမှုရသည်။ အခန်းတွင်းမှာ

နှင်းများမရှိပဲ ခြောက်သွေ့လျက် ရှိနေသဖြင့် ထိုအခန်းတွင်းမှာပင် တစ်ညနေရန် ဆုံးဖြတ်လိုက်သည်။

လေလုံမိုးလုံသော အခန်းတွင်းရောက်နေသဖြင့် နှင်းကျမှုဒဏ်ကို မခံရသော်လည်း အအေးဒဏ်ကိုတော့ ခံရသည်။

အစားအသောက် မစားရစေကာမူ စောင်မရှိသော အခန်းတွင်းမှာ ဒီအတိုင်း တစ်ညလုံးနေရဖို့တော့ မလွယ်လှပေ။

အကယ်၍သာ မီးဖိုတစ်ဖိုသာရှိလျှင် အဆင်ပြေနိုင်သည်ဟု စိတ်တွင်းမှ တွေးလိုက်မိသည်။

ထိုအတွေးဖြင့် ဂျာကင်အိတ်အတွင်း စမ်းကြည့်တော့ မီးခြစ်ရှိသည်။ ထင်းခြောက်၊ ဒါမှမဟုတ် ထိုအရပ်၌ ထင်းအဖြစ် အသုံးပြုသော စာမရီ နွားခြေးခြောက်များ ရနိုင်လျှင်တော့ မီးဖိုအတွက် အဆင်ပြေနိုင်သည်။

ထိုအခိုက်မှာပင် နှင်းကျမှု များလာသဖြင့် နှင်းသားထု အလေးချိန်ကို မခံနိုင်သော အချို့နေရာများမှ ပြိုကျနေသော အသံကို ကြားရသည်။ ကျောင်းပျက်ကြီးမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီ ဖြစ်သဖြင့် ဆွေးမြေ့နေရာ နှင်းများများကျလာလျှင် ပြိုကျနေလေသည်။

တိတ်ဆိတ်ငြိမ်သက်နေသော အချိန်တွင် 'တဝုန်းဝုန်း' နှင့် ပြိုကျနေသော အသံများကို ကြားရသည်မှာ ချောက်ခြားဖွယ်ရာဖြစ်သည်။

သို့သော်လည်း အပြင်မထွက်ဝံ့တော့ပေ။

အအေးဓါတ်က ပိုများလာသလို ပြိုကျနေသော အသံ





များကလည်း မကြာခဏ ဆိုသလို ကြားနေရသည်။

သူရောက်နေသော အခန်းမှာလည်း စိတ်ချလက်ချ နေ၍ရသော အခန်းမျိုးတော့ မဟုတ်ပေ။ နံရံနှင့် အပေါ်မျက်နှာကျက်များမှာ အက်ကြောင်းကြီးများ ရှိနေသည်။ နှင်းသားထုများလာပါက အချိန်မရွေး ပြိုကျလာနိုင်သော အနေအထားမျိုး ရှိသည်။

သို့သော် မတတ်နိုင်တော့။

ပထမတော့ အရဲစွန့်ပြီး ထင်းခြောက်ထွက်ရှာရန် စိတ်ကူးမိသေးသည်။ အပြင်ရောက်သည်နှင့် ထင်းခြောက်မရခင် သွေးခဲ၍ သေသွားနိုင်သော အခြေအနေမျိုး ရှိနေသောကြောင့် ထိုအကြံအစည်ကို လက်လျှော့လိုက်ရသည်။

အခန်းထောင့်နံရံမှာ ကျောမှီကပ်လျက် ငြိမ်ပြီးထိုင်နေစဉ် မိမိအဖွဲ့သားများအတွက် စိတ်ပူနေမိသည်။

တရုတ်စစ်သားများက ဖမ်းခေါ်သွားပြီလား. . .။

ဒါမှမဟုတ် ဘယ်နေရာရောက်ပြီး ဘယ်လိုအခြေအနေမျိုး ရှိနေကြသည်ကို စိတ်ထဲမှ သိချင်နေသည်။

ထိုအခိုက်မှာပင် အခန်းအပြင်ဘက်မှ နှင်းများပေါ်မှ နင်းလျှောက်သွားသော ခြေသံလိုလို ကြားလိုက်ရသည်။

ကြည့်လိုက်တော့လည်း အပေါက်ဝဘက်မှာ အရိပ်အယောင်ပင် မတွေ့ရပေ။

ခဏကြာတော့ နှာခေါင်းထဲမှာ အနံ့တစ်မျိုး ရလာသည်။

မီးခိုးအနံ့ဖြစ်သည်။ ပထမတော့ မိမိစိတ်ထဲမှာ တောင့်တနေသောကြောင့် ထိုအနံ့မျိုးရသည်ဟု ထင်မိသည်။

သို့သော် မဟုတ်ပေ။

လေနှင့်အတူ ပါလာသော မီးခိုးငွေ့များက အခန်းထဲသို့ ဝင်ရောက်လာသည်။ သို့ကြောင့် စိတ်တွင်းမှ နိုးနိုးကြားကြားဖြစ်လာပြီး နေရာမှထရပ်လိုက်သည်

ပြီးလျှင် အခန်းပေါက်ဝမှဗထွက်ပြီး အခြေအနေကြည့်သည်။

သူရောက်နေသောနေရာနှင့် တစ်ခန်းကျော်လောက်မှာရှိသည့် အခန်းတစ်ခန်းတွင်းမှ မီးခိုးငွေ့များ ထွက်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်အားထက်သန်စွာဖြင့် ထိုအခန်းရှိရာဘက်သို့ လျှောက်သွားလေသည်။ အပြင်ဘက်စင်္ကြန်လမ်းပေါ်မှာတော့ ညနေပိုင်းနှင့်မတူပဲ နှင်းသားထုကအတော်ပင် ဒုတက်နေလေပြီ။ ထိုအပေါ်မှ နင်းလျှောက်သွားသောအခါ ခြေဆစ်မြုပ်လောက်သည်အထိ ရှိနေသည်။

ထိုအခန်းနှင့် နီးလာသော ထင်းခြောက် မီးလောင်နေသောအနံ့၊ နွားခြေးချောက်များ မီးလောင်နေသော အနံ့မျိုးရသည်။

ထိုအခန်းရောက်တော့ မီးဖိုတစ်ဖိုရှိသည်။

ထင်းခြောက် နွားချေးခြောက်များကလည်း နံဘေးမှာရှိနေသည်။ မီးဖိုပေါ်မှာ ဟင်းရွက်များ ပြုတ်ထားသော မြေအိုး





ဘစ်လုံးက ရှိနေပြီး ဆူပွက်နေသည်။

အနံ့ကတော့ စွပ်ပြုတ်အနံ့မျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင်ကို ကြည့်တော့လည်း အရိပ်အယောင်မှ မတွေ့ရပေ။

စိတ်ထဲမှာတော့ တောင်ပေါ်တွင် တရားအားထုတ်နေကြသည့် ဘုန်းတော်ကြီး ဒါမှမဟုတ် သူတော်စင် ယောဂီတစ်ဦးဦး ထိုအခန်းထဲ၌ နေထိုင်ဟန်ရှိသည်။

သို့သော် ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအချိန်မှာတော့ ဘယ်သူမှမတွေ့ရပေ။ ဒေါက်တာမင်းထင်ကျော်အတွက်ကတော့ စားသောက်စရာက အရေးမကြီးလှပေ။ အနွေးဓါတ်ရသော မီးဖိုနံဘေးမှာ နေခွင့်ရသည်ကပင် ကျေနပ်စရာ ဖြစ်ပေတော့သည်။

ညဉ့်နက်ပိုင်း ရောက်လာသည်အထိ ထိုအခန်းတွင်းသို့ တစ်ဦးတစ်ယောက်မှ ရောက်မလာပေ။ သို့ကြောင့် မီးဖိုပေါ်မှာတင်ထားသော မြေအိုးထဲမှ ဟင်းရွက်ပြုတ်ရေ အနည်းငယ်ကို ခပ်ယူပြီး သောက်လိုက်သည်။

ရင်ထဲမှာ နွေးသွားသောအခါ အတော်ပင် နေသာထိုင်သာ ဖြစ်လာသည်။ ထိုအခြေအနေရောက်တော့ နောက်ထပ်ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ မီးဖိုနံဘေးမှာပင် လှဲအိပ်လိုက်ရာ အနွေးဓါတ်ကြောင့် ခဏချင်းမှာပင် အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ၊

နားထဲမှာ တစူးစူးဝူးဝူးနှင့် အသံများ ကြားရသဖြင့် ပြန်နိုးလာသည်။ သူနိုးလာသောအချိန်တွင် ကျောင်းပျက်ကြီး တစ်ခုလုံး သိမ့်သိမ့်တုန်နေသည်။ တောင်ပေါ်မှ ပြုတ်ကျလာသော ရေခဲတုံးကြီးများ၊ နှင်းသားထုများက ကျောင်းပျက်ကြီးပေါ်သို့ ကျလာကာ ပြိုကျနေသော အသံပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် ရောက်နေသော အခန်းထဲမှာပင် မျက်နှာကြက်ကျောက်ပြားများ ပြိုကျလာသည်။ အချို့မီးဖိုပေါ်သို့ တည့်တည့်ကျသဖြင့် မီးငြိမ်းသွားလေပြီ။

"ငါ ဒီအခန်းထဲမှာ နေလို့ မဖြစ်တော့ဘူး၊ အမြန်ထွက်မှ ဖြစ်မယ်"

ထိုသို့အတွေးဝင်လာသဖြင့် နောက်ထပ် ထွေထွေထူးထူး မစဉ်းစားတော့ပဲ အခန်းအပြင်သို့ ပြေးထွက်လိုက်သည်။

သူ အပြင်ရောက်သွားသော အချိန်မှာပင် စောစောက အိပ်နေသော နေရာသို့ ကျောက်ပြားနှင့် ကျောက်တုံးကြီးအချို့ 'ဝုန်း'ခနဲ ပြုတ်ကျလာသည်။

အသက်ဘေးအန္တရာယ်မှ သီသီလေး လွတ်သွားခြင်းဖြစ်သည်။

ကျောင်းပျက်ကြီးမှာ တောင်စွန်းတစ်ခုပေါ်တွင် ဆောက်ထားသောကြောင့် အပေါ်မှ ရေခဲတုံးများ ပြုတ်ကျလာသောအခါ သိမ့်သိမ့်တုန်လာလေသည်။

သို့ကြောင့် အတွင်းမှာ မနေဝံ့တော့ပဲ အပြင်ဘက်သို့ ပြေးထွက်လိုက်သည်။ နှင်းသားထုက ပိတ်ဆီးနေသောကြောင့်





ရှေ့မှအခြေအနေကို မမြင်ရပေ။

သူရောက်သွားသောနေရာမှာ ချောက်ကမ်းပါးစွန်းဖြစ်ပြီး ရောက်သွားသည်နှင့် ဝုန်းခနဲ ပြိုကျသွားရာ အောက်သို့ပါသွားလေတော့သည်။

နောက်တော့ ဘာမှမသိတော့ပေ။





# အခန်း(၁၁)
# ဒိုလပိုတောင်ပေါ်မှ ထူးဆန်းသောရွာ

အသိစိတ်က အာရုံထဲသို့ ပြန်လည်ဝင်ရောက်လာသော်လည်း မျက်စိက မဖွင့်နိုင်သေး။ သို့သော်လည်း အသိအာရုံက ဝင်ရောက်လာပြီဖြစ်သောကြောင့် နားစွင့်ကြည့်သည်။

ပတ်ဝန်းကျင်တွင် သစ်ပင်လေတိုးနေသော အသံကဲ့သို့ ဖြည်းညှင်းသော အသံအချို့ကို ကြားနေရသည်။

ရာသီဥတု အခြေအနေကလည်း အေးနေသော်လည်း ဆိုးဆိုးဝါးဝါးအခြေအနေမျိုးတော့ မဟုတ်ပေ။ သာမန်နေလို့

☺ ရွှေအောင်မြင်စာပေ ☺

ထိုင်လို့ကောင်းသော အခြေအနေမျိုးလောက်သာ ရှိလေသည်။

နှာခေါင်းထဲမှာတော့ သင်းပျံ့သော ရနံ့တစ်မျိုး ရနေသည်။ ထိုရနံ့သည် ပန်းရနံ့တစ်မျိုးဖြစ်ပြီး ဟိမဝန္တာတောင်ပေါ်သို့သွားစဉ် ဆွာမိရာမနေသော ဂူအတွင်း၌ရခဲ့သော ပန်းရနံ့မျိုးဖြစ်သည်။ အခြားတော့ မဟုတ်ပေ။

ထိုနေရာတွင် တစ်ကြိမ်သာတွေ့ခဲ့ဖူးသော နှင်းကြာပန်းရနံ့ပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုပန်းရနံ့ရသဖြင့် စိတ်ထဲမှာ လန်းဆန်းလာသကဲ့သို့ ဖြစ်လာသောကြောင့် မျက်စိဖွင့်ကြည့်လိုက်သည်။ ထိုအခါမှ သူတစ်ယောက်တည်း မဟုတ်ပဲ မနီးမဝေးမှာ လူနှစ်ယောက် ရှိနေသေးသည်ကို တွေ့ရသည်။

အသက်အရွယ်ကြီးသော အဘိုးကြီးတစ်ယောက်နှင့် အသက်(၂၅)နှစ် ဝန်းကျင်လောက်သာရှိသေးသော အမျိုးသမီးတစ်ယောက်တို့ ဖြစ်ကြသည်။

"သူ သတိပြန်ရလာပြီ"

ဟုပြောကာ သူ့အနီးသို့ ရောက်လာကြသည်။

ဒေါက်တာမင်းထင်ကျော်က နှစ်ယောက်စလုံးကို ကြည့်လိုက်တော့ မျက်နှာစိမ်းများမဟုတ်ကြပဲ တစ်နေရာမှာ မြင်ဘူးသည်ဟု စိတ်ထဲမှ ထင်လိုက်သည်။

မျက်စိမှိတ်ပြီး စဉ်းစားကြည့်တော့ တရုတ်စစ်သားများနှင့် တွေ့ရကာနီးတွင် တောလမ်းတစ်နေရာ၌ တွေ့ခဲ့ဖူးသော လူသုံးယောက်တို့၏ မျက်နှာနှင့်ဆင်တူသည်ဟုတော့ စိတ်ထဲ





တွင် အမှတ်ရနေလေသည်။

တောလမ်း၌တွေ့ရစဉ်က ခေါင်းမြီးခြုံထားသောကြောင့် အမျိုးသမီး မျက်နှာကို သေသေချာချာ မမြင်လိုက်ရသော်လည်း အဘိုးကြီး မျက်နှာကိုတော့ မြင်လိုက်ရသည်။

၎င်းတို့သုံးယောက် တောလမ်းမှ ဖြတ်သွားခဲ့ကြပြီး နောက် တရုတ်စစ်သားများ ထူးထူးခြားခြား အိပ်ပျော်နေခဲ့ကြသည်ကိုလည်း သတိရနေသည်။

ဒေါက်တာမင်းထင်ကျော် ထထိုင်တော့ အဘိုးကြီးက နွေးထွေးသောအပြုံးဖြင့် မေးသည်။

"သတိပြန်ရလာပြီလား"

"ဟုတ်ကဲ့ ရပါပြီ၊ ကျွန်တော် ဘယ်နေရာ ရောက်နေတာပါလဲ"

"အဘတို့နေတဲ့နေရာ ရောက်နေတာပါ၊ တောင်ပြိုကျလို့ ပါသွားတာတော့ ပြန်မှတ်မိတယ် မဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"တောင်အောက်ကို ပြုတ်ကျသွားပြီး ရေခဲတွေအောက်မှာ ဝိနေတာနဲ့ ကယ်လာခဲ့တာပါ"

"ကျွန်တော်ကတော့ သေပြီလို့တောင် ထင်မိပါတယ်"

"ခဏတော့ သေသွားခဲ့တာပါပဲ၊ ဘာကြောင့်လည်းဆိုတော့ ငါတို့ တွေ့ခဲ့တဲ့အချိန်မှာ မောင်ရင်ရဲ့ဝိညာဉ်က အပြင်ကိုတောင် ရောက်နေပါပြီ၊ ဝိညာဉ်ကြိုး မပြတ်သေးလို့သာ အခုလို အသက်ရှင်အောင် အကူအညီ ပေးနိုင်ခဲ့တာပါ"

"ကျွန်တော့်အသက်ကို အခုလို ကယ်တင်ပေးတာကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး၊ ဒီဘဝမှာ မင်းအသက်ကို ငါတို့က ကယ်တင်ခွင့်ရသလို တခြားဘဝတွေမှာ ငါတို့ရဲ့ အသက်ဘေးအန္တရာယ်တွေကို မင်းက ကယ်တင်ပေးခဲ့ရတာတွေ လည်း အများကြီးရှိခဲ့တာပါပဲ၊ ငါ့နာမည်က ဖိုးသက္ကလို့ ခေါ်ပါ တယ်"

ဒေါက်တာမင်းထင်ကျော်က အသိအမှတ်ပြုသောအ နေဖြင့် ခေါင်းညိတ်ပြလိုက်သည်။ အဘိုးကြီးက နေရာမှ ထရပ် ရင်း. . .

"ဒီကပဲ စောင့်နေပါ၊ မင်းတစ်ညလုံး ဘာမှမစားခဲ့ရ သေးဘူး၊ မကြာခင် စားသောက်ဖို့ ယူလာပါလိမ့်မယ်"

ဟုပြောကာ ပြန်ထွက်သွားလေသည်။

ထိုအခါမှ အိပ်ယာပေါ်ပြန်လှဲရင်း အခြေအနေကိုကြည့် ရသည်။

သူရောက်နေသောနေရာမှာ တိဗက်နယ်၌ တွေ့ရလေ့ ရှိသော အိမ်ပုံစံမျိုးဖြစ်သော်လည်း အပြင်အဆင်ကတော့ မတူ ပေ။ အချို့နေရာများတွင် အပြင်သို့မြင်ရသော မှန်ချပ်များ ကာရံထားသလား၊ ဒါမှမဟုတ် ဘာမှမထားပဲ ဟင်းလင်းရှိနေ သလားတော့ မသိပေ။

အပြင်ဘက်၌ရှိနေသော မြင်ကွင်းများကို မြင်နေရ သည်။ သူမြင်နေရသော နေရာတစ်ပိုက်မှာတော့ စိမ်းစိုသော





သစ်ပင်များ၊ နှင်းဖုံးနေသော တောင်ကုန်းတောင်တန်း အချို့ ကိုပါ လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ တောင်ပေါ် မှ ပြုတ်ကျလာခဲ့ပြီး ဒိုလပိုဒေသမှ ရွာတစ်ရွာသို့ ရောက်နေ သည်ဟုပင် ထင်မိလေသည်။

ထိုသို့တွေးတောနေစဉ် အိမ်အတွင်းသို့ အမျိုးသမီး ပြန် ဝင်လာသည်။ သူ့လက်ထဲတွင် အငွေ့ထနေသော စားသောက် စရာ ပန်းကန်တစ်လုံးလည်း ပါလာသည်။

အနားရောက်တော့ ဒေါက်တာမင်းထင်ကျော်ကို ကမ်း ပေးလေသည်။

"ဒီ ဆံပြုတ်ပူပူလေး သောက်လိုက်ရင် ရှင် အားပြန် ပြည့်လာမှာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထွေထွေထူးထူး ထပ်မပြောတော့ပဲ သူမ ကမ်းပေးသော ပန်းကန်ကိုယူပြီး ပူပူနွေးနွေးပင်ရှိသော ဆံပြုတ်ကို သောက် လေသည်။ ဆန်ပြုတ်ဆိုသော်လည်း ဆန်ချည်းပြုတ်ထားတာ မဟုတ်ပဲ ကြက်သွန်မြိတ်၊ ဆလပ်ရွက်၊ ဂေါ်ဖီနှင့် ပန်းပွင့်ဂေါ်ဖီ တို့ကိုပါ ထည့်ပြုတ်ထားသောကြောင့် အရသာရှိလှသည်။

သူမကတော့ မနီးမဝေးမှပင် ထိုင်ကြည့်နေလေသည်။ ဆန်ပြုတ်တစ်ပန်းကန် ကုန်သွားတော့ အတော်ပင် အားပြန် ပြည့်လာလေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်

တော်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ဗမာပြည်ကလာတာပါ"

ထိုစကားကြားတော့ သူမက ပြုံးလိုက်သည်။

"ကျွန်မ သိပါတယ်"

"ဒါထက် ဒီနေရာက ဒိုလပိုတောင်ခြေက ရွာတစ်ရွာများလား"

"ဒိုလပိုတောင်ထိပ်မှာရှိတဲ့ ရွာတစ်ရွာပါ"

ထိုစကားကြားတော့မှ သူထင်နေတာနှင့် တစ်လွဲစီဖြစ်နေကြောင်း သဘောပေါက်လေတော့သည်။

"ဒီနေရာက ရှမ်ဗဲလားနဲ့သက်ဆိုင်တဲ့ နေရာတစ်နေရာလား"

သူမက အပြုံးဖြင့် ခေါင်းညိတ်ပြသည်။

"ဒီနေရာက ရှမ်ဗဲလားတော့ မဟုတ်သေးဘူး၊ ဒါပေမယ့် သက်ဆိုင်တဲ့ နေရာတော့ မှန်ပါတယ်၊ ဒီနေရာကသွားရင် သလင်းကျောင်းတောင်ကြီးရှိတဲ့နေရာကို ရောက်နိုင်တယ်၊ နောက်ပြီး ကျောင်းတော်ကြီးရှိတဲ့နေရာကိုလည်း ရောက်နိုင်ပါတယ်"

ထိုသို့ စကားပြောရင်းနှင့် သူမမျက်နှာကို တစ်နေရာ၌ တွေ့ဖူးသလို စိတ်ထဲ၌ ထင်လာသည်။

"ကျွန်တော် ခင်ဗျားကို တစ်နေရာမှာ တွေ့ခဲ့ဖူးသလိုပဲ၊ နာမည်ဘယ်လိုခေါ်ပါသလဲ"

"ကျွန်မနာမည် ကုမုဒြာလို့ ခေါ်ပါတယ်"





ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ အိပ်မက်ထဲ၌ တစ်ခါက တွေ့ခဲ့ဖူးသော နှင်းကြာပန်းဒေဝီဆိုသော အမျိုးသမီး၏ မျက်နှာမှာ ယခု သူတွေ့နေရသော 'ကုမုဒြာ' မျက်နှာနှင့် အတော်ပင်တူသည်ကို စိတ်ထဲမှ သတိပြန်ရလာသည်။

"ဒါထက် တစ်ခုလောက် မေးလို့ရမလား"

"မေးပါ. ."

"ကျွန်တော်တို့ ခရီးထွက်လာတော့ တခြားအဖော်တွေ ပါလာကြပါသေးတယ်၊ သူတို့ ဘယ်ရောက်နေကြသလဲ၊ သိနိုင်ရင် သိချင်ပါတယ်"

"ရှင့်အဖော်နှစ်ယောက်ကတော့ မကြာခင် ပြန်တွေ့ရမှာပါ၊ သူတို့နှစ်ယောက်စလုံး ဘေးအန္တရာယ် ကင်းကြပါတယ်"

"ကျန်တဲ့လူတွေကရော"

"သူတို့ကတော့ တစ်နေရာမှာပဲ ရှိကြပါတယ်၊ ဒါပေမယ့် သူတို့လည်း ဘေးကင်းကြပါတယ်၊ ဒီတောင်ပေါ်ကိုတော့ သူတို့အနေနဲ့ လာခွင့်မရှိလို့ တောင်ခြေကပဲ စောင့်နေကြပါလိမ့်မယ်"

ထိုစကားကြားတော့မှ စိတ်ပူပန်နေမှုများ လျော့ကျသွားပြီး စိတ်သက်သာရာ ရသွားလေသည်။

သူနှင့် မနီးမဝေးမှာ ထိုင်နေသော ကုမုဒြာမှာ အသက်(၂၅)နှစ်ဝန်းကျင်အရွယ်ခန့်ပင် ရှိသေးပြီး လှပချောမောသူတစ်ဦးဖြစ်လေသည်။ နက်မှောင်ရှည်လျားသောဆံပင်ကို တစ်ပတ်သျှိုထုံးထားပြီး ကျောဘက်သို့ ချထားသည်။

ကျယ်ပြန့်သောနဖူး၊ နက်မှောင်ထူထဲသောမျက်ခုံး၊ တောက်ပသောမျက်ခုံး၊ ပေါ်လွင်သောနှာတံ၊ သဘာဝအတိုင်း နီလျက် ထူထဲသောနှုတ်ခမ်း၊ ပြည့်ဖြိုးပြီး အချိုးအဆစ်ကျသော ကိုယ်ခန္ဓာတို့ကို ပိုင်ဆိုင်ထားသော ချောမောလှပသည့် မိန်းမပျို တစ်ဦးမင် ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က သူမဆီမှ အကြည့်လွှဲပြီး မသိမသာ သက်ပြင်းချလိုက်တော့ သူမက နေရာမှ ထသွားပြီး တစ်နေရာမှ တင်ထားသော ပန်းအိုးတစ်လုံးကို ယူလာပြီးနောက် မန်းမဝေးမှာ ချပေးလေသည်။

ပန်းအိုးထဲတွင် နှင်းကြာပန်းတစ်ပွင့် စိုက်ထားသည်။

နှင်းကြာပန်းတို့မှာ ညဘက်လသာသောအချိန်သာ ပွင့်လေ့ရှိကြသည်။ သို့သော် နေရောင်မမြင်ရသော ထိုနေရာမှာတော့ နေ့အချိန်မှာပင် အစွမ်းကုန်မပွင့်သေးသော်လည်း အနည်းငယ် ပွင့်အာစပြုနေပြီဖြစ်၏။

ထိုနေရာမှ ထွက်လာသော ပန်းရနံ့များက အခန်းတွင်း၌ သင်းပျံ့ကြိုင်လှိုင်လျက် ရှိနေသည်။

“ရှင့်မှာ အတွင်းစိတ်စွမ်းအားတွေ မပြည့်သေးဘူး၊ ထပ်ပြီးအနားယူဖို့ လိုလိမ့်မယ်၊ ပန်းရနံ့တွေဆီက စွမ်းအားတွေကို ကိုယ်ခန္ဓာထဲရောက်လာအောင် စုပ်ယူရင်းနဲ့ တစ်ရေးလောက် ပြန်အိပ်လိုက်ပါဦး။ ပြန်နိုးလာရင် ရှင့်တစ်ကိုယ်လုံး စွမ်းအားတွေ ပြန်ပြည့်လာပါလိမ့်မယ်”

ဟုပြောသဖြင့် အိပ်ယာပေါ်သို့ ပြန်လှဲချကာ မျက်စိမှိတ်





ထားလိုက်လေသည်။

ခဏကြာတော့ သင်းပျံ့သော ပန်းရနံ့ကြောင့် အိပ်ပျော်သွားလေသည်။

ထိုသို့ အိပ်ပျော်သွားစဉ်မှာပင် အိပ်မက်ထဲတွင် ကုမုဒြာဆိုသော အမျိုးသမီးကို ပြန်တွေ့ရသည်။ သူမသည် တစ်ခါက အိပ်မက်ထဲတွင် တွေ့ခဲ့ရသည့်အတိုင်း အဖြူရောင်ဝတ်စုံကိုပင် ဝတ်ဆင်ထားလေသည်။

နောက်တော့ ခဏသာတွေ့လိုက်ရပြီး ပြန်ပျောက်သွားခလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။ နားထဲတွင် တစ်စုံတစ်ခုသော အသံကို ကြားရသဖြင့် ပြန်နိုးလာခလေသည်။

မျက်စိဖွင့်ကြည့်လိုက်တော့ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ သမ်းစပြုနေပေပြီ။ ခပ်ပါးပါးသာ ရှိသေးသော မြူနှင်းများကြားတွင် လှပသော ဆည်းဆာရောင်များကို တွေ့ရခလေသည်။ အခန်းတွင်းမှာတော့ ဘယ်သူမှမရှိပေ။

ထို့အတူ နံဘေးတွင်ချထားသော နှင်းကြာပန်းထည့်ထားသော ပန်းအိုးလည်း မရှိတော့ပေ။

သို့ကြောင့် နေရာမှထလိုက်သည်။ အစားအသောက် ဝလင်အောင် စားရသည်ကတစ်ကြောင်း အိပ်ရေးဝအောင် အိပ်ရသည်ကတစ်ကြောင်းကြောင့် လန်းဆန်းမှု ဖြစ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က နေရာမှထရင်း အခန်းအ

ခြေအနေကို ကြည့်သည်။

ရင်းရောက်နေသောအိမ်မှာ တိဗက်ဒေသတွင် တွေ့ရသော အိမ်မျိုးပင်ဖြစ်သည်။ အတွင်းမှာတော့ အသုံးအဆောင်များများမရှိပေ။ ထူးခြားသောအချက်က နံရံအချို့ကို မှန်ချပ်များဖြင့် ကာရံထားခြင်းဖြစ်၏။ မှန်ချပ်မှာ ကြည်လင်သဖြင့် အပြင်ဘက်၌ရှိသော ပတ်ဝန်းကျင် ရှုခင်းများကို အတိုင်းသား လှမ်းမြင်နေရသည်။

ဘာကြောင့် မှန်ချပ်များ ကာထားသည်ကိုတော့ မသိပေ။

စိတ်ဝင်စားသဖြင့် ထိုနေရာအနီးသို့ သွားပြီးကြည့်တော့ မှန်ချပ်ဖြင့် ကာရံထားခြင်း မဟုတ်ပေ။ ဒီအတိုင်း ဟင်းလင်းထားခြင်းသာဖြစ်၏။

စောစောက အိပ်ပျော်နေစဉ် ကြားရသောအသံမှာ နှင်းကျားသစ်တစ်ကောင်၏ ဟိန်းဟောက်နေသောအသံပင် ဖြစ်သည်။

ကြားနေရသောအသံမှာ မဝေးလှပေ။ သို့ကြောင့် အပြင်သို့ ထွက်ကြည့်ရန် စိတ်ကူးပေါ်လာသဖြင့် အပြင်သို့ ထွက်လိုက်လေသည်။ ထိုသို့ထွက်လိုက်စဉ်မှာ ပျော့အိနေသော အရာတစ်ခုနှင့် ဝင်တိုးမိသကဲ့သို့ဖြစ်ကာ နောက်သို့ ပြန်ကန်ထွက်လာသဖြင့် အံ့ဩသွားသည်။

"ဒီနေရာတွေမှာ ငါ့မျက်စိနဲ့ မမြင်ရတဲ့ အရာတစ်ခု ရှိနေပါလား"





ထိုသို့တွေးမိသဖြင့် လက်ဖြင့် စမ်းကြည့်လိုက်သည်။

ဟင်းလင်းဖြစ်နေသော နံရံမှာ တစ်စုံတစ်ခု ရှိနေသည်။ မှန်ချပ်ကဲ့သို့ ကြည်လင်သော အရာမျိုးဖြစ်သော်လည်း မှန်ချပ်ကဲ့သို့ မာကြောခြင်း မရှိပေ။ ပိတ်သားကဲ့သို့ ပျော့သော်သဘောရှိနိုင်သော်လည်း တိုးဖောက်ထွက်သွား၍တော့ မရပေ။

ထိုအခိုက်မှာပင် အပြင်ဘက်မှ ပြန်လာသော ကုမုဒြာကို လှမ်းမြင်ရသည်။ သူမသည် သာမန်တိဗက်မိန်းမပျိုများ ဝတ်ဆင်သော ဝတ်စုံကိုသာ ဝတ်ဆင်ထားသည်။

သူမသည် တောင်းတစ်လုံးကို ပွေ့ပိုက်လာပြီး ထိုတောင်းအတွင်းမှာတော့ ဟင်းသီးဟင်းရွက်များ ပါလာသည်။

ဒေါက်တာမင်းထင်ကျော် ကြည့်နေစဉ်မှာပင် သူမက ကာရံထားသော အရာကို ဖောက်ဝင်ကာ အိမ်ထဲသို့ ရောက်လာသည်။ သူမကတော့ အလွယ်တကူနှင့်ပင် ဖြတ်သန်းဝင်ရောက်လာခြင်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကိုမြင်တော့ သူမက ပြုံး၍ နှုတ်ဆက်ရင်း ပါလာသောတောင်းကို တစ်နေရာ၌ ချလိုက်သည်။

"ရှင် နိုးနေပြီလား၊ အပြင်ဘက်ထွက်ဖို့ ကြိုးစားနေတာလား"

"ဟုတ်ပါတယ်၊ မင်း ဘယ်လို ဝင်လာတာလဲ"

"စိတ်စွမ်းအင်သုံးပြီး ဝင်လာတာပါပဲ၊ ဒါက မခက်ပါဘူး။ အပြင်ထွက်ချင်ရင် အဲဒီနေရာကို အာရုံစိုက်ကြည့်ပြီး ဒီနေရာမှာ

ဘာမှမရှိဘူးလို့ တွေးပြီးမှ ထွက်ကြည့်ပါ"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က မျက်စိမှိတ်ထားလျက် ထိုနေရာသို့ အာရုံပြုလိုက်သည်။

(ဒေါက်တာမင်းထင်ကျော် အနေဖြင့် စိတ်စွမ်းအင် လေ့ကျင့်မှုများကို အတော်ပင် ပြုလုပ်ခဲ့ဖူးသောကြောင့် အခက်အခဲမရှိလှပေ။)

အာရုံစုစည်းမှု ရပြီးနောက်မှာတော့ . . .

"ဒီနေရာမှာ ဘာမှ အတားအဆီးမရှိဘူး၊ ငါ ထွက်လို့ရပြီ"

ဟုတွေးပြီး အပြင်သို့ ထွက်လိုက်သည်။

မျက်စိမှိတ်ထားသောကြောင့် တစ်စုံတစ်ခုနှင့် ပွတ်တိုက်မိသွားသည်ကိုတော့ အာရုံထဲမှာ သိလိုက်သည်။

သို့သော် အပြင်ဘက်သို့ ရောက်သွားလေသည်။ ထိုအခြေအနေကြောင့် စိတ်ထဲမှာ အတော်ပင် ကျေနပ်နေမိလေသည်။

နောက်တော့ ပတ်ဝန်းကျင်သို့ လိုက်လံကြည့်လေသည်။

သူရောက်နေသော နေရာမှာ ဒိုလပိုတောင်တစ်နေရာဖြစ်မှန်းလောက်သာ သိသော်လည်း မည်သည့်နေရာလောက်ဖြစ်မည်ကိုတော့ မခန့်မှန်းနိုင်ပေ။

မြူနှင်းများ ဝေ့နေသောကြောင့် တောင်ခြေကိုလည်း မမြင်ရ၊ တောင်ထိပ်ကိုလည်း မမြင်ရပေ။

သို့သော် ဆည်းဆာရောင်အချို့ ရှိနေသေးသော





ကြောင့် အရှေ့ဘက်မှာ ရှိနေသော ကာလိကန္တာကီ မြစ်ကြီးကိုတော့ ဝိုးတဝါး လှမ်းမြင်နေရသည်။ တောင်ပေါ်မှကြည့်သော အခါ ရှည်လျားလှသော မြစ်ကြီးမှာ မြွေတစ်ကောင်ကဲ့သို့ တွန့်လိမ်ကွေ့ကောက်စွာဖြင့် စီးဆင်းနေသည်။

သူရောက်နေသော နေရာတစ်ဝိုက်မှာ အိမ်အတော်များများ ရှိသည်။ တစ်အိမ်နှင့်တစ်အိမ် တစ်နေရာနှင့် တစ်နေရာ နီးကပ်ခြင်းမရှိကြပဲ သီးခြားစီ ရှိကြသည်။

အချို့က မြေပြန့်၌ တွေ့ခဲ့ရသော တိဗက်အိမ်များကဲ့သို့ အလှပိတ်ကာထားသော်လည်း အချို့နေအိမ်များကတော့ မှန်ချပ်များ ကာရံထားသကဲ့သို့ အတွင်းသို့ လှမ်းမြင်ရသည်။

နေအိမ်များတွင် လူများ၊ မိသားစုများ ရှိနေကြသော်လည်း သူ့ကို စိတ်မဝင်စားပဲ လုပ်စရာရှိသော အလုပ်များကိုသာ လုပ်ကိုင်နေကြလေသည်။

ထိုနေရာနှင့် မဝေးလှသော နေရာတွင် ဆင်ခြေလျှောနေရာရှိပြီး အောက်ဘက်မှာတော့ မြေပြန့်နေရာများ ရှိပေသည်။

တောင်ကြားကဲ့သို့ဖြစ်နေသော လွင်ပြင်တစ်ကြောမှာတော့ စမ်းချောင်းများရှိသည်။ သီးနှံစိုက်ခင်းများရှိသည်။

စိမ်းလန်းသော ဥယျာဉ်ခြံများ ရှိကြလေသည်။

ဆည်းဆာရောင်များ ထင်ဟပ်နေသော စိမ်းလန်းသည့် သီးနှံစိုက်ခင်းများကို မြင်တွေ့ရသည်မှာ စိတ်ကို ကြည်လင်လန်းဆန်းလာလေသည်။

အပေါ်ဘက်မှာတော့ နှင်းဖုံးနေသည့် တောင်စွ
တောင်တန်းကြီးများက အုပ်မိုးထားကြသည်။ ကြားနေရသေ
နှင်းကျားသစ်မောက်သံက ထိုနေရာဘက်မှ ကြားနေရခြင်း ဖြ
သည်။

"ဒီနေရာဟာ ရှမ်ဗဲလားနေရာ မဟုတ်သေးရင်တော
မှ ရှမ်ဗဲလားနဲ့ နီးစပ်တဲ့နေရာတစ်ခုဆိုတာတော့ သေချာတယ်

ဒေါက်တာမင်းထင်ကျော်က ထိုသို့တွေးတောရင်း သင
ပြင်းချလိုက်မိလေသည်။

ပတ်ဝန်းကျင်မှာတော့ နေရောင်ခြည်ပျောက်သွား
မြူနှင်းများ ကျဆင်းစပြုလာချေပြီ။





# အခန်း(၁၂)
# ဝိညာဉ်သစ်နှင့် အဇ္ဈတ္တခန္ဓာ

ညဦးပိုင်းအချိန်ရောက်တော့ ကုမုဒြာ စီစဉ်ပေးသော
သစ်သီး၊ သစ်ရွက်များကို စွပ်ပြုတ်သဖွယ် ပြုလုပ်ထားသော
အရေကို ညစာအဖြစ် စားသောက်ရသည်။

အသား၊ ငါး စသောသတ္တဝါတို့၏ အသွေးအသား မပါ
သော်လည်း စားသောက်ရတာ အရသာရှိလှသည်။ ထိုစွပ်ပြုတ်
ရေ တစ်ခွက်ကပင် သူ့အတွက် အတော်ပင် ခွန်အားဖြစ်လာစေ
သည်။

ထိုအိမ်မှာတော့ ဖိုးသက္ကဟုခေါ်သော ဦးသက္ကနှင့် ကုမုဒြာတို့နှစ်ယောက်သာတွေ့ရပြီး အခြားသူ မတွေ့ရပေ။

"ဒီနေရာက ဘယ်လိုနေရာမျိုး ဖြစ်တယ်ဆိုတာ ကျွန်တော့်ကို ပြောပြပေးပါ"

"ဒီနေရာက မောင်ရင့်စိတ်ထဲမှာ ထင်နေသလို ရှမ်ဗဲလားတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဆက်စပ်မှုတော့ ရှိတာပေါ့၊ ဒီကနေ မြောက်ဘက်ကိုသွားရင် သူတော်စင်ကြီးတွေ သီတင်းသုံးတဲ့ ကျောင်းတော်ကြီး ရှိတဲ့နေရာကိုတော့ ရောက်နိုင်ပါတယ်"

"ဒီရွာမှာ နေကြတဲ့သူတွေက တန်ခိုးသိဒ္ဓိ ရှိကြသလား"

"ဒီမှာနေတဲ့သူတွေက တန်ခိုးသိဒ္ဓိ မရှိပါဘူး၊ သာမန်ပဲ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ အဇ္ဈတ္တစွမ်းအင်ကို အသုံးချနိုင်တဲ့ နေရာမှာတော့ သာမန်လောကသားတွေနဲ့ မတူဘူး ဒီနေရာမှာတော့ ရုပ်ဝတ္ထု အသုံးချမှုထက် စိတ်စွမ်းအားကို အသုံးချမှုက ပိုပြီးများတယ်"

ဒေါက်တာမင်းထင်ကျော်က ဦးသက္ကပြောပြနေသော စကားများကို နားမလည်နိုင်အောင် အတော်ပင် ကြိုးစားနေရပေသည်။

"ရှမ်ဗဲလားမှာ ရှိနေကြတဲ့ သူတော်စင်တွေကလည်း နတ်ဒေဝတာတွေ မဟုတ်ကြသလို ဝိဇ္ဇာတွေလည်း မဟုတ်ကြပါဘူး၊ ဒါကြောင့် သူတို့လည်း စားချိန်တန်စားပြီး အိပ်ချိန်တန် အိပ်ကြရတာပါပဲ၊ ဒါပေမယ့် စိတ်စွမ်းအင် အသုံးပြုတဲ့နေရာနဲ့





မေတ္တာစက်ကွင်းကို အသုံးချတဲ့နေရာမှာတော့ ကောင်းကြတယ်၊ သူတို့ရဲ့ မေတ္တာစက်ကွင်းတွေက နေရာအနှံ့ကို ရောက်နိုင်ကြတယ်"

"ဒီနေရာမှာ မိသားစုတွေလည်း နေထိုင်ကြပါသလား"

"ဒီရွာက အမြဲတမ်း နှင်းတွေကျနေတတ်လို့ နှင်းတောင်လို့ ခေါ်ကြတယ်၊ ဒီရွာက လူတွေကိုလည်း နှင်းလူမျိုးတွေလို့ပဲ ခေါ်ကြတယ်၊ ဒီမှာ မိသားစုတွေ ရှိကြတယ်၊ အိမ်ထောင်သည်တွေ ရှိကြတယ်"

ထိုစကားကြားတော့ အံ့ဩသည့် အကြည့်မျိုးဖြင့် တစ်ချက်ကြည့်လိုက်သည်။

"ဒါက မထူးဆန်းပါဘူး၊ မေတ္တာနဲ့ပတ်သက်တဲ့ အသုံးချမှုတွေမှာ ဖိုမဆက်ဆံရေးဆိုတာပါတယ်၊ ဒါက လူ့လောကမှာတင် ရှိတာမဟုတ်ပါဘူး၊ နတ်ပြည် သိကြားပြည်မှာလည်း ရှိတာပါပဲ၊ နိဗ္ဗာန်မရမချင်း ရုပ်ခန္ဓာရှိတဲ့ ဘုံဘဝတိုင်းမှာ မေတ္တာနဲ့ ဆက်စပ်မှုတွေ ရှိကြတာချည်းပါပဲ"

ငယ်ရွယ်စဉ်က နတ်ပြည်၌ နတ်သားဘဝနှင့် နတ်သမီး တစ်ဖက်လေးငါးရာနှင့် စံစားသော နတ်သားများအကြောင်းကို ဖတ်ဖူးခဲ့စဉ်က မယုံကြည်သောစိတ်ဖြင့် ပြုံးမိခဲ့သေးသည်။

သို့သော် မေတ္တာစိတ်ဖြင့် ပေါင်းဖက်လျှင်တော့ တပြေးညီသာ ဖြစ်နေမည်ကို ယခုမှ သဘောပေါက်လေတော့သည်။

"ဒါဖြင့် ဝိညာဉ်အသစ်တွေကို လက်ခံတဲ့နေရာမှာရော ဘယ်လိုလက်ခံပါသလဲ"

"ဝိညာဉ်အဆင့်ပဲ ရှိနေသေးတဲ့ လူတစ်ယောက်ကို လက်ခံတော့မယ်ဆိုရင် အတော်လေး ဆင်ခြင်သုံးသပ်ရတဲ့ ကိစ္စမျိုးဖြစ်တယ်၊ ရောက်လာပြီးရင် လက်ခံရတယ်၊ လက်ခံထားပြီးမှ ဖျက်ဆီးမယ့်သူမျိုးဆိုတော့လည်း ကံတရားအတိုင်းပဲပေါ့၊ သာမန်မိသားစုမှာ ကိုယ်ဝန်ဆောင်တော့မယ်ဆိုရင် မိဘတွေက ရွေးချယ်ပိုင်ခွင့် မရကြဘူး"

"မှန်ပါတယ်"

"ဒီမှာတော့ မိဘနှစ်ပါး လက်ခံပေးရမယ့်ဝိညာဉ် (သားသမီးလောင်း)ကို သေသေချာချာ စိစစ်ပြီးမှ လက်ခံပေးပိုင်ခွင့် ရှိပါတယ်၊ ဒါမှမဟုတ် ငြင်းပယ်ခွင့်လည်း ရှိကြတယ်"

"သဘောပေါက်ပါပြီ၊ ဒီရွာမှာနေကြတဲ့သူတွေက ဘယ်လိုတာဝန်မျိုးတွေ ဆောင်ရွက်ပေးကြရသလဲ"

"ဒီမှာတော့ နေကြတဲ့သူအားလုံးက လောဘ၊ ဒေါသ မရှိကြဘူး၊ စီးပွားရေးလည်း လုပ်စရာမလိုဘူး၊ ဟိုအောက်ဘက်မှာ ဥယျာဉ်တွေရှိတယ်၊ သီးနှံစိုက်ခင်းတွေ ရှိကြပါတယ်၊ စားဖို့လိုရင် အဲဒီကနေ တစ်နေ့စာပဲ သွားယူကြတယ်"

"ပိုင်ဆိုင်တဲ့သူ မရှိဘူးလား"

"ပိုင်ဆိုင်မှုဆိုတာ ရှိလာရင် အဲဒီနောက်မှာ လောဘပါလာတတ်တယ်၊ ဥယျာဉ်တွေ စိုက်ခင်းတွေက လုပ်နိုင်တဲ့သူတွေက သွားလုပ်ထားတာပဲ၊ တစ်ရွာလုံး လုပ်နိုင်သမျှ ဆင်းလုပ်ပြီး စားချိန်တန်တော့ လိုသလောက်ပဲ သွားယူလာကြတာပါပဲ"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ လောဘ၊





ဒေါသ၊ မောဟကင်းသော ထိုရွာမှာ ရှမ်ပဲလား၏ အစိတ်အပိုင်းတစ်ခု ဖြစ်မည်ဟုသာ မှတ်ချက်ချမိလေသည်။

"ဒီမှာနေကြတဲ့ သူတွေက ကိုယ့်အတွက် စားဝတ်နေရေးအတွက် ပူပန်စရာမလိုတော့ စိတ်စွမ်းအင်တွေကို မြင့်အောင် ကြိုးစားကြတယ်၊ ကူညီသင့်တဲ့သူတွေကို တတ်နိုင်သမျှ အကူအညီပေးနိုင်အောင် ကြိုးစားနေကြရတယ်"

ဒီတော့မှ သဘောပေါက်သွားသဖြင့် မေးလိုက်သည်။

"ကျွန်တော်တို့ လမ်းမှာအခက်အခဲနဲ့ တွေ့တုန်းက အကူအညီပေးသွားတာ အဘတို့များလား"

"ဒါတွေက အရေးမကြီးတော့ပါဘူး၊ ဒီနေရာတောင်ရောက်လာမှတော့ သာမန်မဟုတ်ပဲ မေတ္တာစက်ကွင်းချင်း ထိမိလို့သာ ရောက်လာတယ်လို့ သဘောထားပြီး စိတ်အေးချမ်းအောင်သာ နေပါ"

ထိုသို့ပြောပြီး ဦးသက္ကက အပြင်သို့ ထွက်သွားလေတော့သည်။ ထိုအခါ ကုမုဒြာကပြောသည်။

"ကျွန်မ အပြင်ဘက်သွားစရာ ကိစ္စတစ်ခုရှိတယ်၊ ရှင်လိုက်ခဲ့ပေးနိုင်မလား"

"လိုက်ခဲ့ပါ့မယ်"

မှဆိုင်းမတွပင် နေရာမှထကာ သူမနောက်သို့ လိုက်ရန်ပြင်လေသည်။ ကုမုဒြာက တန်းပေါ်မှာ တင်ထားသော ပုဝါဖြူကိုယူ၍ ခေါင်းပေါ်မှ ခြုံလိုက်သည်။ ထိုသို့ ခြုံလိုက်တော့မှ အိပ်မက်ထဲမှာ တွေ့ခဲ့ရသော 'နှင်းကြာပန်းဒေဝီ'နှင့် များစွာတူ

လှကြောင်း စိတ်ထဲမှ သတိရလာလေသည်။

သို့သော် ထိုအကြောင်းကိုတော့ မမေးမိတော့ပေ။

နောက်တော့ နှစ်ယောက်သား မမြင်ရသော မှန်ချပ်အကာအရံကို ဖြတ်ကျော်၍ အပြင်ဘက်သို့ ထွက်ကြလေသည်။

အပြင်ဘက်မှာတော့ နှင်းများကျနေသည်။ အအေးဓါတ်က ကိုယ်ခန္ဓာနေရာအနှံ့အပြားသို့ တိုးဝင်ကြသည်။ ပါးလွှာသော ဝတ်ရုံတစ်ထည်သာ ခြုံထားသော ကုမုဒြာက သာမန်အနေအထားအတိုင်းပင် ရှိနေသော်လည်း သူကတော့ ချမ်းစပြုနေပြီဖြစ်၏။

ထိုအခါ အိန္ဒိယရောက်စဉ်က အဝတ်မပါသော ဆာဓုးကြီးများ နှင်းတောထဲမှာ တစ်ညလုံး ထိုင်နေကြသည်ကို ပြန်လည်အမှတ်ရလာသည်။ ၎င်းတို့ ပြောပြခဲ့သော အရာအားလုံးနှင့် ဥပေက္ခာတရားများ အကြောင်းများကို သတိရသဖြင့် ချမ်းအေးခြင်းသို့ရောက်နေသော စိတ်ကို အရှိန်သပ်လိုက်သည်။

မိမိကိုယ်တွင်းမှ စိတ်စွမ်းအင်ကို မြှင့်တင်လိုက်သည်။

စိတ်စွမ်းအားမြင့်တက်လာသည်နှင့် ပြင်ပမှလာရောက်ထိတွေ့နေသော အအေးဓါတ်က အတန်အသင့် လျော့ပါးသွားသကဲ့သို့ ဖြစ်သွားသည်။

ထိုအချိန်တွင် ကုမုဒြာက အနားရောက်လာပြီး ပြောသည်။

"ရှင့်ရဲ့ အဏ္ဏဝထွာမှာရှိတဲ့ စိတ်စွမ်းအားက အတော်ကလေး အဆင့်မြင့်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေရာနဲ့တော့ ထိုက်တန်





ပါတယ်"

ထိုသို့ ပြောပြီး နှစ်ယောက်သား ဆက်လျှောက်လာလေသည်။

ပတ်ဝန်းကျင်မှာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေသလို နှင်းသားထုများကလည်း ပိတ်ဆီးနေသည်။ ကျောက်တောင်များပေါ်မှာတော့ နှင်းများဖြင့် ဖြူဖွေးလျက် ရှိနေသည်။

သာမန်ဆိုလျှင်တော့ ထိုအချိန်မျိုးမှာ အပြင်မထွက်သင့်တော့ပေ။ ယခုထွက်လာတော့လည်း ခန္ဓာကိုယ်မှာ အနွေးဓါတ် ရနေလေသည်။

သူတို့လျှောက်လာသော လမ်းတစ်လျှောက်မှာတော့ မီးရောင်ဖြင့် လင်းနေသော အိမ်အချို့နှင့် အလင်းရောင်မရှိပဲ မှောင်နေသော အိမ်အချို့ကို မြင်ရသည်။ အချို့အိမ်များမှာ ဘုရားစာ တရားစာ ရွတ်ဆိုသံများ၊ အချို့အိမ်များမှ မေတ္တာပို့သနေသော အသံများကို ခပ်တိုးတိုး ကြားရသည်။

သစ်ပင်ကြီးအချို့ရှိသောနေရာရောက်ပြီး မကြာခင်မှာ စမ်းချောင်းတစ်ခုအနီးမှာရှိနေသော အိမ်တစ်လုံးရှိရာသို့ ရောက်သွားကြသည်။ အိမ်အတွင်းမှာတော့ မီးရောင်လင်းနေသည်။ အပြင်ဘက်မှာတော့ တိဗက်အမျိုးသားများ ဝတ်ဆင်လေ့ရှိသောဝတ်စုံကို ဝတ်ဆင်ထားသော အသက်(၃၀)ဝန်းကျင်အရွယ်ခန့်ရှိသည့် တိဗက်အမျိုးသားတစ်ဦး ရပ်နေလေသည်။

ကုမုဒြာကို မြင်သောအခါ ဦးညွှတ်၍ အရိုအသေပေးလိုက်သည်။

"သူ အထဲမှာ ရှိပါတယ်"

ထိုသို့ပြောပြီး သူကပင် ရှေ့မှဦးဆောင်ပြီး အိမ်တွင်းသို့ ခေါ်သွားလေသည်။

အိမ်ထဲမှာတော့ တိဗက်အမျိုးသမီးများဝတ်သော အဝတ်ကို ဝတ်ထားပြီး ငြိမ်သက်စွာ ထိုင်နေသည့် အမျိုးသမီးတစ်ယောက် ရှိနေသည်။ သူမက ကုမုဒြာကိုမြင်တော့ နေရာထိုင်ခင်းပေးလေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ သင့်တော်သောနေရာ၌ပင် ဝင်ထိုင်လိုက်သည်။

ထိုအမျိုးသမီးမှာ အသက်(၂၅)နှစ် အရွယ်ခန့်ပင်ရှိသေးပြီး ရုပ်ရည်ချောမောသူဖြစ်သည်။ သို့သော် မျက်နှာပေါ်မှာတော့ ကြည်လင်မှု မရှိပေ။

"ဘယ်လိုဖြစ်နေသလဲ မာလဝီ"

"ကျွန်မတို့ နှစ်ယောက်အတွက် မျိုးဆက်သစ်လိုတယ်၊ ဒါပေမယ့် အခုထိ အဆင်မပြေသေးဘူး၊ ပထမတစ်ခါက ဝိညာဉ်သစ်တစ်ခု ကျွန်မတို့ဆီ ရောက်လာဖို့ ကြိုးစားသေးတယ်၊ ဒါပေမယ့် သန္ဓေမယူခင် ဝင်လာလိုက် ပျောက်သွားလိုက် ဖြစ်နေပြီး နောက်တော့ လုံးလုံးပျောက်သွားတယ်"

"တစ်နေရာကို ရောက်သွားလို့ ဖြစ်မှာပါ"

ကုမုဒြာက လူနာပြောသောစကားကို နားထောင်ပေးနေသော ဆရာဝန်တစ်ယောက်ကဲ့သို့ အေးအေးပင် ပြန်ပြောလိုက်သည်။

"မှန်ပါတယ်၊ ဒီတစ်ခါတော့ ထူးထူးခြားခြား ကျွန်မဆီ





ကို ဝိညာဉ်သစ်နှစ်ခု ရောက်လာတယ်"

ထိုစကားကြောင့် ကုမုဒြာမှာ စိတ်ဝင်စားမှုကြောင့် မျက်ခုံးနှစ်ဖက်မှာ အပေါ်သို့ မြင့်တက်သွားလေသည်။

"သူတို့ကို လက်ခံလို့ ရပြီလား"

"ကျွန်မက လက်ခံချင်ပါတယ်၊ ဒါပေမယ့် သူတို့ကို နှစ်ယောက် တစ်ပြိုင်နက်တည်း ကိုယ်ဝန်ဆောင်ဖို့ ကျွန်မ အဆင်သင့် မဖြစ်သေးဘူး၊ နောက် စွမ်းအားလည်း မပြည့်သေးဘူး"

ထိုစကားပြောနေချိန်တွင် မာလဝီမျက်နှာပေါ်တွင် ဝမ်းနည်းနေသည့် အရိပ်အယောင်များ ဖြစ်ပေါ်နေသည်ကို သတိပြုမိသည်။ ဒေါက်တာမင်းထင်ကျော်နှင့် မနီးမဝေးမှာ လာထိုင်နေသည့် ယောကျ်ားဖြစ်သူ၏ မျက်နှာပေါ်၌လည်း စိတ်မကောင်းသော အမူအယာ ပေါ်လွင်နေသည်။

"ဝိညာဉ်သစ်တွေနဲ့ တွေ့ရသလား"

ကုမုဒြာက လေးနက်သော အမူအယာမျိုးဖြင့် မေးလိုက်သည်။

"တွေ့ရပါတယ်၊ ယောကျ်ားကလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ပါ၊ သူတို့က ဟိုဘဝက ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ ဘဝသစ်ရောက်ရင်လည်း အတူတကွ နေခွင့်ရပါစေလို့ သစ္စာပြုခဲ့ကြတယ်၊ သူတို့ရဲ့ အရှုတ္တမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒစွမ်းအားက ကောင်းလေတော့ ဝိညာဉ်ဘဝမှာလည်း အတူတူ ရှိနေကြတယ်"

ကုမုဒြာက လက်ခံသော အမူအယာဖြင့် ခေါင်းညိတ်ပြ

သည်။

"အခု ဒီနေရာမှာနေဖို့ ရွေးချယ်ပြီးပြီဆိုတော့ သူတို့ဆန္ဒကရော ဘယ်လိုရှိသလဲ"

"နှစ်ယောက်အတူတူပဲ နေခွင့်ပေးပါလို့ ပြောတယ်၊ တကယ်လို့ ကျွန်မအနေနဲ့ လက်ခံမပေးနိုင်ရင် တခြားနေရာ ရှာတော့မယ်လို့ ပြောပါတယ်၊ ကျွန်မကို အကူအညီပေးနိုင်ရင် ပေးပါရှင်"

ဟု တောင်းပန်ပြောဆိုလေသည်။

"ဒီရွာမှာ တခြားတစ်ယောက်ကို လက်ခံပေးနိုင်တဲ့ အမျိုးသမီး မရှိတော့ဘူးလား"

"ကျွန်မ စုံစမ်းကြည့်ပြီးပါပြီ၊ အတော်များများက သူတို့အလိုရှိတဲ့ မျိုးဆက်သစ်တွေ ရပြီးကြပြီဆိုတော့ နောက်ထပ် ဝိညာဉ်သစ်တွေအတွက် အချိန်မပေးချင်တော့ဘူး၊ တကယ်လို့ တစ်ယောက်ကို လက်ခံပေးနိုင်တဲ့ မိခင်လောင်းရှိရင်တော့ ကျွန်မအတွက် အဆင်ပြေနိုင်ပါတယ်"

"ဒီနေရာမျိုးကို ရောက်လာတဲ့ ဝိညာဉ်သစ်တွေဆိုတာ သာမန်မဟုတ်ကြဘူး၊ သာမန်ဝိညာဉ်တွေဆိုရင် သာမန်နေရာတွေကို အလွယ်တကူ ဝင်စားလို့ ရကြတာပဲ၊ မိခင်လောင်းတွေကလည်း မသိတော့ နှစ်ယောက်သုံးယောက်အထိ လက်ခံပေးကြရတယ်"

"သူတို့က မသိကြတော့ လက်ခံပေးရတာပေါ့"

"တကယ်တော့ ဝိညာဉ်သစ်တွေကို လက်ခံတဲ့နေရာမှာ





ခံမိစွမ်းအားရှိသလောက်ပဲ လက်ခံသင့်ကြတယ်၊ ဒါမှ မိခင်ရော ကလေးပါ အသက်ချမ်းသာရာရတယ်၊ ဝိညာဉ်တွေ ဆက်လက်ရှင်သန်ခွင့် ရနိုင်တယ်၊ တကယ်လို့ ကိုယ့်မှာ စွမ်းအားမရှိပဲ သက်ခံမိရင် မိခင်ရော ကလေးပါ ပျက်စီးတတ်ကြတယ်"

"မှန်ပါတယ်၊ အခု ကျွန်မမှာ သူတို့နှစ်ယောက်ကို တစ်ပြိုင်တည်း လက်ခံပေးနိုင်တဲ့ စွမ်းအားမျိုး အဆင်သင့် မရှိသေးဘူး၊ ဒီတစ်ခါ ရောက်လာတဲ့ ဝိညာဉ်သစ်ကို ကျွန်မလက်ခံပေးမှ ဖြစ်မယ်၊ မဟုတ်ရင် ကျွန်မတို့ နှစ်ယောက်မှာ မျိုးဆက်သစ် ကျန်ခဲ့တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် မမကိုခေါ်ပြီး အကူအညီ တောင်းရတာပါ"

"ဒါက သာမန်ကိစ္စတော့ မဟုတ်ဘူး၊ ငါတို့အနေနဲ့ အလေးအနက်ထားပြီး ဆောင်ရွက်ရမယ့် ကိစ္စမျိုးဖြစ်တယ်၊ ဒါကြောင့် ငါ့အနေနဲ့ ဖြစ်နိုင်တဲ့နည်းနဲ့ အကူအညီပေးနိုင်ဖို့ စဉ်းစားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မမရယ်"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်နှင့်အတူ ပြန်ထွက်လာကြလေသည်။

လမ်းလျှောက်လာရင်းမှ ကုမုဒြာက မေးသည်။

"ဒီကိစ္စကို ရှင်ဘယ်လို ထင်သလဲ"

"ကျွန်တော်က အိမ်ထောင်မရှိဘူးသေးတော့ ဒီအကြောင်းတွေကို မသိပါဘူး၊ မြေပြန့်မှာတော့ ကိုယ်ဝန်ဆောင်တဲ့ ကိစ္စမျိုးတွေကို သာမန်ကိစ္စတွေလိုပဲ ဆောင်ရွက်နေကြတာပါပဲ"

"မှန်ပါတယ်၊ ဒါကြောင့် ပျက်စီးမှုတွေ များနေတာပေါ့ ဒီနေရာက မြေပြန့်နဲ့မတူတဲ့ သီးခြားနေရာတစ်ခုပဲ၊ ဒီနေရာတွေကို ရောက်လာတဲ့ ဝိညာဉ်တွေကလည်း သာမန်အနိမ့်စား ဝိညာဉ်တွေ မရောက်လာနိုင်ကြဘူး"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"တစ်နှစ်ကြာလို့တောင်မှ ဝိညာဉ်သစ်တစ်ယောက် ရောက်မလာဘူး၊ ရောက်လာတဲ့ ဝိညာဉ်သစ်ကိုလည်း ကျွန်မတို့ အားလုံးက တန်ဖိုးထားပြီး ကြိုဆိုလက်ခံပေးကြရတယ်၊ ကျွန်မတို့အတွက် မျိုးဆက်သစ်ရဖို့ အရေးကြီးတယ်၊ ဒီနေရာရောက်လာတဲ့ မျိုးဆက်သစ်ဟာ ရှမ်ဗဲလားရဲ့ မျိုးဆက်သစ်ဆိုလည်း မမှားဘူး"

"ဒါပေမယ့် သူ့အခက်အခဲကို အိမ်ထောင်ဘက်ရှိတဲ့သူတွေမှသာ အကူအညီ ပေးနိုင်မှာ မဟုတ်လား"

"ကျွန်မ သူ့ကို အကူအညီ ပေးရမှာပါ"

"ဟင်. . မင်းမှာ အိမ်ထောင်ဘက် ရှိသလား"

ကုမုဒြာက သဘောကျစွာဖြင့် ပြုံးလိုက်လေသည်။

"ကျွန်မမှာ အိမ်ထောင်ဘက် မရှိသေးပါဘူး၊ ဒါပေမယ့် ရှင်အကူအညီပေးရင် ဖြစ်နိုင်ပါတယ်"

ထိုစကားကြားတော့ အထိတ်တလန့် ဖြစ်သွားကာ. . . ကုမုဒြာကို ကြည့်လိုက်သည်။ သူမမျက်နှာကတော့ ထွေထွေထူးထူး ပြောင်းလဲသွားခြင်း မရှိပဲ အရေးကြီးသော ကိစ္စတစ်ခုအတွက် လေးလေးနက်နက် ရှိနေဟန် တူလေသည်။





"မင်းဆိုလိုတာက ငါက မင်းကို အိမ်ထောင်ဖက်အဖြစ် လက်ခံပေးရမှာလား"

"ဟုတ်ပါတယ်၊ ရှင့်အနေနဲ့ ကျွန်မကို အိမ်ထောင်ဘက် အဖြစ် လက်ခံပေးရင် မာလဝီဆီက ဝိညာဉ်သစ်တစ်ယောက်ကို ကျွန်မ လက်ခံပေးလို့ရမယ်"

"ဒါက လွယ်တဲ့ကိစ္စ မဟုတ်ဘူး၊ ဘဝနဲ့ရင်းပြီး အလေးအနက်ထားပြီး စဉ်းစားရမယ့် ကိစ္စမျိုးပဲ၊ လက်ထပ်တယ်ဆိုတဲ့ ကြားထဲမှာ ချစ်ခြင်းမေတ္တာဆိုတာမျိုးက ရှိနေသေးတယ်"

"ရှင်ပြောတာ မှန်ပါတယ်၊ လောကမှာ ချစ်ခြင်းမေတ္တာဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုဆိုတာ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမယ့် သူ့ထက်ပိုပြီး အရေးကြီးတာ တွေ့လာရင် စွန့်လွှတ်တန် စွန့်လွှတ်ရတယ်၊ မြတ်စွာဘုရားဟာ သဗ္ဗညုဉာဏ်တော် ရဖို့အတွက် သံယောဇဉ်နဲ့ ချစ်ခြင်းမေတ္တာတွေကို ဥပေက္ခာပြုခဲ့တယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပဲ သက်ပြင်းတစ်ချက် ချလိုက်သည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာရာ ကမ်းပါးစွန်းတစ်နေရာ ရောက်လာတော့ ရပ်လိုက်ကြသည်။

ထိုညက ကောင်းကင်မှာ လရောင်ရှိနေသောကြောင့် ပတ်ဝန်းကျင်၌ အလင်းရောင် တစ်စွန်းတစ်စ ရှိနေသည်။

သူတို့ရောက်နေသော နေရာအောက်ဘက်၌ ရေတံခွန်ရှိသောကြောင့် ရေစီးသံများ ကြားနေရသည်။

အဝေးမှ ကြေးစည်သံ၊ ဖားစည်သံ၊ ခေါင်းလောင်းတီးသံတွေကို သဲ့သဲ့ကြားနေရသည်။

"ကျောင်းတော်ကြီးရှိတဲ့နေရာက အဲဒီဘက်မှာရှိတယ်၊ တစ်နေ့ကျရင် ရှင်လည်း အဲဒီနေရာကို ဝင်ခွင့်ရနိုင်ပါလိမ့်မယ်၊ အခု ဒီနေရာရောက်လာတာ ပထမအဆင့်ပေါ့"

"ဒါပေမယ့် သာမန်တော့ မဟုတ်ဘူးထင်တယ်"

"အကူအညီပေးတဲ့သူ မရှိပဲနဲ့တော့ မရောက်နိုင်ပါဘူး၊ ကျွန်မတို့ မြေးအဖိုးက ရှင့်ကို ဒီနေရာရောက်ဖို့ အကူအညီပေးခဲ့ကြပါတယ်"

"ကိုယ် သဘောပေါက်ပါတယ်၊ ဒါကြောင့် မင်း အကူအညီတောင်းတာကို အကူအညီပေးဖို့ စဉ်းစားနေတာပါ"

သူမမျက်နှာပေါ်မှာ အပြုံးရိပ်များ ပေါ်လာသည်။

"ရှင် ဒီနေရာကိုလာတဲ့ အဓိက ရည်ရွယ်ချက်က နှင်းကျားသစ် လေ့လာဖို့နဲ့ နှင်းကြာပန်းအလိုရှိလို့ လာကြတာ မဟုတ်လား"

"မှန်ပါတယ်"

"နှစ်မျိုးစလုံးက ဒီတောင်ပေါ်မှာ ရှိကြပါတယ်၊ ကျွန်မ အကူအညီ ပေးပါ့မယ်၊ နောက်ပြီး တောင်ပေါ် တစ်နေရာမှာ ရောက်နေတဲ့ ရှင့်မိတ်ဆွေနှစ်ယောက်နဲ့လည်း တွေ့ပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ကိုယ့်ဘက်က လည်း မင်းအလိုရှိတဲ့ဆန္ဒကို ဖြည့်ဆည်းပေးပါ့မယ်"

"ရှင့်ဆီက ဒီစကားကြားရတာ ကျွန်မလည်း ဝမ်းသာပါ





ဘယ်၊ လောလောဆယ်တော့ ကျွန်မဘက်က အဆင်သင့် မဖြစ်သေးပါဘူး၊ အဆင်သင့် ဖြစ်ပြီဆိုရင်တော့ ဘယ်လိုလုပ်ရမယ်ဆိုတာ ရှင့်ကို ပြောပြပါ့မယ်"

"ကောင်းပါပြီ"

ထို့နောက် နှစ်ယောက်သား နေအိမ်ရှိရာဘက်သို့ ပြန်လာကြလေသည်။ ညဦးပိုင်းအချိန် ကျော်လာပြီ ဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသော်လည်း ဒေါက်တာမင်းထင်ကျော် ရင်ထဲမှာတော့ မငြိမ်မသက် ဖြစ်နေလေသည်။





# အခန်း(၁၃)
# နှင်းကြာပန်းနှင့် ဒဿနများ

နှင်း တောရွာဟု အမည်ပေးထားသော ဒိုလပိုတောင်ပေါ်မှာရှိသော တိဗက်ရွာကလေးသို့ ဒေါက်တာမင်းထင်ကျော် ရောက်နေခဲ့သည်မှာ တစ်ပတ်ခန့် အချိန်ကြာခဲ့ပေပြီ။

ရောက်ကာစကတော့ တွေ့သမျှ မြင်သမျှ အထူးအဆန်းချည်း ဖြစ်နေသော်လည်း တစ်ပတ်ခန့် အချိန်ကြာလာသောအခါမှာတော့ နေသားကျလာခဲ့ပေပြီ။

မိမိတို့ဒေသတွင် နေသကဲ့သို့ပင် ဖြစ်လာသည်။

☺ အောင်မြင်စာပေ ☺

တစ်ခုပဲ ကွာခြားသည်။ အနေအထိုင် အစားအသောက် မတူသောကြောင့် ကျန်းမာရေး ပိုကောင်းလာသည်။ စိတ်စွမ်းအင်များ တဖြည်းဖြည်း မြင့်တက်လာခဲ့ပေပြီ။ လူတစ်ယောက်ကိုယ်မှ ထွက်နေသော ကိုယ်အရောင်ပုံရိပ်ကို ကြည့်နိုင်မြင်နိုင်လာသည်။

ထိုအရောင်အမျိုးအစားကို ကြည့်ရုံနှင့် ၎င်း၏ စိတ်သဘောကိုသိနိုင်သော အဆင့်မျိုး ရောက်လာခဲ့ပေပြီ။

သူ့အနေနှင့် ထိုရက်များအတွင်းမှာ ကုမုဒြာပြောထားသော ကိစ္စကိုလည်း အလေးအနက်ထားပြီး စဉ်းစားနေရပေသည်။

တစ်နေ့တော့ ညနေပိုင်းအချိန်တွင် ဦးသက္ကက ၎င်းနှင့် လာရောက်တွေ့ဆုံလေသည်။

"မောင်ရင်လေးရဲ့ မိတ်ဆွေနှစ်ဦးလည်း စိတ်စွမ်းအားအခြေခံတွေ အတော်လေး ကောင်းနေပြီမို့ သူတို့နဲ့ သွားတွေ့ရအောင်"

ထိုစကား ကြားသောအခါ များစွာ ဝမ်းသာသွားလေသည်။

ထို့နောက် ဦးသက္ကနှင့်အတူ လိုက်သွားလေသည်။

ရွာတန်းကဲ့သို့ ဖြစ်နေသော တိဗက်အိမ် အတော်များများကို ကျော်ဖြတ်လာပြီးနောက် လှိုဏ်အတွင်းသို့ ဆင်းသောလမ်းရှိရာသို့ ရောက်သွားလေသည်။

ကျောက်တုံးများကို လှေခါးထစ်သဖွယ် ပြုလုပ်ထား





သောကြောင့် အောက်သို့ဆင်းသွားကြလေသည်။

အောက်ဘက်ရောက်တော့ မှိုင်းညို့နေသော ဥယျာဉ်ခြံများ၊ ကွင်းပြင်များတွင် နေရာအနှံ့ စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများကို တွေ့ရသည်။ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ဆလပ်၊ မုန်ညင်း၊ ကြက်သွန်ခင်းများက တမျှော်တခေါ် ရှိနေကြသည်။

ဥယျာဉ်ခြံများ အတွင်းမှာလည်း ကမ္မဋ္ဌာန်းကျောင်းသဖွယ် ဆောက်ထားသော အိမ်ငယ်ကလေးများ ရှိသည်။

"ဒီမှာ ဘယ်သူမှ မနေကြဘူးလား"

"ဒါတွေက တရားအားထုတ်ကြတဲ့ ရိပ်သာတွေပါ၊ မောင်ရင်ရဲ့ မိတ်ဆွေနှစ်ယောက်ကို အဲဒီမှာပဲ ထားပါတယ်"

ခေါင်းညိတ်ပြလိုက်လေသည်။

နှစ်ယောက်သား တဲကျောင်းကလေးများရှေ့မှ လျှောက်သွားကြရာ အစွန်ဘက်တွင်ရှိသော တဲကျောင်းတစ်ခုသို့ရောက်တော့ ရပ်လိုက်ကြသည်။ အခြားတဲကျောင်းများမှာ မီးရောင်မမြင်ခဲ့ရသော်လည်း ထိုတဲကျောင်းအတွင်းမှာတော့ မီးရောင်ရှိနေသည်။

"သူတို့အထဲမှာ ရှိတယ်၊ ဝင်တွေ့လိုက်ပါ၊ ညဉ့်နက်ပိုင်းရောက်တဲ့အခါ တစ်ခေါက်ပြန်လာခဲ့ပါ့မယ်"

ထိုသို့ပြောပြီး ဦးသက္ကက ပြန်လှည့်သွားလေသည်။

တဲကျောင်းအတွင်း ဝင်သွားတော့ တရားထိုင်နေသော ဦးဗန်ကောင်းနှင့် မီးအိမ်တစ်လုံးချကာ မှတ်တမ်းများ ရေးနေသော ဂျော့ရှီလာတို့ကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်ဝင်လာတော့ နှစ်ယောက်စလုံး လုပ်လက်စအလုပ်များကို ရပ်တန့်လိုက်ပြီး နေရာမှ ထလာကြလေသည်။

"အဘတို့နဲ့ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ်"

"ကျုပ်တို့ကလည်း မောင်ထင်ကျော်အတွက် စိတ်ပူနေကြတာပါပဲ၊ ဒါပေမယ့် သူတို့နဲ့ တွေ့ရပြီးတဲ့နောက် အကျိုးအကြောင်းသိရတော့မှ စိတ်အေးသွားကြရတယ်"

"ဒါထက် တန်ပတို့အဖွဲ့ကရော ဘယ်လိုဖြစ်သွားကြသလဲ"

"တရုတ်စစ်သားတွေက သူတို့ကို ဖမ်းမိသွားတယ်၊ နောက်တော့ လမ်းပြလိုက်လာတဲ့ သူတွေ့မှန်းသိတော့ ပြန်လွှတ်ပေးလိုက်ကြတယ်၊ ကျုပ်တို့ကို တစ်နေရာက စောင့်နေကြပါလိမ့်မယ်"

ထိုအခါ ကျော့ရှိလာက ဝင်ပြောသည်။

"တရုတ်စစ်သားတွေကတော့ အမိက ကျုပ်တို့သုံးယောက် လွတ်သွားလို့ မကျေနပ်ကြဘူး၊ ကျုပ်အထင်ပြောရရင်တော့ ဒီတောင်ကို တစ်ခေါက်လာရှာကြလိမ့်ဦးမယ် ထင်တာပဲ"

"ဒါပေမယ့် လွယ်လွယ်နဲ့တော့ မတွေ့နိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဒီနေရာကို ရောက်လာတာကို သဘောကျတယ်၊ ကျုပ်လိုချင်တဲ့မှတ်တမ်းတွေလည်း အတော်ရနေပြီ၊ နှင်းကျားသစ်အကြောင်း သိရရင်တော့ ပြည့်စုံပါပြီ"





ဟု ပြောသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က သူကြုံတွေ့ရသော အကြောင်းအရာ အဖြစ်အပျက်တို့ကို ဦးဇန်ကောင်းအား ပြန်ပြောပြလိုက်သည်။

"ဒီနေရာက သာမန်နေရာတော့ မဟုတ်ဘူး မောင်ထင်ကျော်ရဲ့၊ ရှမ်ဗဲလားရဲ့ ဝင်ပေါက်တစ်ခု ဒါမှမဟုတ် ဆက်စပ်မှုရှိနေတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်တယ်၊ နေထိုင်ကြတဲ့ လူတွေကလည်း ဒီအတိုင်းပဲ၊ စိတ်စွမ်းအင်နှုန်း အတော်ကလေး မြင့်ကြတယ်"

"ဒါပေမယ့် ဒီနေရာမှာ မိသားစုတွေရှိတယ်၊ လင်မယားတွေ ရှိကြတယ်၊ ကိုယ်ဝန်ဆောင်တဲ့ ကိစ္စတွေအထိ ရှိကြတယ်"

"ဒါကတော့ အထူးအဆန်းမဟုတ်ပါဘူး၊ နတ်ပြည်သိကြားပြည်မှာလည်း လင်မယားတွေ သားသမီး ယူကြတာတွေ ရှိကြတာပဲ၊ လောကပါလ နတ်မင်းကြီးလေးပါးမှာတောင် နတ်မိဖုရားတွေနဲ့ သားသမီးပေါင်း မြောက်များစွာ ရှိကြတယ်ဆိုတာ ကျမ်းဂန်တွေမှာ ဖော်ပြထားကြတာပါပဲ"

"ဒါပေမယ့် သူတို့ သားသမီး ယူပုံက တစ်မျိုးပဲ၊ ရောက်လာတဲ့ ဝိညာဉ်သစ်ကို ရွေးချယ်ပြီးမှ လက်ခံလို့ရတယ်၊ နောက်ပြီး ယောက်ျားနဲ့မိန်းမ ကိုယ်လက်နှီးနှောမှုမပြုလုပ်ပဲ ကိုယ်ဝန်ဆောင်ယူကြတယ်"

"ဒါလည်း မထူးဆန်းပါဘူး၊ စိတ်စွမ်းအားကောင်းကြတဲ့သူတွေက ဒီလိုပဲယူကြတာပဲ၊ တကယ်တော့ စိတ်က အလိုရှိ

လာရင် ကိုယ်လက်နှီးနှောစရာ မလိုပါဘူး၊ လက်ခံသင့်မဲ့ ဝိညာဉ်သစ်ကို လက်ခံပေးလို့ ရကြပါတယ်"

"အဖော်ကလေး ထူးဆန်းတာပဲ"

"မထူးဆန်းပါဘူး မောင်ထင်ကျော်ရဲ့၊ မောင်ရင်က ယောက်ျားနဲ့မိန်းမကိုယ်လက် နှီးနှောမှ ကိုယ်ဝန်ရနိုင်တယ်လို့ ထင်နေလို့လား၊ ကျမ်းဂန်တွေမှာ ကိုယ်ဝန်ရစေနိုင်တဲ့ အကြောင်းခုနစ်ပါးရှိတယ်လို့ ဖော်ပြထားတာ ရှိပါတယ်"

ဦးဇန်ကောင်းပြောသော ကိုယ်ဝန်ရခြင်း အကြောင်း (၇)ပါးမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

(၁) တပ်မက်သောစိတ်ဖြင့် ကိုယ်လက်ကို သုံးသပ်၍သော်လည်းကောင်း။

(၂) တပ်မက်သောစိတ်ဖြင့် အဝတ်ပုဆိုးတို့ကို ကိုင်တွယ်မိလျှင်သော်လည်းကောင်း။

(၃) တပ်မက်သောစိတ်ဖြင့် သုတ်ရေကို စုပ်မြိုမိလျှင်သော်လည်းကောင်း။

(၄) တပ်မက်သောစိတ်ဖြင့်ချက်ကို သုံးသပ်လျှင်သော်လည်းကောင်း။

(၅) တပ်မက်သောစိတ်ဖြင့် စူးစူးစိုက်စိုက် ကြည့်လျှင်သော်လည်းကောင်း။

(၆) တပ်မက်သောစိတ်ဖြင့် အသံကို ကြားရလျှင်သော်လည်းကောင်း။

(၇) တပ်မက်သောစိတ်ဖြင့် ပွေ့ဖက်နမ်းရှုတ်ခြင်း၊ ကိုယ်





လက်နှီးနှောလျှင်သော်လည်းကောင်း။

ပဋိသန္ဓေရရှိစေနိုင်ပေ၏။

ထိုအကြောင်းကို အထောက်အပံ့ပြုစေသော ဇာတ်တော်တစ်ခုလည်း ရှိပေသည်။ သုဝဏ္ဏသာမဇာတ်တော်ပင် ဖြစ်ဒ်၏။

ဒုကူလနှင့် ပါလိကာတို့ ရသေ့ရရဟန်းဘဝဖြင့် တောံနေကြစဉ် သိကြားမင်းရောက်လာပြီး လျှောက်ထားလေသည်။

"အရှင်ဒုကူလ၊ ရှင်ရသေ့တို့အား အန္တရာယ်သည် ထင်ဒ်၏။ အရှင်ရသေ့တို့ မစွမ်းသောအခါ လုပ်ကျွေးသော သားသမီးရတနာ လိုအပ်၏။ လူတို့အကျင့်ဖြစ်သော မေထုန်မှီဝဲကုန်လော့"

ထိုစကားကြားသောအခါ ဒုကူလက. . .

"သိကြားမင်း အဘယ်ကြောင့် ထိုစကားဆိုဘိသနည်း၊ ါတို့သည် လူ့ဘောင်ါလောက၌ပင် နေရသည်ရှိသော်လည်း ဤယုတ်မာသောအမှုကို ပိုးလောက်အစုကဲ့သို့ စက်ဆုပ်ရွံရှာကုန်၏။ ယခု တောသို့ဝင်၍ ရသေ့ရဟန်းဘဝနှင့် နေရပြီးမှ ဤသို့သောအမှုကို အဘယ်သို့ ပြုနိုင်အံ့နည်း"

ဟု ပြန်ပြောသည်။

ထိုအခါ သိကြားမင်းက. . .

"ရှင်ရသေ့တို့ ဤသို့သောအမှုကို မပြုနိုင်ကုန်အံ့၊ ပါရိကာရသေ့မ ဥတုလာသောအခါ၌ ချက်ကို လက်ဖြင့်ထိရုံနှင့်ပင် သားရတနာ ရရှိနိုင်ပေ၏"

ဟု ပြောဆိုလျှောက်ထားကာ ကွယ်ပျောက်သွားလေသည်။

ဒုကူလကာ ပါရိကာ ရသေ့မအား ထိုအကြောင်းကို ပြောကြား၏။

ပါရိကာရသေ့မလည်း ဥတုလာသောအခါ ပြောကြားပေး၏။ ထိုအခါ ချက်ကို လက်ဖြင့်သုံးသပ်တော်မူရာ ပဋိသန္ဓေစွဲယူခြင်း ဖြစ်စေသည်။

ဦးပန်ကောင်းက ပဋိသန္ဓေ ရစေနိုင်သော အကြောင်းတရား(၇)ပါးကို သာဓကနှင့် ပြောပြသောအခါမှ ဒေါက်တာမင်းထင်ကျော်လည်း သဘောပေါက်သွားလေတော့သည်။

ညဦးနက်ပိုင်းအချိန် ရောက်သောအခါ သူတို့ရှိနေသောတဲကျောင်းသို့ ဦးသက္ကနှင့် ကုမုဒြာတို့နှစ်ယောက် ရောက်လာကြလေသည်။

"ဒီအအချိန်သွားရင် တောင်ထိပ်ပေါ်မှာ နှင်းကျားသစ်ကိုလည်း တွေ့ရမယ်၊ နှင်းကြာပန်းပွင့်တာလည်း တွေ့ရနိုင်ပါတယ်"

ဦးသက္ကကပြောသဖြင့် လိုအပ်သော ပစ္စည်းများကို ယူဆောင်ပြီးနောက် လိုက်ကြရန် ပြင်ကြလေသည်။

သူတို့သုံးယောက်တွင် ကျော့ရှိလာမှာ အတက်ကြွဆုံးဖြစ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် သူရေးသားနေသော ဆောင်းပါး အချက်အလက်များမှာ အခြားသူများ မရနိုင်၊ မမရေးနိုင်သော





အကြောင်းအရာ အချက်အလက်များ ဖြစ်လာနိုင်သည့်အပြင် အကယ်၍သာ နှင်းကျားသစ်အကြောင်းကို ပြည့်ပြည့်စုံစုံ လေ့လာခွင့်ရပါက ရေးသားသော စာအုပ်မှာလည်း ကမ္ဘာကျော်စာအုပ်အဖြစ်သို့ ရောက်လာနိုင်သောကြောင့်ပင် ဖြစ်သည်။

လပြည့်ညဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ လရောင်များရှိနေသည်။ နှင်းမှုန်နှင်းစက်များက ရောထွေးနေသောကြောင့် ကြည်ကြည်လင်လင်တော့ မရှိလှပေ။

အပြင်မှာ အအေးဓါတ်ကလည်း များသည်။

သို့သော်လည်း သူတို့အတွက်တော့ အအလေ့အကျင့်ရနေပြီ ဖြစ်သောကြောင့် သဘာဝတရားကို ဥပေက္ခာပြုထားနိုင်ကြပြီ ဖြစ်ပေသည်။ အပြင်ဘက်ရောက်တော့ တောင်ပတ်လမ်းများမှ တောင်ထိပ်ရှိရာသို့ ဦးတည်ပြီး တက်ကြသည်။ လမ်းတစ်လျှောက်လုံး ကျောက်တုံးကျောက်ခဲများပေါ်မှာ နှင်းသားများ စို့ရွှဲနေသောကြောင့် သတိထားပြီး တက်ကြရသည်။

အတော်ကြာတော့ နှင်းဖုံးနေသော တောင်ထိပ်တစ်နေရာမှ နှင်းကျားသစ်တစ်ကောင်၏ ဟိန်းဟောက်သံကို စတင်ကြားကြရသည်။ ကြားနေရသောအသံမှာ အပြင်ဘက်ဆီသို့ ထိုးထွက်နေသော တောင်စွန်းတစ်ခုပေါ်မှဖြစ်သည်။

ထိုတောင်စွယ် တောင်စွန်းပေါ်သို့ ရောက်အောင်သွားနိုင်ဖို့ကတော့ မဖြစ်နိုင်လောက်ပေ။

တဖြည်းဖြည်းနှင့် တက်သွားရာ ညဦးနက်ပိုင်းရောက်တော့ ဒိုလပိုတောင်ထိပ်တစ်နေရာသို့ ရောက်သွားကြသည်။

ကျယ်ပြန့်သော တောင်ထိပ်တစ်နေရာတွင် ကျောက်တုံးများရှိသည်။ ကျောက်တုံးများအပေါ်မှာရော တောင်ရင်ပြင်ပေါ်၌ပါ နှင်းများဖုံးနေသည်။ လရောင်က ပိုပြီး ကြည်လင်နေသည်။ ထိုနေရာရောက်တော့ ကုမုဒြာက ပြောသည်။

"ဟိုဘက် ကျောက်တုံးတွေရှိတဲ့နေရာမှာ နှင်းကြာပန်းတွေ ပွင့်ကြတယ်၊ လောလောဆယ်တော့ မခူးပဲ လေ့လာရုံပဲ လေ့လာကြည့်ကြပါ"

ဟုပြောပြီး ခေါ်သွားသဖြင့် လိုက်သွားကြသည်။ မနီးမဝေးရောက်တော့ အေးမြသော လေနှင့်အတူ ထူးထူးခြားခြား သင်းပျံ့လှသော ရနံ့များကိုရသည်။ ကျောက်တုံးကြီးများရှိသော နေရာရောက်တော့ တောင်ထိပ်၌သာ ပွင့်လေ့ရှိသော နှင်းကြာပန်းအချို့ကို တွေ့ကြရလေသည်။

ကမ္ဘာပေါ်တွင် အရှားပါးဆုံး ပန်းတစ်မျိုးဖြစ်သော ဟင်ကာမဲလ်(Himkamal)ဟုခေါ်သော နှင်းကြာပန်းမှာ အစဉ်သဖြင့် နှင်းဖုံးသော တောင်များပေါ်တွင် ပွင့်လေ့ရှိသော်လည်း နေရာတိုင်း မတွေ့နိုင်ပေ။

ပန်းအတော်များများမှာ နှင်း၏ အေးမြလွန်းသော ဒဏ်ကို မခံနိုင်ကြပေ။

ကြာပန်းသည် ရေရှိသောအရပ်၌သာ ပွင့်လေ့ရှိသည့် နူးညံ့သော မြေပြန့်ပန်းဖြစ်သည်။

တောင်ထိပ် ရေခဲဖုံးသော နေရာများတွင် ရေမရှိသောနေရာ၌ ပွင့်နိုင်သောပန်းမှာ နှင်းကြာပန်းတစ်မျိုးသာ ရှိပေသည်။





ထို့ကြောင့် မမြင်ဘူး၊ မတွေ့ဘူးကြခြင်း ဖြစ်သည်။

ရှားပါးသော ပန်းဖြစ်သော နှင်းကြာပန်းသည် ဆေးဖက်ဝင်သည်။ အသက်ရှည်ဆေး ဖော်စပ်ရာ၌ နှင်းကြာပန်း၏ ဝတ်ဆံသည် အဓိကပါဝင်သော ဆေးဖက်တစ်မျိုး ဖြစ်သည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့ တကူးတက လိုက်လံရှာဖွေနေခြင်း ဖြစ်သည်။

နှင်းသားထုများ ဖုံးနေသော ကျောက်တုံးများကြား၌ ပွင့်နေသော နှင်းကြာပန်းမှာ အပြာရောင်၊ အပြာနုနှင့် အဖြူရောင်တို့ ရောထွေးလျက် အရွယ်အစားမှာ လက်ဘက်ရည်ပန်းကန်ပြားအဝိုင်းအရွယ်ခန့်ရှိပြီး လှပသည်။

ရနံ့ကလည်း မွှေးသည်။ တောင်ပေါ်လေ တိုက်လိုက်တိုင်း အပွင့်က လှုပ်ခါသွားရာ ပန်းရနံ့များကို လှုပ်ခါထုတ်နေသကဲ့သို့ ရှိပေသည်။

"ဒါ ရှင်တို့ရှာဖွေနေတဲ့ နှင်းကြာပန်း ဖြစ်ပါတယ်၊ ဒီပန်းတွေက သာမန်မဟုတ်လေတော့ ခူးချိန်မတန်ပဲ ခူးဆွတ်ခွင့်မရှိပါဘူး"

"တကယ်လို့ ခူးဆွတ်မိရင် ဘယ်လိုအကျိုးဆက်တွေရှိပါသလဲ"

ဦးဗန်ကောင်းက မေးလိုက်သည်။

"သူတို့က ခွင့်ပြုမပေးပဲနဲ့ ခူးမိရင် နောက် ဒီနေရာမှာ ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ပါဘူး"

"သူတို့ဆိုတာ. ."

"နှင်းကြာပန်းကိုပဲ ပြောတာပါ"

"ခွင့်ပြုတယ် မပြုဘူးဆိုတာ ဘယ်လိုသိနိုင်မလဲ"

"သူတို့ကိုမေးရင် သိနိုင်ပါတယ်၊ အခုပဲ မေးကြည့်ပေးပါ့မယ်၊ ဒီနေရာဘက်ကသာ စောင့်နေကြပါ"

ဟု ပြောကာ ကုမုဒြာက နှင်းကြာပန်းများပွင့်နေသော နေရာသို့ တိုးသွားလေသည်။ သူမ အနားကပ်လာသောအခါ စောစောက ငြိမ်သက်စွာဖြင့် လရောင်ခံနေကြသော နှင်းကြာပန်းများက ရုတ်တရက် အိပ်နေရာမှ နိုးလာသကဲ့သို့ တိုညင်းသော အသံများလည်း ပေါ်ထွက်လာကြသည်။

ကုမုဒြာ ပန်းတစ်ပွင့်ချင်းစီကို လက်ဖြင့်တို့ထိပြီး မေးလေသည်။

"ခူးယူခွင့် အချိန်သင့်ပါပြီလား"

"မသင့်သေးပါဘူး၊ အခုမှ ပွင့်လန်းကာစပဲ ရှိပါသေးတယ်၊ ကျွန်ုပ်ရဲ့ သင်းပျံ့တဲ့ပန်းရနံ့တွေကို လေနဲ့အတူ လောကကြီးကို ဖြန့်ဝေပေးချင်ပါသေးတယ်"

နောက်တစ်နေရာပြောင်းပြီး နောက်တစ်ပွင့်မေးပြန်တော့လည်း ပြောပြန်သည်။

"ကျွန်ုပ်တို့ရဲ့ အလှတွေကို လူတွေက မတွေ့နိုင် မမြင်နိုင်ကြပါဘူး၊ ဒါကြောင့် ပန်းရနံ့တွေကိုတော့ လေနဲ့အတူ လောကထဲရောက်အောင် ပို့ပေးချင်ပါသေးတယ်၊ ကျွန်ုပ်က ခူးဆွတ်ဖို့ အချိန်မတိုင်သေးပါဘူး"





ဤသို့ဖြင့် ပွင့်နေသော နှင်းကြာပန်းတို့ကို တစ်ပွင့်ချင်း သက်ဖြင့်တို့ထိပြီး လိုက်မေးသော်လည်း ခူးယူခွင့် မရကြသေးပေ။

နောက်ဆုံး ကျောက်တုံးကြားတွင် အစွမ်းကုန်ပွင့်နေသော နှင်းကြာပန်းကြီးတစ်ပွင့်ကို တွေ့သဖြင့် ၎င်းအားမေးကြည့်တော့ ၎င်းက ပြန်ပြောသည်။

"ကျွန်ုပ်က ပွင့်လာခဲ့တာ အတော်ကြာပါပြီ၊ ကျွန်ုပ်ထံမှ ပန်းရနံ့တွေကိုလည်း လေနဲ့အတူ လူ့လောကထဲ ရောက်အောင် ပို့သင့်သလောက် ပို့ပေးခဲ့ပြီးပါပြီ၊ ကျွန်ုပ်တာဝန် ကျေပွန်ခဲ့ပြီးပါပြီ၊ မကြာခင် ပန်းရဲ့သက်တမ်း ကုန်တော့မှာမို့ နောက်သုံးရက်ကြာရင် ကျွန်ုပ်ကို လာရောက်ခူးယူနိုင်ကြပါပြီ"

"အဲဒီလိုခူးယူလိုက်ရင် သင်ဘယ်လို ခံစားရပါသလဲ"

"လောကကို ပန်းတစ်ပွင့်ရဲ့ ရနံ့တွေနဲ့ တာဝန်ထမ်းဆောင်ခဲ့ပြီးပါပြီ၊ သဘာဝရှိသောအတိုင်း အချိန်တန်တော့လည်း ပျက်စီးရမှာပါပဲ၊ မပျက်စီးခင်မှာ လူသားတွေအတွက် အသုံးချခွင့်ရတယ်ဆိုရင် ကျေနပ်စရာပဲ ဖြစ်မှာပါ"

ဟု ပြန်ပြောလေသည်။

ကုမုဒြာက ထိုပန်းပွင့်ရှိသောနေရာကို မှတ်သားထားခဲ့ပြီး ဒေါက်တာမင်းထင်ကျော်တို့အား အကျိုးအကြောင်း ပြောပြလိုက်ရာ များစွာအံ့သြနေကြသည်။

"ဒါ အံ့သြစရာ မဟုတ်ပါဘူး၊ ပန်းဆိုတာလည်း ဓါတ်ကြီးလေးပါးနဲ့ အကြောင်းပြုပြီး ဖြစ်တည်ရတဲ့ သက်ရှိအရာတစ်ခု

ပါပဲ၊ ဒါကြောင့် သူတို့မှာ ခံစားမှုတွေလည်း ရှိကြတယ်၊ ဆူညံတဲ့အသံတွေ၊ ကြမ်းတမ်းခက်ထန်တဲ့အသံတွေ ကြားနေရရင် ပန်းပွင့်တွေက မပွင့်ဘူး၊ အသီးတွေ မတင်ဘူး၊ နူးညံ့ညင်သာတဲ့ တေးဂီတသံတွေ အမြဲကြားနေရတဲ့ ပတ်ဝန်းကျင်မှာ ရှိကြတဲ့ ပန်းတွေက ပိုပြီးပွင့်လန်းသလို သစ်သီးတွေကလည်း ပိုပြီးသီးကြတယ်၊ သူတို့လည်း သက်ရှိသဘောအရ ခံစားမှုတွေ ရှိကြပါတယ်"

ဟုကုမုဒြာက ပြောပြလေသည်။

ထို့နောက် ထိုနေရာမှ နှင်းကျားသစ် တွေ့နိုင်သောနေရာသို့ ဆက်သွားကြလေသည်။

အချိန်က ညဉ့်နက်ပိုင်း ရောက်လာပြီဖြစ်သောကြောင့် လရောင်က ပိုမြင့်လာသည်။ နှင်းက ပိုများလာပြီး အအေးဓါတ်လည်း များလာသည်။

နှင်းကျားသစ်တစ်ကောင် ဟိန်းဟောက်နေသောအသံ ကြားရသောနေရာနှင့် မနီးမဝေး တောင်ကြောတစ်ခုပေါ်သို့ ရောက်သွားသောအခါ ဒေါက်တာမင်းထင်ကျော်တို့ကို ကျောက်တုံးအကွယ်မှာနေစေပြီး ဦးသက္ကက တောင်ကြောတစ်နေရာသို့ တက်သွားပြီး ရပ်တုံ့လိုက်သည်။

ထို့နောက် အသံတစ်မျိုးဖြင့် အချက်ပေးလိုက်သည်။

ထိုအသံကြားတော့ နှင်းကျားသစ်က ပြန်အော်သည်။

ခဏကြာတော့ တောင်ကြောပေါ်၌ရှိသော ကျောက်တုံးကြီးများနောက်ဘက်မှ ကျားသစ်ကြီးတစ်ကောင် ထွက်လာသည်။





ဦးသက္ကကိုမြင်တော့ တောင်ကြောပေါ်မှ ဆင်းလာလေသည်။

ကျောက်တုံးနောက်ကွယ်မှ အခြေအနေကြည့်နေကြသော ဒေါက်တာမင်းထင်ကျော်တို့ကတော့ တစ်သက်တစ်ကိုယ် မြင်ရခဲသော (မမြင်ဖူးသေးသော)မြင်ကွင်းတစ်ခုကို ထပ်မံမြင်တွေ့ကြရပြန်လေသည်။

ဆင်းလာသော သတ္တဝါမှာ ကျားသစ်ပင်ဖြစ်သည်။ အကောင်အရွယ်အစားက အတော်ပင်ကြီးမားပြီး တစ်ကိုယ်လုံး အဖြူရောင်အမွေးရှည်များရှိသည်။ အဖြူရောင်များပေါ်တွင် လှပသော အနက်ရောင်အကွက်များ ရှိသည်။

အလျားရှည်ပြီး ရှည့်ပိုင်းက နောက်ပိုင်းထက်ပိုပြီး တောင့်တင်းလေသည်။

တောင်ကြောပေါ်မှ ဆင်းလာသော နှင်းကျားသစ်ကြီးက ရန်မူတိုက်ခိုက်လိုသော ဟန်အမူအယာမရှိပဲ သခင်နှင့်တွေ့သော ကြောင်တစ်ကောင်ကဲ့သို့ သိမ်မွေ့စွာပင် တဖြည်းဖြည်း ဆင်းလာနေခြင်း ဖြစ်သည်။

ရင်းရောက်လာတော့ ဦးသက္ကက အော်ဟစ်နေခြင်းကို ရပ်တန့်လိုက်လေသည်။ နှင်းကျားသစ်ကြီး ဦးသက္ကအနား ရောက်သောအခါ နှင်းသားပြင်ပေါ်မှာ ဝပ်ချလိုက်သည်။

ထိုမြင်ကွင်းကို မြင်သောအခါ ဂျော့ရှီလာက ကုမုဒြာထံသို့ ခွင့်တောင်းပြီး ဓါတ်ပုံရိုက်ယူသည်။

နှင်းများရှိနေသောကြောင့် ဓာတ်ပုံက ကြည်ကြည်လင်လင်တော့ မရှိပေ။

(လန်ဒန်သို့ ပြန်ရောက်ပြီး၊ နှင်းကျားသစ်အကြောင်းကို ဆောင်းပါးရေးသောအခါ ထိုဓါတ်ပုံကို ထည့်သွင်းဖော်ပြရာ စာဖတ်သူများက စိတ်ဝင်စားကြသည်။

အချို့ ဝေဘန်ရေးဆရာများကလည်း နှင်းကျားသစ်နှင့် အတူ တိဗက်အဝတ်အစား ဝတ်ထားသော လူကြီးတစ်ယောက်ပုံပါ ပါနေသောကြောင့် အတုပြုလုပ်ထားသော ဓာတ်ပုံသာ ဖြစ်ရမည်ဟု ဝေဖန်ပြောဆိုကြသည်။ မည်သို့ပင်ရှိစေ နောက်ပိုင်း ဂျော့ရှိလာရေးသားသော နှင်းကျားသစ်နှင့် ပတ်သက်သည့် အကြောင်းကို စာအုပ်အဖြစ် ပြန်လည်ရိုက်နှိပ်သောအခါ ကမ္ဘာအရပ်ရပ်မှ လူကြိုက်များလှပြီး ဘာသာအမျိုးမျိုး ပြန်ဆိုကာ စောင်ရေအများဆုံး ရိုက်နှိပ်ရသော စာအုပ်လည်း ဖြစ်လာလေသည်။)

မည်သို့ပင်ရှိစေ. . .

ထိုညက တွေ့ခဲ့ရသော အကြောင်းအရာများကတော့ ဒေါက်တာမင်းထင်ကျော်တို့အတွက် တစ်သက်တာ မမေ့နိုင်စရာ အကြောင်းအရာများပင် ဖြစ်ခဲ့ပေတော့သည်။





# အခန်း(၁၄)
# ပန်းနုရောင်စွမ်းအင်နှင့် ချစ်ခြင်းမေတ္တာ

အချိန်က နေဝင်ချိန်နီးနေပြီ ဖြစ်သောကြောင့် ဆည်းဆာရောင်များက ပတ်ဝန်းကျင်တစ်ဝိုက် ဖျံ့နှံ့လျက် ရှိနေပေသည်။ ရာသီဥတု သာယာနေသောကြောင့် ပတ်ဝန်းကျင်မှာ လှပသာယာလျက် ရှိပေသည်။

ထိုအချိန်တွင် ရွာကလေးနှင့် မဝေးလှသော တောင်ကြော်တစ်ခုပေါ်သို့ လူနှစ်ယောက်တက်လာကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကုမုဒြာတို့ပင် ဖြစ်ကြလေ

သည်။

ဒေါက်တာမင်းထင်ကျော်က သာမန်အဝတ်ကိုသာ ဝတ်ဆင်ထားသော်လည်း ကုမုဒြာကတော့ ပါးလွှာသော အဖြူရောင် ဝတ်ရုံကိုသာ တစ်ထပ်တည်း ဝတ်ဆင်ထားလေသည်။

ဒေါက်တာမင်းထင်ကျော် အနေကတော့ သာယာလှပသော ဆည်းဆာရောင်များအောက်တွင် ထူးထူးခြားခြားလှပနေသော ကုမုဒြာ၏အလှကို ရဲရဲပင် မကြည့်မိအောင် သတိထားနေရလေသည်။

တောင်ထိပ်ပေါ် ရောက်လာတော့ ဒိုလပိုတောင်ထိပ်ပေါ်မှကျော်၍ ဖြာကျလာသော ဆည်းဆာရောင်များက သူတို့နှစ်ဦးပေါ်သို့ ကျနေလေသည်။

တောင်ခြေတစ်နေရာမှာတော့ စိမ်းလန်းသော သစ်တောများနှင့် အဆက်မပြတ် စီးဆင်းကျနေသော ရေတံခွန်တစ်ခု ရှိနေလေသည်။ ထိုနေရာတစ်ဝိုက်မှာတော့ လူသူမတွေ့ရသလောက် ရှင်းနေသည်။ တောင်ကြားတစ်နေရာမှ ဖြာဆင်းလာသော ဆည်းဆာအရောင်များက ရေတံခွန်အစပ်၊ ရေစပ်နားအထိ ရောက်နေရာ ရောင်စုံဆလိုက်ရောင်များနှင့် ထိုးထားသကဲ့သို့ လှပတင့်တယ်မှု ရှိနေလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကုမုဒြာတို့ကတော့ အောက်သို့ဆင်းသော ကျောက်လှေခါးထစ်ကလေးများမှ အောက်သို့ တဖြည်းဖြည်း ဆင်းလာကြသည်။

ထိုသို့ဆင်းလာရင်း ဒေါက်တာမင်းထင်ကျော့် စိတ်ထဲ





ဘွင် နံနက်ပိုင်းအချိန်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်အချို့ကို ပြန်လည်သတိရနေတော့သည်။ ဦးသဏ္ဍ၊ ကုမုဒြာနှင့် ဒေါက်တာမင်းထင်ကျော်တို့သုံးယောက် ဆုံသောအခါ ကုမုဒြာက အခြေအနေကို ပြောပြသည်။ မာလဝီနှင့်ပတ်သက်သောအကြောင်းများပင်ဖြစ်သည်။"

ဦးသဏ္ဍကတော့ လေးလေးနက်နက်ပင် နားထောင်နေသည်။ ကုမုဒြာ စကားဆုံးတော့မှ သူ့သဘောကိုပြောသည်။

"ဒီနေရာမှ ဝိညာဉ်သစ်တစ်ယောက် ဝင်ရောက်လာဖို့ကိစ္စဆိုတာ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စမျိုးပဲ၊ မြေပြန့်ဒေသတွေမှာတော့ ဝိညာဉ်သစ်တွေက မိခင်လောင်းတွေကိုတောင် အသိမပေးဘဲ သဘောရှိတဲ့အတိုင်း ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်သွားတတ်ကြတယ်"

"မှန်ပါတယ်"

"ဒီမှာတော့ ဒီလိုမဟုတ်ဘူး၊ ဝိညာဉ်သစ်တစ်ခု ရောက်လာတော့မယ်ဆိုရင် မိခင်လောင်းကို အရင်အသိပေးရတယ်၊ မိခင်လောင်းက လက်ခံပေးဖို့ အဆင်သင့်ဖြစ်မမယ်ဆိုရင် သူဖြစ်ချင်တာ ကိုယ်ဖြစ်ချင်တာတွေကို ညှိနှိုင်းပြောဆိုကြရတယ်၊ အဆင်ပြေပြီဆိုမှ ဝင်ခွင့်ရကြတယ်၊ ဒါကြောင့် ဒီနေရာတွေမှာ လူသစ်တစ်ယောက် ဖြစ်လာဖို့ဆိုတာ အတော်လေး ခက်ခဲတဲ့ ကိစ္စမျိုး ဖြစ်နေတတ်တယ်"

ဒေါက်တာမင်းထင်ကျော်ကပါ သိသင့်သလောက် သိသွားပြီးဖြစ်သောကြောင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုနေရာမျိုးမှာ ဝိညာဉ်သစ်နှစ်ယောက် တစ်ပြိုင်နက်ထဲ ဝင်ရောက်လာတယ်ဆိုတာကတော့ အံ့သြဖွယ်ကောင်းသာ စရာပဲ၊ ဘာပဲဖြစ်ဖြစ် မာလစီရဲ့ ဆန္ဒပြည့်ဝအောင် အကူအညီပေးသင့်တယ်"

"ကျွန်မ အကူအညီပေးပါမယ်လို့ ကတိပေးထားခဲ့ပါတယ်"

"ငါ့မြေးရဲ့ လူသားတွေအပေါ်မှာ ထားတဲ့စိတ်ထားကတော့ ချီးကျူးစရာပါပဲ၊ ဒါပေမယ့် ငါ့မြေးရဲ့ဆန္ဒကို အကူအညီပေးမယ့်သူက လိုသေးတယ်"

"သူက အကူအညီပေးမှာပါ။ အဘိုးကသာ ကျွန်မတို့နှစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် အသိအမှတ်ပြုပေးပါ"

"ဒါက ငြင်းပယ်စရာ မလိုပါဘူး၊ သူ ဘာကြောင့် ဟိုအဝေးကြီးကနေ ဒီနေရာရောက်လာတယ်ဆိုတာ သူကိုယ်တိုင်မသိပေမယ့် သူတော်စင်တွေကတော့ သိကြမှာပါ။ ရှမ်ဗဲလားက သူတော်စင်ကြီးတွေ အသိအမှတ်မပြုရင် သူ ဒီလိုနေရာမျိုးကို ဘယ်လိုမှ ရောက်လာနိုင်စရာ မရှိပါဘူး၊ ဒါကြောင့် သူ့ကို ငါ့မြေးရဲ့အိမ်ထောင်ဘက်အဖြစ် အဘိုးက အသိအမှတ်ပြုပေးပါတယ်"

ဟု ပြောပြီး လက်ဆက်ပေးသည်။

ထွေထွေထူးထူးတော့ မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်လက်နှင့် ကုမုဒြာလက်ကို ထပ်ကိုင်ပြီး ဆုတောင်းမေတ္တာပို့သပေးခြင်းပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ လှေခါးထစ်များမှ အောက်





သို့ တဖြည်းဖြည်းဆင်းလာရင်းနှင့် ထိုအကြောင်းများကို ပြန်သည်တွေးတောနေခြင်း ဖြစ်သည်။

အောက်ခြေသို့ ရောက်သောအခါ ရေစပ်နားအထိ လျှောက်သွားကြသည်။ အချိန်က မှောင်ရီသမ်းစအချိန် ရောက်လာပြီ ဖြစ်သောကြောင့် လှပသော ဆည်းဆာရောင်များတဖျော့သွားသည်။ သို့သော်လည်း အအလှဆုံး အနေအထားမျိုးမှာပင် ရှိနေသေးသည်။ ထိုနေရာရောက်တော့ ရပ်လိုက်ပြီး ကုမုဒြာကမေးသည်။

"ရှင် ဆုံးဖြတ်ပြီးပြီ မဟုတ်လား"

"ဆုံးဖြတ်ပြီးပါပြီ၊ ဒါပေမယ့် မေးချင်တာတော့ ရှိပါသေးတယ်"

"မေးပါ. ."

"ဒီကိစ္စက လွယ်လွယ်မဟုတ်မှန်းတော့ ကိုယ်သိပါတယ်၊ တစ်နေ့ကျရင် ကိုယ်က နေရပ်ကို ပြန်သွားရမှာ၊ အဲဒီအချိန်ကျရင်ကော မင်းဘယ်လို သဘောထားမလဲ"

"ရှင်ဆုံးဖြတ်တာကိုပဲ ကျွန်မလက်ခံပေးရမှာပါ၊ တကယ်လို့ ရှင်ပြန်သွားရင်လည်း ကျွန်မကတော့ ဒီနေရာမှာပဲ ကျန် ခဲ့မှာပါ၊ ဒါပေမယ့် ရှင့်ဘဝရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ရင်သွေးလေးကိုတော့ ရှင် တွေ့ချင်မြင်ချင်ရင်တော့ ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရှင် ဒီနေရာကို တစ်ခေါက်ပြန်ရောက်လာရမှာပါ"

ကုမုဒြာ၏ အမူအယာက ခွဲခွာခြင်းကြောင့် ဖြစ်သော

ပူပန်သောကမျိုး မတွေ့ရပဲ ဖြစ်လာသမျှ အကြောင်းတရားကို သာလက်ခံပေးနိုင်သော အမူအယာမျိုးသာ တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်အနေကသာ ထိုအဆင့်ကို ကျော်နိုင်ဖို့ အတော်ပင် ကြိုးစားရဦးမည်ဖြစ်ကြောင်း သူ့ကိုယ်သူ သိနေလေတော့သည်။

"ဒါထက် လက်ဆက်ပေးတဲ့သဘောက"

"ဖိုဓာတ်နဲ့ မဓာတ်နှစ်ခု မပေါင်းစပ်ဘဲနဲ့ ဝိညာဉ်သစ်အတွက် သန္ဓေယူဖို့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဒီတာဝန်ကို ယူတော့မယ်ဆိုရင် ယောကျ်ားတစ်ယောက်တည်း ရှိနေလို့လည်း မရသလို မိန်းမတစ်ယောက်တည်း ရှိနေလို့လည်း မဖြစ်ဘူး၊ ဒါကြောင့် ပေါင်းစပ်ပေးရတာပါပဲ"

"အပြင်လောကမှာတော့ လက်ဆက်ခြင်းနဲ့ပတ်သက်ပြီး ကန့်သတ်ချက်တွေရှိတယ်၊ ဒီမှာကရော ဒါမျိုးတွေ ရှိသလား"

"ထွေထွေထူးထူး မရှိပါဘူး၊ ဒီမှာနေကြတဲ့ အရှုတ္တစိတ်က ဖြူစင်တော့ တစ်စုံတစ်ခုနဲ့ ကန့်သတ်ထားရတာမျိုး မရှိပါဘူး၊ ရှင်နဲ့ လက်ဆက်ခဲ့ပြီးတဲ့နောက်မှာ ဒီနေရာမှာ ရှင်ရှိနေသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ကျွန်မကတော့ ရှင်နဲ့သက်ဆိုင်တဲ့ သူတစ်ယောက်အနေနဲ့ပဲ တစ်သက်လုံး ရှိနေမှာပါ"

ဟု ပြောပြရာ ဒေါက်တာမင်းထင်ကျော် ရင်ထဲမှာတော့ တစ်စုံတစ်ခု အတိုင်းအတာအထိတော့ ကျေနပ်မှု ရရှိသွားလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် မှောင်စပျိုးသောအ





ချိန်ရောက်လာပြီ ဖြစ်လေသည်။

"ရှင့်ဘက်က အဆင်သင့်ဖြစ်ရင်တော့ စလိုက်ကြရအောင်၊ ကျွန်မဘက်ကတော့ အဆင်သင့် ဖြစ်နေပါပြီ"

ထိုသို့ပြောပြီး သူမက ဝတ်စုံကို ချွတ်ချလိုက်ပြီး မျက်စိမှိတ်ထားကာ ငြိမ်သက်စွာ ရပ်နေလေသည်။ ပထမတော့ ဒေါက်တာမင်းထင်ကျော်မှာ ဘာလုပ်ရမှန်း မသိသဖြင့် သူမမျက်နှာကိုသာ ကြည့်နေမိသည်။ နောက်မှ တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် စိတ်ကိုထိန်းချုပ်ကာ မျက်စိကို မှိတ်ချလိုက်သည်။

ထိုအချိန်အထိ စိတ်က မတည်ငြိမ်လှသေးပေ။

အတော်ကြာတော့ မိမိစိတ်ကို ထိန်းချုပ်၍ ရသွားလေသည်။ အာရုံထဲမှာ သူမ၏ပုံရိပ် ပေါ်လာသည်။

တဖြည်းဖြည်းဖြင့် ပီပြင်လာသည်။ အာရုံစိတ်၌ တွေ့မြင်ရသောပုံရိပ်မှာတော့ သူမကိုယ်ပေါ်မှာ မည်သည့်အဝတ်အစားမှမရှိဘဲ ပကတိအတိုင်း မြင်ရလေသည်။

ထူးခြားသောအချက်က ကိုယ်ခန္ဓာမှာ အရောင်တစ်မျိုး ယှက်သန်းနေလေသည်။

ပန်းနုရောင်ဖြစ်သည်။

သူမတစ်ကိုယ်လုံး ပျံ့နှံ့နေသော ပန်းနုရောင်တို့က ပန်းချီဆေးဖြင့် ရေးခြယ်ထားသကဲ့သို့ ဒါမှမဟုတ် ပန်းနုရောင် ဆလိုက်မီးရောင်ဖြင့် ထိုးထားသကဲ့သို့ ပျံ့နှံ့နေခြင်း ဖြစ်သည်။

အထူးသဖြင့်တော့ ခါးအောက်ပိုင်းနှင့် ဝမ်းဗိုက်ရှိသော နေရာတစ်ဝိုက်တွင်ရှိနေသော အရောင်က သာမန်ထက်ပိုပြီးရင့်

နေရာ အချို့နေရာတွင် ကြက်သွေးရောင်ကဲ့သို့ပင် ဖြစ်နေလေသည်။

ထိုအခြေအနေကိုမြင်တော့ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ သဘောပေါက်စ ပြုလာပေပြီ။

ကိုယ်ခန္ဓာတွင် သူ့နေရာနှင့်သူ ရှိနေကြသည့် စွမ်းအင်လမ်းကြောင်းတို့၏ သဘောကို သိလာလေသည်။

နေနှင့်လ ပေါင်းစည်းသောအခါ ဣဍ(Ida)ခန္ဓာကိုယ်၏ ဝဲဘက်တွင် တည်နေသော စွမ်းအင်လမ်းကြောင်း၊ (Left energy channel of the Human body)နှင့် ပိင်္ဂလ(Pingala) ခန္ဓာကိုယ်၏ လက်ယာဘက်တွင်တည်နေသော စွမ်းအင်လမ်းကြောင်း၊ (Right energy channel of the Human body)တို့သည် အညီအမျှ စီးဆင်းသောအခါ အညီအမျှ ပေါင်းစပ်မှုကိုလည်း ဖြစ်စေသည်။ ၎င်းကို သံဓယ(Sandhya)သို့မဟုတ် သုသုံကာ (Sushumna)ဟု ခေါ်ဆိုနိုင်သည်။

ကိုယ်ခန္ဓာမှထွက်သော စွမ်းအင်လမ်းကြောင်းခြင်း ပေါင်းစပ်မှုမှာလည်း စိတ်ကို ရွှင်လန်းတက်ကြွမှုကို ဖြစ်ပေါ်စေသည်။

ဂန္ဓဝင်ဂီတပညာရှင်တို့သည် သံစဉ်တို့၏သဘော (Pitch)တို့ကို သင်္ကေတနုတ်များ၊ (Notes)ဖြင့် အသုံးပြုကာ ဖန်တီးယူလေ့ရှိကြသည်။

ထို့အတူ ဖိုဓာတ်နှင့် မဓာတ်တို့ ပေါင်းစပ်ရာမှာလည်း ဣဍ(Ida) ကိုယ်ခန္ဓာ၏ လက်ဝဲဘက်စွမ်းအင်လမ်းကြောင်းနှင့်





ပိင်္ဂလ(Pingala)ကိုယ်ခန္ဓာ၏ လက်ယာဘက် စွမ်းအင်လမ်းကြောင်းတို့ကို အသုံးပြုခြင်းဖြင့် ကိုယ်ခန္ဓာအတွင်း၌ရှိသော သုသုံကာ(Sushumna)တို့ နိုးကြားတက်ကြွလာကာ စွမ်းအားကို ဖြစ်ပေါ်စေပါသည်။

ယခုလည်း စိတ်အာရုံ၌ မြင်တွေ့နေရသော ကုမုဒြာ ကိုယ်ခန္ဓာမှထွက်နေသော စိတ်စွမ်းအင် လမ်းကြောင်းများကို သူ့အာရုံထဲတွင် တွေ့မြင်နေရသည်။

သို့ကြောင့် ထိုစွမ်းအင်များကို အသုံးပြုပြီး သူ့ကိုယ်တွင်းမှ စွမ်းအင်များကိုထုတ်ရန် ကြိုးစားရသည်။

ထိုအချက်သည် စိတ်အာရုံစုစည်းနိုင်မှုနှင့် အလေ့အကျင့်ပေါ်၌ အခြေခံပေသည်။

ထို့ပြင် သူ့ရှေ့မှာရှိနေသော ကုမုဒြာကိုယ်မှ ဖြစ်ပေါ်နေသည့် စွမ်းအင်များ၏ အကူအညီကိုလည်း ယူရသေးသည်။

ကိုယ်ခန္ဓာအတွင်းမှ စွမ်းအားတစ်ခုကို အသုံးချတော့မည်ဆိုလျှင် ဆန့်ကျင်ဘက်စွမ်းအားတစ်ခုကလည်း ပတ်ဝန်းကျင်၌ ရှိနေဖို့လိုသည်။ သို့မှသာ စက်ကွင်းလှိုင်းချင်း ချိတ်မိထိမိပြီး ချက်ချင်းနိုးထလာမည် ဖြစ်ပေသည်။

မီးတောက်ရန် ဓာတ်ဆီလိုအပ်သကဲ့သို့ ထိုမီးတောက်သည် အရရှိန်မရခင်မှာ ဓာတ်ဆီနှင့် တွေ့ရန်လည်း လိုအပ်ပေသည်။

စွမ်းအင်လမ်းကြောင်းများ အသုံးပြုရာတွင် ဖိုဓာတ်မဓာတ်တို့မှ အဓိကနေရာမှ ပါဝင်နေကြပေ၏။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် စွမ်းအင်လမ်းကြောင်းတို့၏ သဘောကို သိတန်သလောက်သိကာ လေ့ကျင့်တန်သလောက် လေ့ကျင့်ခဲ့ဖူးသောကြောင့် အတန်ကြာတော့ စွမ်းအင်လမ်းကြောင်းများ ပွင့်လာလေသည်။

စွမ်းအင်လမ်းကြောင်းများ ပွင့်လာပြီး သက်ဆိုင်ရာ သင်္ကေတအရောင်များ ထွက်လာသောအခါ လွတ်လပ်မှုရှိရန် လိုသည်။ တစ်စုံတစ်ခုက ပိတ်ဆီးထားလျှင် လွတ်လပ်စွာထွက်ခွင့် မရနိုင်ပေ။

သို့ကြောင့် ခန္ဓာကိုယ်ပေါ်မှ ဝတ်ဆင်ထားသော အဝတ်အစားအားလုံးကို ချွတ်ချလိုက်သည်။

ထိုအခါ သူ့ခန္ဓာကိုယ်မှ ပန်းရောင်နှင့်တူသော အခိုးအငွေ့တစ်မျိုး စိမ့်ထွက်လာသည်။

ထိုအရောင်များက ကုမုဒြာကိုယ်မှ ထွက်နေသော ပန်းရောင်များနှင့် ထိတွေ့ပြီး ရောယှက်သွားကြလေသည်။

မီးခိုးငွေ့ချင်း တွေ့ရာမှ ရောယှက်သွားသကဲ့သို့ တသားတည်း ဖြစ်သွားကြသည်။

မူလထွက်နေသော အရောင်များက ပန်းရောင်သာဖြစ်သည်။ သို့သော် ကိုယ်ခန္ဓာနှစ်ခုမှထွက်သော အရောင်ချင်းပေါင်းစပ်သော အခါမှာတော့ အရောင်ပြောင်းသွားလေတော့သည်။

ပန်းနုရောင်မှ ကြက်သွေးရောင်ကဲ့သို့ တဖြည်းဖြည်းအရောင်ရင့်လာလေသည်။ ထိုအရောင်များမှာ အတော်ကြာ





အောင် ဝေ့ဝဲနေရာမှ နောက်တော့ ကုမုဒြာ၏ ကိုယ်အတွင်းသို့ ဝင်သွားလေတော့သည်။

နောက်တော့ ခန္ဓာကိုယ်နှစ်ခုမှ စိမ့်ထွက်နေသော အရောင်များ ပျောက်ကွယ်သွားပြီး သတိပြန်ရလာသည်။

ထိုအခါမှ မိမိတို့ အဝတ်အစားများကို ပြန်ဝတ်ကြသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ရှက်ရွံ့အားနာသော မျက်နှာဖြင့် ကုမုဒြာကိုကြည့်သည်။

သူမကတော့ မည်သို့မှ ထူးခြားမှုမရှိပဲ ဒေါက်တာမင်းထင်ကျော်အနီးသို့ လျှောက်လာပြီး. . .

"အခုလို အကူအညီပေးတာ ရှင့်ကို ကျေးဇူးတင်ပါတယ်"

ဟု ပြောလေသည်။

အချိန်က ညဉ့်နက်ပိုင်းအချိန် ရောက်နေပြီ ဖြစ်သောကြောင့် နှစ်ယောက်သား နေအိမ်ဘက်သို့ အတူပြန်လာကြလေသည်။





# အခန်း(၁၅)

# ထူးဆန်းသော ပိဋကကျမ်းစာများ

နောက်တစ်နေ့ နံနက်စောစော အချိန်ရောက်တော့ စူးစူးဝါးဝါး အော်သံအချို့ ကြားရသဖြင့် အိပ်ပျော်နေရာမှ ပြန်နိုးလာပြီး နားစွင့်ကြည့်လိုက်သည်။ အဝေးမှ ပျံသန်းလာသော ရဟတ်ယာဥ်စက်သံများပင် ဖြစ်သည်။

လမ်းတစ်လျှောက်လုံး ရဟတ်ယာဥ်စက်သံများကို မကြာခဏ ကြားခဲ့ရသော်လည်း နှင်းတောင်ရွာကလေးသို့

ရောက်ကတည်းက မကြားရသည်မှာ ကြာလှလေပြီ။

ယခုမှ တစ်ဖန်ပြန်ကြားရခြင်း ဖြစ်သည်။ သူနိုးလာ တော့ အိမ်ထဲမှာ ဘယ်သူမှ မတွေ့ရပေ။ နံနက်စောစော အချိန် တွင် ဦးသက္ကနှင့် ကုမုဒြာတို့က သီးနှံစိုက်ခင်းများရှိရာသို့ သွာ ကြသည်။ နေမြင့်မှ ပြန်ရောက်လာလေ့ရှိကြသည်။

ဒေါက်တာမင်းထင်ကျော်က အိပ်ယာမှထပြီး နားစွင့် ကြည့်နေစဉ်မှာ ကြားနေရသော ရဟတ်ယာဉ်စက်သံများက ပြန် ပျောက်သွားသည်။

သို့ကြောင့် အိမ်အပြင်သို့ထွက်ပြီး အခြေအနေကြည့် သည်။

ရာသီဥတု ကောင်းမွန်နေပြီး နေရောင်ခြည် လင်းလက် နေသောကြောင့် အတော်ဝေးဝေးကိုပင် လှမ်းမြင်ရလေသည်။

သူအပြင်ရောက်တော့ တိဗက်အဝတ်အစားများ ဝတ် ဆင်ထားသော လူကြီးတစ်ယောက် ရောက်လာသည်။

ဦးသက္ကခရီးထွက်လျှင် အတူလိုက်လေ့ရှိသော 'ဒါခါလီ' ဆိုသူဖြစ်သည်။ သူက ဒေါက်တာမင်းထင်ကျော် မြင်တော့ အနားမှာ ရပ်လိုက်သည်။

"နေကောင်းသွားပြီ မဟုတ်လား"

"ကောင်းသွားပါပြီ၊ စောစောက ကြားလိုက်ရတာ ရ ဟတ်ယာဉ်စက်သံတွေ မဟုတ်လား"

ဒါခါလီက ခေါင်းညိတ်ပြသည်။

"တရုတ်စစ်သားတွေဖြစ်မယ်၊ သူတို့ ဒီရွာကို ရောက်





သာဖူးလား"

"တစ်ခါတစ်လေတော့ လာကြတယ်၊ ဒါပေမယ့် နှင်း များရင်တော့ သူတို့ ရဟတ်ယာဉ်တွေ ဆင်းလို့မရဘူး"

"သူတို့လာရင် ဒီရွာက လူတွေကို ဒုက္ခပေးကြသလား"

"ရွာကလူတွေကိုတော့ ဒုက္ခပေးလို့ မရပါဘူး၊ သူတို့က ပ်ဝေးကလာတဲ့ ခရီးသွားတွေကိုပဲ စစ်ဆေးကြတာများတယ်"

ထို့နောက် ဒါခါလီက သူ့ကိုနှုတ်ဆက်ပြီး တောင်ကြော ပေါ်သို့ တက်သွားလေသည်။ ဒေါက်တာမင်းထင်ကျော်လည်း ကိုယ်လက်သန့်စင်ပြီးနောက် ဦးပန်ကောင်းနှင့် ဂျော့ရှီလာတို့ ရှိနေသော တဲကျောင်းရှိရာဘက်သို့ ဆင်းလာခဲ့သည်။

ထိုတဲကျောင်းရောက်တော့ နှစ်ယောက်စလုံးနှင့် တွေ့ လေသည်။ သူ့ကိုမြင်တော့ ဦးပန်ကောင်းက ပြောသည်။

"ကျုပ်တို့လိုချင်တဲ့ အချက်အလက်တွေ ရသင့်သ လောက် ရပြီဆိုတော့ ဘယ်လိုလုပ်ကြမလဲ၊ သူကတော့ ပြန်ချင် နေပြီ"

ဂျော့ရှီလာက ခေါင်းညိတ်ပြသည်။

"ကျုပ်အနေနဲ့ ဒီဆောင်းပါးတွေကို အချိန်မီပို့ပေးဖို့ လိုတယ်၊ ပြန်ဆင်းဖို့အချိန် နီးပြီလားဒေါက်တာ"

"နီးပါပြီ၊ နှင်းကြာပန်းရပြီးရင် ပြန်ဆင်းကြမှာပါ"

ဟု ပြောရာ ဂျော့ရှီလာမှာ များစွာကျေနပ်သွားဟန်ရှိ လေသည်။

"မောင်ထင်ကျော်ရဲ့ အခြေအနေကရော ဘယ်လိုရှိသ

လဲ"

ဦးဗန်ကောင်းက မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က အခြေအနေများကို ပြောပြလိုက်လေသည်။

ထိုစကားကြားတော့ ဦးဗန်ကောင်းက သက်ပြင်းချလိုက်သည်။

"ဒီတော့ မောင်ထင်ကျော်ကရော ဘယ်လိုဆုံးဖြတ်မှာလဲ"

"ကျွန်တော်ကတော့ သူအလိုရှိတဲ့အတိုင်း ဆောင်ရွက်ပေးခဲ့ပြီးပါပြီ၊ ကျန်တာကတော့ သူ့ရဲ့ဆုံးဖြတ်ချက်အတိုင်းပဲပေါ့၊ နှင်းကြာပန်းရပြီးတော့ ပြန်ဆင်းကြမှာပါ၊ တောင်ခြေမှာ ကျန်ခဲ့တဲ့ တာန်ပတို့ ကိစ္စတွေလည်း ရှိသေးတယ်"

ထိုသို့ပြောသောအခါ ဦးဗန်ကောင်းက စိတ်မကောင်းသော အမူအယာဖြင့် ခေါင်းညိတ်ပြလေသည်။

ထို့နောက် သုံးယောက်သား တဲကျောင်းအပြင်ဘက်သို့ ထွက်ကာ တောင်ပေါ်တက်လာကြသည်။

ရာသီဥတု ကောင်းမွန်နေသောကြောင့် ပတ်ဝန်းကျင်ကို ကောင်းစွာလှမ်းမြင်နေရသည်။

နေရောင်ခြည်ကြောင့် တောင်စောင်းတစ်နေရာမှာ တည်ရှိနေသော ကျောင်းတော်ကြီးကို ခပ်ဝါးဝါး လှမ်းမြင်နေရသည်။ သစ်သားပြားများဖြင့် ပြုလုပ်ထားသော ဗုဒ္ဓကျမ်းစာအုပ်ပေါင်း (၇၀၀၀)ခန့်ရှိသော ပိဋကတိုက်ကြီး ရှိနေသည့် ဗုဒ္ဓဘာသာ ကျောင်းတော်ကြီးပင် ဖြစ်သည်။





ဂုဒ်းရောက်နေသောနေရာနှင့် ကြားထဲတွင် ချောက်ကြီးတစ်ခု ခြားနေလေသည်။

ကျောင်းတော်ကြီးရှိသော နေရာနှင့် အခြားတစ်ဖက်မှာတော့ နေရောင်ခြည် ကျရောက်နေသဖြင့် အရောင်များ ဝင်းသက်နေသောနေရာ ရှိနေသည်။

"စိန်တွေ အရောင်ဝင်းလက်သလိုဖြစ်နေတဲ့နေရာက ဘယ်လိုနေရာမျိုး ဖြစ်မလဲ"

ဂျော့ရှိလာက စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

"ဒီနေရာမှာပဲ တွေ့နိုင်တဲ့ (Shey Gampa)လို့ခေါ်တဲ့ သလင်းကျောက်တောင်ကြီး ရှိတဲ့နေရာပဲ ဖြစ်နိုင်ပါတယ်"

"ကမ္ဘာပေါ်မှာ အထူးခြားဆုံး နေရာတွေထဲမှာ ပါတဲ့ တစ်နေရာ ဖြစ်မှာပါ၊ ကျုပ်တို့ အဲဒီနေရာရောက်အောင် မသွားသင့်ဘူးလား ဒေါက်တာ"

ဂျော့ရှိလာက စိတ်အားထက်သန်စွာဖြင့် ပြောနေသည်။

ထိုစကားကြားတော့ ဦးဗန်ကောင်းကပါ ဝင်ပြောသည်။

"ဟုတ်တယ် မောင်ထင်ကျော်၊ ကျုပ်တို့ ဗမာပြည်ကနေ ဒီလပိုတောင်ရောက်အောင် လာကြရတာ လွယ်တာမဟုတ်ဘူး၊ လမ်းမှာ အခက်အခဲတွေ ကျော်ခဲ့ရတာ မနည်းဘူး၊ နောက်တစ်ခေါက်ပြန်လာဖို့ဆိုတာကလည်း မသေချာဘူး၊ အခုလို မျက်စိနဲ့ လှမ်းမြင်တဲ့နေရာ ရောက်နေပြီးမှတော့ ဆက်သွားလိုက်ကြတာ ပိုကောင်းမယ်ထင်တယ်"

"ဒီလိုဆိုရင် ဦးသက္ကတို့ ပြန်လာရင် ပြောပြပါ့မယ်"

သို့ကြောင့် နှစ်ယောက်သား တောင်ခြေအောက်သို့ ပြန်ဆင်းသွားကြလေသည်။ ညနေပိုင်း ဦးသက္ကနှင့် ကုမုဒြာတို့ ပြန်ရောက်လာတော့ ပြောပြလိုက်သည်။

"ကြိုးစားပြီး သွားရင်တော့ ရောက်နိုင်ပါတယ်၊ ဒါပေမယ့် အန္တရာယ်တွေတော့ ရှိနိုင်တယ်"

ဟု ဦးသက္ကက ပြောသည်။

"ဘယ်လိုအန္တရာယ်မျိုးတွေလဲ"

"အဲဒီတောင်တွေပေါ်မှာ ရာသီဥတုက အတော်ကြမ်းတယ်၊ နှင်းတွေပိတ်နေလို့ တစ်လလုံးနေလို့ နေရောင်ခြည် မမြင်ရတာတွေရှိတယ်၊ နောက်တစ်မျိုးက တရုတ်စစ်သားတွေပေါ့၊ သူတို့က သလင်းကျောက်တောင်ကြီးရှိတဲ့နေရာဘက်ကို ဘယ်သူမှ သွားခွင့်မပြုဘူး ပိတ်ပင်ထားတယ်၊ မကြာခဏ ရဟတ်ယာဉ်သံတွေ ကြားနေရတာက အဲဒီနေရာတွေကို ကင်းလှည့်နေကြတာပဲ၊ တကယ်လို့ သူတို့တွေ မြင်သွားရင် အန္တရာယ်ရှိတယ်"

ဒေါက်တာမင်းထင်ကျော်ကတော့ လေးလေးနက်နက်စဉ်းစားနေလေသည်။သို့ကြောင့် ဦးသက္ကက ဆက်ပြောသည်။

"မောင်ရင်တို့ သွားချင်တယ်ဆိုရင်တော့ ကျုပ်တို့က ခွင့်ပေးရမှာပါ၊ သတိဝိရိယနဲ့တော့ သွားကြပါ"

ဟု ပြောပြီး ထွက်သွားလေသည်။

ဦးသက္က ထွက်သွားတော့ ကုမုဒြာက မျက်စိမျက်နှာ





မကောင်းစွာဖြင့် ပြောသည်။

"ရှင်မသွားခင် နှင်းကြာပန်းယူဖို့ ရှိသေးတယ်၊ ဒီည နှင်းကြာပန်း ယူရမယ့်ရက်ကို ရောက်ပြီ"

"ယူသွားပါ့မယ်"

ညဦးပိုင်းရောက်တော့ ကုမုဒြာကိုယ်တိုင် နှင်းကြာပန်းရှိသောနေရာသို့ လိုက်ပို့ပေးလေသည်။ သူမသည် အဖြူရောင်ဝတ်ရုံကိုသာ ဝတ်ဆင်လာလေသည်။

တောင်ထိပ်ပေါ်သို့ ရောက်သောအခါ သတ်မှတ်ထားသော နှင်းကြာပန်းပွင့်ရှိရာသို့ သွားလာခွင့် တောင်းလေသည်။

"ခူးယူသင့်တဲ့အချိန် ရောက်ပါပြီလား"

"ရောက်ပါပြီ၊ ဒီညကုန်လို့ နောက်တစ်နေ့ရောက်တာနဲ့ ကျွန်ုပ်ရဲ့ ပန်းပွင့်ဘဝသက်တမ်း ကုန်ပါပြီ၊ မြေပြင်ပေါ်သို့ ရောက်ခဲ့ပြီး ပန်းမွှင့်ဘဝတစ်လျှောက်လုံးမှာ သင်းပျံ့တဲ့ ပန်း ရနံ့များနဲ့ လူ့လောကတာဝန်ကို ထမ်းဆောင်ခွင့် အလှဆင်ခွင့် ရခဲ့တာကိုလည်း ကျေနပ်ပါပြီ၊ ခူးဆွတ်ယူပါတော့"

သို့ကြောင့် ကုမုဒြာက ညင်ညင်သာသာနှင့်ပင် နှင်းကြာပန်းပွင့်ကို ခူးဆွတ်ယူလိုက်လေသည်။ ပြီးမှ ဒေါက်တာမင်းထင်ကျော်အား ပေးသဖြင့် ပုဝါဖြင့်ထုပ်ကာ အကျီအိတ်ထဲသို့ ထည့်လိုက်သည်။

ကုမုဒြာက သူ့အနီးမှာပင် ရပ်တုံ့ပြီး လေသံတိုးတိုးဖြင့် မေးသည်။

"ရှင် ပြန်သွားတော့မှာလား"

"ဒီကနေ သလင်းကျောင်းတောင်ဘက်ကိုသွားရင် ဒီတောင်ဘက်ကို ထစ်ခေါက်ပြန်လာဖို့ ခက်မှာပါ၊ တောင်အောက်ကို ပြန်ဆင်းပြီး ကျန်ခဲ့တဲ့ ခရီးဖော်တွေနဲ့တွေ့ဖို့ ကြိုးစားရမယ်"

"ဒီနေရာကိုရော တစ်ခေါက်ပြန်လာဦးမှာလား"

"မင်းက ပြန်လာစေချင်လို့လား"

"ရှင်က ကျွန်မနဲ့သက်ဆိုင်သူပဲ၊ ပြန်လာစေချင်တာပေါ့"

"ဒီလိုဆိုရင်တော့ ပြန်လာနိုင်အောင် ကြိုးစားပါ့မယ်"

"ကျွန်မ မျှော်နေပါ့မယ်၊ ရှင်မပြန်ခင် ရှင့်အတွက် ဝမ်းသာစရာသတင်း ပြောချင်ပေမယ့် အချိန်စောနေသေးတော့ မပြောနိုင်တော့ဘူး"

"မင်းက ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားမှန်း မသိပေမယ့် ကိုယ်ကတော့ မင်းအပေါ်မှာ တကယ်ချစ်ပါတယ်"

ထိုသို့ပြောပြီး ရှေ့မှာရှိနေသော ကုမုဒြာကိုယ်လေးကို ဖက်ကာ ရင်ခွင်ထဲ ထည့်ထားလိုက်သည်။ သူမက ငြင်းဆန်ရုန်းကန်ခြင်းမရှိပဲ ရင်ခွင်ထဲသို့ ဝင်လာကာ ဒေါက်တာမင်းထင်ကျော်ကို ပြန်ဖက်ထားလေသည်။

"ကျွန်မက ရှင်နဲ့လက်ဆက်ထားပြီးသား လူတစ်ယောက်ပါ၊ နောက်ပြီး ကျွန်မက ရှင့်ကျက်တဲ့ အဆင့်မျိုးလည်း မရောက်သေးပါဘူး၊ ဒါကြောင့် ဒီညအဖို့တော့ ကျွန်မကို သာမန် မိန်းမတစ်ယောက်အနေနဲ့ပဲ ရှင်သဘောကျသလို ချစ်ခွင့်ပေးပါတယ်"

ဟုပြောကာ ဒေါက်တာမင်းထင်ကျော်ကို ဖက်ထားလေသည်။





ထိုညကိုတော့ ဒေါက်တာမင်းထင်ကျော်အနေနှင့် မမေ့နိုင်တော့ပါချေ။

ကမ္ဘာပေါ်တွင် အရှားပါးဆုံး ပန်းတစ်မျိုးဖြစ်သော နှင်းကြာပန်းကိုရခဲ့သလို ဘယ်လိုမှ မျှော်လင့်မထားသော ကုမုဒြာ၏ အချစ်ကိုပါ ရခဲ့လေသည်။

ကုမုဒြာသည် နှင်းကြာပန်းတို့၏ ဒေဝီဖြစ်သလို သူ့အတွက် နှလုံးသား၏ ဧကရီလည်း ဖြစ်ခဲ့လေသည်။

နှင်းတောရွာတွင် နောက်ထပ်တစ်ရက်ခန့် ထပ်နေပြီး ခရီးထွက်ရန် ပြင်ဆင်ရသည်။ ကုမုဒြာကတော့ မျက်နှာမကောင်းလှသော်လည်း သူတို့အတွက် လိုအပ်သော အစားအသောက်နှင့် အသုံးအဆောင် ပစ္စည်းများကို စီစဉ်ပေးလေသည်။ နောက်တစ်နေ့ နံနက်စောစော အချိန်မှာတော့ နှင်းတောရွာမှ ထွက်ကြလေသည်။

ဦးသတ္တက သူတို့ကို လမ်းပြပေးရန် 'ဒါခါလီ'ကို ထည့်ပေးလိုက်သည်။ ဒါခါလီပါသဖြင့် အားရှိစရာတစ်ခု ဖြစ်ခဲ့လေသည်။

သွားကာနီးတော့ ရွာထိပ်အထိ လိုက်ပို့ပေးကြသည်။

ဦးသတ္တရော ကုမုဒြာပါ မျက်နှာမကောင်းကြပေ။

"သံသရာ ခရီးလမ်းမှာ လျှောက်နေရသရွေ့တော့ တွေ့ဆုံကြ၊ ခွဲခွာကြရဆိုတာတွေ ရှိကြမှာပါပဲ၊ လိုတဲ့ခရီး ဖြောင့်ဖြောင့်တန်းတန်း ရောက်နိုင်ကြပါစေ"

ဟု လက်အုပ်ချီလျက် ဆုတောင်းမေတ္တာပို့ပေးလေ

သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ကုမုဒြာ၏ လက်ထလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ကတိပေးခဲ့သည်။

"ကိုယ် မကြာခင် ဒီနေရာကို ပြန်လာခဲ့ပါ့မယ်"

"ကျွန်မ မောင့်နောက်ကို မလိုက်ခဲ့နိုင်ပေမယ့် စိတ်ထတော့ အမြဲလိုက်နေမှာပါ"

ဟု ပြောလေသည်။

ထို့နောက်မှာတော့ ၎င်းတို့ မြေးအဖိုးကို နှုတ်ဆက်ပြီး ခရီးစတင် ထွက်ကြလေသည်။

၎င်းတို့ ဦးတည်သော ခရီးစဉ်က ဒိုလပိုတောင်ထိပ် တောင်စောင်းတစ်နေရာမှာရှိသော ဘုန်းတော်ကြီးကျောင်းသို့ ဦးတည်ပြီး သွားကြလေသည်။ ဒါခါလီက ထိုနေရာဒေသအကြောင်းကို ကောင်းစွာသိသောကြောင့် ဖြတ်လမ်းများကို အသုံးပြု၍ သွားလေသည်။

နေရောင်ခြည် ရလာသောအချိန်တွင် တောင်တစ်ဝိုက်တွင် လှည့်လည်ပျံသန်းနေသော ရဟတ်ယာဉ်စက်သံများကို ကြားကြရသည်။

ဦးစွာ ချောက်ကမ်းပါးတစ်ခုကို ဖြတ်ကြရသည်။

ချောက်ကမ်းပါး၏ အကျဉ်းဆုံးနေရာတွင် ဒေသခံများ ပြုလုပ်ထားသော နွယ်ကြိုးတံတားတစ်ခုရှိသည်။

ဘုရားဖူးများ သွားနိုင်ရန်အတွက် ပြုလုပ်ထားခြင်း ဖြစ်လေသည်။





နွယ်ကြိုးတံတားမှာ သေးသဖြင့် တစ်ယောက်ချင်း ကူးကြရသည်။ ပါလာသော ပစ္စည်းအချို့ကိုတော့ တစ်ယောက်ချင်း မျှသယ်ကြသည်။

တစ်ဖက်ကမ်းရောက်တော့မှ ဒိုလပိုတောင်၏ မတ်စောက်သောအပိုင်းကို စတင်တက်ရခြင်း ဖြစ်သည်။

သို့သော် ကျောက်သားနံရံများတွင် လှေခါးထစ်ကလေးများသဖွယ် ပြုလုပ်ထားသောကြောင့် တက်ရတာ မခက်ခဲလှသော်လည်း တစ်ခါတစ်ရံမှသာ အသုံးပြုကြသည့် လမ်းများဖြစ်သောကြောင့် ရေညှိများ နှင်းများ ဖုံးနေသောကြောင့် သတိထားပြီး တက်ကြရသည်။

ဒိုလပိုတောင်မှာ ပေတစ်သောင်းနီးပါး မြင့်သည့်အပြင် မတ်စောက်သော တောင်တစ်လုံးဖြစ်သည်။ နေရာတိုင်းတွင် ကျောက်သားနံရံများရှိသည်။

တဖြည်းဖြည်းနှင့် တက်သွားကြရာ နေဝင်ချိန်နီးတော့ တောင်နံရံတစ်နေရာမှာရှိသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းရှိရာသို့ ရောက်သွားကြလေသည်။

ကျောင်းတော်ကြီး၏ စင်္ကြံလမ်းနေရာမှ ကြည့်လျှင် ပတ်ဝန်းကျင်တစ်ခုလုံးကို ကောင်းကင်မှ ကြည့်ရသကဲ့သို့ အပေါ်စီးမှ မြင်ရလေသည်။

အရှေ့ဘက်တွင်ရှိနေသော ကာလိကန္ဒာကီ မြစ်ကြီးကို ပင် နှင်းကြားထဲတွင် နှင်းကြားထဲတွင် ငြိမ်သက်နေသော မြွေကြီးတစ်ကောင်ကဲ့သို့ ဝိုးတစ်ဝါး လှမ်းမြင်ရသည်။ အချို့နေရာများ

မှာတော့ နှင်းများပိတ်နေသောကြောင့် အချို့နေရာများကို တော့ ကောင်းစွာမမြင်ရပေ။

လေးယောက်သား စကြီန်လမ်းမှာ အမောဖြေပြီးမှ ကျောင်းတော်ကြီး၏ ဝင်ပေါက်တံခါးရှိရာသို့ သွားကြလေသည်။ အပြင်ဘက်မှာတော့ ကျောက်တိုင်ကျောက်သားများဖြင့် ပြုလုပ်ထားသော်လည်း တံခါးများကတော့ သစ်သားများဖြင့် ပြုလုပ်ထားလေသည်။ နီညိုရောင်သမ်းနေသော သစ်သားများမှာ မည်သည့် သစ်အမျိုးအစားမှန်း မသိရသော်လည်း ကျက်သရေရှိသည်။

တံခါးပေါက်နား မရောက်ခင်မှာပင် အသက်အရွယ်ကြီးလှသော ဘုန်းတော်ကြီးတစ်ပါးနှင့် တွေ့ရသည်။

ပုံပန်းသဏ္ဍာန်မြင်ရုံနှင့် မည်ရွေ့မည်မျှ အသက်အရွယ်ရှိသည်ကို မခန့်မှန်းနိုင်ကြပေ။

တံခါးပေါက်မှာ ရပ်နေသော ဘုန်းတော်ကြီးက ကြည်လင်သောအပြုံးဖြင့် နှုတ်ဆက်ပြီး တံခါးချပ်ကြီးကို ဖွင့်ပေးလိုက်သည်။ ဒေါက်တာမင်းထင်ကျော်တို့က ဘုန်းတော်ကြီးကို လက်အုပ်ချီ၍ အရိုအသေ ပေးလိုက်ကြပြီးနောက် အတွင်းသို့ ဝင်လိုက်ကြသည်။

သူတို့အထဲရောက်တော့ ဝင်ပေါက်တံခါးချပ်ကြီးက ပြန်ပိတ်သွားလေသည်။ အပြင်ဘက်မှာ အေးသလောက် ကျောင်းတော်ကြီး အတွင်းသို့ရောက်တော့ နွေးသွားလေသည်။

ကျောင်းတော်ကြီး အတွင်းမှာရော အပြင်ဘက်မှာပါ





အသက်အရွယ်ကြီးလှသော ဘုန်းတော်ကြီးများ ရှိနေကြသည်။

ရင်းတို့ကိုကြည့်လျှင် အသက်အရွယ်ကြီးရင့်နေမှန်းသိသော်လည်း အသက်မည်ရွေ့မည်မျှ ရှိသည်ကိုတော့ ခန့်မှန်းရသည်မှာ မလွယ်ကူလှပေ။

ထို့ပြင် တစ်နေရာနှင့် တစ်နေရာသို့ ရွေ့လျားသွားလာကြသည်မှာလည်း ထူးဆန်းလှသည်။ သာမန်လူများကဲ့သို့ နှေးကွေးစွာ လျှောက်သွားနေကြခြင်းမျိုးမဟုတ်ပဲ တစ်နေရာမှာ တွေ့လိုက် ပျောက်သွားလိုက်၊ နောက်တစ်နေရာမှ ပြန်တွေ့လိုက်မျိုး ဖြစ်နေသည်။

သဘောကတော့ ရုပ်ရှင်ကြည့်ရသလိုမျိုး ဖြစ်သည်။

အရိပ်ထင်လာလိုက် ပြန်ပျောက်သွားလိုက်သလိုမျိုး ဖြစ်နေလေသည်။

"သူတို့က ရုပ်ခန္ဓာနဲ့ ရွေ့လျားနေကြတာမျိုး မဟုတ်ဘူး။ ရုပ်ခန္ဓာက တစ်နေရာမှာ ရှိနေပြီးတော့ နာမ်ခန္ဓာလို့ခေါ်တဲ့ စိတ်အာရုံနဲ့ပဲ ရွေ့လျားသွားလာနေကြတာကိုး"

ဦးဇန်ကောင်းက တအံ့တသြဖြစ်သော အမူအယာဖြင့် မှတ်ချက်ချလေသည်။

ခဏကြာတော့ သူတို့အနီးသို့ ဘုန်းကြီးတစ်ပါး ရောက်လာသည်။ အသက်အရွယ် ကြီးလှပြီဖြစ်သော တိဗက်ဘုန်းတော်ကြီး တစ်ပါးပင် ဖြစ်သည်။

"ခန်မကျယ်ကြီးရဲ့ ခေါင်းရင်းဘက်မှာ ဗုဒ္ဓရုပ်ပွားတော်ကြီး ရှိပါတယ်၊ ဒီအချိန်က ဝတ်တက်ချိန်ရောက်နေပြီ

ဖြစ်လို့ အခန်းထဲမှာတော့ ပြည့်နေပါလိမ့်မယ်၊ သင့်တော်တဲ့ နေရာက ဘုရားကို အာရုံပြုကြပါ"

ဟုပြောကာ အနီးမှ ပြန်ထွက်သွားလေသည်။

ထိုအချိန်မှာပင် ကျောင်းတော်ကြီး တစ်နေရာမှ ကြေးစည်တီးသံ၊ ခေါင်းလောင်းထိုးသံ၊ ဖားစည်တီးသံများ ပေါ်လာသည်။ ထိုအသံများက ပိတ်ဆည်းနေပြီဖြစ်သော နှင်းသားထုကိုဖောက်၍ ထက်ဝန်းကျင်သို့ ပျံ့နှံ့ရောက်ရှိသွားသောကြောင့် ကြားရသည်မှာ သာယာနာပျော်ဘွယ်ရာ ရှိလေသည်။

မရှေးမနှောင်းမှာပင် ကျောင်းတော်ကြီး တစ်နေရာမှ သံပြိုင်ရွတ်ဆို ပူဇော်ရွတ်ဆိုနေကြသော တရားဓမ္မ စာသံများကို ကြားကြရသည်။

ကြားနာရသူတိုင်း စိတ်ထဲမှာ ကြည်နူးသွားစေသော တရားဓမ္မစာသံများပင် ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ အသံကြားရသည့် ဘုရားဝတ်တက်နေသော ခန်းမကျယ်ကြီး ရှိရာဘက်သို့ သွားကြလေသည်။

အပြင်ဘက်မှာတော့ ဆည်းဆာရောင်များ ပျောက်စပြုနေပြီး အမှောင်ရိပ်များ သမ်းလာသည်။ နှင်းများက ကျစပြုလာပေပြီ။

ကျောင်းတော်ကြီး အတွင်းမှာတော့ တရားဓမ္မ ရွတ်ဆိုပူဇော်နေသော အသံများက မှန်မှန်ပင် ပေါ်ထွက်နေလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားတော့ ကျောင်း





တော်ကြီး၏ ခန်းမကြီးအတွင်း၌ ဘုန်းတော်ကြီးများက ပြည့်နေသည်။ များပြားလှသော ဘုန်းတော်ကြီးများထံမှ ထွက်နေသော ရွတ်ဆိုပူဇော်သံများကတော့ တစ်သံတည်း ထွက်နေလေသည်။

ဘုန်းတော်ကြီးများ ဘုရားဝတ်ပြုနေသော ရှေ့ဘက်စင်အမြင့်ပေါ်တွင် သလင်းကျောက် ပလ္လင်ပေါ်တွင် တင်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိသည်။ ဉာဏ်တော် လေးပေကျော်ခန့်ရှိပြီး ဓမ္မစကြာတရားဟောကြားနေသော မုဒြာဖြစ်သည်။

ဗုဒ္ဓရုပ်ပွားတော်တစ်ဆူလုံး ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့လေးယောက်မှာ ဘုန်းတော်ကြီးများ အနောက်ဘက်တွင် ဝင်ထိုင်ကြကာ ဘုရားဝတ်ပြုကြလေသည်။

အတန်ကြာအောင် ဘုရားကန်တော့နေကြစဉ် ဘုန်းတော်ကြီးများ ညဦးပိုင်း ဘုရားဝတ်ပြုခြင်း ကိစ္စပြီးသွားသောကြောင့် ရွတ်ဆိုနေသော တရားသံများ တိတ်သွားသည်။

အတန်ကြာမှ မေတ္တာပို့ အမျှပေးဝေသော အသံများ ပေါ်လာသည်။ မေတ္တာပို့ အမျှဝေပြီးသောအခါ ကြေးစည်သံ၊ ဖားစည်သံများ ထပ်မံကြားရပြန်လေသည်။

အားလုံးပြီးတော့ ဘုန်းတော်ကြီးများမှာ တစ်ပါးမှ အသံမထွက်ပဲ ငြိမ်သက်စွာနှင့် အခန်းတွင်းမှ ပြန်ထွက်သွားကြလေတော့သည်။

နောက်ဆုံးတော့ ထိုအခန်းထဲမှာ ဒေါက်တာမင်းထင်ကျော်တို့လေးယောက်သာ ကျန်ခဲ့ကြသည်။ ခဏကြာတော့ သူတို့ရှိရာသို့ ဘုန်းတော်ကြီးတစ်ပါး ရောက်လာပြီး ပြောသည်။

"သင်တို့ ဒီကျောင်းတော်ကြီးရဲ့ ပိဋကတ်တိုက်ကို လေ့လာကြည့်ရှုလိုတဲ့ဆန္ဒ ရှိကြတယ်မဟုတ်လား၊ ကျွန်ုပ်နောက်က လိုက်ခဲ့ကြပါ"

ဟု ခေါ်သဖြင့် နောက်မှ လိုက်သွားကြသည်။

ဘုရားဝတ်ပြုသော ခန်းမကျယ်ကြီး နံဘေးမှာရှိသော စင်္ကြန်လမ်းမှ လျှောက်သွားကြရာ တစ်နေရာရောက်တော့ သီးခြားရှိနေသော အဆောက်အဦးကြီး ရှိရာသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ရှေ့မှခေါ်သွားသော ဘုန်းတော်ကြီးက တံခါးဖွင့်ပေးပြီး အတွင်းသို့ဝင်ရန် အမူအယာပြကာ နေရာမှ ပြန်ထွက်သွားလေတော့သည်။

သို့ကြောင့် လေးယောက်သား အတွင်းသို့ ဝင်ကြလေသည်။

အတွင်းမှာ မီးအလင်းရောင်များ ရှိနေသည်။

ထိုမီးရောင်ဖြင့် ခန်းမကျယ်ကြီး တစ်ခုလုံး စင်ကြီး စင်ငယ်၊ ဗီရိုကြီး ဗီရိုငယ်တို့ဖြင့် အစီအရီ ထည့်ထားသော ဗုဒ္ဓကျမ်းစာပေါင်းများစွာတို့ကို တွေ့ကြရသည်။

သစ်သားပြားများဖြင့် ပြုလုပ်ထားပြီး ရှေးခေတ်က အသုံးပြုသော သက္ကတဘာသာ၊ ပါဠိဘာသာတို့ဖြင့် ရေးသား





ထားကြလေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် ကမ္ဘာ့နိုင်ငံအတော်များများသို့ သွားလာဖူးပေရာ ထိုနိုင်ငံတို့၌ ရှိသော စာကြည့်တိုက်များကိုလည်း ရောက်ဖူး လေ့လာခဲ့ဖူး ပေသည်။

ထိုကဲ့သို့သော စာအုပ်တိုင်းကို သစ်သားပြားချပ်များဖြင့် ပြုလုပ်ထားသည်ကိုတော့ မတွေ့ဖူး မမြင်ဖူးသေးပေ။

"တယ်လည်း ထူးဆန်းပါလား၊ အရင်ကတော့ စာပေတွေထဲမှာပဲ တွေ့ရတယ်၊ ဒီတစ်ခါတော့ မျက်မြင်ကိုယ်တွေ့ တွေ့ရပြီ"

ဟု ဦးဗန်ကောင်းက ရေရွတ်ပြောဆိုသည်။

ကျော့ရှီလာကတော့ သူ့မှာပါလာသော ကင်မရာဖြင့် ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူနေလေသည်။

ထိုညကတော့ သူတို့အတွက် အိပ်ချိန်မရှိတော့ပဲ ပိဋကတ်တိုက်ကြီးအနှံ့ လေ့လာကြည့်ရှုကြသည်။





# အခန်း (၁၆)
# သလင်းကျောက်တောင်နှင့် အရှုတ္တအလင်း

ဒေါက်တာမင်းထင်ကျော်တို့လေးယောက်မှာ ဒိုလပို ဒေသတောင်ထိပ် တစ်နေရာ၌ရှိသော ထူးဆန်းသော ကျောင်းတော်ကြီး၌ တစ်ညလုံးနေကြပြီး နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ ခရီးဆက်ထွက်ရန် ပြင်ကြသည်။

၎င်းတို့ ဦးတည်သောခရီးက (Shey Gampa)ဟုခေါ်သော သလင်းကျောက်တောင်ကြီး ရှိသောနေရာသို့ပင် ဖြစ်၏။

ခရီးမထွက်ခင် ဘုန်းတော်ကြီးတစ်ပါးက စားဖိုဆောင်

☺ အောင်မြင်စာပေ . ☺

ဘက်သို့ခေါ်သွားပြီး ဆံပြုတ်နှင့် အသီးအရွက်ဟင်းချိုတစ်မျိုး တို့ကိုကျွေးသဖြင့် ဝမ်းပြည့်အောင် စားသောက်ကြရသည်။

ခရီးထွက်ကာနီး ကျောင်းအပြင်ဘက်သို့ ဘုန်းတော်ကြီး တစ်ပါးက လိုက်ပို့ပေးသည်။ သူကိုယ်တိုင် ပိတ်ထားသော တံခါး ချပ်ကြီးကို ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့က နှုတ်ဆက်သည့်အနေ ဖြင့် လက်အုပ်ချီလျက် အရိုအသေ ပေးလိုက်သောအခါ ဘေး အန္တရာယ် ကင်းစေကြောင်း ဆုတောင်းစကားများ ပို့သပေးလေ သည်။

ထို့နောက်မှာ သလင်းကျောက်တောင်ကြီးရှိသောနေရာ သို့ ဦးတည်ပြီး ခရီးဆက်ကြသည်။ ၎င်းတို့နှင့် ပါလာသော ဒါခါလီက ထိုလမ်းခရီးများအကြောင်းကို ကောင်းစွာသိသော ကြောင့် နှင်းမကွဲခင်မှာပင် ခရီးထွက်နိုင်ကြခြင်း ဖြစ်လေသည်။

နံနက်စောစော ခရီးထွက်ခဲ့ကြရာ နှင်းကွဲသောအချိန် ရောက်သောအချိန်တွင် အတော်ပင် ခရီးပေါက်ခဲ့ကြပြီ ဖြစ်လေ သည်။ ကျောင်းတော်ကြီးရှိသောဘက်မှ ကြေးစည်သံ၊ ဖားစည် သံတို့ကိုပင် သဲ့သဲ့ကြားရတော့သည်။

နှင်းကွဲစပြုလာပြီး အရှေ့ဘက်တောင်းကင်မှ နေရောင် ခြည်များ လင်းလက်စပြုလာသောအချိန် ရောက်သောအခါ ကလိကန္တာကီ မြစ်ရှိသော နေရာဘက်မှ ရဟတ်ယာဉ်စက်သံ များ ကြားရလေသည်။ ရဟတ်ယာဉ်စက်သံများ တဖြည်းဖြည်း နီးလာသောအခါ လေးယောက်သား အကာအကွယ်ရသော နေ





ရာ၌ ဝင်ရောက်နေပြီး အခြေအနေ ကြည့်ကြရသည်။

ရဟတ်ယာဉ်များက သလင်းကျောက်တောင်ကြီး ရှိ သော နေရာတစ်ဝိုက်သို့ လှည့်လည်ပျံသန်းကြပြီးမှ အခြားနေ ရာဘက်သို့ ပျံသွားလေသည်။

သူတို့ခေါင်းပေါ်မှ ပျံသွားသော ရဟတ်ယာဉ်များမှာ နှစ်စင်းဖြစ်ပြီး ဇက်(၉)ရဟတ်ယာဉ်အမျိုးအစားများ ဖြစ်ကြ သည်။

တရုတ်စစ်သားများမှာ နှင်းများသောအချိန် နှင်းများ ပိတ်နေသော အချိန်မှာပင် ဘေးအန္တရာယ်ကင်းအောင် ပျံသန်း နိုင်ရန်အတွက် အထူးလေ့ကျင့် ပေးထားကြလေသည်။

ကြားနေရသော ရဟတ်ယာဉ်စက်သံများ ပျောက်သွား တော့မှ ရှေ့သို့ ခရီးဆက်ကြလေသည်။

သလင်းကျောက်တောင်ကြီး ရှိသောနေရာမှ ဒိုလပို တောင်ထိပ် တစ်နေရာ၌ ရှိသည်။ အရှေ့ဘက် မျက်နှာစာတွင် ရှိသောကြောင့် နေရောင်ခြည်ထွက်လာသည်နှင့် အရောင်များ လင်းလက်လာလေသည်။ စိန်တုံးကြီးအား နေရောင်ခြည်ဖြင့် ဘိတွေ့သောအခါ ထွက်လာသောအရောင်မျိုး ဖြစ်သည်။

လေးယောက်သား နားလိုက်တက်လိုက်နှင့် တက်သွား ကြရာ နေ့လည်ဘက် နေရောင်ခြည်ရသောအချိန်တွင် သလင်း ကျောက်တောင်ကြီး ရှိရာသို့ ရောက်သွားကြသည်။

ထိုတောင်မှာ သစ်ပင်မြက်ပင် လုံးဝမပေါက်သော နေ ရာမျိုးဖြစ်သည်။ တောင်မှာ သလင်းကျောက်သားများချည်း ဖြစ်

နေသောကြောင့် နေရောင်ခြည်နှင့် ထိတွေ့သော နေရာများဘက်တွင် အလင်းရောင်များ ဖြာထွက်နေသည်။

ရင်းတို့ ရောက်နေသောနေရာမှာ ဒိုလပိုတောင်၏ အမြင့်ဆုံးအပိုင်းဖြစ်ပြီး ပေပေါင်း(၁၉၀၀၀)ခန့်မြင့်မားသော နေရာဖြစ်သည်။ နေရောင်ခြည်ရှိသော အချိန်မှာပင် နေရာအနှံ့တွင် နှင်းသားထုများ၊ ရေခဲများက ဖုံးလွှမ်းနေကြသည်။

သူတို့သည် သလင်းကျောက်တောင်ရှိသော နေရာသို့ ရောက်သောအခါ ရှေးနှစ်ပေါင်းများစွာကပင် ဗုဒ္ဓဘာသာ သူတော်စင်တို့ ဗုဒ္ဓပူဇော်ပွဲများ၊ တရားဓမ္မ ရွတ်ဆိုပူဇော်ပွဲများ ကျင်းပလေ့ရှိသော(Shey)ဟု ခေါ်သောနေရာကို လိုက်လံရှာဖွေကြလေသည်။

ထိုနေရာရောက်တော့ ဦးပန်ကောင်းက အမှတ်တရ ဖြစ်စေမည့် ပစ္စည်းများ လိုက်လံရှာဖွေနေသလို ဂျော့ရှီလာကတော့ အချက်အလက်များ ရေးမှတ်ရင်းနှင့် မှတ်တမ်းဓါတ်ပုံများ ရိုက်နေလေသည်။

ထိုသို့ ရိုက်နေရင်းမှ လှမ်းပြောလေသည်။

"ကျုပ်ကတော့ ဒေါက်တာတို့ကို သိပ်ပြီးကျေးဇူးတင်မိပါတယ်ဗျာ၊ ခင်ဗျားတို့သာ အကူအညီမပေးရင် ဒီလိုနေရာမျိုးရောက်ဖို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ဒီလိုမှတ်တမ်းမျိုးတွေကတော့ တော်ရုံနဲ့ ရဖို့မလွယ်တဲ့ ထူးထူးခြားခြား မှတ်တမ်းတွေ ဖြစ်လာတော့မှာ သေချာပါတယ်"

ထိုသို့ ပြောဆိုနေရင်း ရဟတ်ယာဉ်စက်သံများကို ထပ်





မကြားလာရပြန်သည်။

"ဘယ်လိုလုပ်မလဲ၊ ရဟတ်ယာဉ်တွေ လာနေကြပြီထင်တယ်"

ဒါခါလီက ပြောသဖြင့် ပုန်းအောင်းစရာ နေရာရှာကြည့်ကြသည်။ မတွေ့ရပေ။

သို့သော်လည်း ဒီအတိုင်းနေ၍ မဖြစ်မှန်း သိကြသဖြင့် အကာအကွယ်ရနိုင်သော နေရာကို ရှာဖွေနေကြစဉ်မှာ နှင်းသားထုကို ဖောက်ထွက်လာသော ရဟတ်ယာဉ်နှစ်စင်းကို လှမ်းမြင်ကြရသည်။

"ဟိုမှာ သူတို့ လာနေကြပြီ"

ယခု အခြေအနေထိတော့ သလင်းကျောက်တောင်ပေါ်မှာ ခိုကပ်စရာနေရာ မတွေ့ရသေးပေ။

ရဟတ်ယာဉ်ပေါ်မှာ ပါလာသော စစ်သားများက သူတို့လေးယောက်ကို တွေ့မြင်သွားကြသဖြင့် ရှေ့ဆက်မသွားတော့ပဲ ရဟတ်ယာဉ်များကို ပြန်ကွေ့လာသည်။ သာမန်ထက်ပိုပြီး နိမ့်လာသောအခါ သလင်းကျောက်တောင်နံရံတွင် တင်နေသော ကပ်နေကြသော ရေခဲတုံးများက လှုပ်လာပြီး အချို့ပဲ့ကျလာသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ရဟတ်ယာဉ်များထက် အပေါ်မှလိမ့်ဆင်းလာသော ရေခဲတုံးများနှင့် မထိမိစေရန် သတိထားနေရသည်။ ယခုအချိန်ထိတော့ အန္တရာယ်ကင်းလောက်သော နေရာမျိုး မတွေ့ရသေးပေ။

တရုတ်စစ်သားများကလည်း ရဟတ်ယာဉ်ပေါ်မှ အော်ဟစ်ပြောဆိုနေကြရင်းနှင့် ရဟတ်ယာဉ်များက အောက်သို့ နိမ့်ဆင်းလာကြသည်။ ထိုကဲ့သို့ နိမ့်ဆင်းလာသောအခါ တောင်နံ့ယံများမှာ သိမ့်သိမ့်တုန်လာပြီး ရေခဲများ ပြိုကျလာလေတော့သည်။

တဝုန်းဝုန်းနှင့် ပြိုကျလာသော ရေခဲတုံးများကိုတော့ ဘယ်လိုမှ မရှောင်တိမ်းနိုင်ကြတော့ပဲ ရေခဲများ၊ နှင်းခဲများနှင့်အတူ အောက်သို့ ပါသွားလေတော့သည်။

အချိန်အတော်ကြာအောင် ပါသွားသော်လည်း ပါသွားသော်လည်း တောင်စွန်း၊ ကျောက်စွန်းများနှင့် မတိုက်မိပဲ လုံးထွေးလျက်ပါသွားရာ နောက်ဆုံး တောင်ခြေတစ်နေရာရောက်တော့ နှင်းများအတွင်းသို့ မြုပ်ဝင်သွားကာ ရပ်တန့်သွားလေတော့သည်။

ထိုအခြေအနေအထိတော့ သတိကောင်းစွာ ရနေသေးသည်။ နှင်းများအောက်မှာ တောင့်တောင့်ကြီး ဖြစ်နေသောသူ့ကိုယ်ပေါ်သို့ နောက်ထပ် နှင်းခဲများက ထပ်မံကျဆင်းလာပြီး ဖုံးအုပ်ပြန်သောကြောင့် ငါးတစ်ကောင်ကို ရေခဲရိုက်ထားသကဲ့သို့ ဖြစ်သွားကာ မလှုပ်နိုင်တော့ပေ။

နောက်ထပ် အချိန်အနည်းငယ်ကြာတော့ အသက်ရှူ၍မရတော့ပဲ သတိလစ်သွားလေသည်။ အချိန်မည်မျှ ကြာသွားသည်တော့မသိပေ။ သူသတိရလာတော့ တဲတစ်လုံးအတွင်းသို့ ရောက်နေသည်ကို တွေ့ရသည်။

ရေခဲတုံးများနှင့် ထိမိသည်ကတစ်ကြောင်း တောင်





ပေါ်ပါ ဒလိမ့်ခေါက်တွေး ကျခဲ့သည်ကတစ်ကြောင်းကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။

တဲအတွင်းမှာ ဘယ်သူမှ မတွေ့ရသဖြင့် နေရာမှထကာ ပြတင်းပေါက်မှ ကြည့်လိုက်သည်။ အပြင်ဘက်မှာတော့ ယာယီတဲ သုံးလေးလုံး ရှိနေပြီး ရဟတ်ယာဉ်နှစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ သွားလာနေကြသော တရုတ်စစ်သားအချို့ကိုလည်း တွေ့ရသည်။

တစ်နေရာမှ မီးစက်မောင်းထားသော အသံကြားရပြီး အချို့နေရာများမှာ လျှပ်စစ်မီးလုံးများ လင်းနေသည်။

ညအချိန်ရောက်နေပြီ ဖြစ်သောကြောင့် အပြင်ဘက်မှာ နှင်းများ ထူထပ်စွာကျနေရာ မြေပြင်ပေါ်မှာပင် ဖွေးနေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူ့အနေဖြင့် ကံကောင်းထောက်မသဖြင့် အသက်ဘေးအန္တရာယ်မှ လွတ်ခဲ့သော်လည်း ကျန်သုံးယောက်၏ အခြေအနေကို မသိရသေးသောကြောင့် စိတ်ပူနေလေသည်။

တဲအပြင်ဘက်မှာ လေတိုက်နေသောကြောင့် အအေးဓါတ်များနေသည်။ ဒေါက်တာမင်းထင်ကျော် ကိုယ်ပေါ်မှ ဝတ်ဆင်ထားသော အဝတ်အစားများမှာ နှင်းရေများ စိုရွှဲနေသဖြင့် အအေးဓါတ်က ခန္ဓာကိုယ်အတွင်းသို့ စိမ့်ဝင်နေလေသည်။

ထိုအခိုက်မှာပင် သေနတ်လွယ်ထားသော တရုတ်စစ်သားတစ်ယောက် ဝင်လာပြီး လဲရန် အဝတ်ထူထူများ ပေးသဖြင့်

လဲလိုက်တော့မှ နေသာထိုင်သာ ရှိလာသည်။

ထို့နောက် ညစာအတွက် အစားအသောက်အချို့ကို ပန်းကန်တစ်ချပ်ဖြင့် ထည့်ပေးသဖြင့် စားသောက်ရသည်။

စားသောက်ပြီးချိန်ရောက်တော့ တဲအတွင်းသို့ တရုတ်စစ်တပ်မှ ဗိုလ်မှူးချုန်ကီ ဝင်လာလေသည်။ သူက အသက်(၄၀) ဝန်းကျင်အရွယ်လောက်သာ ရှိသေးသည်။

သူက ဒေါက်တာမင်းထင်ကျော်ကို ပြုံး၍နှုတ်ဆက်သည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ဒေါက်တာမင်းထင်ကျော်ပါ"

"ခင်ဗျားက ဗမာလူမျိုးတစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်တော်က ဗမာပြည်မှာ အချိန်အတော်ကြာအောင် နေခဲ့ဖူးပါတယ်၊ ခင်ဗျား ဒီနယ်ဘက်ကို ဘာအတွက် ရောက်လာတာလဲ၊ အမှန်အတိုင်းဖြေပါ"

"လေ့လာဖို့အတွက် လာတာပါ"

"ခင်ဗျားတို့ ရှမ်ပဲလားဒေသကို ရှာနေကြတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်၊ သလင်းကျောက်တောင်ပေါ်မှာ ရှိနိုင်မယ်လို့ ခင်ဗျားထင်သလား"

"သေသေချာချာ မသိရသေးပါဘူး"

"ကျွန်တော်လည်း ရှမ်ပဲလားနဲ့ ပတ်သက်တဲ့အကြောင်းတွေကို စိတ်ဝင်စားပါတယ်၊ ဘယ်လိုနေရာမျိုး ဖြစ်မယ်လို့ ခင်





ဗျားယူဆသလဲ"

"မေတ္တာဓါတ် လွှမ်းခြုံထားတဲ့ သူတော်စင်တွေနေထိုင်တဲ့ နေရာမျိုး ဖြစ်မယ်လို့တော့ ထင်ပါတယ်"

"ကျွန်တော် ဒီနေရာဒေသကို တာဝန်ကျတော့ ရဟတ်ယာဉ်နဲ့ နေရာအနှံ့ လျှောက်ကြည့်ဖူးတယ်၊ တချို့နေရာတွေမှာ လူတွေနေတဲ့နေရာတွေ တွေ့ရတယ်၊ လူတွေတော့ မတွေ့ရဘူး၊ သူတို့အိမ်တွေထဲကို ဝင်ကြည့်လို့ မရဘူး၊ မမြင်ရတဲ့ အရာဝတ္ထုတွေနဲ့ ကာထားတယ်"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ သူရောက်ခဲ့သော နှင်းတောရွာလိုရွာမျိုး ဖြစ်လိမ့်မည်ဟု သိလိုက်သည်။

သို့သော် ထွေထွေထူးထူးတော့ ပြန်မပြောတော့ပေ။

"တချို့နေရာတွေမှာ ဥယျာဉ်ခြံတွေ လောလောဆယ် စိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေလည်း တွေ့ခဲ့ရတယ်၊ ဒီလိုနေရာ ဒီလိုရာသီဥတုတွေနဲ့ လုံးဝမဖြစ်ထွန်းနိုင်ဘူး၊ ဘယ်လိုကြောင့် ဒီလိုရှိနေတာလဲ၊ ဘယ်သူတွေက စိုက်ပျိုးထားတာလဲ"

ဗိုလ်မှူးချုန်ကီက သူ့ကို တရားခံစစ်သလို သိချင်သောအရာများကို စစ်မေးနေခြင်းဖြစ်သည်။

"ခင်ဗျား စိတ်စွမ်းအားတွေအကြောင်း လေ့လာဖူးသလား၊ စိတ်စွမ်းအားမြင့်တဲ့လူတွေက သဘာဝတရားကို ဆန့်ကျင်ပြီး သူတို့အလိုရှိတာကို ပြုလုပ်နိုင်ကြပါတယ်"

"ခင်ဗျားဆိုလိုတာက ရှမ်ပဲလားမှာ ရှိတဲ့လူတွေက ဒါမျိုးတွေ လုပ်နိုင်တယ်လို့ ဆိုလိုတာလား"

"မှန်ပါတယ်"

"ဒါဖြင့် သူတို့က ရှမ်ဗဲလားက လူတွေလား"

"မဟုတ်သေးပါဘူး၊ ဆက်စပ်မှုရှိတဲ့ လူတွေပါ"

ဗိုလ်မှူးချန်ကီက အိတ်ထဲမှ စီးကရက်ဗူးကိုထုတ်ပြီး သူတစ်လိပ်ယူကာ ဒေါက်တာမင်းထင်ကျော်ကို တစ်လိပ်ပေးသည်။ သူကိုယ်တိုင် မီးညှိပေးပြီးမှ စကားပြန်ဆက်သည်။

သူ့လေသံက တိုးသွားပြီး လေးနက်မှုရှိသော အသွင်မျိုး ပြောင်းသွားလေသည်။

"ခင်ဗျား ရှမ်ဗဲလားရှိတယ်လို့ မမြင်ရသေးပဲနဲ့ လက်ခံထားသလား"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က သူ့အမေးကို မဖြေပဲ သူ့ကို ပြန်မေးလိုက်သည်။

"ခင်ဗျား မယ်တော် ရှိုဝမ်းမူကို လက်ခံသလား"

သူက ခေါင်းညိတ်ပြသည်။

လောဇူး၏ တောက်တဲ့ကျင်း(Tao Teaching)တွင် သူတော်စင်များ တရားရှာမှီးခဲ့ပြီး အာယုသိဒ္ဓိပြီးမြောက်အောင် ဘုန်းပေးသုံးဆောင်ကြသည့် သစ်တော်ပင်ကြီးအကြောင်းနှင့် မယ်တော်ရှိုဝမ်းမူက ထိုသစ်တော်သီးများကို ဝေမျှပေးရပုံများ အကြောင်းနှင့် တရားဆွေးနွေးရန် တရားသဘင် ဆင်ယင်ကျင်းပရန် နေရာထိုင်ခင်းများ စီစဉ်ပေးရပုံများအကြောင်း ဖော်ပြထားသည်။

မယ်တော် ရှိုဝမ်းမူသည် ကွမ်ရင်မယ်တော်ကဲ့သို့ တရုတ်လူမျိုးတိုင်း လက်ခံယုံကြည်ထားသော မယ်တော်တစ်ပါးပင် ဖြစ်ပေသည်။

"ခင်ဗျား မယ်တော်ရှိုဝမ်းမူကို မမြင်ဘူး၊ မတွေ့ဘူးပဲနဲ့ ဘာကြောင့်ရှိတယ်လို့ လက်ခံယုံကြည်ထားတာလဲ"

ဗိုလ်မှူးချန်ကီက ဘာပြန်ပြောရမှန်း မသိသဖြင့် စီးကရက်ကိုသာ တွင်တွင်ဖွာနေလေသည်။

"စိတ်ရဲ့ ယုံကြည်လက်ခံမှုဆိုတာ သက်သေပြစရာ မလိုပါဘူး၊ ကျွန်တော်တို့ရဲ့ အဇ္ဈတ္တစိတ် ဖြူစင်အောင်ထားနိုင်မယ်ဆိုရင် အမှန်တရားကို တွေ့နိုင်ပါတယ်၊ အမှန်တရားဆိုတာ မျက်စိနဲ့ မြင်ရမှ မဟုတ်ပါဘူး၊ အဇ္ဈတ္တစိတ်က လက်ခံယုံကြည်မှု ရှိထားဖို့ပဲ လိုပါတယ်"

"ခင်ဗျားပြောတာကို ကျွန်တော်လက်ခံပါတယ်၊ သူတို့နဲ့ ဆက်သွယ်မိဖို့ ကျွန်တော့်ဘက်က ဘာတွေ ကြိုးစားဖို့လိုမလဲ"

"မိမိစိတ်ကို တတ်နိုင်သမျှ ဖြူစင်အောင်ထားပြီး မေတ္တာများများ ပို့ပေါ့ဗျာ"

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီးကရက်ကို မီးငြိမ်းသတ်လိုက်သည်။ ဗိုလ်မှူးချန်ကီက သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ ပြောသည်။

"ခင်ဗျားတို့ တက်ခဲ့တဲ့ သလင်းကျောက်တောင်ကြီး ရှိတဲ့နေရာက ကန့်သတ်ထားတဲ့ နေရာတစ်ခုပါ။ ပြောရရင်တော့ ဒိုလပိုဒေသတစ်ခုလုံးကို ဒေသခံတွေကလွဲပြီး လူစိမ်းတွေ ဝင်ခွင့်မပေးပါဘူး၊ တွေ့ရင် အဖမ်းခံရပါတယ်၊ ဒါပေမယ့် ခြွင်းချက်

အနေနဲ့ ခင်ဗျားတို့ကိုတော့ ပြန်လွှတ်ပေးပါ့မယ်"

"ဒီခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ကျန်တဲ့သုံးယောက်ရော ရှိကြသလား"

"နှစ်ယောက်ကတော့ ရှိကြပါတယ်၊ ကျန်တစ်ယောက်ကတော့ ထွက်ပြေးသွားလို့ မမိလိုက်ဘူး"

ထိုသို့ပြောပြီး ဗိုလ်မှူးချုပ်ကြီးက တဲအတွင်းမှ ပြန်ထွက်သွားလေတော့သည်။

နောက်တစ်နေ့မှာတော့ ဦးဇန်ကောင်းနှင့် ဂျော့ရှီလာတို့နှင့် ပြန်တွေ့ရသည်။ ဒါခါလီကတော့ မတွေ့ရပေ။

၎င်းမှာ နယ်မြေကျွမ်းကျင်သူဖြစ်သောကြောင့် နှင်းတောရွာရောက်အောင် ပြန်သွားမည်မှာ သေချာသည်။

နောက်တစ်ရက်မှာတော့ ဗိုလ်မှူးချုပ်ကြီးက ဒါဂျီလင်မြို့သို့ ရိက္ခာသယ်ယူရန်သွားသော ရဟတ်ယာဉ်ဖြင့် ထည့်ပေးလိုက်သောကြောင့် နေရပ်သို့ပြန်ရန် များစွာချောမွေ့သွားကြပေတော့သည်။ ဒေါက်တာမင်းထင်ကျော်တို့ကတော့ ဒိုလပိုတောင်ခြေတွင် ကျန်ခဲ့ကြသည်။ တန်ပတို့အဖွဲ့နှင့် မတွေ့နိုင်တော့ပေ။

သို့သော် ဦးသက္ကက ဒေါက်တာမင်းထင်ကျော်တို့အကြောင်းကို ပြောပြပြီး နေရပ်ပြန်ကြရန် လာပြောသဖြင့် အားလုံးနေရပ်ရောက်အောင် ပြန်ခဲ့ကြကြောင်း နောက်တစ်ကြိမ် ပြန်တွေ့သောအခါမှ ထိုအကြောင်းကို သိရပေတော့သည်။





# အခန်း (၁၇)

# ဝတ္ထု၏နိဂုံး

အထက်ပါ အကြောင်းအရာများမှာ ဒေါက်တာမင်းထင်ကျော် ရန်ကုန်မြို့သို့ ပြန်ရောက်လာပြီး ကျွန်ုပ်အား ပြန်လည် ပြောပြခဲ့သော အကြောင်းအရာများပင် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်လည်း ယခု စာဖတ်သူလက်ထဲသို့ ရောက်နေသော "နှင်းကြာပန်းဒေဝီ"ဟု အမည်ပေးထားသော စာအုပ်ကို ရေးသားနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့သော ဇာတ်လမ်းမျိုးသည် ဒေါက်တာမင်းထင်ကျော်လို စွန့်စွန့်စားစား သွားလာလိုသော သူထံမှသာ ရနိုင်မည်ဖြစ်ရာ သူ့ကိုပင် ကျေးဇူးတင်ရပေမည်။

နောက်ပိုင်း လအနည်းငယ် ကြာသောအခါမှာတော့ လန်ဒန်သို့ ပြန်သွားသော ရုက္ခဗေဒပညာရှင် ဂျော့ရှိုလာသည် ၎င်းတွေ့ကြုံခဲ့ရသော ကိုယ်တွေ့မှတ်တမ်းများကို အခြေခံကာ "The Snow Leopard"(နှင်းကျားသစ်)ဟူသော စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ရာ များစွာအောင်မြင်မှုရခဲ့သော ဝမ်းမြောက်ဖွယ်ရာသတင်း ကြားသိရလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ရန်ကုန်မြို့သို့ ပြန်ရောက်လာပြီး နှစ်လခန့်သာကြာအောင် နေထိုင်ခဲ့ပြီးနောက် ခရီးပြန်ထွက်သွားလေသည်။ ယခုတစ်ခေါက် ခရီးထွက်ရာမှာတော့ အခြားမိတ်ဆွေများကို အဖော်မခေါ်တော့ပဲ တစ်ယောက်တည်းပင် ခရီးထွက်သွားခြင်း ဖြစ်ပေသည်။

မည်သည့်နေရာသို့ သွားမှန်း မသိရသော်လည်း ကျွန်ုပ်စိတ်ထဲတွင် သိနေသော အချက်တစ်ခုတော့ ရှိနေပါသည်။

အခြားတော့ မဟုတ်ပေ။

သူသွားသောနေရာမှာ အခြားနေရာမဟုတ်ပဲ "သံယောဇဉ် အမျှင်တန်းကြောင့် ရှင်ခန်းဘယ်လို ဖြတ်နိုင်ပါ့မလဲ" ဟူသောစကားအတိုင်း "နှင်းကြာပန်းဒေဝီ"ဟု တင်စားပြောဆိုကြရသော နှင်းတောရွာကလေးမှ ချစ်သောကုမုဒြာထံမှလွဲပြီး အခြားမဖြစ်နိုင်ပါကြောင်း ရေးသားရင်းနှင့်. . .






ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နှင်းကြာပန်းဒေဝီ) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည်လည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိ ယာဟောတု၊ သုခိအတ္တာနံ ပရိဟာန္တု ။

# ကြိုသခ်



စာပြီးချိန်။ ။၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်၊ တနင်္လာနေ့၊ နေ့လည်(၂)နာရီ။